# မင်းပြားမြို့နယ် ဖြစ်စဉ်မှတ်တမ်း

## ဇယတု သဗ္ဗမင်္ဂလံ

### ပဏာမရတု

ရောင်ခြည်ထွန်းပေါ် သိန့်ကျော်သည် မည်ခေါ်နာမ
တိုင်းစေဥပ ရက္ခမဏ္ဍိုင် ဂုဏ်ပျံ့လှိုင်သား ရခိုင်ညွန့်ဖူး
မွန်ကြည်မြူးသည် ခေတ်ဦးထွန်းပေါ် နိုင်ငံကျော်ကား
မည်သော်နာမ ဥပဝတီ ဝေသာလီနှင့် ပူရိလောင်းကြက်
စမ္ပဝတ်နှင့် ပဉ္စတ်သာစဉ် လေးမြို့မည်သား ခွန့်ရှည်ကာလ
လွန်ပြီးမှဝယ် စောမွန်တည်သည် လွန်ကြာသာမြုံ မြို့မြောက်ဦးတို့
တထူးထွေဆန်း ပေါ်ထွန်းပြီးမှ ရပ်ကြီးသာထွေ မြို့စစ်တွေဟု
တည်လေပြီးသော် ထွန်းပေါ်ဆယ့်ခုနှစ် မြို့နယ်သစ်ကို
ရစ်ဝန်းထွေလာ တည်ပြီးခါဌ် ရက္ခပြည်မ တိုင်းစေကို ရခိုင်တိုင်း
ခေါ်မည်သစ်ဖော်၍ ကြေငြာတည်ဆောက် ပြုပြင်ရောက်က
အံ့လောက်ကျော်ကြား မြို့မင်းပြားဟု စည်ကားတိုးတက် ခွန့်ရှည်
ဆက်သည် မြို့သစ်ရှည်ကြာစေသော်။ ။

## နိဒါန်း။ ။

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကို၊ ရခိုင်ပြည်နယ်အတွင်း ပါဝင်သော၊ မင်းပြား မြို့နယ်သည် ယခုအခါမှ ပေါ်ထွန်းလာသော မြို့နယ်မဟုတ်ပဲ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်က ရခိုင်ပြည်နယ်ကို အင်္ဂလိပ်တို့ ကြီးစိုးစဉ်က ခွဲဝေသတ်မှတ်တည်ထောင်ပေးခဲ့သော မြို့နယ်တစ်ခု ဖြစ်၏။ ယင်းသို့ အင်္ဂလိပ်အစိုးရက ဒေသအခြေထအနေအရ မင်းပြားမြို့ကို တည်ထောင်၍ မြို့နယ်အဖြစ် သတ်မှတ်ပေးခဲ့သော်လည်း မြို့နယ်ဒေသသည်ကား၊ ရှေးပဝေဏီ ဘီစီ ၆၀၀၀ခန့်လောက်က ရခိုင် ဓညဝတီပြည်ကြီးထွန်းကားလာစဉ်ကပင်၊ ပေါ်ထွန်းစည်ကားလာခဲ့သည်မှစ၍ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။ ထုမျှ အဓွန့်ရှည်စွာ စည်ကားထွနဖ်းသစ်လာခဲ့သော မင်းပြားမြို့နယ်ဒေသ၏ ဖြစ်စဉ်ကို ရေးသားပြုစုရသည်မှာ လွယ်ကူလှသည် မဟုတ်သော်လည်း မြို့နယ်ပြည်သူ့ကောင်စီသည် ပညာရှင်များနှင့် ဌာနဆိုင်ရာအကြီးအကဲတို့ကို ပေါင်းစည်း၍၊ သမိုင်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းကာ အားသွန်ခွန်စိုက်၊ ကြီးကြပ်ဆောင်ရွက်သဖြင့် မင်းပြားမြို့နယ်ဖြစ်စဉ်မှတ်တမ်း ပေါ်ထွန်းလာခဲ့ပေသတည်း။

## တည်နေရာနှင့်အကျယ်အဝန်း

၂။ မင်းပြားမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ံ ၅ဲ ၃၀ဲ မှ ၂၀ံ ၅၅ဲ ၁၀ဲ ထိ ရှည်လျားပြီး၊ အရှေ့လောင် ဂျီတွဒ် ၉၃ံ ၆ဲ ၄၃ဲမှ ၉၃ံ ၂၀ဲ အထိ ကျယ်ဝန်းပါသည်။ မြို့၏တည်နေရာမှာ မြောက်လတ္တီတွဒ် ၂၀ံ ၂၃ဲ ၃၀ဲ မျဉ်း နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ံ ၂၇ဲ ၁၆ဲမျဉ်းတို့ ဖြတ်သန်းသွားသည့် နေရာတွင် တည်ရှိပါသည်။ သဘာဝအနေအထားမှာ လေးမြို့မြစ်၏မြစ်ဝ လက်ျာဘက်ကမ်းတွင် တည်ရှိပါသည်။ မင်းပြားမြို့နယ် နယ်နိမိတ်နှင့် ဆက်စပ်လျှက်ရှိသော မြို့များမှာ အနောက်ဘက်၌ ပေါက်တောမြို့နယ်၊ တောင်ဘက်၌မြေပုံမြို့နယ်၊ မြောက်ဘက်၌ မြောက်ဦးမြို့နယ်နှင့် အရှေ့ဘက်၌ စေတုတ္တရာမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိပါသည်။ မင်းပြားမြို့နယ်သည် မြောက်မှတောင်သို့ ၄၁. ၅၀မိုင်ခန့် ရှည်လျားပြီး၊ အရှေ့မှအနောက်သို့ ၃၂. ၂၅မိုင်ခန့် ရှည်လျားပါသည်။ စုစုပေါင်းအကျယ်အဝန်း ဧရိယာမှာ (၁၃၃၈. ၄၆)စတုရန်းမိုင် ကျယ်ဝန်းပါသည်။ မင်းပြားမြို့နယ်သည် လေးမြို့မြစ်ဝပေါ်တွင် တည်ရှိပြီး အနိမ့်ဆုံးအပိုင်းမှာ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ (၅၀)အထက်တွင် ရှိကြသည်။ မင်းပြားမြို့နယ်သည် ရန်ကုန်မြို့မှ အနောက်မြောက်အရပ်တွင် တည်ရှိပြီး ရေကြောင်းခရီးအားဖြင့် မိုင် (၄၈၀)ခန့် ကွာဝေးပါသည်။

## မြေမျက်နှာသွင်ပြင်

၃။ မင်းပြားမြို့နယ်၏ အရှေ့ဘက်ရှိ ရခိုင်ရိုးမတောင်တန်းကြီးမှ ဖြာထွက်လာသော တောင်တန်းတောင်စွယ်တို့ဖြင့် ပြည့်ကျပ်လျက်ရှိပြီး၊ မြောက်ဘက်အနောက်ဘက်နှင့် တောင်ဘက်တို့မှာ မြေပြန့်လွင်ပြင်များ တည်ရှိနေသည်။ လေးမြို့မြစ်သည် မြို့နယ်၏အလယ်ဗဟိုတို့ကို ဖြတ်၍ မြောက်မှတောင်ဘက်သို့ စီးဆင်းလျက်ရှိသည်။ တောင်ဘက်တွင် မြစ်ခွဲများရှိသည်။ မြစ်ဝမြေနုကျွန်းပေါ်များ ပေါ်ထွန်းလျှက်ရှိသည်။ မျက်နှာပြင်သည် မြောက်ဘက်မှမြင့်၍ တောင်ဘက်သို့ တဖြေးဖြေးနိမ့်ဆင်းသွားသည်။

### (က) တောင်များ

မြို့နယ်၏အရှေ့ပိုင်းတွင် ရခိုင်ရိုးမမှ ဖြာထွက်လာသော တောင်စွယ်တောင်တန်းများဖြင့် ပြည့်ကြပ်လျက်ရှိပြီး မြို့နယ်၏အလယ်ပိုင်းတွင် ကျိန်းတောင်တန်းနှင့် တောင်ပိုင်းတွင် ကြပ်စင်တောင်တန်း၊ ကေသလာတောင်တန်းတို့ တည်ရှိကြသည်။

### (ခ) မြစ်ချောင်းများ

လေးမြို့မြစ်သည် မင်းပြားမြို့နယ်၏ မြောက်ဘက်ချင်းပြည်နယ်မှ မြစ်ဖျားခံကာ မင်းပြားမြို့နယ်ကို ဖြတ်သန်းစီးဆင်းလျှက် ဘင်္ဂလားပင်လယ်ထဲသို့ စီးဝင်သွညားပါသည်။ အရှေ့မြောက်ဘက်မှ စီးဆင်းလာကြသော ပန်းမြောင်းကြီးချောင်းနှင့် ဖုံသာချောင်းတို့သည် ဒုံကြီးနတ်မော်အိုင်တွင် ပူပေါင်းပြီးစီးဆင်းလာကြသော ထိုမြစ်တို့သည် လေးမြို့မြစ်နှင့်

သေကန်ကျေးရွာအနီးတွင် ပေါင်းဆုံကြသည်။ မင်းပြားမြို့နယ်အတွင်း၌ လေးမြို့မြစ်၏ပထမမြစ်ဆုံဖြစ်ပြီး ပထမမြစ်ကျယ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ယင်း၏အလယ်တွင် ပုထိုးတစ်ဆူနှင့် ကျွန်းငယ်တစ်ကျွန်းရှိပြီး ယင်း ဝက်ဖြူကျွန်း **(ရာမောင်ကျွန်း)**ဟုလည်း ခေါ်သည်။ ထိုနေရာသည်ပင်လျှင် မြစ်ဆုံနှင့် ပထမမြစ်ကျယ် အညွှန်းလက္ခဏာသဘောဖြစ်နေသည်။ ယင်းမှဆက်လက် စီးဆင်းလာသော လေးမြို့မြစ်သည် မင်းကြောင်းမြစ်နှင့် ဇီးပင်ကြီးကျေးရွာအနီးတွင် ပေါင်းဆုံကြသည်။ ယင်းဒုတိယမြစ်ဆုံဟု ခေါ်နိုင်သည်။ (မင်းကြောင်းမြစ်၌ ပွန်တစ်ခုရှိသည်။ ယင်းပွန်သည် ကေသလာပွန်ဝမှ စတင်ခွဲထွက်ပြီး ကျောက်ချွန်းအနီးတွင် မင်းကြောင်းမြစ်ထဲသို့ ပြန်လည်စီးဝင်လာသည်။) ဒုတိယမြစ်ကျယ်ဟုလည်း ဆိုနိုင်သည်။ ၎င်းအနီး ကြပ်စင်တောင်မော်၌ ကြပ်စင်မြစ်နှင့် သင်္ဂမြစ်နှစ်ဖြာခွဲထွက်စီးဆင်းကြသည်။ ယင်းတွင် လေးမြို့မြစ်အမည်ဖြင့် ဆက်လက်စီးဆင်းသော မြစ်မှာ သင်္ဂနက်မြစ်ဖြစ်သည်။ ထိုမြစ်နှစ်သွယ်ကို မင်းပြားမှ ရေလမ်း(၁၂)မိုင်ခန့် ကွာဝေးသည့်နေရာ၌ ငါးသတ်ပေါက်ပွန်နှင့် ကူးလူးသွားလာနိုင်သည်။ ဆက်လက်စီးဆင်းသွားသော လေးမြို့မြစ်သည် ကျွဲတက်ကျေးရွာအနီးတွင် ညောင်ခြေထောက်မြစ်အမည်ဖြင့် စီးဆင်းသည့် ပေါက်ဆိန်ကျမြစ်နှင့်ပေါင်းဆုံသည်။ ပေါက်တောမြို့အနီးတွင် စွန်ရဲမြစ်နှင့် ပေါင်းဆုံကြသည်။ ဤနေရာသည် တတိယမြစ်ဆုံနှင့် တတိယမြစ်ကျယ်ဖြစ်သည်။ လေးမြို့မြစ်သည် ရခိုင်ပြည်နယ်တွင် ဒုတယိအသုံးဝင်ဆုံးမြစ်ဖြစ်သည်။ လေးမြို့မြစ်သို့ လာရောက်ပေါင်းဆုံကြသော ချောင်းများမှာ မြောင်းဘွယ်အနီး၌ မြောင်းဘွယ်ချောင်း၊ နော်နော်ရွာအနီး၌ နော်နော်ချောင်း၊ စမ္ဗာလေချောင်းနှင့် ဆက်စပ်လျက်ရှိသည့် သဲတန်းချောင်းတို့ဖြစ်သည်။ ယင်းချောင်းတို့သည် မြောက်ဦးမြို့နယ်သို့ တိုက်ရိုက်သွားလာနိုင်ကြသည်။

## (ဂ) အိုင်များ

အင်းအိုင်များအဖြစ် များစွာရှိသည်။ ပန်းမြောင်းအနီးတွင် သရက်အင်းနှင့် ဂန့်ဂေါ်အင်း၊ နဂရာအုပ်စု၌ စေပတ္တရာအင်းနှင့် ဝဒတ်အိုင်၊ ကုလားမတောင်အနီး၌ ဟန်ချိပ်အင်း၊ အဝရွာအုပ်စု၌ ပြောင်ရှေအင်းနှင့် သာယာကုန်းကျေးရွာအုပ်စုအင်းများနှင့် စအင်းရွာဟောင်းကျေးရွာအကြားရှိ စအင်းအင်းတို့သည် နာမည်ကျော်အင်းများ ဖြစ်သည်။ ဤမြို့နယ်အတွင်း အင်းအိုင်များ၏ စုစုပေါင်းဧရိယာ(၁၇၂၅၅)ဧကခန့်ရှိသည်။

## ရာသီဥတု

၄။ မင်းပြားမြို့နယ်သည် အရှေ့ဖက်နှင့်မြောက်ဘက်တွင် တောင်တန်းများရှိပြီး အနောက်ဘက်နှင့်တောင်ဘက်တွင် တောင်တန်းများ မရှိသလောက်ဖြစ်သည်။ တောင်ဘက်မှ ဝင်ရောက်တိုက်ခိုက်သည့် လေနွေးသည် မင်းပြားမြို့သို့ ဝင်ရောက်တိုက်ခိုက်နိုင်သည်ကို တွေ့ရပြီး ဥတုအလိုက်ပြောင်းလဲတိုက်ခိုက်သော မုတ်သုန်လေများကိုလည်း ရရှိသဖြင့် အပူပိုင်း မုတ်သုန်ရာသီဥတုမျိုး ရရှိသည်။ တနှစ်လုံး မိုးရေချိန်(၁၀၀)လက်မအထက် ရရှိသည်။ ပျမ်းမျှမိုးရေချိန် (၁၄၅)လက်မခန့် ရရှိသည်။ မင်းပြားမြို့နယ်အတွင်း မိုးရေချိန်တိုင်းတာနိုင်ရန် မိုးရေချိန်တိုင်းတာစခန်းခွဲ (၃)ခုရှိသည်။ မေလ ဒုတိယပတ်မှ စက်တင်ဘာလ ဒုတိယပတ်အတွင်း မိုးရွာသွန်းသည်။ မိုးရွာသွန်းမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | ခုနှစ် | မိုးရေချိန်ရရှိမှုအခြေအနေ | | မှတ်ချက် |
|---|---|---|---|---|
| | | မိုးရွာရက် | ရရှိလက်မပေါင်း | |
| ၁ | ၁၉၇၀ | ၁၄၂ | ၁၇၀. ၄၉ | |
| ၂ | ၁၉၇၁ | ၁၁၆ | ၁၃၃. ၀၃ | |
| ၃ | ၁၉၇၂ | ၁၀၈ | ၇၅. ၉၁ | |
| ၄ | ၁၉၇၃ | ၁၂၈ | ၇၀. ၃၂ | |
| ၅ | ၁၉၇၄ | ၁၂၈ | ၅၅. ၆ | |
| ၆ | ၁၉၇၅ | ၁၃၅ | ၅၅. ၉၉ | |

| စဉ် | ခုနှစ် | မိုးရေချိန်ရရှိမှုအခြေအနေ | | မှတ်ချက် |
|---|---|---|---|---|
| | | မိုးရွာရက် | ရရှိလက်မပေါင်း | |
| ၇ | ၁၉၇၆ | ၉၂ | ၅၄. ၅၂ | |
| ၈ | ၁၉၆၇ | ၁၀၈ | ၇၇. ၁၃ | |
| ၉ | ၁၉၇၈ | ၁၂၁ | ၁၅၀. ၆၇ | |
| ၁၀ | ၁၉၇၉ | ၇၉ | ၁၀၀. ၇၉ | |
| ၁၁ | ၁၉၈၀ | ၁၂၆ | ၁၅၅. ၆၈ | |
| ၁၂ | ၁၉၈၁ | ၁၀၅ | ၁၃၀. ၈၆ | |
| ၁၃ | ၁၉၈၂ | ၆၄ | ၁၂၁. ၀၇ | ၁၅-၈-၈၂ |

မင်းပြားမြို့နယ်အတွင်း ၁၉၇၀-၇၁ ခုနှစ်မတိုင်မီ ရေကြီးခြင်းများကြောင့် စပါးစိုက်ပျိုးမှုများ ပျက်စီးခဲ့သည်။ ၁၉၇၀-၇၁ခုနှစ် စပါးစိုက်ပျိုးမှုရာသီအချိန်အတွင်း အညာရေ (၂)ကြိမ်တိုင် ကြီးခဲ့သည်။ ၁၉၈၁-၈၂ ခုနှစ် စပါးစိုက်ပျိုးချိန် ရေတက်မှုကြောင့် ကျေးရွာအုပ်စု(၂၀)ခန့်တွင် တာတမံများကျိုးပေါက်ကာ ဆားငံရေဝင်ခဲ့သည်။ ၁၉၇၇-၇၈ ခုနှစ်မတိုင်မီ မိုးခေါင်မှု ရှိခဲ့သည်။ ၁၉၇၇-၇၈ ခုနှစ်မိုးခေါင်ခဲ့သည်။ ၁၉၆၈ ခုနှစ် မေလ(၁၀)ရက်နေ့ လေမုန်တိုင်းဒဏ်ကို တစ်မြို့နယ်လုံး ခံခဲ့ရသည်။

## သဘာဝပေါက်ပင်များ

၅။ မင်းပြားမြို့နယ်တွင် သစ်တောကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပတွင် ပေါက်ရောက်သော သစ်ပင်များမှာ ပျဉ်းကတိုး၊ ကုလားမီးသွေး၊ ခမောင်း၊ သပြေ၊ ဖက်သန်း၊ ဖက်ဝန်း၊ နသံ၊ ကြက်ရိုး၊ ဘန်းဗွေး၊ မျက်ငိုလိန်၊ တောင်ဘိန်း၊ ငွေး၊ ဒီးဒူး၊ လက်ပံ၊ ရှောပြာ၊ ဘဂံ၊ တောင်သရက်၊ တောင်ပုလွေ၊ ဇင်ပွန်း၊ ရင်းမာ၊ သစ်ခါး၊ ကညင်၊ စာသူငယ်ဦး အစရှိသော အပင်များပေါက်ရောက်သည်။

သဘာဝပေါက်ပင် ရေငံပိုင်းတွင် ရှိသောအပင်များမှာ ပြူး၊ လမု့၊ ပင်လယ်ဇီး၊ ပြာ၊ ရေစို့၊ ပနန်း၊ တဝိုင် ညောင်တောက်၊ ရေအုန်း၊ ကျီးကန်း၊ အစရှိသောအပင်များ ပေါက်ရောက်သည်။

## တိရိစ္ဆာန်များ

၆။ တောတွင်းသတ္တဝါများဖြစ်သည့် ဆင်၊ ပြောင်၊ စိုင်၊ ဂျီ၊ ဒရယ်၊ တောခွေး၊ တောဝက်၊ ဝက်ဝံ၊ ကျားသစ်၊ မျောက်၊ တောကြက်၊ ရစ်၊ သံခြေမြွေများကို တွေ့ရှိရသည်။ ကြံ့ ကြံ့သူတော်၊ ဒေါင်းမင်း တောနွား တောဆိတ်၊ လူဝံနှင့် ရေမြင်းများကိုလည်း အချို့နေရာများတွင် တွေ့ရတတ်သည်။ မြစ်ချောင်းများတွင် မီးကျောင်း၊ ဖွတ်၊ လပိုင် ငမန်းနှင့် အခြားရေသတ္တဝါများကို တွေ့ရသည်။

# လူဦးရေ

## ၇။ (က)မင်းပြားမြို့နယ်၏ လူဦးရေအခြေအနေ

| | | | |
|---|---|---|---|
| ၁၉၇၃ ခုနှစ် | (သန်းခေါင်စာရင်း) | ၁၀၇၉၅၀ - | ဦး |
| ၁၉၇၄ ခုနှစ် | (ဒုတိယအကြိမ်ရွေးချယ်တင်မြှောက်ပွဲ) | ၁၀၇၉၇၁ - | ဦး |
| ၁၉၇၈ ခုနှစ် | (တတိယအကြိမ်ရွေးချယ်တင်မြှောက်ပွဲ) | ၁၁၀၈၉၀ - | ဦး |
| ၁၉၈၂ ခုနှစ် | (လူဝင်မှုနှင့် ပြည်သူ့အင်အားဦးစီးဌာန) | ၁၁၇၉၁၁ - | ဦး |

မင်းပြားမြို့နယ် လူဦးရေ စုစုပေါင်းအနက် (၁၄၃၄၈)မှာ မြို့နေလူဦးရေဖြစ်ပြီး (၁၀၃၅၆၃)မှာ ကျေးလက်နေ

လူဦးရေဖြစ်သည်။ သို့ဖြစ်၍ မြို့နေလူဦးရေမှာ လူဦးရေစုစုပေါင်း၏ (၁၂. ၁၇)ရာခိုင်နှုန်းဖြစ်ပြီး၊ ကျေးလက်နေလူဦးရေမှာ (၈၇. ၈၃)ရာခိုင်နှုန်းဖြစ်သည်။

## (ဓ) ကိုးကွယ်သည့်ဘာသာ

မင်းပြားမြို့နယ်အတွင်း နေထိုင်ကြသည့်လူမျိုးများသည် ဗုဒ္ဓဘာသာ၊ အစ္စလမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်တို့ကို ကိုးကွယ်ကြသည်။ ကိုးကွယ်မှုအရ၊ ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် ကိုးကွယ်သူဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | အကြောင်းအရာ | ရဟန်း | သာမဏေ | သီလရှင် | ကိုးကွယ်သူ |
|---|---|---|---|---|---|
| ၁ | ဗုဒ္ဓဘာသာ | ၂၅၉ | ၂၈၈ | ၃၉ | ၁၀၁၁၄၄ |
| ၂ | အစ္စလမ်(ဗလီ) | ၄၃ | - | - | ၁၀၈၇၈ |
| ၃ | ခရစ်ယန်ဘာသာ | ၄ | - | - | ၆၀၆ |
| ၄ | ဟိန္ဒူ | - | - | - | ၁၆ |
| ၅ | နတ် | - | - | - | ၅၃၈၃ |

## (ဂ) လူမျိုးစုအလိုက် လူဦးရေ

မင်းပြားမြို့နယ်အတွင်း နေထိုင်ကြသည့် မျိုးနွယ်စုများမှာ၊ ဗမာလူမျိုး၊ ရခိုင်လူမျိုး၊ ချင်းလူမျိုး၊ ဒိုင်းနက်လူမျိုး၊ ကုလားလူမျိုးနှင့် မရမာကြီးလူမျိုးများ ဖြစ်ကြသည်။ မျိုးနွယ်စုအလိုက် လူဦးရေအခြေအနေမှာ-

| | | |
|---|---|---|
| ရခိုင်လူမျိုး | ၉၂၆၅၄ | ၇၈. ၅၈% |
| ချင်းလူမျိုး | ၁၂၃၉၀ | ၁၀. ၅၁% |
| ကုလားလူမျိုး | ၁၀၂၉၇ | ၈. ၇၃% |
| မရမာကြီးလူမျိုး | ၁၅၁၁ | ၁. ၂၈% |
| ဒိုင်းနက်လူမျိုး | ၉၇၆ | ၁. ၅၇% |
| ဗမာလူမျိုး | ၃၈၃ | ၀. ၃၃% |

ဖြစ်သည်။

၁၉၈၁-၈၂ ခုနှစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ရရှိသည့်မင်းပြားမြို့နယ် လူဦးရေ (၁၁၇၉၁၁)အနက် ကျားဦးရေ (၅၉၅၀၅)ဖြစ်၍၊ မဦးရေမှာ (၅၈၄၀၆)ဖြစ်သည်။ အသက်အလိုက် လူဦးရေမှာ-

| | | |
|---|---|---|
| အသက် (၁၈)နှစ်အောက်လူဦးရေ | ၅၂၆၂၇ | |
| အသက်(၁၈)နှစ်မှ (၆၀)နှစ်ထိ လူဦးရေ | ၅၈၇၀၉ | |
| အသက်(၆၀)နှစ်အထက် လူဦးရေ | ၆၅၇၅ | ဖြစ်သည်။ |

## (ဂ) ဗြိတိသျှမတိုင်မီကာလခေတ်ဦးထိ အခြေအနေ

### မြို့စတင်တည်ထောင်ပုံ

မင်းပြားဟူသော ဝေါဟာရမှာ မင်းပြားမြို့ပေါ်ပေါက်လာသည့်အခါမှ ပေါ်ထွန်းလာသောစကား မဟုတ်ပေ၊ မင်းပြားမြို့မပေါ်ပေါက်မီကာလကပင် မင်းပြားဟူသောစကားလုံးကို တွေ့ရှိရပေသည်။ ရခိုင်ရာဇဝင် ရမ်းဗြဲ တောင်ကျောင်းဆရာတော်၏ ရာဇဝင်သစ် ပထမတွဲတွင် ဝေသာလီနောက်ဆုံးမင်း၊ စူလမဟာရာဇာ ခေါ် စူလစန္ဒြား သည် ရေကြောင်းခရီးဖြင့် တိုင်းခန်းလှည့်လည်လာရာ ယခု စမ္ဗလေကျွန်းနေရာ ရေပြင်ကြီးအလယ်၌ ဖောင်တော်တင် လေသည်။ ယင်းအခါ မင်းကြီးအား လက်ညှိုးညွှန်၍ ဤနေရာတွင် နောင်မြို့ကြီး၊ ပြကြီးတည်အံ့သည်ကို မြင်သည်ဟု ပြဆိုသည်ကိုအစွဲပြု၍ မင်းပြမှ မင်းပြားဖြစ်လာသည်ဟု ဆိုကြပေသည်။

ရမ်းဗြဲတောင်ကျောင်းဆရာတော် ရေးသားသော ရခိုင်ရာဇဝင်သစ်အတွဲ(၂)တွင် စန္ဒသုဓမ္မရာဇာအခန်း၌ မင်းပြား ကင်းစား၊ ကေသလာကင်းစား၊ ဟူ၍ပါရှိသည်ကို ထောက်ခြင်းအားဖြင့် မင်းပြားဟူသော ဝေါဟာရသည် ရှေးရခိုင်ဘုရင်စနစ်ကပင် ရှိခဲ့ကြောင်း ထင်ရှားပေသည်။ အချို့သုတေသီတို့က အင်္ဂလိပ်ခေတ်တွင် မြို့တည်ရန် စစ်တွေအရေးပိုင် ရခိုင်တို့အခေါ် (ရာပသိန်သတ်)ရော်ဘတ်ဆင်က ညွှန်ပြခဲ့သဖြင့် မင်းပြမှ မင်းပြားဖြစ်လာကြောင်း ဖွင့်ဆိုကြသည်။

## မင်းပြားဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်

မင်းပြားဟူသော ဝေါဟာရတွင် မင်း + ပြားဟူသော စကားလုံးနှစ်လုံးပါရှိသည်။ မင်း = ရှင်ဘုရင်။ ပြား= တော (မြန်မာဝေါဟာရအဘိဓာန်)၊ ရခိုင်တို့ကမူ ပြားကို တောဟုမဖွင့်ဘဲ ပြားတော၊ ပြားမြေဟူ၍ ခွဲခြားသတ်မှတ် ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ကြောင့် ပြားဟူသော ဝေါဟာရမှာ ပြားပြားဝပ်နေသော နေရာတစ်ခုခုပင် ဆိုရပေမည်။ ဆိုလိုသည်မှာ ဖြားရေ(စီးရေ)တက်လာလျှင် ပြားမြေသည်လည်းကောင်း၊ ပြားတောသည်လည်းကောင်း၊ ဒီနေဖုံးလွှမ်းခြင်း ခံရပြီး ဒီရေအောက်တွင် ပြားပြားဝပ်နေရသည်ကို အစွဲပြု၍ ထိုနေရာမျိုးကို ပြားဟုတစ်လုံးတည်း ခေါ်ခြင်းဖြစ်သည်၊ ယင်းကြောင့် ပြားမှာ ဒီရေရောက်သော သို့မဟုတ် ရေရောက်မြေဟု ခေါ်ဆိုခြင်းဖြစ်သည်။ ယင်းတောကို ဒီရေမတက်နိုင်အောင် တာတမံဆည်ထားသောမြေကိုလည်း ပြားဟုပင်ဆိုကြပေသည်။ မင်းပြားဟူသော ဝေါဟာရမှာ ဘုရင်၏ **'ပြားမြေ'**(ဝါ) **'ရှင်ဘုရင်က ဆည်ဖို့ပေးသော"ပြားမြေ'(ဝါ) ဘုရင့်ပြား(ဝါ) 'မင်းပြား'ဟူ၍ ခေါ်ဆိုလာခဲ့ခြင်းဖြစ်ပေသည်။**

ယင်းတွင်လယ်လုပ်သူများကို ချထား၍ လုပ်ကိုင်စေသည်။ ယင်းအစုကိုလည်း ပြားအစုဟု ခေါ်တွင်ပေသည်။ ယင်းမှဖြတ်စီးသောချောင်းကိုလည်း မင်းပြားဟူ၍ ခေါ်တွင်ပေသည်။ ရခိုင်ရာဇဝင်တွင် **'မင်းပြား' 'ကင်းစား'**ဟူ၍ပင် မှတ်တမ်းတင်ထားခဲ့ခြင်းများ ရှိသည်ကို တွေ့ရပေသည်။

## မင်းပြားမြို့တည်ထောင်ခြင်း

ကွယ်လွန်သူဆေးဆရာကြီး ဦးမောင်ကြွင်းထံမှ ရရှိသောပေတိုမှတ်တမ်းအရ၊ မင်းပြားမြို့ကို မြန်မာသက္ကရာဇ် (၁၂၂၉-ခု တပေါင်းလပြည့်ကျော်- ၁ရက်)ခရာဇ်သက္ကရာဇ် ၁၈၆၇-ခုနှစ်)တွင် တည်ထောင်သည်ဟု တွေ့ရှိရပါသည်။ ထိုစဉ်က စစ်တွေအရေးပိုင် မစ္စတာရောဘတ်ဆင်သည် စစ်တွေမြို့တွင် ရုံးစိုက်လျက်ရှိသည်။ မင်းပြားမြို့ကို ယခုနေရာတွင် ရပ်ကွက်ကြီး (၄)ကွက်ခွဲ၍ တည်ထောင်ခဲ့ပါသည်။ ယင်းရပ်ကွက်များမှာ (၁) ဘာခံရပ်ကွက်၊ (၂) ဈေးဟောင်းပိုင်းရပ်ကွက် (၃) အလယ်ပိုင်းရပ်ကွက်၊ (၄) အောက်ရွာပိုင်းရပ်ကွက်တို့ဖြစ်သည်။ မြို့ကို အနောက်ဘက် ကျိန်းတောင်တန်း အရှေ့ဘက်၌ မင်းပြားချောင်းစပ်ကြားတွင် တည်ထားသည်။

## ထင်ရှားသည့် စေတီပုထိုးများ၊ အဆောက်အဦးများ

မင်းပြားမြို့နယ်အတွင်းရှိ ထင်ရှားသော စေတီပုထိုးများအနက် ကျိန်းတောင်တန်းတစ်ဝိုက်တွင် ကျိန်းတောင်ဘုရား(လျှာရင်းတော်ဓာတ်)၊ ရတနာပုံစေတီ၊ ဝဇယဓာတ်၊ ပေါင်းစေတီ၊ ဝန်သိုသိမ်၊ စစ်ကဲသိမ်၊ အဟောင်းတောင်စေတီ၊ ငစွယ်တောင်စေတီ၊ လေးဝဂူစေတီ၊ ကျောက်ဂူဓာတ်၊ ဥတ္တမတောင်စေတီ(လွှမ်းစေတီ)၊ ဘုရားပေါင်းဘုရား၊ မဟာကျန်ဘုရား၊ လက်ညှိုးတော်စေတီ၊ တွေ့မဆုတ်စေတီတော်၊ နှစ်ဆူရှင်ပင်နှင့် ငါးဆူရှင်ပင်ဘုရား၊ နေထွက်ဘုရား၊ နေဝင်းဘုရား၊ ဆိတ်ဆုံဘုရား၊ အတွင်းရဲတဲဘုရားနှင့် ကျွန်းဦးစေတီဘုရားများ ရှိပါသည်။ ၎င်းဘုရားများကို ကျိန်းဒုံးညို မင်းလက်ထက်နှင့် ၎င်းထက်စော၍ တည်ထားခဲ့ကြောင်း ခန့်မှန်းထားကြပါသည်။

မင်းပြားမြို့နယ် တောတန်းတောင်တိုက်နှင့် တောတန်းမြောက်တိုက်တွင်လည်း ထင်ရှားသောဘုရားများရှိသည်။ ပန်းသုံးခိုင်ဘုရား (ပန်းမြောင်း)၊ ပါးပျဉ်တော်ဓာတ် (ပန်းမြောင်း)၊ လက်မဇီဝါဓာတ်တော် (ရွှေတမာအုပ်စု)၊ နဂရာသာစည်နန်းဦးဘုရား(နဂရာသာစည်ရွာ)မင်းဖူးရွာဘုရားကြီးသုံးဆူ၊ သင်းပုန်းတောင်ဓာတ်တော်(အသေကာလ) ကြက်စောသိမ်ဘုရား(အသေကာလ)၊ ရွာဟောင်းပြင်ဘုရား၊ ငှက်တော်ရဘုရား(ငှက်တော်ရရွာ) ကျောင်းတောင်ဘုရား (ဇိုင်ချောင်းပေါက်တော)၊ မြောက်ကြိမ်နန်းဦးဘုရား(မြင်းကမ်းဆိပ်)၊ ဆင်တွင်းဘုရား(သတိုး)သရက်နှစ်ထပ်ဘုရား၊

ဘုရားသုံးဆူဘုရား၊ ခုနစ်ဌာနဘုရား၊ ပီပင်ရင်းဘုရား၊ ချင်းပုံဘုရား၊ သိမ်တောင်ဘုရား၊ ဘိတ်တောင်ဓာတ်တော်၊ သောင်းခုံမောဓါတ်တော်၊ တက်မကိုင်ဓါတ်တော်၊ သလုံးတော်ဓါတ်၊ မျက်မှောင်တော်ဓါတ်၊ မျက်ရစ်တော်ဓါတ်၊ ကေသလာ ကျေးတောဘုရား၊ ကျောရိုးတော်ဓာတ်၊ စိုးမဲကျီစေတီ(ဖလောင်းပြင်)၊ ချဲဓါတ်(ကမ်းနီ)တို့ဖြစ်သည်။ ဤသမိုင်းဝင်ဘုရား များမှာ မြောက်ဦးခေတ်နှင့် လေးမြို့ခေတ်များအတွင်း တည်ထားခဲ့ကြသော ရှေးဟောင်းဘုရားများဖြစ်ကြောင်း ဤမြို့နယ်အတွင်းမှ ရရှိသည့် ကျောက်စာများအရ သိရှိရပေသည်။

## ကိုးကွယ်သည့်အယူဝါဒ

မင်းပြားမြို့နယ်အတွင်း နေထိုင်ကြသည့် ရခိုင်လူမျိုးများသည် ထေရဝါဒမှ ဆင်းသက်လာသည့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ချင်းလူမျိုးများသည် ခရစ်ယန်ဘာသာကို ကိုးကွယ်ကြသည်။ ၎င်းခရစ်ယန်များမှာ ရိုမန်ကက်သလစ် အယူဝါဒများ ဖြစ်ကြသည်။ ဟိန္ဒူအယူဝါဒနှင့် နတ်အယူဝါဒကို လက်ခံကိုးကွယ်သူအချို့ကိုလည်း တွေ့ရှိရသည်။

# ဗြိတိသျှခေတ်အခြေအနေ

## အုပ်ချုပ်မှု

ရခိုင်ကို အင်္ဂလိပ်တို့သိမ်းပြီး ၁၈၃၄ ခုနှစ်အထိ စစ်တကောင်းမှ အုပ်ချုပ်သည့်စနစ်မှာ ရွာခေါင်း၊ ချောင်းအုပ်၊ ကျွန်းအုပ်၊ မြို့ဝန်၊ ခရိုင်ဝန်အဆင့်ဆင့် အုပ်ချုပ်သည့်စနစ်ဖြစ်သည်။ ဒေးဝန်းအောင်ကျော်ရှီ တပည့် မြို့သူကြီး အောင်ကျော်ဇံနှင့် မြို့သူကြီး ငချစ်စံ(ချစ်စံဝေ)တို့သည် အင်္ဂလိပ်ထံ ဝင်ရောက်အမှုထမ်းခဲ့သည်။

အေဒီ ၁၈၆၉ ခုနှစ်တွင် မင်းပြားမြို့ကို အင်္ဂလိပ်များ မြို့သစ်ပြန်လည်တည်ဆောက်ပြီးနောက် ဒုတိယမြောက် မြို့ဝန်မှာ ချင်းပျံ၏မြစ်တော်သူ ဦးပန်းလှဖြစ်သည်။ အေဒီ ၁၈ရာစုတွင် အင်္ဂလိပ်တို့သည် တာခေါင်း၊ ကျွန်းအုပ်၊ မြို့ဝန်စနစ်ကို ဖျက်သိမ်းပြီး ရွာသူကြီး၊ မြို့ပိုင်၊ နယ်ပိုင်စနစ်သို့ ပြောင်းလဲအုပ်ချုပ်ခဲ့သည်။

## လူနေမှုစနစ်

မြို့နယ်အတွင်း လူမှုရေးအခြေအနေမှာ များစွာနိမ့်ကျနေသည်။ စီးပွားရေးဖူလုံမှု မရှိသော မြို့နယ်လူထုသည် မိမိတို့ဝမ်းရေးကိုသာ လုပ်ကိုင်နေကြရ၍ ကလေးသူငယ်များ ပညာသင်ကြားနိုင်ခြင်း မရှိခဲ့ပေ။ လူငယ်တို့မှာလည်း အလုပ်လက်မဲ့ဘဝဖြင့် လေလွင့်ခဲ့ကြရသည်။

## စီးပွားရေးဘဝ

အင်္ဂလိပ် ကိုလိုနီခေတ် အုပ်ချုပ်ရေး တည်တံ့လာသောအခါ အင်္ဂလိပ်တို့သည် အိန္ဒိယမှ ကုလားလူမျိုးများကို ခေါ်ယူပြီး မြေယာများကို စနစ်တကျ တိုင်းတာ၍ မြေပုံကြမ်းများကို ပြုလုပ်ခဲ့သည်။ မြေအမျိုးအစားနှင့် အတန်းအစား ကိုလည်း ခွဲခြားသတ်မှတ်ပေးသည်။ ထိုစဉ်က မင်းပြားမြို့နယ်တွင် ရခုင်လူမျိုးနေရှင်များနှင့် ကုလားလူမျိုး ဓနရှင်များ က မြေယာများကို ပိုင်ဆိုင်ကြသည်။ ကိုယ်ပိုင်လယ်ရှိသူ နည်းပါးခဲ့သည်။ မြေငှားအလုပ်သမား အဆင့်ရှိခဲ့သည်။ လယ်ထွန်ယက်စိုက်ပျိုးမှုများအပြင် နွေရာသီတွင် ငရုပ်၊ ခရမ်း၊ သခွား၊ ဖရဲ ဘူး၊ ဖရုံ၊ ကြက်သွန်၊ ပြောင်း၊ မုံလာ၊ ပဲအမျိုးမျိုးတို့ကိုလည်း စိုက်ပျိုးကြသည်။

စပါးများကို ကုန်သည်ပွဲစားများတို့က လယ်သမားများထံမှ ဝယ်ယူပြီး စစ်တွေမြို့ပေါ်ရှိ ကုမ္ပဏီကြီးများနှင့် စက်ပိုင်ရှင်ကြီးများထံသို့ သွားရောက်ရောင်းချကြသည်။ စပါးဈေးမှာ ပထမကမ္ဘာစစ်မတိုင်မီ တောင်း (၁၀၀)လျှင် ကျပ် ၇၀/-၊ ၁၉၃၀ခုနှစ်နောက်ပိုင်း ကျပ် ၃၀/-မှ ကျပ် ၄၅/-အတွင်း ရှိခဲ့သည်။ မြို့နယ်အတွင်း တောင်သူ လယ်သမားတို့၏စီးပွားရေးအခြေအနေကို ကိုလိုနီအစိုးရမှ ပြုပြင်ထိမ်းသိမ်းပေးခြင်းမရှိချေ။ ဓနရှင်နှင့် မြေရှင်များ၏ အကျိုးကိုသာဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် တောင်သူလယ်သမားတို့မှာ ဆင်းရဲတွင်းနက်လျက် ရှိခဲ့ကြသည်။

# ၁၀။ လွတ်လပ်ရေးခေတ်

## အုပ်ချုပ်ရေး

၁၉၄၉ ခုနှစ် ဇွန်လ (၃၀)ရက်နေ့တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ မင်းပြားမြို့ကို သိမ်းပြီး၊ မြို့ပြအုပ်ချုပ်ရေးကို ဖွဲ့စည်းကာ တာဝန်ခံအဖြစ် ဦးဖားချောက အုပ်ချုပ်ခဲ့သည်။ ၁၉၅၀ ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် မင်းပြားမြို့ကိုသ ဗမာ့တပ်မတော်မှ ပြန်လည်သိမ်းခဲ့သည်။ ယင်းနောက် မြို့ပိုင်ဦးအောင်သာဦး၊ ဆရာဝန် ဦးကျော်တင်တို့ အပါအဝင် ဌာနဆိုင်ရာများ ရောက်ရှိလာပြီး မြို့ပြအုပ်ချုပ်ရေးကို ပြန်လည်အကောင်အထည် ဖော်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ်အထိ မြို့ပိုင်ရုံးစိုက်ပြီး အုပ်ချုပ်ခဲ့သည်။

## လူနေမှုဘဝ

မင်းပြားမြို့နယ်အတွင်း ၁၉၄၇ ခုနှစ်တွင် မူလတန်းကျောင်း (၉)ကျောင်းရှိခဲ့ရာမှ ၁၉၆၀ ခုနှစ်အတွင်း မူလတန်းကျောင်း (၆၂)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ အထက်တန်းကျောင်း (၁)ကျောင်းထိ တိုးချဲ့ဖွင့်လှစ် သင်ကြားခဲ့မှုကြောင့် ပညာရေးကို ပြည်သူအချို့သင်ကြားခွင့် ရရှိခဲ့သည်။ တစ်မြို့နယ်လုံးရှိ ပြည်သူများ ပညာသင်ကြားခွင့် မရရှိခဲ့သေးပေ။ ထို့ကြောင့် စာမတတ်သူဦးရေမှာ (၄၀%)ရှိခဲ့သည်။ မင်းပြားမြို့တွင် (၁၆)ကုတင်ဆန့် ဆေးရုံတစ်ရုံဖြင့် ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ၎င်းဆေးရုံကို ၁၉၄၉ ခု ဇူလိုင်လ (၃)ရက်နေ့တွင် ဈေးအနီးမှ သဘော်ဆိပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ပန်းမြောင်းကျေးလက် ဆေးပေးခန်းကို ဖွင့်လှစ်ပြီး ကျေးလက်ပြည်သူများကို ကုသနိုင်ခဲ့သည်။ ကျန်းမာရေးအဆင့် နိမ့်ကျခဲ့သည်။ မြို့နယ်အတွင်းရှိ ပြည်သူအများမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြပြီး အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်းတို့ကြောင့် လူနေမှုအဆင့် နိမ့်ကျခဲ့သည်။

## စီးပွားရေးဘဝ

မင်းပြားမြို့နယ်အတွင်း တောင်သူလယ်သမားများ၏ စီးပွားရေး အခြေအနေမှာ အဆင့်အတန်းမီ မဟုတ်သော်လည်း အလွန်နိမ့်ကျသောအနေအထားတွင် မရှိကြပါ။ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ၁၉၅၉ ခုနှစ်အတွင်း တောင်သူလယ်သမားများအနေဖြင့် စပါးတစ်ခုတည်းကိုသာ ထွန်ယက်စိုက်ပျိုးခဲ့ကြ၍ ဝင်ငွေမှာလည်း ယင်းသီးနှံတစ်ခုတည်းမှ ရရှိသည့်တစ်ခုတည်းသော ဝင်ငွေဖြစ်ပါသည်။ သို့ရာတွင် တောင်သူလယ်သမားများအနေဖြင့် ယင်းအချိန်အခါနှင့် အခြေအနေအရမြို့နယ်အတွင်း စားသုံးရန် လူဦးရေကလည်း နည်းပါးသေးသည့်အလျောက် စားဝတ်နေရေးသင့်တင့်ရုံ အဆင်ပြေခဲ့သည့်အဆင့်မှာ ရှိခဲ့သည်။

## ၁၉၆၂ ခုနှစ် မျက်မှောက်ခေတ်အခြေအနေ

## အုပ်ချုပ်ရေး

၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာသည့်အခါ ယခင်ရှိနေသည့် နယ်ပိုင်၊ မြို့ပိုင်အဆင့်ဆင့် အုပ်ချုပ်ရေးကို ဆက်လက်ထားရှိပြီး တဘက်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများ ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ ၁၉၇၄-ခုနှစ်တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြီး မြို့နယ်ပြည်သူ့ကောင်စီ စီမံခန့်ခွဲရေးအရ အုပ်ချုပ်ခဲ့သည်။ မင်းပြားမြို့နယ် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးမှာ အောက်ပါအတိုင်းဖြစ်သည်။

## မြို့နယ်ပြည်သူ့ကောင်စီ၊ မြို့နယ်တရားသူကြီးအဖွဲ့၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့

မင်းပြားမြို့နယ်အတွင်း ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြီး ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီနှင့် ရပ်ကွက်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့များကို အောက်ပါ အတိုင်း ဖွဲ့စည်းခဲ့သည်။

**မင်းပြားမြို့နယ် ဖြစ်စဉ်သမိုင်း** ၉

ပထမအကြိမ် - (၄၂)အုပ်စု၊ (ရပ်ကွက် ၃ ခုအပါအဝင်)
ဒုတိယအကြိမ် - (၆၂)အုပ်စု၊ (ရပ်ကွက် ၃ ခုအပါအဝင်)
တတိယအကြိမ် - (၆၅)အုပ်စု၊ (ရပ်ကွက် ၃ ခုအပါအဝင်)

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြိမ် | လွှတ်တော် | ပြည်နယ်/တိုင်း | မြို့နယ် | ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၂ | ၅ | ၆၀ | ၇၀၀ |
| ၂ | ဒုတိယအကြိမ် | ၂ | ၅ | ၈၄ | ၅၉၃ |
| ၃ | တတိယအကြိမ် | ၂ | ၅ | ၈၇ | ၆၅၈ |

မြို့နယ်ပြည်သူ့ကောင်စီ အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

| စဉ် | အကြိမ် | အလုပ်အမှုဆောင် | တရားသူကြီးအဖွဲ့ | လုပ်ငန်းစစ်ဆေးရေးအဖွဲ့ |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၇ | ၃ | ၃ |
| ၂ | ဒုတိယအကြိမ် | ၇ | ၅ | ၅ |
| ၃ | တတိယအကြိမ် | ၇ | ၅ | ၅ |

မြို့နယ်ပြည်သူ့ကောင်စီ အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်တွင် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြိမ် | အမှုဆောင်ဥက္ကဋ္ဌ | အတွင်းရေးမှူး | တရားသူကြီးဥက္ကဋ္ဌ | လစဥက္ကဋ္ဌ |
|---|---|---|---|---|---|
| ၁ | ပထမ | ဦးဂေါက်ရ | ဦးသာအောင်ကျော် | ဦးဘိုးညို | ဦးစိန်ချမ်းဦး |
| | | ဦးသာအောင်ကျော် | ဦးကျော်အောင် | ဦးဘိုးညို | ဦးအောင်ကျော်စိန် |
| ၂ | ဒုတိယ | ဦးမောင်စိန်ဦး | ဦးကျော်အောင် | ဦးဘိုးညို | ဦးအောင်ကျော်စိန် |
| ၃ | တတိယ | ဦးမောင်စိန်ဦး | ဦးဇနီဦး | ဦးဘိုးညို | ဦးအောင်ကျော်စိန် |

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ မြို့နယ်အတွင်း စည်းရုံးရေးကို ဆောင်ရွက်နေကြသည့် မင်းပြားမြို့နယ် ပါတီယူနစ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | ဥက္ကဋ္ဌ | အတွင်းရေးမှူး | ကာလ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဗိုလ်ကြီးလှစောအောင် | ဦးမောင်စောဖြူ | စည်းရုံးရေးကာလ | စည်းရုံးရေးမှူး |
| ၂ | ဦးမောင်မြသာ | ဦးဘိုးငြိမ်း | အမြဲတမ်းကာလ | |
| ၃ | ဦးညီညီ | ဦးဘိုစိန် | ပြည်သူ့ပါတီကာလ | |
| ၄ | ဦးညီညီ | ဦးအောင်သာလှ | ၁၉၇၇ ခုနှစ် | အတွင်းရေးမှူး မောင်တောပြောင်း |
| ၅ | ဦးအောင်သာလှ | ဦးကျော်ဇံလှ | စတုတ္ထအကြိမ် ပါတီညီလာခံ | ဦးညီညီ ဗဟိုကော်မတီ အဖြစ်ရွေးချယ်ခံ ရပြီး ဒေသပါတီ ကော်မတီ အဖြစ် တာဝန်ပေးခြင်းခံရ |

## လူမှုရေးဘဝ

မင်းပြားမြို့နယ်အတွင်း ၁၉၈၂-၈၃ ခုနှစ်ကာလအထိ မူလတန်းကျောင်း (၁၂၃)ကျောင်း၊ အလယ်တန်းကျောင်း (၅)ကျောင်း၊ အထက်တန်းကျောင်း(၁)ကျောင်းဖွင့်လှစ်ပြီး ပညာသင်ကြားလျက်ရှိသည်။ ပညာသင်ကြားနေသည့် ကျောင်းသားဦးရေမှာ ၁၉၈၂-၈၃ ခုနှစ်၊ အထက်တန်းအဆင့် (၃၃၅)ဦး၊ အလယ်တန်းအဆင့် (၁၈၂၄)ဦး၊ မူလတန်းအဆင့်(၁၃၇၂၃)ဦး၊ စုစုပေါင်း (၁၅၈၈၂)ဦးရှိသည်။ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တွင် လူငယ့်ရေးရာညကျောင်းနှင့် အလွတ်သင်ကျောင်းသားများလည်း ရှိသည်။ ပညာရေးဌာနတွင် ကျောင်းဆရာများ၊ ၁၉၈၂-၈၃ ခုနှစ် အမကဆရာ(၃၂၄)ဦး၊ အလကဆရာ(၅၅)ဦး၊ အဆကဆရာ(၂၅)ဦး၊ မြို့နယ်ပညာရေးမှူး(၁)ဦးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး(၁)ဦးရှိသည်။ မင်းပြားမြို့နယ်အတွင်းရှိ ကျောင်းသားဦးရေနှင့် ရရှိထားသည့် ကျောင်းဆရာဦးရေမှာ မျှတမှုမရှိ၍ ပညာရေးတွင် နိမ့်ကျသည့်အဆင့်တွင် ရှိသည်။ ၁၉၇၅-၇၆ ခုနှစ် တက္ကသိုလ်စာပေးစာယူ သင်တန်းခွဲ ညနေအထောက်အကူပြုသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားခဲ့သည်။

မင်းပြားမြို့နယ်အတွင်း (၁၆)ကုတင်ဆန့် ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၁)ရုံ၊ မြို့မကျန်းမာရေးဌာန(၁)ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန(၁)ခု၊ အဆုတ်ရောဂါစမ်းသပ်ကုသရေးအဖွဲ့(၁)ဖွဲ့နှင့် ကျေးလက်ကျန်းမာရေးဌာန (၄)ခုရှိသည်။ မြို့နယ်အတွင်းရှိ လူဦးရေနှင့် ဆေးကုသမှုပစ္စည်းများ ရရှိမှုအခက်အခဲရှိသည်။ မြို့နယ်အတွင်း နေထိုင်သူများသည် လယ်ယာကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်စားသောက်ကြသည်။ မြို့ပေါ်နေအချို့သာ ကုန်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသည်။

## စီးပွားရေးဘဝ

မင်းပြားမြို့နယ်အတွင်း လူဦးရေတဖြည်းဖြည်း များပြားလာသည်နှင့်အညီ တောင်သူလယ်သမားများမှာ စပါးတစ်ခုတည်းကို မီခိုအားထား၍ မရနိုင်ကြောင်း တွေ့ရှိလာကြ၍ စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးလာကြသည်။ သီးထပ်သီးညှပ် စိုက်ပျိုးလာကြသည်။ တောင်သူလယ်သမားတစ်ဦး လယ်(၆. ၄၀)ဧကလုပ်လျှင် ပျမ်းမျှအသားတင် ဝင်ငွေကျပ် ၃၀ဝ/ကျပ်ခန့် ရရှိသည်။ အခြား ငြုပ်၊ မုံညှင်း၊ မြေပဲ စသည့် သီးနှံများစိုက်ပျိုးသည့် လယ်သမားတစ်ဦးမှာ ပျမ်းမျှအသားတင်ဝင်ငွေမှာ ကျပ် ၈၀ဝ/ခန့်ရှိသည်။ ယင်းဝင်ငွေမျှနှင့်ပင် စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာ

ရေးအစစအတွက် သုံးစွဲနေထိုင်ကြရသည်။ တောင်သူလယ်သမားများမှာ မိမိတို့ရရှိသည့်ဝင်ငွေနှင့် ရိုးသားစွာ နေထိုင်စားသောက်သည့် အလေ့အထရှိသည်။ မြို့ပေါ်နေအချို့မှာ ကုန်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသည်။ ယခင်စစ်တွေမြို့မှ ကုန်ပစ္စည်းများကို အဓိကထားပြီး ဝယ်ယူရောင်းချခဲ့သော်လည်း ယခုအခါ ရန်ကုန်နှင့် အခြားတိုင်းနှင့်ပြည်နယ်များမှ သွားရောက်ဝယ်ယူရောင်းချ လုပ်ကိုင်စားသောက်လျက်ရှိကြသည်။ ကုန်ကူးသန်းသွားလာရာတွင် လမ်းပမ်းဆက်သွယ်ရေးအခက်အခဲကြောင့် တိုးတက်သင့်သလောက် တိုးတက်မှုမရှိပေ။

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ယခင်ဒိစတြိတ်ကောင်စီ လက်အောက်တွင် ရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသန့်ရှင်းရေးလုပ်ငန်း၊ မြို့တွင်းလမ်းလုပ်ငန်း၊ မြို့နယ်အတွင်းရှိ ဈေးလုပ်ငန်းများနှင့် လိုင်စင်စီလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မိလ္လာထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မိမိတို့လုပ်ငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ မိလ္လာဝန်ထမ်းခန့်ထားနိုင်သည့်အခါ စည်ပင်သာယာရေးအဖွဲ့မှ မိလ္လာသိမ်းဆည်းရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရေပေးရေးလုပ်ငန်းကို မဆောင်ရွက်နိုင်သေး။ ပြည်သူများမှ ကိုယ်ထူကိုယ်ထ ရေတွင်းရေကန်များ တူးဖော်ခြင်းဖြင့် ရေရရှိရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိနေသည်။ ရေရှားပါးသည့်အခါ လေးမြို့မြစ်ရေချိုချိန် ရေကန်များတွင် ဖြည့်သွင်းထားပြီး အသုံးပြုကြသည်။

# အပိုင်း (၂)
# ပဒေသရာဇ်စေတ်

ရခိုင်ဘုရင်တို့၏ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်သည် မြန်မာသက္ကရာဇ် ၁၁၄၆-ခရစ်သက္ကရာဇ် ၁၇၈၄တွင် ချုပ်ငြိမ်းသွားပြီးလျှင် ရခိုင်တို့မှာ မြန်မာပဒေသရာဇ် ဘိုးတော်ဘုရားလက်အောက်သို့ ကျရောက်ခဲ့ရသည်။ ယင်းကာလ နှစ်ပေါင်း ၄၀ တလျှောက် မင်းပြားမြို့နယ်၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့မှာ ယခင်ကဲ့သို့ မရှိတော့ဘဲ ရှုပ်ထွေးလာခဲ့သည်။ မင်းပြောင်းမင်းလွဲကာလဖြစ်သဖြင့် တိုင်းပြည်မငြိမ်မသက်မှုများ များပြားလာသဖြင့် ရခိုင်တို့၏အခြေအနေမှာ ယိုယွင်းလာခဲ့လေသည်။ ဘိုးတော်ဘုရား၏ ပဒေသရာဇ်အုပ်ချုပ်မှုကို မခံလိုသော ရခိုင်အမျိုးသားတို့သည် မိမိတို့လွတ်မြောက်မှုအတွက် တော်လှန်ပုန်ကန်လာခဲ့ကြသည်။

ရခိုင်ပြည် အင်္ဂလိပ်လက်အောက်မကျရောက်မီ ငါးစရိုင်းချောင်း ဇာတီငသံတွေနှင့် ချင်းပျံတို့၏မျိုးနွယ်ဆက်များသည်လည်းကောင်း၊ ရခိုင်လူမျိုးမြောက်များစွာတို့သည်လည်းကောင်း၊ တိုင်ပြည်မငြိမ်မသက်၍ ဘင်္ဂလားအနောက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာတွင် မင်းပြားမြို့နယ်များမှလည်း များစွာပါဝင်တိမ်းရှောင်ခဲ့ကြပါသည်။ ဘင်္ဂလားနယ်သည် အင်္ဂလိပ်ဩဇာလွှမ်းမိုးသည့်နယ်မြေဖြစ်သည်။ ရခိုင်လူမျိုးများ အင်္ဂလိပ်နှင့် ပူးပေါင်း၍ ရခိုင်မြန်မာမြို့ဝန်ကို အကြိမ်ကြိမ် ထကြွပုန်ကန်ခဲ့ကြသည်။

ယင်းသို့ တော်လှန်ပုန်ကန်မှုကြောင့် နိုင်ငံရေးအခြေအနေမှာ ရှုပ်ထွေးလာခဲ့ပေသည်။ ယင်းသို့ ရှုပ်ထွေးလာရာမှ ရခိုင်တော်လှန်ရေးသမားများကြောင့် အိန္ဒိယနိုင်ငံကို သိမ်းပိုက်၍ ကိုလိုနီစနစ်ထူထောင်နေသော အနောက်နိုင်ငံသား အင်္ဂလိပ်တို့နှင့် မြန်မာတို့ မသင့်မတင့်ဖြစ်လာကြသည်။ ထိုသို့ မသင့်မတင့်ဖြစ်လာ၍ မြန်မာပဒေသရာဇ် ဘိုးတော်ဘုရား၏ စစ်တပ်သည် ရခိုင်တို့အား ပိုမို၍ နှိမ်နင်းလာခဲ့သဖြင့် များစွာသော ရခိုင်တို့မှာ အင်္ဂလိပ်တို့စိုးပိုင်သော စစ်တကောင်းနယ်ထဲသို့ ပြေးဝင်ခဲ့ကြသည်။

အထူးသဖြင့် ရခိုင်တော်လှန်ရေးသမားများထဲမှ **"ဗိုလ်ချင်းပျံ"**၏ထကြွပုန်ကန်မှုမှာ အရေးပါ အရာရောက်ခဲ့သည်။ မြန်မာတို့က စစ်အင်အား အလုံးအရင်းနှင့် **"ဗိုလ်ချင်းပျံ"**၏ ထကြွမှုကို နှိမ်နင်းသည်။ ဗိုလ်ချင်းပျံသည် အင်အားချင်းမမျှ၍ အင်္ဂလိပ်ပိုင်နယ်ထဲသို့ ပြေးဝင်ခဲ့ရသည်။ မြန်မာတို့က နယ်လွန်၍ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် အင်္ဂလိပ်နှင့် မြန်မာနယ်စပ်ပြဿနာ ရှုပ်ထွေးလာကာ အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ပေါ်ခဲ့ရသည်။ ဤစစ်ပွဲတွင် မြန်မာတို့ကရှုံး၍ ရခိုင်ဒေသသည် ၁၈၂၄ခုနှစ်တွင် ရန္တာပိုစာချုပ်အရ အင်္ဂလိပ်ကိုလိုနီလက်အောက်ခံဘဝသို့ ကျရောက်ခဲ့ရသည်။

ရခိုင်ပြည်သည် အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ရောက်လာသောအခါ သူ့ကျွန်မခံလိုသော ရခိုင်မျိုးချစ်ပုဂ္ဂိုလ်တို့သည် အင်္ဂလိပ်နယ်ချဲ့တို့ကို ရရာဒါး၊ လက်နက်တို့ကို ကိုင်ဆွဲ၍ ထကြွပုန်ကန်ခဲ့ကြသည်။ ဤသို့ထကြွပုန်ကန်ခဲ့ကြရာတွင် မင်းပြားမြို့နယ်မှလည်း မျိုးချစ်ပုဂ္ဂိုလ်တို့ ပါဝင်ပုန်ကန်ခဲ့ကြပါသည်။

ရခိုင်ကို အင်္ဂလိပ်တို့သိမ်းပြီးမှစ၍ ၁၈၃၄ ခုနှစ်ထ အင်္ဂလိပ်တို့ ရခိုင်ကို စစ်တကောင်းမှ အုပ်ချုပ်ခဲ့၏။ ရွာခေါင်း၊ ချောင်းအုပ်၊ ကျွန်းအုပ်၊ မြို့ဝန်၊ ခရိုင်ဝန်စနစ်ဖြင့် ရခိုင်အမျိုးသားများကို ခန့်အပ်ကာ အုပ်ချုပ်ခဲ့သည်။ ရခိုင်တော်လှန်ရေးသမားများဖြစ်သည့် ချင်းပျံ၏ယောက်ဖ ဒေးဝမ်းအောင်ကျော်ရှီ၊ ဒေးဝမ်းကြီးတပည့် မြို့သူကြီး အောင်ကျော်ဖုံနှင့် မြို့သူကြီး ငချစ်စံ(ခေါ်) ချစ်စံဝေတို့သည် တိုင်းပြည်အတွက် အခွင့်အရေး ရလိုရငြား မျှော်လင့်ချက်ဖြင့် အင်္ဂလိပ်ထံ ဝင်ရောက်အမှုထမ်းခဲ့သည်။

၁၈၃၄ ခု၊ အောက်တိုဘာလ(၃)ရက်နေ့မှစ၍ စစ်တွေမြို့တွင် အင်္ဂလိပ်လူမျိုးမင်းကြီး (ဒိတ်ကန်ရှန်း)သည် ရုံးစတင်စစ်လာသဖြင့် ရခိုင်အမျိုးသား တော်လှန်ရေးသမားတို့သည် ဗြိတိသျှတို့၏အပေါ်ယံ ပျားရည်ဆမ်းအုပ်ချုပ်လာမှုကို ပွင့်ပွင့်လင်းလင်းနားလည်လာကြသဖြင့် လွတ်လပ်ရေးကို လက်ဖြန့်တောင်း၍မရကြောင်း သဘောပေါက်လာကြ၏။

သို့နှင့် ၁၈၃၅ ခု(၁၁၉၅ ခု၊ ပြာသိုလပြည့်ကျော် ၁၀ရက်နေ့)တွင် လေးမြို့သူကြီး ငချပ်စံသည် အင်္ဂလိပ်ပေးသောရာထူးမှ စတင်နှုတ်ထွက်၍ ဗြိတိသျှနယ်ချဲ့အုပ်ချုပ်မှုကို ရခိုင်ဖက်တွင် စတင်ဆန္ဒပြတော်လှန်ခဲ့ကြောင်း သိရှိရသည်။ အင်္ဂလိပ်နယ်ချဲ့များသည် ငချပ်စံကို မိအောင်ဖမ်း၍ အဆုံးစီရင်ခဲ့သည်။

ယင်းကြောင့် ၁၈၃၅-ခုမှ ၁၈၉၀ ခုနှစ်အတွင်း ရခိုင်ပြည်အနှံ့အပြားတွင် နယ်ချဲ့တော်လှန်ရေးမျိုးချစ်များ

ဆက်တိုက်ပေါ်ပေါက် တော်လှန်ခဲ့ကြသည်။ ရခိုင်ပြည်တောင်ပိုင်း ခေါင်းဆောင်များမှာ ဗိုလ်သာဦး၊ ဂျောဂျီဗိုလ်၊ တိမ်ကြားဗိုလ်၊ ဖျိုင်းဗိုလ်၊ မျက်ကန်းဗိုလ်၊ ဗိုလ်လာဘ၊ မောင်ဦးဖြူ မောင်တင်၊ ကြာထွန်း၊ ပေါ်ထွန်း၊ ချင်းဖော်၊ မောင်ပေါ်အောင်၊ တို့နှင့် အခြားမြို့နယ်ဇာတိဖြစ်သော ဗိုလ်င/တာ၊ ဗိုလ်ကျော်ဝတို့သည် တော်လှန်ခဲ့ကြသည့် ခေါင်းဆောင်ကြီးများ ဖြစ်ကြသည်။

ရခိုင်ပြည်မြောက်ပိုင်း တော်လှန်ရေးခေါင်းဆောင်များမှာ မင်းသားကြီးရွှေဘန်း၊ ဒေးဝမ်းအောင်ကျော်ရှီနှင့် မင်းပြားမြို့နယ် ဇာတိ မြို့သူကြီး အောင်ကျော်ဇံတို့ဖြစ်ကြသည်။

အေဒီ ၁၈၆၉ ခုနှစ်တွင် မင်းပြားမြို့ကို အင်္ဂလိပ်များ မြို့သစ်တည်ပြီးနောက် ဒုတိယမြောက် မြို့ဝန်မှာ ချင်းပုံ၏မြစ်တော်သူ ဦးပန်းလှဖြစ်သည်။ အေဒီ ၁၈ ရာစုနှစ်တွင် အင်္ဂလိပ်တို့သည် တာခေါင်းကျန်းအုပ်၊ မြို့ဝန်စနစ်ကို ဖျက်သိမ်းပြီး ရွာသူကြီး၊ မြို့ပိုင်၊ နယ်ပိုင်စနစ်သို့ ပြောင်းလဲအုပ်ချုပ်ခဲ့သည်။

# ကိုလိုနီခေတ်
## အင်္ဂလိပ်ခေတ် နိုင်ငံရေး

အေဒီ ၁၈၉၀ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ ရခိုင်ဖက်၌ ဆက်လက်ဆန့်ကျင် တော်လှန်လျှက်ရှိခဲ့ကြရာ ဦးဥတ္တမ သည် အထင်ရှားဆုံးပုဂ္ဂိုလ်ဖြစ်၏။ ဤအချိန်အတွင်း နယ်ချဲ့တော်လှန်ရေးသမားများမှာ ဦးဥတ္တမ၊ ဦးင/မဲ၊ ဦးစိန်လှအောင်၊ ဦးပညာသီဟ၊ ဦးသာကျော်၊ ဖုံပေါက်သာကျော်၊ ရွှေ့နေမြထွန်း၊ ဦးကျော်ခိုင်၊ ဦးဖိုးခိုင်၊ ဦးအောင်သာဦး၊ ဦးအောင်ထွန်းဦး၊ ဦးစံရွှေ ဦးဘစံ၊ ဦးသာဇံလှ၊ ဦးညိုထွန်း၊ ဗိုလ်ကြာလှအောင်၊ ဗိုလ်စံသာကျော်၊ ဗိုလ်မောင်ကလေး၊ ဗိုလ်သာထွန်းအောင် တို့အပြင် မင်းပြားမြို့နယ် ဇာတိဖြစ်သော ဦးစိန္တာနှင့် ဦးနန္ဒမာလာတို့လည်း တော်လှန်ပုန်ကန် ခဲ့ကြသည်။

ဤအချိန်အတွင်း ပြည်မဘက်တွင်လည်း ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်၊ ၁၉၃၀-ခုနှစ် တောင်သူ လယ်သမားအရေးတော်ပုံများသည် တော်လှန်ရေးစိတ်ဓာတ်များကို နိူးဆွနေပြီးဖြစ်သလို ရခိုင်ဖက်မှလည်း ဆရာတော် ဦးဥတ္တမ၏ ဟောကြားသောတရားများကြောင့် တော်လှန်ရေးစိတ်ဓာတ်များ ပွားများစေလျက်ရှိသည်။ ဆရာတော်၏ တပည့်ရင်း ဦးနန္ဒမာလာသည် ၁၉၃၁ ခုနှစ်တွင် **"ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ်"** ကို ထူထောင်၍ ဆရာတော် ဦးဥတ္တမ၏ နယ်ချဲ့ဆန့်ကျင်ရေးတရားများကို မင်းပြားမြို့နယ် တခွင်တွင်လည်း ဖြန့်ဖြူးဟောကြားခဲ့သည်။ ဆရာတော်ဦးစိန္တာသည် မင်းပြားမြို့နယ် ရင်းဘွေဇာတိဖြစ်၍ ၁၉၃၀ ခုနှစ်ကပင် တော်လှန်ရေးလှုပ်ရှားမှုများကို စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်နေခဲ့ကြောင်း တွေ့ရသည်။ **"ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ်"** ညီလာခံကိုလည်း (၃)ကြိမ်ကျင်းပခဲ့ရာ မင်းပြားမြို့နယ် ကမ်းနီကျေးရွာတွင်လည်း တစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။

ပြည်မဘက်တွင် တက္ကသိုလ်ကျောင်းသား သမဂ္ဂနှင့် ဒို့ဗမာအစည်းအရုံးသည် ဒုတိယကမ္ဘာစစ်မဖြစ်မီ စောစော ပိုင်းကပင် နယ်ချဲ့ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများကို ပြည်မတော်လှန်ရေးသမားများနှင့် ဆက်သွယ်ဆောင်ရွက် နေကြပါသည်။

၁၉၃၆ ခုနှစ်တွင် ရခိုင်ပြည်ရှိ ကျောင်းသူ ကျောင်းသားများသည် ပြည်မရှိ ကျောင်းသားသမဂ္ဂနှင့် ဆက်သွယ် ၍ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ရန် ဖုံပေါက်သာကျော် ဦးဆောင်၍ ရခိုင်ကျောင်းသားသမဂ္ဂကို စစ်တွေမြို့တွင် ပဉ္စမဖွဲ့စည်းပြီးနောက် မင်းပြားမြို့နယ်အပါအဝင် ရခိုင်တောင်ဖက်ရှိ မြို့နယ်များသို့ သွားရောက်ဖွဲ့စည်းထူထောင် ခဲ့သည်။ ၁၉၃၇ ခုနှစ် ဒီဇင်ဘာလတွင် စစ်တွေမြို့ တန်းခိုးကျောင်းတိုက်၌ ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံးနှင့် ရခိုင်သားအစည်းအရုံးနှစ်ခုပေါင်း၍ **"ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"**အဖြစ် ဖွဲ့စည်းကြပြီး ၁၉၃၉/၄၀ တွင် ၎င်းအစည်းအရုံး ညီလာခံကို ပေါက်တောမြို့တွင် ကျင်းပ၍ ရှေးလုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြသည်။

၁၉၃၇ ခု ဒီဇင်ဘာလခန့်တွင်ပင် မင်းပြားမြို့နယ် မြင်းကဆိပ်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ဦးင/ကြွင်း၊ ဦးဖိုးစံ၊ သခင်စံတင့်၊ ဦးစိန္တာ၊ ဦးပညာသီဟတို့ ကမကထပြု၍ လူထုအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြရာ လူထု (လုပ်သားပြည်သူ) ၃၀၀၀(သုံးထောင်)ကျော် တက်ရောက်ခဲ့သည်။ ဤအစည်းအဝေးတွင် အမျိုးသားလွတ်မြောက်ရေး အဖွဲ့ကို ဖွဲ့စည်းပြီး မင်းပြားမြို့နယ်တွင် သခင် င/ကြွင်းကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

၁၉၄၀ ခုနှစ်တွင် လေးမြို့ချောင်း အရှေ့ဘက်ကမ်းခြေမှ အနောက်ရိုးမအားလုံးကို ကြိုးဝိုင်းချရန် ဗြိတိသျှတို့

စီစဉ်ကြသဖြင့် သခင်ငွေ/ကြွင်းခေါင်းဆောင်၍ လူထု(၃၀၀၀)ကျော်ဖြင့် ဆန္ဒပြခဲ့ကြသည်။ ၁၉၃၉/၄၀ ခုနှစ် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးညီလာခံမှ ဆုံးဖြတ်ချက်များအရ နယ်ချဲ့ဆန့်ကျင်ရေး အခြေချမည့်နေရာများကို ရွေးချယ်ရန် ရခိုင်တိုင်းရှိ မြို့နယ်အနှံ့အပြားသို့ ခရီးထွက်ကြရာ ဗုံပေါက်သာကျော်နှင့်အဖွဲ့သည် မင်းပြားမြို့သို့ ရောက်လာကြ၏။ မင်းပြားမြို့တွင် ကျောင်းသားသမဂ္ဂလူငယ်များနှင့် သခင်လူငယ်များဖြစ်သည့် ဦးငွေ/ကြွင်း၊ ဦးမောင်ပိန်၊ ဦးဖိုးလှ၊ ဦးအိုးလောင်၊ ဦးမောင်စံလှ၊ ဦးရွှေနန်းဦး၊ ဦးဖိုးအောင်၊ ဦးချက်ဖား၊ ဦးမောင်မဲ၊ ဦးဖိုးစံ၊ ဦးထွန်းစိန် (နန္ဒမာလာ)၊ ဦးသိန်းကျော်အောင်နှင့် မောင်ကျော်ယတို့က နယ်ချဲ့ဆန့်ကျင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

၁၉၃၉ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့သည် ဒုတိယကမ္ဘာစစ်(ဝ)နယ်ချဲ့နိုင်ငံအချင်းချင်း ရန်ပွဲစသောနေ့ဖြစ်သဖြင့် ၁၉၄၀ ခုနှစ်ကာလသည် အင်္ဂလိပ်နယ်ချဲ့တို့၏ အခြေအနေယိမ်းယိုင်လျက် ရှိနေသည်။ ၁၉၄၀ ခုနှစ်တွင် နယ်ချဲ့အစိုးရ၏ သွေးခွဲအုပ်ချုပ်မှုစံနစ်ကြောင့် ရခိုင်ဖက်တွင် ကုလား/ရခိုင်အဓိကရုဏ်းဖြစ်ပွားခဲ့ရာယ မင်းပြား၊ မြေပုံတခွင်တွင်လည်း ဖြစ်ပွားခဲ့သည်။ ယင်းကုလား ရခိုင်အဓိကရုဏ်းတွင် သိန်းကျော်အောင်၊ မောင်ကျော်ယတို့က ခေါင်းဆောင်၍မြေပုံ၊ မင်းပြား၊ မြို့ဟောင်း၊ ကျောက်တော်တို့မှ ကုလားများကို တိုက်ခိုက်နှင်ထုတ်ခဲ့ကြသည်။ ကုလားတို့သည် ဘူးသီးတောင်၊ မောင်တောနယ်များသို့ ထွက်ပြေးကြပြီး ဘူးသီးတောင်၊ မောင်းတောနယ်ခံကုလားများနှင့် ပေါင်းကား ဘူးသီးတောင်၊ မောင်းတော၊ ရသေ့တောင်နယ်မြေမှ ရခိုင်တို့ကို တိုက်ခိုက်ပြန်သည်။

ဒုတိယကမ္ဘာစစ်သည် အရှိန်မြင့်လာသဖြင့် အင်္ဂလိပ်အုပ်ချုပ်ရေးများလည်း ပျက်စီးယိုယွင်းခဲ့ရာ ရခိုင်ဖက်ရှိ တော်လှန်ရေးသမားများသည် ပြည်မတော်လှန်ရေးခေါင်းဆောင်များနှင့် ဆက်သွယ်၍ လှုပ်ရှားမှုအရှိန်ကို တိုးမြှင့်ကြတော့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက မာရှယ်လောအမိန့်ကို ထုတ်၍ တင်းကြပ်စွာ အုပ်ချုပ်လာခဲ့သည်။ ဤကြားထဲမှ ဗုံပေါက်သာကျော်နှင့်အဖွဲ့သည် မင်းပြားသို့ရောက်လာပြီး ကုလားရခိုင်အဓိကရုဏ်း တော်လှန်ရေးအရှိန်ကို ဂွင်းဆက်မိမိသတိထားဆောင်ရွက်ကြရေးကို မင်းပြားမြို့ပိုင်ဝန်ထောက်ရုံး (ယခုစုပေါင်းရုံး)နေရာတွင် သမဂ္ဂအဖွဲ့ဝင်လူငယ်များ၊ မင်းပြားမြို့နယ်ရှိ သခင်လူငယ်များ၊ စုစုပေါင်းလူငယ်အင်အား ၄၀၀ခန့်နှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ထို့ကြောင့် မာရှယ်လောအမိန့်အရ အာဏာရှင်မှုလိုပေါက်နေသည့် မင်းပြားမြို့မှ အင်္ဂလိပ်လက်ကိုင်တုတ်များသည် ဗုံပေါက်သာကျော်၊ ဦးသာကျော်၊ ဦးမောင်သာဘန်း၊ ဦးမောင်စောထွီး၊ ဦးမောင်စိန်ထွန်းတို့ကို ချက်ချင်းဖမ်းခဲ့သည်။ ဦးမောင်သာဘန်းကို အစိုးရဝန်ထမ်းကျောင်းဆရာတစ်ဦးဖြစ်လျက်နှင့် ဤသို့ပါဝင်ရသလားဟု ဆိုကာ မင်းပြားမြို့ မြို့မဘောလုံးကွင်းကြီး၌ ယင်းအချိန် မင်းပြားမြို့၌ အာဏာလွှဲအပ်ခြင်းခံရသူ နယ်ချဲ့အမာခံ ရခိုင်အမျိုးသား ဦးရွှေယက စံပြအဖြစ် မသေမချင်းသတ်ရန် အမိန့်ပေးခြင်းခံရ၍ ဦးမောင်သာဘန်းမှာ ဒါးဖြင့် အပိုင်းပိုင်း ခုတ်ဖြတ်အသတ်ခံသွားရသည်။ ကျန်တော်လှန်ရေး ရဲဘော်များကို မင်းပြားအချုပ်ခန်းထဲ၌ ဖမ်းဆီးထားရာ (၂)ပါတ်ခန့်အကြာတွင် မြို့ပိုင်မောင်သာပွင့်နှင့် မြောင်းဘွေမှ ကျောင်းအုပ်ဆရာကြီး ဦးသောက်ကြာအောင်တို့၏ အကူအညီပေးခြင်းကြောင့် လွတ်မြောက်ခဲ့ကြရသည်။

# အပိုင်း(၃)
# ဂျပန်ခေတ်

၁၉၄၂-ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့တွင် ဂျပန်တပ်မဟာ အမှတ်(၁၅)သည် မြန်မာနိုင်ငံတော်လှန်ရေး ခေါင်းဆောင်များနှင့် ပူးပေါင်း၍ စစ်ကြောင်းကြီး ၄ ကြောင်းဖြင့် စတင်ထိုးစစ်ဆင်လျက်ရှိ၏။ ဤအချိန်ကာလအတွင်းတွင် ရခိုင်ဖက်ဆစ်နယ်ချဲ့တော်လှန်ရေးသမားများသည် ပြည်မတော်လှန်ရေးခေါင်းဆောင်များနှင့် အဆက်အသွယ်ရှိပြီး နယ်ချဲ့များကို အမြစ်ဖြုတ် ခြေမှုန်းရန် အားယူနေကြလျက်ရှိသည်။ ဤကြားထဲ အင်္ဂလိပ်များကလည်း ဆန့်ကျင်လှုပ်ရှားနေသူများကို လိုက်လံဖမ်းဆီးလျက်ရှိရာ၊ မင်းပြားမြို့နယ်မှ ဦးဖိုးလှ၊ ဦးအိုးလှောင်၊ ဦးဖိုးအောင်၊ ဦးချက်ဖား၊ ဦးအောင်စံလှ၊ ဦးဖိုးစံ၊ ဦးထွန်းစိန်တို့ကို ဖမ်းမိ၍ အိန္ဒိယထောင်သို့ ပို့လိုက်သည်။ သခင်ငွေကြွင်း ထွက်ပြေးလွတ်မြောက်ကျန်ခဲ့သည်။ ၁၉၄၂ ခုနှစ် မေလ(၄)ရက်နေ့တွင် စစ်တွေမြို့ကို ဂျပန်တို့ သိမ်းပိုက်ပြီးနောက် ရခိုင်ပြည်နယ်တစ်ခုလုံးသည် ဂျပန်တို့လက်အောက်သို့ ကျရောက်သွားသည်။

ယင်းအချိန်အတွင်းတွင် မြို့နယ်များကို မြို့နယ်အုပ်ချုပ်ရေးဌာနများ ဖွင့်ကာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနတာဝန်ခံဟူ၍ ဖွဲ့စည်းကား အုပ်ချုပ်ခဲ့သည်။ ဤသို့အုပ်ချုပ်ခြင်းမှာ လေးလခန့်မျှ အချိန်ဖြစ်၍ နောက်ပိုင်းတွင် ဂျပန်လက်အောက် ဒေါက်တာဘမော်ဦးဆောင်သော အစိုးရဖွဲ့ပြီးသောအခါ ယခင်ကိုလိုနီအင်္ဂလိပ် အစိုးရလက်ထက်ကကဲ့သို့ အရေးပိုင်၊ နယ်ပိုင်၊ မြို့ပိုင်စနစ်ဖြင့်ပင် အုပ်ချုပ်ခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ဟူသမျှ မဟာမိတ်တို့၏ ဒါဏ်ကြောင့် ပျက်စီးခဲ့ရာ မင်းပြားမြို့လည်း ပါဝင်ခဲ့ပေသည်။ မြို့ပေါ်မှလူများသည် တောရွာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။

မြို့နယ်ကို အုပ်ချုပ်သော မြို့ပိုင်၊ နယ်ပိုင်တို့မှာလည်း ကျေးရွာများတွင် ရုံးစိုက်၍ အုပ်ချုပ်ကြသည်။ ထိုစဉ်က မင်းပြားမြို့နယ် မြို့ပိုင်၊ နယ်ပိုင်ရုံးစိုက်ရာ ရွာမှာ ငပြီအင်းရွာဖြစ်ပါသည်။

၁၉၄၄-ခု (      )တွင် ဦးညိုထွန်းသည် အိန္ဒိယမှပြန်ဝင်လာပြီး ရခိုင်တော်လှန်ရေးခေါင်းဆောင်များဖြစ်သော ဦးပညာသီဟ၊ ဦးကြာလှအောင်တို့နှင့် တိုင်ပင်စုရုံးပြီးလျှင် ဖက်ဆစ်ဂျပန်တို့အား မဟာမတ်တို့၏အကူအညီကို ယူ၍ စတင်တော်လှန်တိုက်ခိုက် မောင်းထုတ်ကြလေရာ ရခိုင်ပြည်အနှံ့အပြား နေရာတိုင်းတွင် ဖက်ဆစ်တော်လှန်ရေးကြီး စတင်ခဲ့လေသည်။

(      )နှစ်သို့ ရောက်သောအခါ ဖက်ဆစ်ဂျပန်တို့၏ ပြုမူကျင့်ကြံခြင်းကို မခံမရပ်နိုင်ဖြစ်လာသဖြင့် ဦးညိုထွန်းသည် ရန်ကုန်မြို့မှထွက်ခွာလာပြီး ရခိုင်မျိုးချစ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် အိန္ဒိယနိုင်ငံသို့ တိတ်တဆိတ်သွားရောက်ပြီး မဟာမိတ်တပ်နှင့် အဆက်အသွယ်ပြုကာ ဖက်ဆစ်ဂျပန်အား တော်လှန်ပုန်ကန်ရန် **"လေနတ်သား"** စာစောင်ကို ထုတ်ဝေ၍ မြန်မာနိုင်ငံအနှံ့အပြားသို့ လေယာဉ်မှ ချပေးခဲ့လေသည်။ ဤသို့ တော်လှန်ကြရာတွင် ဦးစိန္တာနှင့် ဗုံပေါက်သာကျော်တို့သည် ခြင်္သေ့အဖွဲ့ (လိုင်းယင်းပါတီ)အမည်ဖြင့် မင်းပြား၊ မြေပုံမြို့နယ်တွင်လည်းကောင်း၊ ဗိုလ်စံလှနှင့် ဗိုလ်သာကျော်အဖွဲ့သည် မြို့ဟောင်းနယ်ဖက်မှလည်းကောင်း၊ ဖက်ဆစ်များကို တိုက်ခိုက်၍ ရခိုင်ဖက်၌ ဖက်ဆစ်တော်လှန်ရေးကို ပြည်မထက်စောစီးစွာ တော်လှန်ခဲ့ရခြင်းမှာ တော်လှန်ရေးမစမီ ဦးစိန္တာ၏တပည့် ဦးကျော်ဇံရှိလာရောက် သတင်းပို့လာ၍လည်းကောင်း၊ အခြားရခိုင်ဖက်ဆစ်ဆန့်ကျင်ရေး ခေါင်းဆောင်များကို အကျပ်ကိုင်ရန် စီစဉ်လာကြသောကြောင့်လည်းကောင်း၊ ယခုလို မလွှဲမရှောင်သာ၍ ပြုလုပ်လိုက်ရခြင်း ဖြစ်သည်ဟု သိရပါသည်။ ဦးစိန္တာကို ဦးငွေကြွင်းလျှို့ဝှက်စွာ သွားရောက်စီစဉ်မှုကြောင့် မကြာမီပြန်လွတ်လာနိုင်ခဲ့သည်။ ရခိုင်ဖက်မှ ဖက်ဆစ်တော်လှန်ရေးသမားများသည် အိန္ဒိယမှ ဦးသိန်းဖေမြင့်နှင့်လည်းကောင်း၊ ပြည်မတော်လှန်ရေးခေါင်းဆောင်များနှင့်လည်းကောင်း၊ မဟာမိတ်အကူအညီကို ပြန်လည်ရယူ၍ စီစဉ်ထားသည့်အတိုင်း ၁၉၄၄ ခုနှစ်ကုန်ခါနီးတွင် ဦးထွန်းစိန်၊ ဦးဖိုးလှ၊ ဗိုလ်မောင်ကလေးတို့ကို သူ့လုပ်ငန်းအတွက် မဟာမတ်များက ကလေးမြို့ချောင်းအထက်ပိုင်းတွင် လေထီးဖြင့် ချထားပေးရာ ဂျပန်များမိသွား၍ ဦးထွန်းစိန်နှင့် ဗိုလ်မောင်ကလေးတို့ ထွက်ပြေးလွတ်မြောက်သွားသည်။ ဦးဖိုးလှကို ရန်ကုန်သို့ ယူဆောင်လာစဉ် ရခိုင်ရိုးမဖိုးခေါင်တောင်အရောက်တွင် အဆုံးစီရင်ခဲ့ကြောင်း သိရသည်။ ရခိုင်ဖက်မှ ဖက်ဆစ်တော်လှန်ရေးသမားများကို မဟာမိတ်(တပ်မဟာ-၁၃၆)၏ အထောက်အပံ့ အကူအညီများပေးလာခဲ့ရာ မင်းပြားမြို့နယ်တွင် ရှိနေသည့် ဖက်ဆစ်စခန်းများဖြစ်သော စွန်ရဲစခန်း၊ လိပ်ကျောက်စခန်း၊ ကျောက်နတ်စခန်း၊

ကုလားမတောင်စခန်းများကို တိုက်ခိုက်ခဲ့ကြသည်။

ဤသို့ ရခိုင်ဖက်တွင် မဟာမိတ်များသည် ရခိုင်တော်လှန်ရေးသမားများ၏ အကူအညီကို အပြည့်အဝရယူ၍ ဆက်လက်တိုက်ခိုက်လာခဲ့ကြရာ ၁၉၄၅-ခု၊ ဇန်နဝါရီလ ဒုတိယပါတ်အတွင်းတွင် ရခိုင်မဟာမိတ်များ ပြန်လည်ရရှိသွားသည်။

# အပိုင်း(၄)

# ပါလီမန်ဒီမိုကရေစီခေတ် နိုင်ငံရေးဖြစ်စဉ်

၁၉၄၅-ခုနှစ်၊ မေလ(၁၃)ရက်နေ့တွင် ဖက်ဆစ်ဂျပန်များ လက်နက်ချပြီး ဒုတိယကမ္ဘာစစ်ပြီးစီးသွားသောအခါ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သည် ကိုလိုနီစံနစ်ကို ပြန်လည်ကျင့်သုံးကာ စက္ကူဖြူစာတမ်းအရ၊ ဆာပေါ်ထွန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့က အုပ်ချုပ်လေသည်။ ယင်းသောအခါ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကြိုးပမ်းမှု ဆက်လက်ဖြစ်ပေါ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးသည် မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အရယူကာ ဗြိတိသျှတို့အား လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့လေသည်။ ဗြိတိသျှတို့ကလည်း နည်းမျိုးစုံဖြင့် လွတ်လပ်ရေးမပေးနိုင်အောင် ကြိုးစားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြတို့သည် ရခိုင်ဖက်သို့ လာရောက်ကြပြီး ရခိုင်ခေါင်းဆောင်များနှင့် ဆွေးနွေးခြင်း ပြုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခု အေပြီလတွင် မင်းပြားမြို့ကို ရောက်လာပြီး မင်းပြားမြို့မ တောင်ကျောင်းတွင် မြို့နယ်လူထုအား စည်းရုံးဖိတ်ခေါ်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဖဆပလအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဟောပြောပြီးနောက် မြို့နယ်ဖဆပလအဖွဲ့ကို တည်ထောင်ပေးခဲ့လေသည်။ ယင်းအဖွဲ့တွင် ဥက္ကဋ္ဌ ဦးမောင်စိန်၊ အတွင်းရေးမှူး ဦးထွန်းစိန်၊ အဖွဲ့ဝင်များအဖြစ် ဦးရွှေနန်းဦး၊ ဖိုးမောင်၊ ဦးမောင်မြသာတို့အား ပါဝင်ဖွဲ့စည်းပေးခဲ့လေသည်။

ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံးတွင်လည်း မြို့နယ်တိုင်း၌ ဖဆပလအဖွဲ့ ဖွဲ့စည်းကာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးမှ ချမှတ်ပေးသော မူဝါဒအတိုင်း လွတ်လပ်ရေးကို ကြိုးပမ်းလာကြသည်။ ယင်းသို့ ကြိုးပမ်းနေစဉ်အတွင်း ဖဆပလနှင့် ပူပေါင်းကာ လွတ်လပ်ရေးကြိုးပမ်းနေခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီသည် အဖွဲ့မှခွဲထွက်ကာ ဗြိတိသျှတို့အား လက်နက်နှင့် ပုန်ကန်မည်ဟု တောင်းဆိုခဲ့လေသည်။

ရခိုင်ပြည် ကွန်မြူနစ်များဖြစ်ကြသော ဦးကျော်မြ၊ ဦးစိန္ဒာ၊ ဗုံပေါက်သာကျော်တို့လည်း တောခိုခဲ့ကြလေသည်။ ယင်းနောက် ဖဆပလအဖွဲ့သည် တိုင်းရင်းသားလူမျိုးအားလုံးကို စည်းရုံးစုစည်းနိုင်ခဲ့ရာည ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် အင်္ဂလိပ်များထံမှ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့၏။ သို့နှင့် သခင်ဦးနုသည် ဖဆပလဝန်ကြီးချုပ်ဖြစ်လာပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာခဲ့သည်။ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစံနစ်သည် အင်္ဂလိပ်ကိုလိုနီစံနစ်ဖွဲ့စည်းအုပ်ချုပ်ပုံကဲ့သို့ပင် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ ရွာသူကြီး စံနစ်ဖြင့် အုပ်ချုပ်သောစနစ်ပင်ဖြစ်သောကြောင့် တိုင်းပြည်တွင်း နေထိုင်ကြသော လူထုမှာ စိတ်ဝမ်းကွဲပြားလာကာ ဖဆပလအဖွဲ့မှ ခွဲထွက်၍ ရခိုင်ပြည်ဖက်တွင် ရ-တ-ည အဖွဲ့ကို ဖွဲ့စည်း၍ အမျိုးသားလှုပ်ရှားမှုများ ပြုလုပ်လာကြသည်။ ပြည်သူ့ရဲဘော်အဖွဲ့ တောခိုခဲ့သည်။ အချို့ပုဂ္ဂိုလ်တို့မှာလည်း ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးကို မနှစ်သက်ကြသဖြင့် တောတွင်းပါတီများနှင့် ပူးပေါင်းကာ တောခိုခဲ့ကြသည်။

၁၉၄၈ ခု၊ နိုဝင်ဘာလတွင် မင်းပြားမြို့နယ်မှ ဦးဝေကျော်၊ ဦးဦးပွား တောခိုသွားခဲ့သည်။ ၁၉၄၉ ခုနှစ် ဇွန်လ(၁၀)ရက်နေ့တွင် ပြည်သူ့ရဲဘော်အဖွဲ့ မင်းပြားမြို့ကို သိမ်းပိုက်ပြီး မြို့ပြအုပ်ချုပ်ရေးကို ဖွဲ့စည်းကား တာဝန်ခံအဖြစ် ဦးဖာချေက အုပ်ချုပ်ခဲ့သည်။ သို့နှင့် ဖဆပလအဖွဲ့နှင့် ကာကွယ်ရေးတပ်မှ ဦးရွှေနန်းဦး၊ ဦးဖိုးအောင်၊ ဦးမဲမောင်၊ ဦးကျော်လှအောင်၊ ဦးစံလှ၊ ဦးစံဘော်၊ စသောပုဂ္ဂိုလ်တို့သည် ဥပဒေပြင်ပ ပြည်သူ့ရဲဘော်အဖြစ်သို့ ရောက်ရှိသွား၏။

ပြည်သူ့ရဲဘော်အဖွဲ့သည် စစ်တွေခရိုင်ကို ၁၉၄၉-ခု ဇူလိုင်လတွင် မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာအတွင်း ကျင်းပသော ညီလာခံမှ ဖွဲ့စည်းခဲ့ကြသည်။ ထိုအဖွဲ့၏အောက်တွင် တပ်ရင်း(၂)ရင်းရှိပြီး တပ်မဟာ (၂၆)အဖြစ် အမည်ပေးထားသည်။ တပ်ရင်း(၁)သည် မြောက်ပိုင်းခရိုင်ကို တာဝန်ယူရသည်။ တပ်ရင်း(၂)တွင် ဗိုလ်မှူးမဲမောင်၊ ဗိုလ်ကြီးစံဘော်တို့ ကွပ်ကဲအုပ်ချုပ်ပြီး ကျိန်း၊ ကန်ဖေ၊ တောကန်မြောက်တိုက်နှင့် တောကန်တောင်တိုက် အချို့နေရာများကို သိမ်းပိုက်ထားသည်။ စတင်ဖွဲ့စည်းစဉ်က ပြည်သူ့ရဲဘော်အဖွဲ့ ခရိုင်တာဝန်ခံများအဖြစ် ဦးကျော်လှအောင်၊ ဦးစံလှ၊ ဦးဖိုးအောင် စသည့်ပုဂ္ဂိုလ်များ ပါဝင်ခဲ့ကြသည်။

၁၉၅၀-ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် မင်းပြားမြို့ကို ဗမာ့တပ်မတော်မှ ပြန်လည်သိမ်းပိုက်ပြီး ထိုလဆန်း (၅)ရက်နေ့တွင် မင်းပြားမြို့ပိုင် ဦးအောင်သာဦး၊ ဆရာဝန် ဦးကျော်တင်တို့အပါအဝင် ဌာနဆိုင်ရာများ ရောက်ရှိလာပြီး မြို့ပြအုပ်ချုပ်ရေးကို ပြန်လည်အကောင်အထည် ဖော်ကြသည်။ ၁၉၅၀-ခု၊ ဒီဇင်ဘာလတွင် ဗိုလ်မှူးမဲမောင်နှင့် ဦးရွှေနန်းဦး၊ ဦးကျော်လှအောင်-တို့ ဥပဒေတွင်းသို့ ဝင်ရောက်လာကြသည်။ ဖဆပလအဖွဲ့အနေနှင့် ယခင်က ပြည်သူ့ရဲဘော်အဖွဲ့ ချထားခဲ့သော ဈေးပြောင်းရေးတိုက်ပွဲဝင်ပြီး ယခုလက်ရှိ ဈေးနေရာတွင် ၁၉၅၂-ခုနှစ် အောက်တိုဘာလ (၈)ရက်နေ့တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ မင်းပြားမြို့ကို ဝင်စီးရာ အောင်မြင်မှုမရဘဲ နောက်ဆုတ်သွားခဲ့ရသည်။

ဖဆပလအဖွဲ့သည် ၁၉၅၂ ခု နိုဝင်ဘာလ(၁၅)ရက်နေ့တွင် မင်းပြားမြို့နယ်၌ ပြည်တော်သာကွန်ဖရင့်ကို ပြုလုပ်ပြီး အဖွဲ့ခေါင်းဆောင်များအဖြစ် နယ်ပိုင်ကြိုင်သာအောင် ဥက္ကဌ၊ ဦးချက်ဖား (ပါလီမန်အမတ်)၊ ဦးမောင်စိန်၊ စသည့်ပုဂ္ဂိုလ်တို့ဖြင့် ဖွဲ့စည်းထားပြီး စည်းရုံးရေး၊ လူမှုရေး၊ စီးပွားရေး၊ စသည်များကို စီမံခန့်ခွဲသည့်အာဏာပိုင်အဖွဲ့ ဖြစ်၏။ ၁၉၅၂-ခုနှစ်မှ ၁၉၅၅ ခုနှစ်အတွင်း တောတွင်းသောင်းကျန်းသူများတို့သည် အချင်းချင်းစစ်ကြေငြာကာ တိုက်ပွဲဝင်နေကြသဖြင့် နယ်လူထုများမှာ တထန့်တလန့် ဖြစ်ခဲ့ကြသည်။ အလံနီဗိုလ်ပေါက်သာကျော်၊ ဦးမောင်လူကြီးနှင့် ရဲနီ(၁၀၀)ကျော်ခန့်တို့သည် လက်နက်မျိုးစုံ(၄၅)လက်ဖြင့် ၁၉၅၅-ခု၊ နိုဝင်ဘာလ(၁၈)ရက် လက်နက်ချအလင်းဝင်သည်။ ယင်းလက်နက်ချကျင်းပသည့် မင်းပြားမြို့မ ဘောလုံးကွင်းသို့ ရခိုင်တိုင်းတပ်ပေါင်းစုမှူး ဒုတိယဗိုလ်မှူးကြီး စောမြသိန်း၊ ဗိုလ်မှူးဝေလင်း၊ ဦးစံမြင့်-စသူတို့ တက်ရောက်ပြီး အလင်းဝင်များကို လက်ခံသည်။ မရွေးမနှောင်းတွင် လက်နက်ချအလင်းဝင်ရောက်လာသော အလံနီဝင်များအား ရခိုင်တိုင်း တပ်ပေါင်းစုမှူးမှ လက်နက်ပြန်လည် တပ်ဆင်ပြီး ပြုစောထီးအဖွဲ့ ဖွဲ့စည်းသည်။ ၁၉၅၅-ခု၊ ဒီဇင်ဘာလတစ်လလုံး ပြုစောထီးသင်တန်းပေးရာတွင် မြို့ပေါ်မှ အစိုးရအရာထမ်း၊ အမှုထမ်းများလည်း တက်ရောက်သင်ကြားခဲ့၏။

၁၉၅၆-ခုနှစ်တွင် မင်းပြားမြို့နယ် ဖဆပလ ၂ခြမ်းကွဲပြီး တည်မြဲ ဖဆပလအဖွဲ့ကို ဦးကျော်လှအောင်၊ ဦးမောင်မြတ်သာ၊ ဦးဦးရွှေစိန်တို့ ခေါင်းဆောင်သည်။ ထိုအချိန်ကာလ မင်းပြားမြို့နယ်တွင် ရ-တ-ညအဖွဲ့ ပေါ်ပေါက်လာပြီး ဦးမောင်ကျော်ခိုင်၊ ဦးမောင်ဘကြိုင်-တို့ခေါင်းဆောင်ကြသည်။ မြို့ပေါ် (၃)ပါတီအနေဖြင့် တောရောမြို့ပါ မိမိအဖွဲ့အစည်း အင်အားတောင့်တင်းလာရေးအတွက် နည်းမျိုးစုံဖြင့် စည်းရုံးလာကြသည်။ ၁၉၇၅-ခု၊ ဖေဖော်ဝါရီ(၁၂)ရက်နေ့တွင် ရွေးချယ်တင်မြှောက်ပွဲ၌ တည်မြဲမှ ဦးကျော်လှအောင်၊ သန့်ရှင်းမှ ဦးချက်ဖား၊ ရတညမှ ဦးမောင်ကျော်ခိုင် တို့ယှဉ်ပြိုင်ရာ ရတညမှ ဦးမောင်ကျော်ခိုင် အနိုင်ရရှိသွားသည်။

မင်းပြားမြို့နယ်တွင် လက်နက်ချပွဲအဖြစ် ၁၉၅၈-ခု၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် ပြည်သူ့လွတ်မြောက်ရေးပါတီမှ ဦးစိန္တာ၊ ဦးအောင်မြင့်-တို့ ကြီးမှူးပြီး တစ်ပါတီလုံး လက်နက်ချအလင်း ဝင်လာခဲ့သည်။ ၎င်းလက်နက်ချပွဲသို့ သခင်တင်၊ ဗိုလ်မှူးကြီးမင်းသိမ်း၊ ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးကြီး ဘလပ်၊ ဒုကာကွယ်ရေးဦးစီးချုပ်(ကြည်း) ကလိပ်၊ ဒုကာကွယ်ရေးဦးစီးချုပ်(ရေ)သန်းဖေ။ အပြင် နိုင်ငံခြားသတင်းထောက်များ၊ ပြည်တွင်းသတင်းထောက်များ စုံညီစွာ တက်ရောက်ပြီး (၃)ရက်တိုင်တိုင် မင်းပြားမြို့မ ဘောလုံးကွင်းကြီး၌ ခြိမ့်ခြိမ့်သဲပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကျင်းပခဲ့သည်။ ၁၉၅၈-ခု၊ မတ်လ(၂၈)ရက်နေ့တွင် ကျောက်တော်မြို့တွင် အလင်းဝင်ခဲ့ရာ ရခိုင်နယ်ဒေသတွင် သောင်းကျန်းသူအကြွင်းအကျန်နှင့် ဗကပအချို့သာ ကျန်ရစ်ခဲ့၏။

၁၉၅၈-ခု၊ အောက်တိုဘာလတွင် အိမ်စောင့်အစိုးရ တက်လာပြီး လက်ရှိပါလီမန်ကို ရုပ်သိမ်းလိုက်သည်။ မင်းပြားမြို့နယ်တွင် ပြည်တော်သာအဖွဲ့အစား ဖွံ့ဖြိုးရေးအဖွဲ့ကို ဖွဲ့စည်းသည်။ မြေ-ကျေး-ရှင်း အကူအညီဖြင့် ချောင်းရှည်တာတမံကို ဆည်ဖို့ခဲ့သည်။

ဥပဒေအတွင်းရှိ ပါတီအသီးသီးတို့သည် လာမည့်ရွေးကောက်ပွဲအတွက် အပြိုင်အဆိုင် စည်းရုံးခဲ့ကြရာ ၁၉၆၀ ခု၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲ၌ မင်းပြားမြို့နယ်တွင် ရတညအဖွဲ့မှ ဦးမောင်ကျော်ခိုင်ပင် အနိုင်ရရှိခဲ့သည်။ မြန်မာ့တပ်မတော်ကလည်း လက်ကျန်သောင်းကျန်းသူ ရောင်စုံများကို ပြည်သူလူထုအကူအညီဖြင့် ပြင်းထန်စွာ ထိုးစစ်ဆင်ခဲ့သည်။

အထက်ပါကဲ့သို့ ရွေးချယ်တင်မြှောက်ခဲ့သောအစိုးရအဖွဲ့သည် ၁၉၆၀ ခု၊ ဇန်နဝါရီလမှ ၁၉၆၂ ခု၊မတ်လ (၂)ရက်နေ့အထိသာ တည်တန့်နိုင်ခဲ့သည်။ ၁၉၆၂-ခု၊ မတ်လ(၂)ရက်နေ့တွင် လက်ရှိယိမ်းယိုင်နေသော တိုင်းပြည်အခြေအနေကို မလွှဲမရှောင်နိုင်သော သမိုင်းပေးတာဝန်အရ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီမှ တိုင်းပြည်၏အာဏာကို ထိန်းသိမ်းထားလိုက်ရ၏။

# အပိုင်း(၅)

# ဆိုရှယ်လစ်ခေတ်

## ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ နိုင်ငံရေးဖြစ်စဉ်၊ (၁) တော်လှန်ရေးကောင်စီကာလ နိုင်ငံရေးဖြစ်စဉ် ပါတီအသင်းအဖွဲ့များကို ဖျက်သိမ်းခြင်း

တော်လှန်ရေးကောင်စီလက်ထက်တွင် ပြည်သူ့ရေးရာ စီမံရေးရာကိစ္စရပ်များကို ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်လုံခြုံရေးနှင့် အုပ်ချုပ်မှုစီမံကိန်းတစ်ရပ်ကို ပြည်ထဲရေးဌာနက ရေးသားပြုစုပြီး ၁၉၆၂-ခု မေလ(၃)ရက်နေ့တွင် လုံခြုံရေးနှင့် အုပ်ချုပ်မှု စီမံကိန်းညီလာခံ၌ ဆွေးနွေးအတည်ပြုခဲ့သည်။ ၁၉၆၂-ခု၊ မေလ (၉)ရက်နေ့မှစ၍ နိုင်ငံအတွင်း ပါလီမန်ခေတ်က အသင်းအဖွဲ့ဟူသမျှကို ဖျက်သိမ်းပြီး အဆင့်ဆင့်သော လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကို တစ်နိုင်ငံလုံးတွင် စတင်ဖွဲ့စည်းစေခဲ့သည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် အုပ်ချုပ်ရေးယန္တရားအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်း အခြေအနေ

မင်းပြားမြို့နယ်အတွင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင် လျှောက်ထားရေးနှင့်ပတ်သက်၍ တိုင်းခွဲ(၁၃)တိုင်းကြီးကြပ်ရေးကော်မတီမှ ဗိုလ်ကြီးလှစောအောင် လာရောက်စည်းရုံးခဲ့ပါသည်။ ပါတီဝင်လျှောက်ထားသူများအား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ သဘောတရားရေး ရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပါသည်။ မြေပုံမြို့နယ်ပါတီယူနစ်မှ စည်းရုံးရေးမှူးဗိုလ်ကြီးဌေးမြင့်နှင့် တကကစံသာအောင်တို့ မင်းပြားမှ ဦးမောင်စံသာ၊ ဦးလပြည့်၊ ဦးငအောင်၊ ဦးစံထွန်းလှ၊ ဦးထွန်းသာဇံ ဦးပေါစောတို့ အကူအညီယူပြီး ပါတီစည်းရုံးရေးစတင်ခဲ့ကြသည်။

တော်လှန်ရေးကောင်စီမှ အာဏာသိမ်းပြီး အဖွဲ့အစည်းအသီးသီးကို ဖျက်သိမ်းလိုက်ရသာ ကြားကာလ၌ အုပ်ချုပ်ရေးဖက်၌ မြို့ပိုင်၊ နယ်ပိုင်များအား တာဝန်ယူအုပ်ချုပ်နေရ၏။ ၎င်းနောက်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီစီမံကိန်းအရ မြို့ပြအုပ်ချုပ်ရေးကို တပ်မတော်မှ တပ်ခွဲမှူး ဗိုလ်ကြီးတင်ရွှေကို မင်းပြားမြို့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူအုပ်ချုပ်စေခဲ့၏။

# ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး

## မြို့နယ်ပြည်သူ့ကောင်စီ၊ မြို့နယ်တရားသူကြီးအဖွဲ့၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့

မင်းပြားမြို့နယ်အတွင်း ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြီး ရပ်ကွက်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီနှင့် ရပ်ကွက်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

ပဌမအကြိမ် - (၄၂)အုပ်စု (ရပ်ကွက် ၃ ခု အပါအဝင်)
ဒုတိယအကြိမ် - (၆၂)အုပ်စု (ရပ်ကွက် ၃ ခု အပါအဝင်)
တတိယအကြိမ် - (၆၅)အုပ်စု (ရပ်ကွက် ၃ ခု အပါအဝင်)

ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြိမ် | လွှတ်တော် | ပြည်နယ်/တိုင်း | မြို့နယ် | ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၂ | ၅ | ၆၀ | ၇၀၀ |
| ၂ | ဒုတိယအကြိမ် | ၂ | ၅ | ၈၄ | ၅၉၃ |
| ၃ | တတိယအကြိမ် | ၂ | ၅ | ၈၇ | ၆၅၈ |

ရခိုင်သားကြီးစာပေ

မြို့နယ်ပြည်သူ့ကောင်စီ အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

| စဉ် | အကြိမ် | အလုပ်အမှုဆောင် | တရားသူကြီးအဖွဲ့ | လုပ်ငန်းစစ်ဆေးရေးအဖွဲ့ |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၇ | ၃ | ၃ |
| ၂ | ဒုတိယအကြိမ် | ၇ | ၅ | ၅ |
| ၃ | တတိယအကြိမ် | ၇ | ၅ | ၅ |

မြို့နယ်ပြည်သူ့ကောင်စီ အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်တွင် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြိမ် | အမှုဆောင်ဥက္ကဋ္ဌ | အတွင်းရေးမှူး | တရားသူကြီးဥက္ကဋ္ဌ | လငစဥက္ကဋ္ဌ |
|---|---|---|---|---|---|
| ၁ | ပထမ | ဦးဂေါက်ရ | ဦးသာအောင်ကျော် | ဦးဘိုးညို | ဦးစိန်ချမ်းဦး |
| | | ဦးသာအောင်ကျော် | ဦးကျော်အောင် | ဦးဘိုးညို | ဦးအောင်ကျော်စိန် |
| ၂ | ဒုတိယ | ဦးမောင်စိန်ဦး | ဦးကျော်အောင် | ဦးဘိုးညို | ဦးအောင်ကျော်စိန် |
| ၃ | တတိယ | ဦးမောင်စိန်ဦး | ဦးဇနီဦး | ဦးဘိုးညို | ဦးအောင်ကျော်စိန် |

# အမြို့တေကာလအတွင်း နိုင်ငံရေးဖြစ်စဉ်။

## ဆိုရှယ်လစ်ဒီမိုကရေစီ အခြေခိုက်စနစ်များ ဖွဲ့စည်းမှုအခြေအနေ

မင်းပြားမြို့နယ်အတွင်း မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို တပ်မတော်မှ တပ်ခွဲမှူး ဗိုလ်ကြီးတင်ရွှေမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ရပ်ကွက်/ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်ရပ်များကို ကျေးရွာရှိ မြေယာကော်မတီများမှ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

## ပြည်တွင်းငြိမ်းချမ်းရေးဖိတ်ခေါ်ခြင်းနှင့် မြေအောက်နိုင်ငံရေးလှုပ်ရှားမှုအခြေအနေ

တော်လှန်ရေးကောင်စီမှ နိုင်ငံတော်အာဏာကို သိမ်းယူပြီးသည့်နောက် အဓိကနိုင်ငံရေးပါတီကြီး (၃)ရပ်ဖြစ်သော ပြည်ထောင်စုအဖွဲ့(ပထစ)၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ဖဆပလ)၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု(ပမညတ)တို့၏ ခေါင်းဆောင်များကို ၄-၃-၆၂၊ ၇-၃-၆၂၊ ၁၇-၅-၆၂ နေ့များတွင် သုံးကြိမ်တိုင်တိုင် ခေါ်ယူတွေ့ဆုံပြီး တိုင်းပြည်တည်ဆောက်ရေးအတွက် ညီညီညွတ်ညွတ် ဆောင်ရွက်သင့်ပုံ၊ ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရာတွင် တက်ညီလက်ညီဆောင်ရွက်ကြရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် သဘောထားများကို အကြံပေးဆွေးနွေးခဲ့ပါသည်။ ၎င်းပြင် ၁-၄-၆၃ နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုကို ကြိုးပမ်းခဲ့သည်။ ၁၉၆၃-ခု၊ ဇွန်လ (၁၁)ရက်နေ့တွင် ရက်သတ္တပါတ်ကြာဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သဖြင့် သခင်စိုးဦးဆောင်သော အလံနီကွန်မြူနစ်ပါတီမှ ရဲနီမေ မဋ္ဌေဖံနှင့် ရဲနီကျော်ဝင်းတို့သည် ရခိုင်တိုင်းစစ်တွေမြို့ ဒုဗိုလ်မှူးကြီးထွန်းလင်းမှတဆင့် ဆက်သွယ်ပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။ ရဲနီကျော်ဖံရှီ ဦးဆောင်သော ရခိုင်ပြည်အလံနီပါတီတို့ပါ ဆွေးနွေးခဲ့ကြသည်။

၁၁-၆-၆၃ နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေး လက်တွေ့ဆောင်ရွက်ရန် တောတွင်းလက်နက်ကိုင် အဖွဲ့တို့အား ဖိတ်ခေါ်ဆွေးနွေးခဲ့ရာ ကရင်တော်လှန်ရေးကောင်စီတစ်ခုတည်းနှင့်သာ ငြိမ်းချမ်းရေးရခဲ့သည်။ ၎င်းပြင် ၂၉-၁၀-၆၈ နေ့တွင် ယခင် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်(၃၃)ဦးကို ခေါ်ယူတွေ့ဆုံခဲ့ပြီး ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ဤမြို့နယ်ဧရိယာအတွင်းရှိ ဗမာပြည်ကွန်မြူနစ်ပါတီ(အလံဖြူ)၊ သခင်စိုးဦးဆောင်သော အလံနီနှင့် ကျော်ဖံရှီ ဦးဆောင်သော ရခိုင်ပြည်အလံနီတို့အနေဖြင့် တော်လှန်ရေးကောင်စီတက်လာစဉ် ပြည်သူလူထုအကြားတွင် မတရား

သပုတ်လေလွင့် နည်းအမျိုးမျိုးဖြင့် ဝါဒဖြန့် စည်းရုံးလှုံ့ဆော်မှုများ ပြုမူလာခဲ့ကြသည်။ တော်လှန်ရေးကောင်စီအနေနှင့် မြန်မာနိုင်ငံ၏သမိုင်းပေးတာဝန်အရ ယိုယွင်းနေသည့် နောက်ဆုံးအခြေအနေကို လက်ပိုက်ကြည့်မနေဘဲ ထိန်းသိမ်းလိုက်ရသည့်ဖြစ်ရပ်ကို ဖုံးဖိလှည့်စားနိုင်ရန်အတွက် ပြည်သူလူထုကြားတွင် ဥာဏ်နီဥာဏ်နက်ဆင်၍ တော်လှန်ရေးကောင်စီကို အာဏာရှင်စနစ်ထူထောင်နေသည်ဟု ဝါဒဖြန့်မှုများ၊ ပြည်သူ့ဘဏ္ဍာငွေဖြင့် အကုန်အကျခံထားရသော ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ လူသတ်ဝါဒဖြင့် တိုင်းပြည်ဆူပူမှုကို ပြုမူနေကြသည်နှင့် မတင်းတိမ်ဘဲ လယ်တဧကလျှင် ၂၅/-နှုန်း တောင်သူလယ်သမား ဦးကြီးများသို့ အစိုးရမှထုတ်ချေးငွေအပေါ် လယ်တစ်ဧကကို ၁၀/-နှုန်း အတင်းအဓမ္မ မိုက်ကြေးကောက်ခံခြင်း ချေးငွေကို ပြန်မဆပ်ရန် နှောင့်ယှက်သည့်အဖျက်လုပ်ငန်းများ လုပ်ခြင်း၊ စပါးအဝယ်ဒိုင်သို့ စပါးရောင်းချခြင်းကို ပိတ်ပင်ခြင်း၊ စပါးရောင်းချရန် တင်ဆောင်လာသော လှေသမ္ဗန်များကို ဖျက်ဆီးခြင်း၊ စပါးများကို သိမ်းခြင်း၊ လူသတ်ခြင်း စသည့်အဖျက်လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

# ပြည်သူ့ပါတီကာလ နိုင်ငံရေးအခြေအနေ
## ပြည်သူ့ပါတီအဖြစ် ဖွဲ့စည်းလှုပ်ရှားမှုအခြေအနေ

၁၉၇၁-ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အမြုတေပါတီဘဝမှ ပြည်သူ့ပါတီဘဝသို့ ကူးပြောင်းဖွဲ့စည်းခဲ့သကဲ့သို့ မင်းပြားမြို့နယ်ပါတီယူနစ် မျက်နှာစုံညီအစည်းအဝေးကို ၁၉၇၁-ခုနှစ်၊ ဧပြီလ (၉)ရက်နေ့နှင့် (၁၀)ရက်နေ့တို့တွင် ပြည်သူ့ပါတီဘဝ ကူးပြောင်းဖွဲ့စည်းခဲ့ရာ ပါတီစိတ်(၅)ခု၊ ကလပ်စည်း(၂၆)ခုနှင့်၊ အဖွဲ့ဝင်(၂၄၀)၊ မိတ်ဆွေစု (၉၉)စု၊ အဖွဲ့ဝင် ၈၉၄ ဦးရှိပါသည်။ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌမှာ ဦးညီညီ ဖြစ်ပါသည်။ ယင်းမှဆက်လက်၍ ပြည်သူ့ပါတီအဖြစ် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်လာရာ ၁၉၇၁-ခု၊ ဇွန်လအတွင်း ကျင်းပသည့် ပဌမအကြိမ် ပါတီညီလာခံကို ဤမြို့နယ်မှ ညီလာခံကိုယ်စားလှယ်အဖြစ် ဦးညီညီ၊ အရံကိုယ်စားလှယ်အဖြစ် ဗိုလ်ကြီးတင်ရွှေတို့ တက်ရောက်ခဲ့ကြသည်။ ဤမြို့နယ် ပါတီယူနစ်သည် ပဌမအကြိမ်နှင့် ဒုတိယအကြိမ် ပါတီညီလာခံသက်တမ်း ၁၉၇၁-ခုနှစ် ၁၉၇၃-ခုနှစ်အတွင်း နှစ်စဉ်ပုံမှန် ပါတီယူနစ်မျက်နှာစုံညီ အစည်းအဝေး-၃ကြိမ် ကျင်းပခဲ့သည်။ ၁၉၇၃-ခုနှစ်တွင် တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပခဲ့ရာ ပါတီဝင်အင်အားစုစုပေါင်း (၅၁၀)ဦးရှိရာ အရန်ပါတီဝင် (၄၂၀)ဦး၊ တင်းပြည့်ပါတီဝင် (၉၀)ဦး၊ ပါတီမိတ်ဆွေ (၉၇၆)ဦး ရှိပါသည်။ ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် ဦးညီညီပင် အရွေးခံရပါသည်။ ၁၉၇၃-ခု၊ အောက်တိုဘာလတွင် ကျင်းပသော ဒုတိယအကြိမ် ပါတီညီလာခံသို့ ညီလာခံကိုယ်စားလှယ်နှစ်ဦးရရှိရာ ဦးညီညီ၊ ဦးဘိုးစိန်တို့ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပါတီညီလာခံ သက်တမ်းကာလအတွင်း (၁၉၇၃-ခုမှ ၁၉၇၇ ခုထိ) မင်းပြားမြို့နယ် ပါတီယူနစ် မျက်နှာစုံညီအစည်းအဝေး ၄ကြိမ်ပြုလုပ်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် မင်းပြားမြို့နယ် သတ္တမအကြိမ် ပါတီယူနစ်မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပရာ ပါတီဝင်အင်အား (၉၅၆)ဦးရှိပြီး ပါတီစိတ် ၁၆ ခုနှင့် ကလပ်စည်း ၁၀၃ ခုရှိခဲ့ပါသည်။ ပါတီတည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ထက်မြက်ရေးတို့အတွက် ပါတီသန့်စင်ရေးပြုလုပ်ရာ မင်းပြားမြို့နယ် ပါတီယူနစ်နယ်မြေမှ တင်းပြည့်ပါတီဝင် ၂၅ဦးနှင့် အရန်ပါတီဝင် ၁၂၄ ဦး၊ ကင်းကွာအရန် ၂၂ဦးပါရှိပါသည်။ ထို့ကြောင့် အမှန်တကယ်ရှိ ပါတီဝင်အင်အားမှာ တင်းပြည့် ၁၇၇ဦးနှင့် အရန် ၆၄၀ဦးရှိပါသည်။ ၎င်းအစည်းအဝေးမှပင် ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် ဦးညီညီပင် အရွေးချယ်ခံခဲ့ရပါသည်။ ၁၉၇၇-ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ကျင်းပခဲ့သော တတိယအကြိမ် ပါတီညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးညီညီနှင့် ဦးအောင်သာလှတို့ တက်ရောက်ခဲ့ကြပါသည်။

တတိယအကြိမ်နှင့် စတုတ္ထအကြိမ်ပါတီညီလာခံ သက်တမ်းကာလအတွင်း (၁၉၇၇မှ ၁၉၈၁ထိ) ဤမြို့နယ် ပါတီယူနစ် မျက်နှာစုံညီအစည်းအဝေး ၄ကြိမ်ကျင်းပပြုလုပ်ခဲ့ရာ ၁၉၈၁ ခုနှစ်တွင် မင်းပြားမြို့နယ် ၁၁ကြိမ်မြောက် ပါတီယူနစ်မျက်နှာစုံညီအစည်းအဝေးကို ကျင်းပခဲ့ရာ ပါတီဝင်အင်အား ၁၅၀၅ ဦးရှိပြီး ပါတီစိပ် ၂၄ ခုနှင့် ကလပ်စည်း ၁၃၆ ခုရှိခဲ့သည်။ ၎င်းအစည်းအဝေးတွင် ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် ဦးညီညီပင်အရွေးခံရပြီး စတုတ္ထအကြိမ်ပါတီညီလာခံသို့ ညီလာခံကိုယ်စားလှယ်အဖြစ် ဤမြို့နယ်မှ ဦးညီညီနှင့် ဦးအောင်သာလှတို့ အရွေးခံရပါသည်။ အဆိုပါ စတုတ္ထအကြိမ် ပါတီညီလာခံမှ မင်းပြားမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ ဦးညီညီအား ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရပြီး ရခိုင်ပြည်နယ် ဒေသပါတီကော်မတီဝင်အဖြစ် တိုးမြှင့်ခြင်းခံရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်းနှင့် နိုင်ငံတော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးအတွက် မင်းပြားမြို့နယ် လုပ်သားပြည်သူများ၏ ဆန္ဒသဘောထားရယူရန် ၁၁-၈-၇၁ နေ့တွင် ရခိုင်တိုင်းသို့ ဗိုလ်မှူးကြီးသန်းစိန် ခေါင်းဆောင်သော အကြံပေးအဖွဲ့ အဖွဲ့ခွဲ(၈)လာရောက်ပြီး ရှင်းလင်းခဲ့ပါသည်။ မြို့နယ်မှ လူထုလူတန်းစား ကိုယ်စားလှယ်(၁၁)ဦးက လိုအပ်သော အကြံဉာဏ်များကို ပေးကြပါသည်။ အဆိုပါ ပဌမမူကြမ်းအား လုပ်သားပြည်သူများ နားလည်သဘောပေါက်ပြီး ဆန္ဒသဘောထားပေးနိုင်ရန် မြို့နယ်ရှိ ထပ်ဆင့်ရှင်းလင်းရေးအဖွဲ့ (၆၈)ဖွဲ့ ဖွဲ့စည်းရှင်းလင်းခဲ့ပါသည်။

၁၉၇၂-ခု၊ မေလ(၃၀) (၃၁)ရက်နေ့တို့တွင် ယင်းအဖွဲ့ဝင်များ စစ်တွေမြို့၌ ပြုလုပ်သည့် မူကြမ်းရှင်းလင်းရေး အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ၁၉၇၂-ခု၊ ဇွန်လမှ အောက်တိုဘာလထိ ရပ်ကွက်၊ ဌာန၊ ကျေးရွာအုပ်စု(၄၀)တွင် ထပ်ဆင့်ရှင်းလင်းပွဲ ပြုလုပ်နိုင်ခဲ့ကြသည်။ အဆိုပါရှင်းလင်းပွဲသို့ လုပ်သားပြည်သူ (၆၄၄)ဦးတက်ရောက်ပြီး (၆၇)ဦးက အကြံဉာဏ်ပေးခဲ့ကြသည်။

ဒုတိယမူကြမ်းကိုလည်း ဌာနဆိုင်ရာ၊ ရပ်ကွက်ကျေးရွာ(၅၂)အုပ်စုရှိ လုပ်သားပြည်သူများအား ရှင်းလင်းခဲ့ရာ လုပ်သားပြည်သူ ၁၃၇၈၅ ဦးတက်ရောက်ကြပြီး ၁၅၇ ဦးက အကြံဉာဏ်ပေးခဲ့ကြသည်။

တတိယမူကြမ်း ထပ်ဆင့်ရှင်းလင်းရေးအဖွဲ့ခွဲ (၄၃)ဖွဲ့ ဖွဲ့စည်း၍ ဌာန၊ ရပ်ကွက် ကျေးရွာအုပ်စု ၅၇ အုပ်စုတို့အား အကြိမ်ပေါင်း ၆၂ ကြိမ်ထိ ထပ်ဆင့်ရှင်းလင်းတင်ပြနိုင်ခဲ့သည်။ ယင်းတတိယမူကြမ်းကို ဒုတိယအကြိမ် ပါတီညီလာခံတွင် အတည်ပြုပြဋ္ဌာန်းလိုက်သည့်အတိုင်း စီမံချက်များ ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြို့နယ်ပါတီယူနစ်မှ ဦးဆောင်စည်းရုံးလှုပ်ရှားခဲ့ကြသည်။ ကျေးရွာအုပ်စု ၆၅ အုပ်စုတွင် ဆန္ဒခံယူပွဲ ကျင်းပခဲ့ရာ ဆန္ဒမဲပေးသော လုပ်သားပြည်သူ ၅၀၆၇ဦးအနက် (၄၄၇၂၅)ဦးမှာ ထောက်ခံဆန္ဒမဲ ပေးခဲ့ကြသည်။ မြို့နယ်ဆန္ဒမဲပေးနိုင်သူ ဦးရေ၏ ၈၂.၈၆ ရာခိုင်နှုန်း ထောက်ခံမဲ ရရှိခဲ့ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပဌမအကြိမ် ပြည်သူ့လွှတ်တော်၊ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ဖွဲ့စည်းရန် ကျေးရွာ/ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်/တိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုကိုယ်တိုင် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခဲ့ရာတွင် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၄အုပ်စုရှိသည့်အနက် ကျေးရွာအုပ်စု ၃အုပ်စုနှင့် ရပ်ကွက် ၃ ခုတွင် ပြည်သူ့ကောင်စီဖွဲ့စည်းနိုင်ခဲ့ပြီး ကျေးရွာအုပ်စု ၂၃အုပ်စုကို လုံခြုံမှုအခြေအနေကြောင့် မဖွဲ့စည်းဘဲ ချန်လှပ်ထားခဲ့ပါသည်။

ကျေးရွာအုပ်စု ရပ်ကွက် ပြည်သူ့ကောင်စီဝင် ၁၀၈၇ဦး၊ မြို့နယ်ပြည်သူ့ကောင်စီဝင် ၆၀ဦးနှင့် ပြည်နယ်ကိုယ်စားလှယ် ၅ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦးကို လုပ်သားပြည်သူများ၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်နိုင်ခဲ့ကြသည်။ မြို့နယ်ကောင်စီဥက္ကဋ္ဌမှာ ဦးဂေါက်ရ၊ ဦးသာအောင်ကျော်တို့ဖြစ်ပြီး ပြည်နယ်ကိုယ်စားလှယ်မှာ ဦးဘိုးစိန်၊ ဦးအောင်ကျော်ဇံ၊ ဦးဘရင်၊ ဦးစံဦးခိုင်နှင့် ဦးအောင်ကြီးသာတို့ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်မှာ ဦးညီညီနှင့် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်တို့ဖြစ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ကို (၁-၁-၇၈)နေ့မှ (၈-၁-၇၈) နေ့ အတွင်းရွေးချယ်တင်မြှောက်ခဲ့ရာ ဤမြို့နယ်တွင် လူဦးရေစုစုပေါင်း (၁၀၈၂၄၆)ဦးရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ (၅၂၁၁၉)ဦးဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း (၆၂)ခု၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ဦး၊ ပြည်နယ်ကိုယ်စားလှယ် ၅ ဦး၊ မြို့နယ်ကိုယ်စားလှယ် ၈၇ ဦးနှင့် ကျေးရွာအုပ်စု ကိုယ်စားလှယ် ၆၅၈ ဦးတို့ကို ညှိနှိုင်းရရှိလျက်ရှိပါသည်။

## လူထုလူတန်းစားအဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားမှုအခြေအနေ

ပါတီ၏အခြေခံအင်အားစုများဖြစ်သော အလုပ်သမား၊ လယ်သမား လူတန်းစားများအား နိုင်ငံရေးအရ ဦးဆောင်ပြီး စည်းရုံးလှုပ်ရှားရာတွင် မင်းပြားမြို့နယ်အတွင်း မြို့နယ်အလုပ်သမားကောင်စီကို ၁၃-၃-၆၈ နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းစဉ် ဌာနခွဲ(၃၃)ခုနှင့် အခြေခံ (၇)ခုကို ခွဲခြားသတ်မှတ်ခဲ့သည်။ လူထုလူတန်းစား အဖွဲ့အစည်းများအား ဆိုရှယ်လစ်ဒီမိုကရေစီ အဆောက်အဦးနှင့် လျော်ညီစွာပြောင်းလဲဖွဲ့စည်းရေးအတွက် ပါတီညီလာ

ခံဆုံးဖြတ်ချက်နှင့်အညီ အလုပ်သမားကောင်စီကို အလုပ်သမားအစည်းအရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းရာ မင်းပြားမြို့နယ်အတွင်း အခြေခံ (၁၆)ခုကို ၁၆-၅-၇၇ နေ့မှ ၂၉-၅-၇၇ နေ့ထိ ဖွဲ့စည်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်အလုပ်သမားအစည်းအရုံးကို ၂၁-၆-၇၇နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ယခင်က အလုပ်သမားတိုင်း အလုပ်သမားကောင်စီဝင်ဖြစ်သော်လည်း အစည်းအရုံးဖွဲ့စည်းစက မိမိကိုယ်တိုင်ဆန္ဒပြုပြီး အဆင့်ဆင့်ထောက်ခံချက်ဖြင့် အဖွဲ့ဝင်အဖြစ် လက်ခံအတည်ပြု ဖွဲ့စည်းခဲ့ရာ ဖွဲ့စည်းစဥ် အစည်းအရုံးဝင်အင်အားမှာ ၁၈၃၆ ဦးသာရှိခဲ့သည်။ ယခုအခါ ဒုတိယအကြိမ်မြို့နယ် အလုပ်သမားအစည်းအရုံးရွေးချယ်တင်မြှောက်ပွဲ ကျင်းပရန်အတွက် စိုင်းပြင်းနေကြပြီဖြစ်ပြီး ကာယဉာဏ အလုပ်သမားအစည်းအရုံးဝင်ပေါင်း (၁၄၆၆)ဦးရှိပြီး အခြေခံ (၁၆)ခု၊ ဌာနခွဲ (၈၆)ခုဖြင့် ဖွဲ့စည်းတည်ဆောက်လျက်ရှိပါသည်။

အလားတူပင် မြို့နယ်တောင်သူလယ်သမားကောင်စီကို ၁၇-၈-၆၈ နေ့တွင် ဖွဲ့စည်းခဲ့ပြီး ကျေးရွာအုပ်စု ၁၆ခုကို ကျေးရွာတောင်သူလယ်သမားကောင်စီသို့ ဖွဲ့စည်းခဲ့ပါသည်။ တောင်သူလယ်သမား အစည်းအရုံးပြောင်းလဲဖွဲ့စည်းရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု-၆၃ ခုရှိသည့်အနက် ကျေးရွာအုပ်စု ၅၆ အုပ်စုကို ၁၉၇၇ ခု၊ မေ(၁)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ကျေးရွာအုပ်စု တောင်သူလယ်သမားအစည်းအရုံး ဖွဲ့စည်းခဲ့ပြီး မြို့နယ်တောင်သူလယ်သမားအစည်းအရုံးဖွဲ့စည်းခဲ့ပြီး မြို့နယ်တောင်သူလယ်သမား အစည်းအရုံးကို ၁၀-၆-၇၇နေ့တွင် အစည်းအရုံးဝင်ပေါင်း ၁၈၅၆၀ ဦး၊ မြို့နယ်ကိုယ်စားလှယ် ၁၃၀ဦးနှင့် ညီလာခံကိုယ်စားလှယ် ၄ဦးရွေးချယ်ခဲ့ပါသည်။ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို ၁၁ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ ဒုတိယအကြိမ်ရွေးချယ်တင်မြှောက်ပွဲကို ကျေးရွာအုပ်စု ၆၂ အုပ်စုနှင့် မြို့မအုပ်စုတစ်ခုအပါအဝင်(၆၃)အုပ်စုကို ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ လက်ရှိအစည်းအရုံးဝင်အင်အားမှာ ၁၉၄၀၉ဦးရှိပြီး မြို့နယ်ကိုယ်စားလှယ် ၁၄၆ ဦးရှိပါသည်။

မင်းပြားမြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေးကော်မီတီကို တတိယအဆင့်တွင် ဖွဲ့စည်းခွင့်ရရှိခဲ့ရာ ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၅ရက်နေ့တွင် ကော်မတီဝင် (၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းစဥ် လမ်းစဉ်/ရှေ့ဆောင်လူငယ်အဆိုပြုလွှာများ မရောက်ရှိသေး လူငယ်လှုပ်ရှားမှုတို့ကို ကျောင်း၊ ဌာန၊ အလုပ်ဌာနအလိုက် စုရုံးပြီး တာဝန်ပေးဆောင်ရွက်ခဲ့ပါသည်။ အဆိုပြုလွှာများ ရောက်ရှိလာပြီးနောက်ပိုင်းတွင် အဆိုပြုလွှာများ တင်သွင်းစေပြီး စီစစ်လက်ခံဆောင်ရွက်လာခဲ့ရာ ယခုအခါ လမ်းစဉ်လူငယ်အဖွဲ့ဝင် ၁၅၂၈ ဦး၊ ရှေ့ဆောင်လူငယ်အဖွဲ့ဝင် ၈၉၃ ဦးနှင့် တေဇလူငယ်အဖွဲ့ဝင် ၁၁၄၆၂ဦးရှိပြီး မြို့နယ်လမ်းစဉ်လူငယ် စည်းရုံးရေးကော်မတီဝင် ၇ဦးဖြင့် ပါတီဦးဆောင်မှုကို ခံယူလျက် လူငယ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိနေပါသည်။

ယနေ့ထိ ဗဟိုမှဖွင့်လှစ်သောသင်တန်းနှင့် ရပ်ဝေးလုပ်အားပေးစခန်းများကို စေလွှတ်ခဲ့သောလူငယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ | လမ်းစဉ်လူငယ်ခေါင်းဆောင်မွမ်းမံသင်တန်း | - | ၃ - | ဦး |
| ၂။ | လမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်း | - | ၁၈ - | ဦး |
| ၃။ | လူငယ်စိုက်/မွေးသင်တန်း | - | ၄၆ - | ဦး |
| ၄။ | ရပ်ဝေးလူငယ်လုပ်အားပေး | - | ၂၅ - | ဦး |

မြို့နယ်၌ဖွင့်လှစ်သော လမ်းစဉ်/ရှေ့ဆောင်/တေဇ လူငယ်သင်တန်းများနှင့် ဝါသနာပါရာ လူငယ်သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ | တေဇခေါင်းဆောင် | - | ၄ - | ကြိမ် |
| ၂။ | အခြေခံစစ်ပညာ | - | ၄ - | ကြိမ် |
| ၃။ | လူငယ်ကျန်းမာရေး | - | ၁ - | ကြိမ် |
| ၄။ | လူငယ်ပန်းချီ | - | ၁ - | ကြိမ် |
| ၅။ | ရှေ့ဆောင်လူငယ်ခေါင်းဆောင် | - | ၂ - | ကြိမ် |
| ၆။ | ရှေ့ဆောင်လူငယ်အဖွဲ့ဝင် | - | ၂ - | ကြိမ် |
| ၇။ | လမ်းစဉ်လူငယ်ခေါင်းဆောင် | - | ၁ - | (တပတ်သင်တန်း) |
| ၈။ | လမ်းစဉ်လူငယ်အဖွဲ့ဝင် | - | ၆ - | ကြိမ် |
| ၉။ | လူငယ်အခြေခံမီးသတ် | - | ၂ - | ကြိမ် |

## လက်နက်ကိုင် သောင်းကျန်းမှုအဖွဲ့အစည်းများ ချုပ်ငြိမ်းမှုအခြေအနေ

ဤမင်းပြားမြို့နယ်အတွင်း လက်နက်ကိုင်သောင်းကျန်းနေကြသော အဖွဲ့အစည်းများမှာ ဗကပခရိုင်ခွဲမှ ခရိုင်ကော်မတီ အောင်ထူး (ခေါ်) အောင်သာဦးနှင့် ခရိုင်ခွဲစစ်ရေးတာဝန်ခံ အောင်စိန်ထွန်း တို့အင်အား ၂၀ ခန့်ဖြင့် ဝက်ချောင်း၊ သန်ချောင်းတို့ကို အခြေခံလျက် လှုပ်ရှားလျက်ရှိနေကြပါသည်။ ဗကပ ကောင်းစံလှ၊ နီသာထွန်းတို့ ခေါင်းဆောင်လျက် လက်နက်ကိုင် ၂၀ခန့် ပန်းမြောင်းကြီးချောင်း၊ ဖုံစာချောင်းတို့ကို အခြေခံလျက် လှုပ်ရှားနေကြပါသည်။ ဗကပခရိုင်ကော်မတီအေးလှိုင်၊ မြို့နယ်ကော်မတီထွန်းတင်တို့လည်း အင်အား ၂၀ခန့် ကျောက်ခုတ်၊ စအင်း၊ စွန်ရဲတို့ကို အခြေခံလျက် လှုပ်ရှားနေကြသည်။

မြို့နယ်တောင်ပိုင်းတွင် အလံနီမောင်ဟန်နှင့် ကျော်ဇံရှီတို့ စင်ပြိုင်လှုပ်ရှားနေကြသည်။ အင်အား ၂၀ခန့် ရှိပြီး ဆက်ကြေးတောင်းခံခြင်း၊ လူပြန်ပေးဆွဲခြင်း၊ အချို့ကျေးရွာ၌ အမာခံမွေးထုတ်နေကြသည်။

ဖုံသာချောင်းတွင် ချင်းဘမောင်ခေါင်းဆောင်ပြီး လက်နက်ကိုင် ၁၀ ကျော် သစ်၊ ဝါး၊ ကြိမ်၊ နွယ် အခွန်ကောက်မင်းမူနေကြသည်။ အလံနီကျော်စံရှီကို နောက်ခံစခန်းအဖြစ် ထားရှိသည်။ ယင်းကဲ့သို့ သောင်းကျန်းသူအဖွဲ့အစည်းများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်မှ အဆက်မပြတ် စစ်ဆင်ရေးလုပ်နေကြသည်။ နယ်မြေစိုးမိုးရေးအတွက် မြို့နယ်ပါတီယူနစ်မှလည်း ယူနစ်ကော်မတီဝင်များက တာဝန်ခွဲဝေယူပြီး နယ်မြေအေးချမ်းသာယာရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အမှတ်(၂) စစ်ဗျူဟာ၊ ခလရ(၃၄)တို့နှင့် ပါတီကောင်စီညှိနှိုင်းပြီး တပ်၊ ပါတီ၊ ကောင်စီ၊ ဌာနဆိုင်ရာ၊ လူတန်းစားအဖွဲ့အစည်းများ ပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းမှ ၂၅-၇-၇၉ မှ စတင်ပြီး ကမ်းနီသို့ ထွက်ခွာကာ ကျေးရွာအကျိုးပြုလုပ်ငန်းများကို ၃-လတာ ဆောင်ရွက်ခဲ့ကြသည်။ ကျေးရွာလူထုမှလည်း သောင်းကျန်းသူရှုပ်ချပွဲများ ဆောင်ရွက်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဇ/စရိုင်းချောင်းနှင့် ဖုံသာအုပ်စုတို့တွင် ဆောင်ရွက်ခဲ့ရာ ပြည်သူများကိုယ်တိုင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်လာ၍ ပိုမိုအောင်မြင်မှု ရရှိခဲ့ရာ ပြည်သူများကိုယ်တိုင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်လာ၍ ပိုမိုအောင်မြင်မှုရှိခဲ့ရာ ၁၉၇၉-ခု၊ ဩဂုတ်လတွင် ဇ/စရိုင်းချောင်းကျွန်းမှ သောင်းကျန်းသူရှုပ်ချပွဲ အခန်းအနားကို စတင်ကျင်းပပြီး မြို့နယ်အတွင်း ၁၃ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြသည်။

သောင်းကျန်းသူ ချုပ်ငြိမ်းရေးအတွက် ဖြတ် (၄)ဖြတ်ဖြင့် ဆောင်ရွက်ခဲ့ရာ ပါတီ၊ ကောင်စီ၊ တပ်တို့ညှိနှိုင်းချက်အရ ၁၉၈၀-ခုနှစ် ဦးပိုင်းမှစ၍ ပန်းမြောင်းကြီးချောင်း၊ ဖုံသာချောင်း၊ လေးမြို့မြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာများ၊ ကမ်းနီ၊ မေလွန်း၊ အုပ်စုများ၌ ရိက္ခာထိန်းချုပ်ရေးအပိုင်း ဆောင်ရွက်ခဲ့ကြသည်။ ဝမ်းစာနှင့် ကောက်မျိုးစပါးတို့ကို စပါးဂိုဒေါင်၌ စုစည်းပြီး အိမ်ထောင်စုအလိုက် ထုတ်ပေးခဲ့ကြသည်။ တောင်ခြေကွင်းစပ်ကျေးရွာများနှင့် တောတောင်အတွင်းရှိ ကျေးရွာတို့ကို ရွှေ့ပြောင်း၍ စုစည်းကာ ကျေးရွာများ တည်ဆောက်ပေးခဲ့ကြပါသည်။ တယွေချောင်းဖျားမှ ရွာပေါင်း ၂၄ ရွာ၊ ပန်းမြောင်းမှ ၁ ရွာ၊ ထိန်ပင်မှ ၁ ရွာ၊ အဝရွာအုပ်စုမှ ၁ ရွာနှင့် အထက်ငှက်ပျောချောင်းအုပ်စုမှ ၂ရွာတို့ကို လုံခြုံရေးနီးစပ်သည့်နေရာသို့ ပြောင်းရွှေ့စေခဲ့သည်။

သောင်းကျန်းသူများနှင့် ကျေးရွာလူထု အဆက်အသွယ် မပြုနိုင်စေရန် ရွာခြံစည်းရိုးများ ကာရံခြင်း၊ ကင်းစောင့်ခြင်း၊ အဝင်အထွက်များ စစ်ဆေးခြင်း၊ တောတောင်ထဲသို့ အသွားအလာကန့်သတ်ခြင်းတို့ကြောင့် သောင်းကျန်းသူများ ရိက္ခာပြတ်လျက် ငတ်သေကြသည့်အဖြစ်မျိုး ရောက်ခဲ့ကြရသည်။ တချို့ကျေးရွာတို့သို့ သောင်းကျန်းသူများ ရိက္ခာဝင်ရောက်လုကြသည်။ သို့သော်လည်း တပ်နှင့်ပြည်သူတို့ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် သောင်းကျန်းသူများ အလင်းဝင်ရောက်လာကြပြီး ပြည်သူလူထုထံ ဝန်ချတောင်းပန်ပွဲများ ပြုလုပ်ပေးခဲ့ကြသည်။ ၂၈-၅-၈၀ နေ့ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ၂/၈၀ကို ထုတ်ပြန်ခဲ့ရာ မင်းပြားမြို့ ရွှေဝါမြေခန်းမ၌ ၁၀-၆-၈၀ နေ့တွင် အဆိုပါအမိန့် ထုတ်ပြန်ပြီးနောက် ပြန်ရောက်လာသူများမှာ ဗကပမြို့နယ်စစ်ရေ တာဝန်ခံခရိုင် အရန်ကော်မတီအောင်စိန်ထွန်း၊ ဗကပအနောက်မြောက်ပိုင်းတိုင်းမှူး ဗိုလ်သက်ထွန်းနှင့် အဖွဲ့ဝင် ၆၄ ဦးသည် လက်နက် ၆၅ ခုဖြင့် ၁၆-၇-၈၀ နေ့ ညနေ (၅)နာရီတွင် ဟေဇော်လေး စခန်းမှတစ်ဆင့် ပြန်လည်ရောက်ရှိလာပါသည်။

ရခိုင်ပြည် အလံနီကွန်မြူနစ်ပါတီဥက္ကဌ ဦးကျော်ဇံရှီသည် မင်းပြားမြို့နယ်အတွင်း ခွေးတောက်ချောင်း၊ လိပ်ကျောက်ရတော၊ လဟာကျယ်၊ မြေပုံမြို့နယ်သင်းဂနက်တို့တွင် လှည့်လည်အခြေစိုက်နေထိုင်ရာမှ မင်းပြားပါတီ၊ ကောင်စီတို့စည်းရုံးပြီး တပ်ပြည်သူတို့ ပူးပေါင်းပါဝင်၍ ဆက်လက်နေထိုင်ခွင့်မရရှိ၍ ပေါက်တော၊ ချောင်းစောသို့ ပြောင်းရွှေ့သွားလေသည်။ ၎င်းမှတဆင့် ပေါက်တောပါတီ၊ ကောင်စီတို့နှင့် ဆက်သွယ်၍ နပခမှတဆင့် ပြန်လည်ရောက်ရှိလာပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် မထုတ်ပြန်မီ ဤမြို့နယ်သို့ အလင်းဝင်လာသူ ၃၁ ဦးနှင့် အမိန့်

ထုတ်ပြန်ပြီးနောက် ပြန်ရောက်လာသူ ၁၀၅ဦးဖြစ်ပါသည်။ နစ်နီမောင်ဟန်အဖွဲ့၊ ချင်းဘမောင်အဖွဲ့နှင့် သခင်စိုးလက်ကျန်သော်ဒါအဖွဲ့တို့မှာ ပလက်ဝမြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

၁၉၈၀ပြည့်နှစ် ဩဂုတ်လတွင် မင်းပြားမြို့နယ်သည် သောင်းကျန်းသူ လုံးဝကင်းစင်သည့်အဖြူရောင်နယ်မြေ အဖြစ်သို့ ပြောင်းလဲလာခဲ့သည်။ ယခုအခါ အဖြူရောင်နယ်မြေမှ အမာခံနယ်မြေတည်ဆောက်ရေး စစ်ကြောင်းများဖြင့် ဝင်ရောက်စည်းရုံးလျက် ရှိနေကြပါသည်။

## နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းများတွင် ရခိုင်ပြည်သူလူထု ပါဝင်လှုပ်ရှားမှုအခြေအနေ

မင်းပြားမြို့နယ်အတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် လမ်း၊ တံတား၊ တာတမံဆည်ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ၎င်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ မင်းပြားခြိတ်တောင်လမ်း
၂။ ဆပ်ကျာ၊ ဝင်းဇားလမ်း
၃။ ပန်းမြောင်း၊ ၁ပါးထားလမ်း
၄။ ပန်းမြောင်း၊ ပြင်ယောင်းလမ်း
၅။ ကျိန်းတပတ်လမ်း
၆။ မင်းပြား၊ ဝမ်းတလေလမ်း
၇။ သင်းဂနက်တာတမံ
၈။ ခွေးတောက်ချောင်းအုပ်စုတောကန်ချောင်းပိတ်လုပ်ငန်း

# အပိုင်း (၃)

# လူမှုရေး

## ပညာရေး

### ကိုလိုနီခေတ် ပညာရေး (အင်္ဂလိပ်ခေတ်)

၁၈၂၄ ခုနှစ်တွင် ရခိုင်ပြည်နယ်သည် အင်္ဂလိပ်အစိုးရလက်အောက်သို့ ကျရောက်ခဲ့သည်။ အင်္ဂလိပ်တို့သည် ပထမတွင် ရခိုင်တို့၏မူရင်းအခြေအနေအတိုင်း ပညာသင်ကြားမှုကို ပြုလုပ်စေခဲ့သည်။ ရခိုင်တို့သည် ဘုရင်များကြီးစိုးစဉ် ခေတ်ကပင် ပညာသင်ကြားမှုကို ဘုန်းတော်ကြီးကျောင်းများ၌ပင်၊ ပညာသင်ကြားကြသည်။ အချို့ဘုန်းတော်ကြီးကျောင်း မရှိသော ရွာများတွင် သက်ကြီးရွယ်အို စာတတ်ပုဂ္ဂိုလ်များက ရွာကျောင်းများ ဖွင့်လှစ်၍ သင်ကြားပေးကြသည်။

ကာလအတန်ကြာသောအခါ အင်္ဂလိပ်တို့သည် မိမိတို့၏ ကိုလိုနီစနစ်ခိုင်မြဲလာစေရန်အတွက် အင်္ဂလိပ်စာသင်ကျောင်းများကို ဖွင့်လှစ်သင်ကြားပေးကြသည်။ ခရစ်ယန်သာသနာပြုများကိုလည်း၊ မြို့နယ်အသီးသီးသို့ စေလွှတ်ကာ သာသနာပြုလုပ်ငန်းနှင့် အင်္ဂလိပ်စာသင်ကြားရေးလုပ်ငန်းများကို လုပ်ကိုင်စေသည်။ ရခိုင်စာသင်ကြားနေသော ဘုန်းတော်ကြီးကျောင်းများကိုလည်း အသိအမှတ်ပြုကာ ဆွမ်းဆံတော်အဖြစ် ငွေများထောက်ပံ့၍ ထိုကျောင်းများကို စစ်ဆေးရန်အတွက် နယ်လှည့်ဆရာများ ခန့်ထားကာ ကြီးကြပ်ကွတ်ကဲစေသည်။

မင်းပြားမြို့နယ်တွင်လည်း၊ ဤအတိုင်းပင် ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြု၍ မူလတန်းပညာဖြစ်သော အရေးအဖတ်တို့ကို သင်ကြားစေကာ နယ်လှည့်ဆရာတစ်ဦးခန့်ထား၍ ကြီးကြပ်ကွပ်ကဲစေသည်။ အင်္ဂလိပ်ကိုလိုနီအစိုးရသည် ရခိုင်ပြည်နယ်တစ်ခုလုံးအနှံ့အပြား မြို့များနှင့် တောရွာကြီးများတွင် မူလတန်းကျောင်းများကို ဖွင့်လှစ်ခဲ့သည်။ ယင်းသို့ ဖွင့်လှစ်ရာတွင် မင်းပြားမြို့နယ်၌ ပြင်သောင်းရွာ ဘုန်းတော်ကြီးကျောင်းသည် ပထမဆုံးဖွင့်လှစ်သောကျောင်းဖြစ်သည်။ ၎င်းနောက် မင်းပြားမြို့နယ်၌ မူလတန်းကျောင်း (၁၃)ကျောင်းထိ ဖွင့်လှစ်ခဲ့သည်။ ယင်းကျောင်းများမှာ မင်းပြား၊ စွန်ရဲ၊ ကျောက်ခုတ်၊ ကန်းနီ၊ မြင်းကဆိပ်၊ အသေကာလ၊ ခြိတ်တောင်၊ ကြမ်းတော၊ ရင်းဘွေ၊ ကေသလာတို့ဖြစ်ကြသည်။ မင်းပြားမြို့ မူလတန်းကျောင်းကို အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်၍ တောင်ကော်မတီခေါ်၊ မြို့ပေါ်အုပ်ချုပ်ရေးကော်မတီက အုပ်ချုပ်ခဲ့သည်။ ဤကျောင်း (၁၃)ကျောင်းကိုလည်း ဖွဲ့စည်းအုပ်ချုပ်ပုံမတူဘဲ မင်းပြားမြို့ အလယ်တန်းကျောင်းကို တောင်ကော်မတီကလည်း၊ မြင်းကဆိပ်နှင့် ကမ်းနီမူလတန်းကျောင်းကို ပညာမင်းကြီးက တိုက်ရိုက်လည်းကောင်း၊ ကျန်မူလတန်း(၁၀)ကျောင်းကို ဒီစ္စတရိတ်ကောင်စီကလည်းကောင်း ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သည်။ ထိုကျောင်းအားလုံးကို ပညာအုပ်၊ ပညာဝန်တို့က စစ်ဆေးကြီးကြပ်ပေးသည်။

သင်ကြားသောဘာသာရပ်များမှာ မူလတန်းကျောင်းများတွင် (၁) မြန်မာဘာသာ၊ (၂) သင်္ချာ (၃) ပထဝီ (၄) ဝတ္ထုပစ္စည်းကျမ်းမာခြင်း စသော ဘာသာ(၄)မျိုးကို သင်ကြားရပြီး၊ အလယ်တန်းကျောင်းတွင် ယင်းဘာသာများအပြင် အင်္ဂလိပ်ဆရာတစ်ဦးခန့်ထား၍ အင်္ဂလိပ်စာကို ဒုတိယတန်းမှ စတင်သင်ကြားစေသည်။

### နယ်လှည့်ဆရာနှင့် အလယ်တန်းကျောင်းအုပ်ဆရာကြီးများ

ဘုန်းတော်ကြီး မူလတန်းကျောင်းများနှင့် အစိုးရမူလတန်းကျောင်းများ စတင်ဖွင့်လှစ်စဉ်က အစိုးရခန့်စစ်ဆေးရေး နယ်လှည့်ဆရာမှာ ဦးကျော်ဇံလှဖြစ်သည်။ မင်းပြားမြို့ အစိုးရအလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးများမှာ (၁) ဦးရွှေလုံး (၂) ဦးဘိုးကြိုင် (၃) ဦးစိန်သာထွန်း (၄) ဦးဘိုးစံ (၅) ဦးထွန်းဇ (၆) ဦးဖြူထွန်းအောင်တို့ဖြစ်ကြသည်။ ပထမဆုံးအသိအမှတ်ပြု ဘုန်းတော်ကြီးကျောင်းမှာ ပြင်သောင်းကျောင်းဖြစ်ပြီး၊ နောင်အခါ ၎င်းကျောင်းမှာ အလယ်တန်းကျောင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။

## ဂျပန်ခေတ်

မြို့နယ်အတွင်း လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေအနေများမှာ များစွာနိမ့်ကျသော အဆင့်သို့ ရောက်ခဲ့ပေသည်။ စီးပွားရေး ဖူလုံမှုမရှိသော မြို့နယ်လူထုသည် မိမိတို့၏ ဝမ်းရေးကိုသာလု၍ လုပ်ကိုင်နေကြရသည် အထိ ဖက်ဆစ်ဂျပန်တို့၏ တေးကပ်ခေါ် ကူလီထမ်းခြင်း ဒါဏ်ကို အလူးအလဲခံကြရသည်။ များစွာသော ကလေးလူငယ် များမှာ ပညာသင်ကြားနိုင်ခြင်းမရှိကြဘဲ လူငယ်တို့မှာလည်း အလုပ်လက်မဲ့ဘဝဖြင့် လေလွင့်ခဲ့ကြရပေသည်။ မြို့နယ် လူထု၏ စိတ်နှလုံးအေးချမ်းဖျော်ဖြေရာ ပွဲလမ်းသဘင်များသည်လည်းကောင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်သော အလှူရာသီအလိုက်ပွဲတို့သည်လည်းကောင်း၊ ကျင်းပပြုလုပ်ခြင်းအလျင်း မရှိခဲ့ပေ။ ဤသို့သောအခြေအနေမျိုးတွင် ဖက်ဆစ်ဂျပန်သည် လူမဆန်သော အပြုအမူမျိုးများ အစွမ်းကုန်ပြုမူကျင့်ကြံလာခြင်းကို မြို့နယ်လူထုတစ်ရပ်လုံးနှင့် ရခိုင်ပြည်နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံး ခံစားကြရသည်။

## ပညာရေး

မင်းပြားမြို့နယ်ကို ဖက်ဆစ်ဂျပန်များ ဝင်ရောက်လာပြီးနောက် အုပ်ချုပ်ရေးခေတ်ကာလ (၄)လတာမျှ အချိန်အတွင်းတွင် မြို့ပေါ်မူလတန်းကျောင်းနှင့်၊ ကျေးရွာများတွင် ယခင်ကိုလိုနီခေတ်က ဖွင့်လှစ်ခဲ့သောကျောင်းများ ကို ဖွင့်လှစ်သင်ကြားခဲ့ကြ၏။ ယင်းကို မြို့နယ်ပညာရေးမှူးခေါ် ပညာရေးတာဝန်ခံတစ်ဦးက ကြီးကြပ်ခဲ့လေသည်။ ဒေါက်တာဘမော် ဦးဆောင်သော ဂျပန်လက်အောက်ခံ အစိုးရလက်ထက်သို့ ရောက်သောအခါ တစ်ပြည်လုံးရှိ ကျောင်းများကို သခင်ကိုလိုနီခေတ်ပုံစံအတိုင်း ဖွင့်လှစ်စေခဲ့သော်လည်း၊ စစ်ဘေးစစ်ဒဏ်ထူပြောသော မင်းပြားမြို့နယ် အပါအဝင်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အနည်းငယ်မျှသော မူလတန်းကျောင်းများကိုသာ ဖွင့်လှစ်နိုင်ခဲ့ပေသည်။ ယင်းကျောင်းများကို ပညာရေးဌာနက ပညာရေးအရာရှိတစ်ဦး ခန့်ထားကာ ကြီးကြပ်အုပ်ချုပ်စေသည်။ မူလတန်း ကျောင်း လုံးဝဖွင့်လှစ်သင်ကြားနိုင်ခြင်း မရှိခဲ့ပေ။ ရှော်ချောင်း၊ ကျောက်ခုတ်၊ ခြိတ်တောင် စသော မင်းပြားမြို့နယ်ရှိ ကျေးရွာတို့တွင် ဂျပန်ဘာသာသင်ကျောင်းများကို ဖွင့်လှစ်၍ ဂျပန်ဘာသာကို သင်ကြားပေးခဲ့သည်။

## စစ်ပြီးခေတ် ပညာရေး

မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၄၇-၄၈ စာသင်နှစ်တွင် မင်းပြားမြို့နယ်၌ မူလတန်းကျောင်းတစ်ကျောင်းနှင့် မူလတန်း(၉)ကျောင်းကို အစိုးရမှ စည်းကမ်းတကျပြန်လည်ဖွင့်လှစ် နိုင်ခဲ့သည်။

## လွတ်လပ်ရေးခေတ်ပညာရေး

မူလတန်းဆင့် အောင်မြင်ခဲ့သော ကျောင်းသားများအား ပဉ္စမတန်းမှ နှစ်စဉ်အတန်းတက်လာခဲ့ရာ မူလတန်း လွန်ကျောင်းအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၄၉ ခုနှစ် ပညာရေးဌာန၏ညွှန်ကြားချက်အရ တစ်ပြည်လုံးတွင် မူလတန်း လွန်ကျောင်းများကို အစိုးရအလယ်တန်းကျောင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ယင်းအစိုးရအလယ်တန်းကျောင်းကို ၁၉၅၂-နှစ်တွင် အထကကျောင်းအဖြစ် တိုးမြှင့်ခဲ့ပြီး ဆရာကြီးကို ဦးကျော်ဇံလှ (ဘီအေ)အား ခန့်အပ်ခဲ့သည်။ (ယခင်နယ်လှည့်ဆရာ)

မူလတန်းကျောင်းများမှာ ၁၉၄၈ ခုနှစ်တွင် (၉)ကျောင်းရှိခဲ့ရာမှ ၁၉၆၀-၆၁ စာသင်နှစ်တွင် မူလတန်း ကျောင်း (၆၁)ထိ တိုးချဲ့ခဲ့ပါသည်။ မူလတန်းဆရာ၏အင်အားမှာလည်း ၁၉၄၈ ခုနှစ်တွင် ၂၈ယောက်ရှိခဲ့ရာမှ ၁၉၆၁ ခုနှစ်တွင် (၁၇၄)ယောက်တိုးတက်လာခဲ့သည်။

## တော်လှန်ရေးအစိုးရလက်ထက် ပညာရေးပြုပြင်ပြောင်းလဲမှုများ

အလယ်တန်းကျောင်းရှိ သတ္တမတန်းကို အဌမတန်း၊ အတန်းတတန်းကို တိုးမြှင့်ပြီး အခြေခံပညာအလယ်တန်း ဟု ခေါ်တွင်စေပြီး၊ ထိုအခြေခံပညာအလယ်တန်း စာမေးပွဲကို မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ကျင်းပပေးခဲ့သည်။ ၎င်းစာမေး ပွဲတွင် (က)အဆင့်မှအောင်မြင်လျှင် သိပ္ပံတွဲမှလည်းကောင်း၊ (ခ)အဆင့်မှအောင်မြင်လျှင် ဝိဇ္ဇာတွဲမှလည်းကောင်း၊

ဆက်လက်သင်ကြားခွင့်ပေးသည်။ ဝိဇ္ဇာသင်ပြသောဆရာနှင့် သိပ္ပံသင်ပြသောဆရာဟူ၍ ခွဲခြားလာခဲ့ပါသည်။ ကျောင်းထွက်လက်မှတ်ရ တန်းမြင့်ကျောင်းထွက်နဝမတန်းဆင့် အစိုးရဘုတ်စာမေးပွဲကို ဖျက်သိမ်းပြီး၊ နဝမတန်းကို ကျောင်းတွင်းစာမေးပွဲအဖြစ် ကျင်းပသည်။ တက္ကသိုလ်ဝင်တန်းကို အခြေခံပညာအထက်တန်းသို့ ပြောင်းလဲခဲ့ပြီး ယင်းစာမေးပွဲအောင်မြင်သူများအား သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ(က)အဆင့် (ခ)အဆင့်ဟု သီးခြားထုတ်ပြန်ခဲ့သည်။ (က)အဆင့်ဖြင့် အောင်မြင်လျှင် တက္ကသိုလ်သို့ ပညာသင်ခွင့်ရပြီး (ခ)အဆင့်မှအောင်မြင်သူများမှာ လုပ်ငန်းခွင့်သို့ ဝင်နိုင်သည်။

## စံနစ်သစ်ပညာရေး

အခြေခံပညာရေးအလယ်တန်းကို စာစစ်ဦးစီးဌာနမှ စာမေးပွဲ မကျင်းပတော့ဘဲ မြို့နယ်စာစစ်ဘုတ်အဖွဲ့အနေဖြင့်လည်းကောင်း၊ စတုတ္ထတန်းအဆင့်ကို မြို့နယ်မှ ဦးစီးမစစ်ဆေးဘဲ အုပ်စုအလိုက်စစ်ဆေးခဲ့သည်။ အခြေခံပညာအလယ်တန်းကို ၁၉၇၈-၇၉ တွင် အခြေခံ အဋ္ဌမတန်းအဖြစ် ပြောင်းလဲခေါ်တွင်ခဲ့သည်။ အခြေခံပညာအလယ်တန်းကို (က) (ခ)အဆင့် ခွဲခြားမှု မရှိတော့ချေ။ အခြေခံပညာအထက်တန်းကိုလည်း (က)(ခ)အဆင့်မခွဲခြားတော့ပါ။ ထိုနည်းတူစွာ အခြေခံပညာအထက်တန်းကိုလည်း ဝိဇ္ဇာ၊ သိပ္ပံမခွဲခြားဘဲ ပေါင်းစည်းသင်ကြားခဲ့သည်။ ထိုမှတဆင့် အခြေခံပညာအထက်တန်းကို ၁၉၇၉ ခုနှစ်တွင် အခြေခံပညာအဆင့်မြင့်တန်းဖြင့် အမည်ပြောင်းလဲခဲ့ရာ သိပ္ပံဘာသာရပ်တွင် ဓာတုဗေဒနှင့် ရူပဗေဒကိုလည်းကောင်း၊ ဝိဇ္ဇာဘာသာရပ်တွင် ဘောဂဗေဒနှင့် ပထဝီကိုလည်းကောင်း၊ မေးခွန်းတစ်ခုတည်းအဖြစ် ပြုပြင်ပြောင်းလဲခဲ့သည်။ ဤမင်းပြားမြို့နယ်တွင်လည်း ထိုစနစ်သစ်ပညာရေးအရသာ ပြုပြင်ပြောင်းလဲခဲ့ပါသည်။ မင်းပြားမြို့နယ် ပန်းမြောင်းအလကတွင် စိုက်ပျိုးရေးဘာသာရပ်ကို ကြို/သတ်ဦးစီးဌာန စိုက်ပျိုးရေးအထူးဖြင့်ဆင်းသော အလယ်တန်းပြဆရာတစ်ဦး၊ ဦးစီး၍ ၁၉၇၇ ခုနှစ်မှ စတင်ပြီး ပူးတွဲသင်ပြခဲ့သည်။ ယခင်မူလတန်းများကို ပညာအုပ် (ခ)နယ်က ဦးစီး၍ အုပ်ချုပ်ခဲ့သော်လည်း စနစ်သစ်ပညာရေးအရ၊ ပညာအုပ်(ခ)နယ်နေရာတွင် လက်ထောက်မြို့နယ်ပညာရေးမှူး အဖြစ်လည်းကောင်း၊ မြို့နယ်အဆင့် ပညာရေးဌာနကို မြို့နယ်ပညာရေးမှူးကလည်းကောင်း၊ စီမံခန့်ခွဲမှုပြုခဲ့သည်။ မြို့နယ်ပညာရေးမှူးသည် မိမိမြို့နယ်ကိုလည်းကောင်း၊ အထကကျောင်းအုပ်အဖြစ်လည်းကောင်း၊ ပူးတွဲဆောင်ရွက်ခဲ့ရာ ၁၉၈၁ ခု ဇွန်လဆန်းမှစ၍ မြို့နယ်ပညာရေးမှူးနှင့် အထကကျောင်းအုပ်၊ သီးခြားဆောင်ရွက်စေသည်။ အခြေခံပညာဦးစီးဌာနမှ စာရိတ္တပညာသင်ကြားရေးကို ဤမြို့နယ်တွင် ၁၉၇၇-၇၈ ခုနှစ်မှ စတင်သင်ကြားခဲ့သည်။

## စေတ်အဆင့်ဆင့်ဖွင့်လှစ်ခဲ့သော ကျောင်းဦးရေ

| | | |
|---|---|---|
| (၁) အထက | (၁) ကျောင်း | ၁၉၅၂-ခုနှစ် ဖွင့်လှစ် |
| (၂) အလက | (၅) ကျောင်း | |
| (က) ပြားချောင်းအလက | | ၁-၈-၅၉- ဖွင့်လှစ် |
| (ခ) မင်းရွာအလက | | |
| (ဂ) ပန်းမြောင်း | | ၁၉၅၂ |
| (ဃ) မြို့မ အလက | | ၁၉၇၀-ခုနှစ် ဖွင့်လှစ် |
| (င) ကြိမ်ချောင်းအလက | | ၁-၈-၈၁ ဖွင့်လှစ် |

## (၃) မူလတန်းကျောင်းများ

| | | |
|---|---|---|
| ၁၉၄၇-၄၈ ခုနှစ်တွင် မူလတန်းကျောင်း | ၉ | - ကျောင်း |
| ၁၉၅၁-၅၂ ခုနှစ်တွင် မူလတန်းကျောင်း | ၃ | - ကျောင်း |
| ၁၉၅၄-၅၅ ခုနှစ်တွင် မူလတန်းကျောင်း | ၁၀ | - ကျောင်း |
| ၁၉၅၈-၅၉ ခုနှစ်တွင် မူလတန်းကျောင်း | ၂၅ | - ကျောင်း |
| ၁၉၅၉-၆၀ ခုနှစ်တွင် မူလတန်းကျောင်း | ၆၂ | - ကျောင်း |

| | | | |
|---|---|---|---|
| ၁၉၇၇-၇၈ ခုနှစ်တွင် မူလတန်းကျောင်း | ၈၆ | - | ကျောင်း |
| ၁၉၇၈-၇၉ ခုနှစ်တွင် မူလတန်းကျောင်း | ၈၆ | - | ကျောင်း |
| ၁၉၇၉-၈၀ ခုနှစ်တွင် မူလတန်းကျောင်း | ၉၀ | - | ကျောင်း |
| ၁၉၈၀-၈၁ ခုနှစ်တွင် မူလတန်းကျောင်း | ၁၀၈ | - | ကျောင်းဟောင်း |

## (ခ) ဆရာများဦးရေ

### (၁) အ ထ က

| | | | |
|---|---|---|---|
| ၁၉၇၇-၇၈ ခုနှစ် | ၁၂ | - | အထပြ ကျောင်းအုပ်(၁) |
| ၁၉၇၈-၇၉ ခုနှစ် | ၁၂ | - | အထပြ ကျောင်းအုပ်(၁) |
| ၁၉၇၉-၈၀ ခုနှစ် | ၁၂ | - | အထပြ ကျောင်းအုပ်(၁) |
| ၁၉၈၀-၈၁ ခုနှစ် | ၁၁ | - | အထပြ ကျောင်းအုပ်(၁) |

### (၂) အ လ က

| | | | |
|---|---|---|---|
| ၁၉၇၇-၇၈ ခုနှစ် | ၂၄ | - | အလပြ |
| ၁၉၇၈-၇၉ ခုနှစ် | ၂၉ | - | အလပြ ကျောင်းအုပ်(၃) |
| ၁၉၇၉-၈၀ ခုနှစ် | ၃၀ | - | အလပြ ကျောင်းအုပ်(၃) |
| ၁၉၈၀-၈၁ ခုနှစ် | ၃၀ | - | အလပြ ကျောင်းအုပ်(၄) |

### (၃) အ မ က

| | | | |
|---|---|---|---|
| ၁၉၄၇-၄၈ ခုနှစ် | ၂၈ | - | အမကပြ |
| ၁၉၅၁-၅၂ ခုနှစ် | ၃၉ | - | အမကပြ |
| ၁၉၅၄-၅၅ ခုနှစ် | ၉၆ | - | အမကပြ (အဟောင်း) |
| | ၇၀ | - | အမကပြ (အသစ်ခန့်) |
| ၁၉၅၈-၅၉ ခုနှစ် | ၁၇၄ | - | အမကပြ |
| ၁၉၅၉-၆၀ ခုနှစ် | ၁၈၀ | - | အမကပြ |
| ၁၉၇၇-၇၈ ခုနှစ် | ၁၅၂ | - | အမကပြ |
| ၁၉၇၈-၇၉ ခုနှစ် | ၁၅၇ | - | အမကပြ -ဆရာကြီး (၈၃) |
| ၁၉၇၉-၈၀ ခုနှစ် | ၁၅၆ | - | အမကပြ -ဆရာကြီး (၈၆) |
| ၁၉၈၀-၈၁ ခုနှစ် | ၃၀၆ | - | အမကပြ |

## (ခ) ဆရာများဦးရေ

### (၁) အထက်တန်းအဆင့်

| | | | |
|---|---|---|---|
| ၁၉၇၇-၇၈ ခုနှစ် | ၁၆၂ | - | ယောက် |
| ၁၉၇၈-၇၉ ခုနှစ် | ၂၂၉ | - | ယောက် |
| ၁၉၇၉-၈၀ ခုနှစ် | ၃၁၆ | - | ယောက် |
| ၁၉၈၀-၈၁ ခုနှစ် | ၄၁၅ | - | ယောက် |

**(၂) အလယ်တန်းအဆင့်**

| | |
|---|---|
| ၁၉၇၇-၇၈ ခုနှစ် | ၁၃၆၄ - ယောက် |
| ၁၉၇၈-၇၉ ခုနှစ် | ၁၅၀၁ - ယောက် |
| ၁၉၇၉-၈၀ ခုနှစ် | ၁၅၉၅ - ယောက် |
| ၁၉၈၀-၈၁ ခုနှစ် | ၁၇၀၅ - ယောက် |

**(၁) မူလတန်းအဆင့်**

| | |
|---|---|
| ၁၉၇၇-၇၈ ခုနှစ် | ၁၁၅၀၂ - ယောက် |
| ၁၉၇၈-၇၉ ခုနှစ် | ၁၂၀၂၁ - ယောက် |
| ၁၉၇၉-၈၀ ခုနှစ် | ၁၂၈၈၂ - ယောက် |
| ၁၉၈၀-၈၁ ခုနှစ် | ၁၂၈၅၃ - ယောက် |

## စာမေးပွဲအောင်မြင်မှု

၁၉၈၀ ခုနှစ် မင်းပြားမြို့နယ်၏ အပထ/အပလ/အမလ/စာမေးပွဲအောင်မြင်မှုများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| အတန်း | ဖြေဆိုသူ | အောင်မြင်သူ | ရာခိုင်နှုန်း |
|---|---|---|---|
| အ ပ ထ | ၃၆၇ | ၃၈ | ၁၀. ၃၆ |
| အ ပ ထ | ၃၅၅ | ၂၁၀ | ၅၈. ၅ |
| အ မ လ | ၈၃၀ | ၇၄၇ | ၈၉. ၈ |

## ပညာရေးအသုံးစရိတ်

မင်းပြားမြို့နယ်အတွက် ၁၉၈၀ ခုနှစ် ၁၉၈၁ ခုနှစ် ပညာရေးအသုံးစရိတ်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| စဉ် | အကြောင်းအရာ | နိုင်ငံတော်မှ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု | |
|---|---|---|---|
| | | ၁၉၇၉-၈၀ | ၁၉၈၀-၈၁ |
| ၁ | စီမံအုပ်ချုပ်ရေး | ၁၈၂၂၃ | ၂၃၁၉၁ |
| ၂ | စစ်ဆေးရေး | ၁၀၀ | ၃၉၆၅ |
| ၃ | အထက်တန်းကျောင်းများ | ၁၀၄၁၉၁ | ၁၀၃၄၇၉ |
| ၄ | အလယ်တန်းကျောင်းများ | ၂၁၅၉၂၀ | ၁၁၅၅၃၂ |
| ၅ | မူလတန်းကျောင်းများ | ၆၂၂၂၂၆၆ | ၆၁၆၁၀၄၅ |
| | စုစုပေါင်း | ၉၆၀၇၀၀ | ၈၆၂၃၁၂ |

# တွဲဘက်ကျောင်းများ

## တွဲဘက်အထက်တန်းကျောင်းများ

အစိုးရတရားဝင်ကျမ်း(၁) ကျောင်း (ပန်းမြောင်း)နှင့် တရားဝင်ဖြတ်ရန်လျှောက်ထား ဆေးကျောင်းတကျောင်း (မင်းရွာ)တို့ဖြစ်ပါသည်။

## တွဲဘက်အလယ်တန်းကျောင်းများ

အစိုးရတရားဝင်းကျောင်း (၂)ကျောင်း ရှိပါသည်။ ယင်းတို့မှာ

(၁) င/ပုကွ တွဲဘက်အလက

(၂) လက်မတွဲဘက်အလက

အစိုးရသို့ တရားဝင်အသိအမှတ်ပြုရန် လျှောက်ထားသော တွဲဘက်အလကတကျောင်းရှိပါသည်။ ယင်းမှာ မင်းဖူးအလက ဖြစ်ပါသည်။

ပန်းမြောင်းအထကကို ၁၉၇၇-၇၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း ၁၉၈၁ ခုနှစ်တွင်မှ အစိုးရမှတရားဝင် အတည်ပြုခြင်းခံရပါသည်။

မင်းရွာအထကကို ၁၉၇၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အတန်းလိုက်ကျောင်းသားဦးရေမှာ ၁၉၈ **ဖတ်မရ** ခုနှစ် အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ပန်းမြောင်းအထကတွင်

အထက်တန်း - ၂၅ ဦး

မင်းရွာအထကတွင်

၉တန်း ၁၇ ဦး

၁၀တန်း ၄ ဦး

င/ပုကွ အလက်တွင် ကျောင်းသားဦးရေ (၁၁၃)ဦးဖြစ်ပါသည်။

| | | |
|---|---|---|
| ပန်းမြောင်းတွဲဘက်အထကတွင် | ဝိဇ္ဇာ+သိပ္ပံ | ဆရာ(၂)ဦး |
| မင်းရွာတွဲဘက်အထကတွင် | ဝိဇ္ဇာ+သိပ္ပံ | ဆရာ(၂)ဦး |
| င/ပုကွတွဲဘက်အမကတွင် | ဝိဇ္ဇာ+သိပ္ပံ | ဆရာ(၄)ဦး |

ပန်းမြောင်းတွဲဘက်အထက၏ အောင်ချက်ရာနှုန်းကို ၁၉၇၇/၇၈ ခုနှစ်(၂)နှစ်အတွက် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

### ၁၉၇၆–၇၇ ခုနှစ်တွင်

၁၀-တန်းတွင် သိပ္ပံ (၇)ဦးအနက် အောင်မြင်သူမရှိပါ။

၁၀-တန်းဝိဇ္ဇာကျောင်းသား (၉)ဦးအနက် (၄)ဦးအောင်မြင်ခဲ့ပါသည်။

၉-တန်းသိပ္ပံကျောင်းသား (၅)ဦးအနက် (၃)ဦးအောင်မြင်ခဲ့ပါသည်။

၉-တန်းဝိဇ္ဇာကျောင်းသား (၆)ဦးအနက် (၅)ဦးအောင်မြင်ခဲ့ပါသည်။

### ၁၉၇၇–၇၈ ခုနှစ်တွင်

၁၀-တန်းတွင် ဝိဇ္ဇာကျောင်းသား (၃)ဦးအနက် (၁)ဦးအောင်မြင်ပါသည်။

၁၀-တန်းသိပ္ပံကျောင်းသား (၅)ဦးအနက် (၁)ဦးအောင်မြင်ပါသည်။

၉-တန်းဝိဇ္ဇာကျောင်းသား (၅)ဦးအနက် (၅)ဦးအောင်မြင်ပါသည်။

## အလွတ်ပညာသင်ကျောင်းများ

၁၉၆၂ ခုနှစ်မှစ၍ မင်းပြားမြို့နယ်တွင် မရှိပါ။ ၁၉၆၂ မတိုင်မီ အစိုးရ တရားဝင်(၇)တန်းအလွတ်ပညာသင် ကျောင်းတကျောင်းကို ဆရာကြီး ဦးရွှေကျော်အောင်မှ ဖွင့်လှစ်သင်ကြားခဲ့သည်။

## လူငယ်ရေးရာညကျောင်း

ဤမြို့နယ်တွင် အထက၅ဖွင့်လှစ်သည့် လူငယ်ရေးရာညကျောင်းတစ်ကျောင်း တည်ရှိခဲ့ပါသည်။

| အတန်းလိုက်ကျောင်းသားဦးရေ | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | ခုနှစ် | အတန်းလိုက်ဦးရေ | | | | | မှတ်ချက် |
| | | ၈-တန်း | ၉-တန်း | ၁၀-တန်း | | | |
| | | | | သိပ္ပံ | ဝိဇ္ဇာ | ပေါင်း | |
| ၁ | ၁၉၆၇-၆၇ | - | ၅၀ | - | ၃၉ | ၃၉ | |
| ၂ | ၁၉၆၈-၆၈ | - | ၃၀ | - | ၄၇ | ၄၇ | |
| ၃ | ၁၉၆၉-၆၉ | ၁၄ | - | - | ၅၃ | ၅၃ | |
| ၄ | ၁၉၇၀-၇၀ | - | - | - | ၁၀၇ | ၁၇ | ဝိဇ္ဇာတွဲရှိသည်။ |
| ၅ | ၁၉၇၅ | - | - | ၅၆ | ၈၅ | ၁၄၁ | ၁၀-တန်းစာစစ်ရသည် |
| ၆ | ၁၉၇၆ | - | - | ၁၄ | ၁၈ | ၃၂ | အလွတ်ဖြေ |
| ၇ | ၁၉၇၇ | - | - | ၂၇ | ၂၁ | ၄၈ | ဝိဇ္ဇာ (၈၁) |
| ၈ | ၁၉၇၈ | ၅၅ | ၇ | ၄၀ | ၁၉ | ၅၉ | သိပ္ပံ (၅၇)ပေါင်း ၁၂၆ |
| ၉ | ၁၉၇၉ | ၅၅ | - | ၁၉ | ၄၀ | ၅၉ | |

__မှတ်ချက်။__

။၁၀တန်းကို လူငယ်ရေးရာညကျောင်းတွင် တက်ရောက်သင်ကြားသော်လည်း စစ်တွေသို့ သွားရောက်ဖြေဆိုရပါသဖြင့် အချို့ကျောင်းသားတို့ အလွတ်ဖြေကြသည်။ အထက်ဖော်ပြပါ ကျောင်းသူ/သားတို့သည် လူငယ်ရေးရာ ညကျောင်းမှ ဝင်ရောက်ဖြေဆိုခဲ့ကြသည့် (၁၀)တန်းစာရင်းအရ ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

လူငယ်ရေးရာညကျောင်း နဝမတန်းကို ယခင်က စစ်တွေခရိုင်၊ စစ်တွေမြို့မှ စစ်ဆေးခဲ့ရာ၊ စစ်တွေခရိုင်ဝန်က ၂၅-၃-၆၉ နေ့တွင် နဝမတန်းညကျောင်း စာစစ်ဌာနကို ကြီးကြပ်ရေးမှူး ဦးအောင်မင်း၊ လ/ထ ကြီးကြပ်ရေးမှူး ဦးအောင်ကျော်မင်းအား ခန့်အပ်ကာ ဧပြီလ(၁)ရက်နေ့မှ (၄)ရက်နေ့ထိ စတင်ကျင်းပခဲ့၏။

| အခြေခံပညာအထက်တန်းအဆင့် စာမေးပွဲအောက် | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ခုနှစ် | အောင်မြင်မှု | | ဝိဇ္ဇာတွဲ | | | | | | သိပ္ပံတွဲ | | | | | | မှတ်ချက် |
| | ဖြေ | အောင် | (က)ဆင့် | | | (ခ)ဆင့် | | | (က)ဆင့် | | | (ခ)ဆင့် | | | |
| | | | နှုန်း | ဖြေ | အောင် | နှုန်း | ဖြေ | အောင် | နှုန်း | ဖြေ | အောင် | နှုန်း | ဖြေ | အောင် | |
| ၁၉၆၈/၆၉ | ၄၇ | ၄၂ | ၄၇ | ၄ | ၉၅ | ၄၇ | ၅ | ၁၁. ၉ | - | - | - | - | - | - | သိပ္ပံမရှိ |
| ၁၉၇၈/၇၉ | ၁၉ | ၁၅ | - | - | - | - | - | - | ၁၉ | ၁ | ၅. ၂၁ | ၁၉ | ၄ | ၂၀. ၈၄ | |
| | ၄၀ | ၁၈ | ၄၀ | ၆ | ၁၅ | ၄၀ | ၁၂ | ၃၀ | - | - | - | | - | - | |

| နဝမတန်းစာမေးပွဲအောင်မြင်မှု ရာခိုင်နှုန်းပြဇယား | | | | | |
|---|---|---|---|---|---|
| စဉ် | ခုနှစ် | ဖြေဆိုသူ | အောင်မြင်သူ | ရာနှုန်း | မှတ်ချက် |
| ၁ | ၁၉၆၇-၆၈ | ၄၆ | ၂၃ | ၅၀% | စာမေးပွဲဖြေရာတွင် (၄၇)ဦးဖြစ်ပြီး စာမေးပွဲတွင် (၁)ဦး ထုတ်ပါယ်ခံရသည်။ ခရိုင်စာစစ်အဖွဲ့မှ ထုတ်ပါယ်ပါသည် |
| ၂ | ၁၉၇၇-၇၈ | ၇ | ၆ | ၈၅.၇၁% | မင်းပြားလူငယ်ရေးရာညကျောင်းမှ ကျောင်းသားတို့သည် စစ်တွေခရိုင်၊ စစ်တွေမြို့တွင် ဝင်ရောက်၍ အခြားစာဖြေသူများနှင့် ဝင်ရောက်ဖြေဆိုခြင်း အခြားအလွတ်မှ ဝင်ရောက်ဖြေဆိုခြင်းကြောင့် အောင်မြင်မှုစာရင်းဇယားမရှိခဲ့ပါ။ |

| အခြေခံအလယ်တန်းစာမေးပွဲအောင်မြင်မှုရာနှုန်းပြဇယား | | | | | |
|---|---|---|---|---|---|
| စဉ် | ခုနှစ် | ဖြေဆိုသူ | အောင်မြင်သူ | ရာနှုန်း | မှတ်ချက် |
| ၁ | ၁၉၇၇-၇၈ | ၅၅ | ၄၂ | ၇၂.၇၃% | - |

**ကျောင်းသား (၁၉)ယောက် စေတနာလူငယ်ရေးရာညကျောင်းမှ စာရင်းသွင်းဖြေဆိုပြီး၊ ကျန်ကျောင်းသား (၄၀)ဦးမှာ ပြင်ပမှ ဖြေဆိုကြပါသည်။ လူငယ်ရေးရာညကျောင်းတွင် တက်ရောက်သင်ကြားခဲ့သော ကျောင်းသားဦးရေမှာ (၅၉)ယောက်ဖြစ်ပါသည်။

## ငွေကြေးသုံးစွဲမှုအခြေအနေ

### ၁၉၆၇–၆၈ ခုနှစ် ငွေစာရင်းရှင်းတမ်း

| | | |
|---|---|---|
| ကျောင်းသားထံမှ ကောက်ခံရရှိငွေ | ၄၃၅ဝ/- | |
| ထိုနှစ်သုံးစွဲငွေ | | ၃၈၁ဝ/၅ပြား |
| လက်ကျန်ငွေ | | ၅၃ဝ/၄၅ပြား |

**<u>၁၉၆၈-၆၉ ငွေစာရင်းရှင်းတမ်း</u>**

| | | |
|---|---|---|
| ၁၉၆၇-၆၈ လက်ကျန်ငွေ | ၅၃ဝ/၄၅ပြား | |
| ကျောင်းသားများထံမှကောက်ခံရရှိငွေ | ၄၅၆ဝ/- | |
| စုစုပေါင်း | ၅၀၉၃ဝ/၄၅ပြား | |
| ထိုနှစ်သုံးစွဲငွေ | | ၄၉၃၅/- |
| လက်ကျန်ငွေ | | ၁၅၆/၀၅ပြား |
| စုစုပေါင်း | | ၅၀၉၁/၄၅ပြား |

ရခိုင်သားကြီးစာပေ

လူငယ်ရေးရာညကျောင်းကို ညကျောင်းများ အုပ်ချုပ်မှု ဗဟိုကော်မတီမှ ဖွဲ့စည်းပါသည်။ ထိုဗဟိုကော်မတီ၏ ညွှန်ကြားချက်ဖြင့် ဒေသဆိုင်ရာ ကျောင်းအုပ်ချုပ်မှုကော်မတီဖွဲ့စည်းပါသည်။ ထိုအဖွဲ့အစည်းမှ ကျောင်းသားဆရာ ရရှိရေး၊ အုပ်ချုပ်ရေးစသည်တို့ကို အခါအားလျော်စွာ စီမံခန့်ခွဲလေသည်။ ညကျောင်းရံပုံငွေများ၊ ဆရာများဉာဏ်ပူဇော်ခ၊ ရေ၊ မီးစရိတ်၊ ကျောင်းစာရေးထောက်ပံ့ငွေ၊ ကျောင်းသုံးမြေဖြူအတွက် ကုန်ကျစရိတ် တန်ဘိုးများကို တိုင်းခရိုင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီမှ ဒေသအုပ်ချုပ်မှုကော်မတီတို့ဖြင့်ကော့ ညှိနှိုင်းအတည်ပြုသုံးစွဲခဲ့သည်။

## တက္ကသိုလ်စာပေးစာယူသင်တန်းများ

တက္ကသိုလ်စာပေးစာယူသင်တန်းခွဲကို မင်းပြားမြို့နယ်၌ ၁၉၇၅-၇၆ ခုနှစ် စတင်ခထဲ့ပြီး ညနေ အထောက်အကူပြုသင်တန်းတစ်ခုကို စေတနာဆရာများဖြင့် ပါတီဦးဆောင်မှု ပြည်သူ့ကောင်စီကြီးကြပ်မှုတို့ဖြင့် ၁၉၇၅-၇၆ ခုတွင် အထက၌ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

| စဉ် | ခုနှစ် | အတန်း | သိပ္ပံ | ဝိဇ္ဇာ | စီးပွား | ဥပဒေ | သင်တန်းသားပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ၁၉၇၅-၇၆ | (ပ)နှစ် | ၅ | ၁၀ | ၄ | ၃ | ၂၂ |
| ၂ | ၁၉၇၇-၇၈ | (ပ)နှစ် | ၄ | ၁၉ | ၈ | ၁၃ | ၄၄ |
| | | (ဒု)နှစ် | ၅ | ၁၃ | ၅ | ၈ | ၃၁ |
| | | (တ)နှစ် | ၃ | ၃ | ၃ | ၇ | ၁၆ |
| ၃ | ၁၉၇၈-၇၉ | (ပ)နှစ် | ၇ | ၁၆ | ၄ | ၅ | ၃၂ |
| | | (ဒု)နှစ် | ၄ | ၁၆ | ၆ | ၇ | ၃၃ |
| | | (တ)နှစ် | ၄ | ၁၁ | ၂ | ၆ | ၂၃ |
| | | (စ)နှစ် | ၃ | ၂ | ၂ | ၇ | ၁၄ |
| ၄ | ၁၉၈၀-၈၁ | (ပ)နှစ် | ၈ | ၂၀ | ၁ | ၁ | ၃၀ |
| | | (ဒု)နှစ် | ၅ | ၁၄ | ၄ | ၇ | ၃၀ |
| | | (တ)နှစ် | ၄ | ၁၁ | ၆ | ၄ | ၂၅ |
| | | (စ)နှစ် | ၂ | ၈ | ၁ | ၈ | ၁၉ |
| | | ပဉ္စမနှစ် | - | - | - | ၇ | ၇ |

| ၁၉၇၇-၇၈ ခုနှစ် ဖြေဆိုအောင်မြင်သူနှင့် အောင်မြင်မှုရာနှုန်း | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ခုနှစ် | အတန်း | သိပ္ပံ | | အောင်မြင်မှု % | ဝိဇ္ဇာ | | အောင်မြင်မှု % | စီးပွား | | အောင်မြင်မှု % | စီးပွား | | အောင်မြင်မှု % |
| | | ဖြေဆို | အောင်မြင် | | ဖြေဆို | အောင်မြင် | | ဖြေဆို | အောင်မြင် | | ဖြေဆို | အောင်မြင် | |
| | ပနှစ် | ၄ | ၄ | ၁၀၀ | ၁၄ | ၁၂ | ၈၆ | ၆ | ၃ | ၅၀ | ၁၀ | ၇ | ၇၀ |
| | ဒုနှစ် | ၅ | ၄ | ၈၀ | ၁၃ | ၁၂ | ၉၂.၃ | ၅ | ၂ | ၄၀ | ၇ | ၃ | ၄၂ |
| | တနှစ် | ၃ | ၃ | ၁၀၀ | ၃ | ၂ | ၆၇ | ၁ | ၁ | ၁၀၀ | ၇ | ၆ | ၈၆ |

## တက္ကသိုလ်ပညာတော်သင် ထောက်ပံ့ရေးအဖွဲ့

၁၉၇၂ ခုနှစ် စက်တင်ဘာလ(၃)ရက်နေ့တွင် အောက်ပါကော်မတီများဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးအောင်ကြီးသာ | ဥက္ကဋ္ဌ |
| ၂။ | ဦးဦးရွှေစိန် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးစိန်ချမ်းဦး | အတွင်းရေးမှူး |
| ၄။ | ဦးဘိုးညို | ဒု-အတွင်းရေးမှူး |
| ၅။ | ဦးကျော်လှအောင် | အဖွဲ့ဝင် |
| ၆။ | ဦးတရုပ်ဖြူ | အဖွဲ့ဝင် |
| ၇။ | ဦးမောင်လူကြီး | အဖွဲ့ဝင် |
| ၈။ | ဦးစောလှဦး | အဖွဲ့ဝင် |
| ၉။ | ဦးဘိုးညိမ်း | အဖွဲ့ဝင် |
| ၁၀။ | ဦးကျော်မြဦး | အဖွဲ့ဝင် |
| ၁၁။ | ဦးအောင်လှကျော် | အဖွဲ့ဝင် |

မြို့ပေါ်မှ စေတနာရှင်များနှင့် သ/မအသင်း၊ ဌာနဆိုင်ရာဝန်ထမ်းများမှ စေတနာအလျှောက် ရန်ပုံငွေများ ကောက်ခံခဲ့ပါသည်။ စေတနာရှင်များ (၆၇)ဦးရှိပြီး ၁၉၇၆ ခုနှစ်ထိ ရန်ပုံငွေမှာ ၁၀၁၁၉/၀၅၊ ရှိခဲ့ပါသည်။ ၁၉၇၆ ခုနှစ်ထိ ကျောင်းသားတစ်ဦးလျှင် တစ်လ ၇၅/-နှုန်းဖြင့် ကျောင်းသား(၃)ဦးအား (၁)အောင်ကျော်သိန်း (၂) ကျော်မြသာ (၃) မစန်းလှအား ထောက်ပံ့နိုင်ခဲ့ပါသည်။ ယင်းသုံးဦးလုံးမှာ တက္ကသိုလ်တွင် ဘွဲ့အသီးသီးဆွတ်ခူးရရှိခဲ့ ပါသည်။

၁၉၇၇-ခုနှစ်မှ ယနေ့ထိ ပြည်သူ့ဘဏ်တွင် အပ်နှံထားသည့် ပညာသင်ထောက်ပံ့ကြေး ရန်ပုံငွေမှာ ၆၀၀၀/- ခန့်ရှိပါသည်။ ၁၉၇၇ ခုနှစ်မှ ယခုထိ တက္ကသိုလ်ကျောင်းသား(၂)ဦး (၁)မောင်ကျော်သိန်း၊ (၂) မောင်လှထွန်းသိန်း၊ တို့ကို တစ်လလျှင် (၇၅/-)နှုန်းဖြင့် တက္ကသိုလ်ပညာသင်ရန် ထောက်ပံ့နိုင်ခဲ့ပါသည်။ ဤသို့ထောက်ပံ့မှုကြောင့် ၎င်းတို့မှာ တက္ကသိုလ်ပညာကို ဆက်လက်သင်ယူနိုင်ခဲ့ပါသည်။

**<u>မှတ်ချက်။</u>** ။ ယခုပညာသင်ထောက်ပံ့ကြေးခံစားခဲ့သူတို့မှာ ဘွဲ့ရပြီးနောက် လုပ်ငန်းခွင်မှ သူတို့၏ ရရှိသောလစာနှုန်းထားအလိုက် ထောက်ပံ့ကြေး ခံစားခဲ့သည့်ကာလအထိ (၁၀၀လျှင် ၁၀/-) နှုန်း တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးအဖွဲ့၏ ရန်ပုံငွေကို တိုးတက်လာစေရန်အတွက် ပြန်လည်ပေးလှူ ထည့်ဝင်ကြပါသည်။

## ပညာရည်ချွန်ဆုပေးရေး

အပထ/အပလ/အမက စာမေးပွဲများတွင်လည်းကောင်း၊ ကျောင်းတွင်းစာမေးပွဲများတွင်လည်းကောင်း၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ပညာရည်ချွန် ကျောင်းသူ/ကျောင်းသားများအား သက်ဆိုင်ရာ ကျောင်းများမှ ဆုများအသီးသီး နှစ်စဉ်၊ နှစ်ဆက်ချီးမြှင့်ခဲ့ကြပါသည်။ မင်းပြားမြို့နယ်တွင် ရှိခဲ့သော တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးအဖွဲ့မှာ ပညာရည်ချွန်သူများကိုလည်း ဆုချီးမြှင့်ခဲ့ရာ ၁၉၇၇ ခုနှစ်တွင် အပထစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်ကျော်ဇလှ ရွှေသားတံဆိပ်ကိုလည်းကောင်း၊ မသန်းသန်းကြည်အား ငွေသားတံဆိပ်ဆုကို လည်းကောင်း အသီးသီးပေးအပ်ခဲ့ပါသည်။ ထို့ပြင် ပညာရည်ချွန်သူများအား ယခင်က သဟာယနှင့် စာဖတ်အသင်းမှ လည်းကောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာများမှလည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြပါသည်။ ထို့ပြင် ခရိုင်တိုင်းပြည်များတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသူ/သားများအား ခရိုင်/တိုင်းများမှ အသီးသီးဆုများ ပေးအပ်ခဲ့ကြပါသည်။

# ကျန်းမာရေး

## ဆေးပညာနှင့် ဆေးဝါးကုသရေး

### (က) ဆေးပညာ

ရခိုင်ဘုရင်တို့ ကြီးစိုးသော ဓညဝတီခေတ်မှ မြောက်ဦးခေတ်ထိကာလတစ်လျှောက်တွင် ကျန်းမာရေးနှင့် ပတ်သက်၍ ထူးထူးထွေထွေမှတ်တမ်းများ မတွေ့ရှိရပေ။ အခြေခံဆေးပညာများကို ပညာရေးတွင် ဖော်ပြခဲ့သည့်အတိုင်း ဘုန်းတော်ကြီးကျောင်းများကပင် သင်ကြားတတ်မြောက်ခဲ့ကြသဖြင့် မိမိတို့၏လက်သုံးဆေးဝါးများကို အိမ်တိုင်းလိုလိုပင် တိုင်းပြည်မှထွက်ရှိသော ဆေးပင်များ ဆေးမြစ်များထားရှိကာ ကျန်းမာရေးကို စောင့်ရှောက်ဂရုပြုကြသည်။ တိုင်းပြည်အတွင်းနေထိုင်သော လူအများတို့မှာ ကျန်းမာရေးကောင်းမွန်သောသူများရှိသကဲ့သို့ ချို့တဲ့သူများလည်း ရှိကြသည်။ ၎င်းခေတ်တစ်လျှောက်လုံးတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ထွေထွေထူးထူးဆေးရုံကြီးများ၊ ဆေးကုခန်းများ ချပြီး ကုသည်ကို မတွေ့ရှိရပေ။ သို့ရာတွင် တိုင်းပြည်အတွင်း နေထိုင်သောလူတို့၏ ကျန်းမာရေးကို ရပ်ရွာအတွင်းရှိသော ရခိုင်ဆေးသမားခေါ် ဆေးဆရာများက ကုသစောင့်ရှောက်ကြသည်။ ကြီးကျယ်ထင်ရှားသော ဆေးသမားကြီးများလည်း ရှိကြပေသည်။ ယင်းဆေးသမားကြီးများထံသို့ ရောဂါကုသလိုသူများသည် သွားရောက်၍သော်လည်းကောင်း၊ ခြေချီ၊ ခြေကြွပေး၍ မိမိနေအိမ်သို့ ခေါ်ယူကုသပေးခြင်းကိုသော်လည်းကောင်း၊ ပြုလုပ်ကြသည်။ ဆေးဆရာ၊ ဆေးသမားတို့မှာ ကပ်ရောက်သောရောဂါအမျိုးမျိုးတို့ကို ဆေးကျမ်း၊ ဗိန္ဒောကျမ်းများအတိုင်း မိမိတို့တိုင်းပြည်ဖြစ် ဆေးပင်များဖြင့် ကုသကြပါသည်။ ခရစ်သက္ကရာဇ် (၁၆၀၀)ကျော် သီရိဓမ္မရာဇာမင်း (မြောက်ဦး) လက်ထက် ရောက်လာသော် ပေါ်တူဂီဘုန်းကြီး၊ မာန်နရိတ်သည် အလွန်ဖျား၍ မိမိတို့၏ အနောက်နိုင်ငံ၊ ဆေးဝါးဖြင့် သောက်သုံးသော်လည်း၊ မကောင်းခဲ့ရာ သီရိသုဓမ္မရာဇာမင်းက မိမိ၏သမားတော်ကို စေလွှတ်၍ ကုသစေခဲ့ရာ ကောင်းမွန်ကြောင်း သူ၏မှတ်တမ်းတွင် ရေးသားထားသည်ကို တွေ့ရှိရပေသည်။ သီရိသုဓမ္မရာဇာမင်း၏ သမားတော်ကြီးသည် မာန်နရိတ်အား စမ်းသပ်ကြည့်ရှုပြီး တခွက်တည်းသောဆေးကိုပေး၍ ရောဂါပျောက်ကင်းသည်ဟု သူ၏မှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် ရခိုင်ဆေးဝါးပညာသည် အလွန်အစွမ်းထက်ကြောင်း သိရှိရပေသည်။ ဤသို့ဖြင့် ရခိုင်ဘုရင်တို့အုပ်စိုးသော ပဒေသရာဇ် ခေတ်တစ်လျှောက်လုံးတွင် ရခိုင်ဆေးဆရာ ဆေးသမားများကပင်၊ ရခိုင်ပြည်အတွင်း မှီတင်းနေထိုင်သော တိုင်းသူပြည်သားများအား ကျန်းမာရေးကို တာဝန်ယူ၍ ဆေးဝါးကုသပေးခဲ့ကြောင်း တွေ့ရှိရပေသည်။ သို့ရာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ အုပ်ချုပ်ရေးဌာနခွဲက၊ စောင့်ရှောက်ပြုလုပ်သည်ဟု မတွေ့ရှိပေ။

### (ခ) ဆေးဝါးကုသမှုအခြေအနေ

ဆေးဝါးကုသမှုအခြေအနေနှင့်ပတ်သက်၍ ရောဂါဖြစ်သူတို့အဘို့ ဆေးဝါးကုသမှု ရှိခဲ့ပေသည်။ သို့ရာတွင် ဆေးရုံကြီးများ၊ ဆေးကုခန်းများဆောက်၍ ကုသသည်ကိုကား၊ မှတ်တမ်းမှတ်ရာ မတွေ့ရပေ။ အနည်းဆုံး တစ်ရွာတစ်ဦး ကျစီ ရှိသောဆေးဆရာ၊ ဆေးသမားတို့က၊ မိမိတို့ရွာတွင်ဖြစ်ပွားသော ရောဂါအမျိုးတို့ကို မိမိတို့တတ်ကျွမ်းရာ ဆေးကျမ်း၊ ဗိန္ဒောကျမ်းများအတိုင်း တိုင်းပြည်ဖြစ် ဆေးပင်ဆေးဝါးများဖြင့် ကုသသည်ကို တွေ့ရှိရပေသည်။ သီရိသုဓမ္မာရာဇာမင်း၏ ဆေးဆရာသည် မာန်နရိတ်ထံလာရောက်ပြီး၊ လက်ကိုကိုင်ကာ၊ စမ်းသပ်ကြည့်ရှုပြီးလျှင် မိမိ၏ဆွဲလွယ်အိပ်မှ ဆေးမြစ်တစ်ခုကိုထုတ်ယူ၍ ကျောက်ပျဉ်တွင် သွေးပြီးလျှင် ထိုဆေးကိုသာ တိုက်ခဲ့ပြီး ပြန်သွာလေသည်။ နောက်တစ်နေ့တွင် မာန်နရိတ်တွင် အဖျားပျောက်သွားသည်ဟု ရေးသားထားပေသည်။ ဤသည်ကိုထောက်လျှင် ရခိုင်ဆေးကုသမှုသည် အလွန်အစွမ်းထက်ကြောင်း တွေ့ရှိရပေသည်။ ရခိုင်ဘုရင်တို့အုပ်စိုးသော ပဒေသရာဇ်ခေတ်တစ်လျှောက်လုံးတွင် ရခိုင်ဆေးကုသမှုအခြေအနေသည် ရွာဆေးဆရာများ၊ ထင်ရှားသော အခြားဆေးဆရာများက တိုင်းသူပြည်သားများအား ဆေးဝါးကုသပေး၍ ကျန်းမာရေးကို တာဝန်ယူထားကြောင်း တွေ့ရပေသည်။

## ကိုလိုနီခေတ်ကျန်းမာရေး

စစ်ကြိုခေတ် ကျန်းမာရေးဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ၁၉၁၁ ခုနှစ်တွင် သင်္ဘောဆိပ်အနီး၌

နှစ်ထပ်တိုက် ဆေးရုံတစ်ရုံရှိခဲ့သည်။ ဆေးရုံဝန်ထမ်းများအဖြစ် ဆရာဝန်တစ်ဦး၊ ဆေးစပ်ကွန်ပေါင်ဒါတစ်ဦး၊ ဆေးထည့်သူတစ်ဦးနှင့် သန့်ရှင်းရေးအလုပ်သမားတစ်ဦး၊ ပေါင်း(၄)ဦးရှိခဲ့သည်။ ၎င်းဆေးရုံအတွက် လိုအပ်သည့် ဆေးဝါးများ၊ ဆေးရုံသို့ ပစ္စည်းကရိယာများနှင့် ဆေးရုံဝန်ထမ်းများအတွက် လစာချီးမြှင့်ထောက်ပံ့ငွေများကို တောင်ကော်မတီမှ ထောက်ပံ့ခဲ့သည်။ ဆရာဝန်တစ်ဦးကိုသာ အစိုးရမှလစာထောက်ပံ့သည်။ ထိုကျန်းမာရေးဌာန၌ အတွင်းလူနာများအပြင် အပြင်လူနာများကိုလည်း၊ ဆေးဝါးကုသပေးခဲ့သည်။ ထိုဆေးရုံကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်း ဘုန်းကြဲခံရခြင်းကြောင့် ပျက်စီးသွားခဲ့ရသည်။

## ဂျပန်ခေတ် ကျန်းမာရေးအခြေအနေ

ဂျပန်ခေတ်တွင် ဆေးရုံပျက်စီးသွားခြင်းကြောင့် ပြည်သူ့ကျန်းမာရေးအတွက် လူနာများသည်။ နီးစပ်ရာ ဂျပန်ဆေးခန်းများတွင် သွားရောက်ကုသခဲ့ကြပြီး အများစုမှာ ရခိုင်သမားတော်များဖြင့် ဆေးဝါးကုသမှုကို ခံယူခဲ့ကြသည်။ မင်းပြားမြို့ပေါ်ရှိ လူအများစုမှာ ကျေးရွာများသို့ တိမ်းရှောင်ခဲ့ကြရပြီး၊ တောရွာများတွင် နာမကျန်းဖြစ်က ရခိုင်သမားတော်များဖြင့် ဆေးဝါးကုသခံခဲ့ရသည်။

## စီးပွားရေး

ဖက်ဆစ်ဂျပန်ခေတ်တွင် မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ စစ်ဘေးစစ်ဒဏ် အလွန်ထူပြောလွန်းသဖြင့် မယ်မယ်ရရ စီးပွားရေးလုပ်ကိုင်မှု မရှိခဲ့ပေ။ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားတို့မှာ မိမိတို့၏ ဝမ်းစာအတွက် အပိုအလျှံအနည်းငယ်မျှလောက်သာ ထွန်ယက်စိုက်ပျိုးမှု ရှိကြသည်။ မှတပါး ကူးသန်းရောင်းဝယ်မှု ပြုရန် စပါးစိုက်ပျိုးမှု မပြုခဲ့ကြပေ။ ဤသို့သော အခြေအနေကြောင့် မြို့နယ်၏စီးပွားရေးမှာ အလွန်နိမ့်ကျ၍ မြို့နယ်အတွင်းနေထိုင်သော လူတို့မှာ အဝတ်ချို့တဲ့၊ အစားချို့တဲ့မှုတို့ကို ဖက်ဆစ်ဂျပန်ခေတ်တစ်ခုလုံး ခံစားခဲ့ကြသည်။

# ပါလီမန်ခေတ်ကျန်းမာရေး

## လွတ်လပ်ရေးခေတ်မှစ၍ ကျန်းမာရေးဌာနလုပ်ငန်းအဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့ပုံ

၁၉၄၉ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့တွင် ဈေးအနီး၌ရှိသော ဆေးရုံကို သဘော်ဆိပ်ချောင်းအနီးတွင် တဖန်ဆောက်လုပ်ခဲ့ပါသည်။ ကုတင် (၁၆)လုံးဆန့်ဖြစ်၍ ဓနိမိုး၊ ပျဉ်ခင်း၊ ဝါးထရံကာ၊ အဆောက်အဦးဖြစ်ပါသည်။ ၁၉၄၈ ခု လွတ်လပ်ရေးရပြီးနောက် ဗြိတိသျှဆေးတပ်မှ ဆရာဝန်များအစား၊ ဆေးရုံများတွင် နိုင်ငံခြားသား အိန္ဒိယဆရာဝန်များနှင့် မြန်မာဆရာဝန်များကို ခန့်ထားခဲ့သည်။ လွတ်လပ်ခေတ်မှစ၍ ဆေးရုံများ၌ ဝမ်းဆွဲဆရာမတစ်ဦးအား တိုးချဲ့ခန့်ထားခဲ့သည်။ ယောကျ်ားလူနာစောင့်တစ်ဦးနှင့် မိန်းမလူနာစောင့်တစ်ဦး တိုးချဲ့အားဖြည့်ခန့်ထားခဲ့သည်။ လွတ်လပ်ရေးရပြီး (၁၀)နှစ်ကာလ ၁၉၅၈ ကုန်ခါနီးတွင် ပန်းမြောင်းကျေးလက်ဆေးပေးခန်းကို ဖွင့်လှစ်ခဲ့သည်။ ၎င်းဆေးပေးခန်းတွင် လက်ထောက်ကျန်းမာရေးဌာနမှ လစာထောက်ပံ့ခဲ့သည်။ ထိုဆေးပေးခန်းတွင် ပြင်ပလူနာများကိုသာ ဦးစားပေးကုသခဲ့ပြီး၊ အရေးကြီးသည့် လူနာများကို မြို့နယ်ဆေးရုံသို့ ထပ်ဆင့်ပို့ပေးခဲ့ပါသည်။

## မျက်မှောက်ကာလ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များ

(က) ပြည်နယ်ကျန်းမာရေးဦးစီးဌာန မရှိပါ
(ခ) တိုင်းအဆင့်ဆေးရုံကြီး မရှိပါ
(ဂ) မြို့နယ်ဆေးရုံများ

၁၉၆၄ ခုနှစ်တွင် ယခင်ဆေးရုံဟောင်းကို မင်းပြားမြို့ အနောက်ဘက်သို့ ပြောင်းရွှေ့ခဲ့ပြီး ကုတင် (၁၆)လုံးဆန့် ဆေးရုံတစ်ထပ်တိုက်ကို ဆောက်လုပ်ခဲ့ရာ၊ ၁၉၆၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် ကုတင် (၆)လုံးဆန့်သယ်ဘ်ဆေးရုံတစ်ခုကို ပြည်သူလူထုမှ စေတနာဖြင့် ထည့်ဝင်လှူဒါန်းငွေများ မတည်ပြီးဆောက်လုပ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ကုတင်(၁၀)လုံးဆန့် မိန်းမလူနာဆောင် (၁)ဆောင်ကိုလည်း မြို့နယ်လူထုကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်နိုင်ခဲ့ပါသည်။ ၁၉၇၄ ခု မတ်လ(၂)ရက်နေ့မှ ၁၉၇၈ ခု မတ်လ(၂)ရက်နေ့ထိ (၄)နှစ်တာကာလအတွင်း အတွင်းလူနာ

များ၏လူနာစောင့်ရှောက်သည့် ပုဂ္ဂိုလ်များ တည်းခိုရန် တည်းခိုဆောင်တစ်ဆောင်ကို ပါတီ၏ လမ်းညွှန်မှု၊ ကောင်စီ၏ ကြီးကြပ်မှုဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်နိုင်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုညွှန်ကြားချက်အရ ရောဂါစမ်းသပ်ရှာဖွေသော ဓာတ်ခွဲခန်းတစ်ခုကို ဖွင့်လှစ်ပြီး၊ ရောဂါပိုးများကို စမ်းသပ်ရှာဖွေနိုင်ခဲ့ပါသည်။ ၁၉၇၉-၈၀တွင် ပါတီ၏ဦးဆောင်မှုကို ခံယူကာ လူထုထည့်ဝင်ငွေများဖြင့် မြင်းကောင်ရေ (၉/၁၀) ရှိသော လျှပ်စစ်မီးအားပေးစက်တစ်လုံးကို ဆေးရုံသို့ လှူဒါန်းသဖြင့် အရေးကြီးသည့် ခွဲစိတ်လူနာများအား အချိန်မရွေး ခွဲစိတ်ကုသနိုင်ခဲ့သည်

## အမျိုးအစားအလိုက်ဝန်ထမ်းအင်အား

ဝန်ထမ်းအင်အားစာရင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပေးပို့သည့်စာရင်းဇယားကို ပူတွဲဖော်ပြပါသည်။

| ကုသပေးသည့်လူနာများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ခုနှစ် | အတွင်းလူနာ | အပြင်လူနာ | ခွဲစိပ်မှုများ | မှတ်ချက် | |
| ၁ | ၁၉၆၄ | ၉၉၆ | ၂၁၆၉၄ | ၁၈၃ | | |
| ၂ | ၁၉၆၅ | ၉၉၂ | ၂၁၉၂၄ | ၂၄၂ | | |
| ၃ | ၁၉၆၆ | ၉၉၄ | ၃၆၃၁၈ | ၄၀၃ | | |
| ၄ | ၁၉၆၇ | ၉၉၈ | ၄၁၁၀၈ | ၄၃၄ | | |
| ၅ | ၁၉၆၈ | ၁၂၉၃ | ၃၀၆၅၇ | ၄၆၅ | | |
| ၆ | ၁၉၇၅ | ၂၀၁၀ | ၃၄၀၅၅ | - | | |
| ၇ | ၁၉၇၆ | ၂၄၈၄ | ၄၁၀၅၇ | - | | |
| ၈ | ၁၉၇၇ | ၂၀၈၃ | ၂၃၃၅၅ | - | | |
| ၉ | ၁၉၇၈ | ၂၄၉၄ | ၁၉၇၃၄ | - | | |
| ၁၀ | ၁၉၈၀ | ၁၉၁၂ | ၁၅၈၆၇ | ၉၇၈ | | |

## (ခ) <u>စည်ပင်သာယာကျန်းမာရေးလုပ်ငန်း</u>

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည်။ မြို့နယ်ဆရာဝန်၏ တာဝန်ပေးချက်အရ၊ မြို့နယ်ကျန်းမာရေးအရာရှိနှင့် ၎င်း၏တာဝန်ပေးချက်ရ မြို့နယ်ကျန်းမာရေးအစ ပတ္တော်တို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ၎င်းတို့မှာ မြို့မကျန်းမာရေးဝန်ထမ်းများပင် ဖြစ်ပါသည်။

## (ဂ) <u>တိုက်နယ်ဆေးရုံ</u>

မင်းပြားမြို့နယ် ပန်းမြောင်းကျေးလက်ဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် ၁၉၇၅ ခုနှစ်တွင် တိုးချဲ့လျက်ရှိသည်။ ကျေးလက်ကျန်းမာရေးမှူးအစား ဆရာဝန်တစ်ဦး၊ အစားထိုးခန့်ထားခဲ့သည်။ ဝန်ထမ်းအင်အားကို ပူးတွဲပေးပို့ပါသည်။

**<u>မှတ်ချက်။</u>** ။ ကုသပေးသည့် လူနာများစာရင်းကို ဖော်ပြမှုမရှိပါ။

## (ဃ) <u>ကျေးလက်ကျန်းမာရေးဌာန</u>

မင်းပြားမြို့နယ်တွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနများတွင် ဆရာဝန်များမရှိပါ။ ကျေးလက်ကျန်းမာရေး

**ရခိုင်သားကြီးစာပေ**

ဌာန (၄)ခုရှိပါသည်။

| | | |
|---|---|---|
| (၁) | ပြားချောင်းကျေးလက်ကျန်းမာရေးဌာန | ၁၉၆၉-ဖွင့် |
| (၂) | ဥတ္တရာကျေးလက်ကျန်းမာရေးဌာန | ၁၉၇၇-ဖွင့် |
| (၃) | မေလွန်းကျေးလက်ကျန်းမာရေးဌာန | ၁၉၈၀-၈၁ ဖွင့် |
| (၄) | မင်းရွာကျေးလက်ကျန်းမာရေးဌာန | ၁၉၈၁-ဖွင့်ရန်လျှောက်ထား |

**မှတ်ချက်**။ ။ ပန်းမြောင်းတွင် ( )ပူးတွဲထားရှိပြီး ကြီးကြပ်(၁)မှ အုပ်ချုပ်သည်။ ကျေးလက်ကျန်းမာရေးဌာန၏ ဝန်ထမ်းအင်အားပြဇယားကို ပူးတွဲဖော်ပြပါသည်။

## ဆောင်ရွက်မှုအခြေအနေ

ထိုဆေးပေးခန်းများတွင် ပြင်ပလူနာများကို ကုသပေးပြီး အရေးကြီးသည့်လူနာများကို မြို့နယ်ဆေးရုံသို့လည်းကောင်း၊ တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ စေလွှတ်ပေးပို့ခဲ့ပါသည်။

## (ဆ) ဒေသန္တရကျန်းမာရေးဌာန

မြို့နယ်ဆရာဝန်၏ တာဝန်ပေးချက်အရ မြို့မကျန်းမာရေးဌာနနှင့် မိခင်နှင့် ကလေးတို့စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းတာဝန်ယူခဲ့ကြပါသည်။

## (ဇ) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(၁) မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနကို ၁၉၆၇ ခု ဧပြီလတွင် မင်းပြားမြို့ ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်ခဲ့ပါသည်။ ယခု မိခင်နှင့်ကလေးဆေးပေးခန်းကို သီးခြားအဆောက်အဦးအဖြစ် ဆောက်လုပ်ဆဲ ဖြစ်ပါသည်၊

(၂) မိခင်နှင့်ကလေးစောင့်ရှောက်ရေးဝန်ထမ်းအင်အားကို ပူးတွဲဖော်ပြထားပါသည်။

(၃) ဖွင့်စနှစ်မှစ၍ ယခုအထိ နှစ်စဉ်နှစ်တိုင်း အောက်တွင်ဖော်ပြထားသည့်အရေအတွက်အတိုင်း ပြုစုစောင့်ရှောက်နိုင်ခဲ့ပါသည်။

| | | |
|---|---|---|
| ကိုယ်ဝန်ဆောင်မိခင် | ၁၃၀၀ | - ကျော် |
| မွေးပြီးမိခင် | ၃၅၀ | - ကျော် |
| မွေးပေးရသောကလေး | ၂၉၀ | - ခန့် |
| ၅-နှစ်အောက်စောင့်ရှောက်ကလေးများ | ၄၁၀ | - ခန့် |
| ၅-နှစ်အတွင်းအရွယ် ကလေးစောင့်ရှောက်မှု | ၄၂၆ | - ခန့် |
| ဆေးပေးခန်းဖွင့်ရက် | ၂၄၃ | - ရက် |
| ဆေးခန်းသို့ လာရောက်ကုသသူ | ၃၀၀၀ | - ကျော် |

၁၉၈၀-၈၁ ဘဏ္ဍာရေးနှစ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ ဆရာဝန်တစ်ဦးခန့်ထားခွင့်၊ ခွင့်ပြုမိန့်လျာထားပြီးဖြစ်ပါသည်။

## (ဈ) ကျောင်းကျန်းမာရေးဌာန

သီးခြားမရှိပါ။ စီမံကိန်းဝင်မြို့နယ်ဖြစ်သဖြင့် ၁၉၈၁ ခုနှစ်တွင် စတင်၍သင်တန်းပေးခြင်း၊ မြို့နယ်ပညာရေးမှူးအား ရန်ကုန်အခြေခံဦးစီးဌာန၌ ညှိနှိုင်းဆွေးနွေးမှုဖြင့် ပမာဏဆောင်ရွက်လျက် ရှိပါသည်။ ကျောင်းကျန်းမာရေး

ဌာန သီးခြားမရှိသော်လည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ ကျန်းမာရေးဆရာမများဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## (ည) စီမံကိန်းနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ

### စီမံကိန်းအဖွဲ့များ

ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနနှင့် အဆုတ်ရောဂါတိုက်ဖျက်ရေးဌာန(၂)ခု ရှိပါသည်။

### ဆေးပေးစခန်းများ

ပြည်သူ့ဆေးရုံကြီးတွင် အဆုတ်ရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင်အပြင်၊ လက်ထောက်ကျန်းမာရေးမှူး ဦးစီးလျှက် လက်အောက်(၂)ဦး၊ စာရင်းထိန်း(၂)ဦးပေါင်း အမှုထမ်း(၃)ဦးဖြင့် ဆောင်ရွက်နေပါသည်။

### ရောဂါတိုက်ဖျက်ရေးဌာန

သီးခြားဌာနမရှိဘဲ၊ ဆေးရုံကြီးတွင် ပူးတွဲဖွင့်လှစ်ပါသည်။ ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းကို ကျန်းမာရေးအရာရှိလက်အောက်တွင် ထားပြီး အမြဲတန်းဆေးဖြန်သမား(၂)ဦးဖြင့် လုပ်ငန်းဆောင်ရွက်ပါသည်။

### ကျန်းမာရေးပညာပေးလုပ်ငန်းများ

မြို့နယ်ဆရာဝန် ကျန်းမာရေးအရာရှိတို့ ဦးဆောင်လျှက် တစ်မြို့နယ်လုံးတွင် ဘက်စုံဟောပြောပွဲများ၊ ပညာပေးမှုများကို ကျန်းမာရေးဝန်ထမ်းအားလုံးက အချိန်ရသရွေ့ ပညာပေးဆောင်ရွက်လျှက်ရှိပါသည်။ ကျေးလက်ဆေးပေးခန်းများတွင်လည်း ကျေးလက်နေလူထု ကျန်းမာရေးအတွက် ကုသရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာပေးခြင်းများကို ဆောင်ရွက်ပါသည်။

### ဖြစ်ပွားတတ်သောရောဂါများ

ငှက်ဖျားရောဂါ၊ ဝမ်းနှင့်ပတ်သက်သောရောဂါများ၊ အသက်ရှူလမ်းကြောင်းနှင့်ပတ်သက်သောရောဂါများ၊ ဝက်သက်ရောဂါ၊ တုတ်ကွေးရောဂါ၊ ဦးကျောက်အမွေးရောင်ရောဂါနှင့် ရိုးရိုးအဖျားများ ဖြစ်ပွားတတ်ပါသည်။ လူနေမှုအဆင့်အတန်းနိမ့်ကျမှုကြောင့် ဖြစ်ပွားသောရောဂါများ (ဉပမာ) သံကောင်ရောဂါ၊ ဝမ်းကိုက်ဝမ်းပျက်ရောဂါတို့ဖြစ်ပါသည်။

၁၉၈၀ ခုမှစတင်၍ မင်းပြားမြို့နယ်တစ်ခုလုံးသည် အဖြူရောင်နယ်မြေဖြစ်လာပြီး ဖြစ်သဖြင့် ကျောက်ဆေးမထိုးနှံရသေးသောသူများကို တနှစ်အတွင်းမှစ၍ လစဉ်လတိုင်း ကျန်းမာရေးဌာနမှ ကျောက်ဆေးများ ထိုးနှံလျှက်ရှိပါသည်။

**မှတ်ချက်**။ ။စီမံကိန်းချမှတ်ပြီး တိုက်ဖျက်နေပါသည်။ (ဉပမာ) ၁၉၇၉ ခုမှစ၍ စီမံကိန်းချမှတ်ပြီး (  )ဆေးဖြန်းခြင်းတို့ ဖြစ်ပါသည်။

## (ဋ) ဖွားသေစာရင်း

| ခုနှစ် | ဖွားမြင်သူ | သေဆုံးသူ |
|---|---|---|
| ၁၉၇၆ | ၂၀၀ | ၉၈ |
| ၁၉၇၇ | ၉၈ | ၉၇ |
| ၁၉၇၈ | ၁၈၂ | ၆၁ |
| ၁၉၇၉ | ၁၃၆ | ၄၂ |
| ၁၉၈၀ | ၁၇၆ | ၆၉ |
| ၁၉၈၁ | ၅၆ | ၁၃ (ဩဂုတ်လထိ) |

**မှတ်ချက်**။အထက်ပါ ဖွားသည်စာရင်းမှာ ဖွားသည်စာရင်းမှတ်ပုံတင်ထားသူများသာ ဖြစ်ပါသည်။ ဖွားသောအခါ စာရင်းမပေးသောသူများနှင့် သေဆုံးသည့်အခါ အကြောင်းမကြောင်းသည့် သူများ မပါဝင်ပေ။
၁၉၈၁-၈၂ ခုနှစ်မှစ၍ စီမံကိန်းချလျှက် ထိုဖွားသည်စာရင်းကို စံနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။

## မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းအင်အားပြဇယား

မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းအင်အားစာရင်းကို ပူးတွဲဖော်ပြပါသည်။

### မြို့နယ်အလိုက် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှု

| | | |
|---|---|---|
| ၁၉၆၆-၆၇ | ၁၄၄၃၃၇ိ/- | |
| ၁၉၇၇-၇၈ | ၁၇၅၆၈ိ/- | |
| ၁၉၇၈-၇၉ | ၂၃၆၇၀၀ိ/- | |
| ၁၉၇၉-၈၀ | ၂၀၆၄၇၇ိ/- | |
| ၁၉၈၀-၈၁ | ၂၁၂၁၆ိ/- | |
| ၁၉၈၁-၈၂ | ၇၈၈၀၅ိ/- | (ပထမလေးလသုံးစွဲငွေသာ) |

### သမဝါယမဆေးပေးခန်း

(၁) ၁၉၈၀ ခု ဖေဖော်ဝါရီလ(၇)ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

(၂) ဝန်ထမ်းဦးရေမှာ ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦး၊ စာရေးဝန်ထမ်းတစ်ဦးနှင့်အတူ အကူဝန်ထမ်းတစ်ဦး ပေါင်း (၄)ဦးဖြစ်ပါသည်။

(၃) ကုသပေးသည့်လူနာ
(၇-၂-၈၀)မှ (၃၀-၁-၈၁)နေ့ထိ လူနာပေါင်း ၈၇၈၃ဦးရှိခဲ့ပြီး တစ်လအတွင်းပျမ်းမျှလူနာဦးရေမှာ (၅၅၀)မှ (၆၀၀)အထိ ရှိခဲ့ပါသည်။

(၄) ငွေကြေးသုံးစွဲရေးအခြေအနေ
ဆေးခန်းဆရာဝန်ကို ပုံသေလစာ(၆၀ဝိ)ကျပ်အပြင် လူနာစမ်းသပ်ခရငွေ၏ ၅၀%ကို ပေးပါသည်။
ဆေးခန်းဝန်ထမ်းများကို နိုင်ငံတော်မှ သတ်မှတ်သည့်အတိုင်း ချိန်နှုန်းလစာဖြင့် ခန့်ထားလျှက်ရှိပါသည်။
ဆေးခန်းအတွက် လိုအပ်သည့် အသုံးစရိတ်များကို သက်ဆိုင်ရာမြို့နယ်သမဝါယမ အသင်းစီမံရေးရာမှ ခွင့်ပြုချက်တောင်းခံခြင်းဖြင့် သုံးစွဲပါသည်။
ဆေးခန်းကြီးကြပ်ရာတွင် အဖွဲ့ဝင်သုံးဦးပါဝင်သော ဆေးခန်းကြီးကြပ်ရေးအဖွဲ့မှ ကြီးကြပ်ပါသည်။

# အခြားလူမှုရေးလုပ်ငန်းများ

## အလုပ်သမားရေးရာ

၁၉၆၀ ခုနှစ်တွင် အလုပ်သမားကောင်စီကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၇၇ ခုတွင် အလုပ်သမားအစည်းအရုံးကို အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အလုပ်သမားများ အလုပ်ရရှိရေးအတွက် စတင်ဆောင်ရွက်ခဲ့သည်။ အလုပ်အကိုင်ရရှိရေး အခြေအနေပြဇယားကို ပူးတွဲဖော်ပြပါသည်။

## ရပိုင်ခွင့်များ
## (လျော်ကြေး၊ ဝါဏိဇ္ဇနှင့် အခြားဥပဒေပါ အခွင့်အရေးများ)

အထက်ငှက်ပျောချောင်းရွာမှ ဦးစောလှဖြူ၏သား၊ စောလှညို အသက်(၃၆)နှစ်ဖြစ်သူသည် ရှမ်းပြည်နယ်

မော်ချီးသတ္တုတွင်းတွင် မိုင်းလုပ်သားအဖြစ် လုပ်ကိုင်ခဲ့ရာ မိုင်းပေါက်ကွဲ၍ မျက်လုံး(၂)ဖက်ကွယ်သွားသည့်အတွက် လျော်ကြေး ၈၅%ကို ရရှိခဲ့ရာ မင်းပြားမြို့နယ် အလုပ်သမားကောင်စီမှ တဖန်ပြန်၍ လျော်ကြေးငွေရလိုကြောင်း လျှောက်ထားခဲ့ရာ မြို့နယ်အလုပ်သမားကောင်စီ၏ ဆောင်ရွက်ချက်ဖြင့် လျော်ကြေး(၁၀၀%)ထိ အပြည့်အဝ ခံစားခဲ့ရပါသည်။

## အလုပ်သမားသက်သာချောင်ချိမှုအခြေအနေ

အလုပ်သမားသက်သာချောင်ချိရေးကို ရည်ရွယ်၍ မင်းပြားမြို့နယ်၌ သက်သာချောင်ချိရေးအဖွဲ့ (၂)ဖွဲ့ရှိခဲ့ပါသည်။ ယင်းတို့မှာ

(၁) စုပေါင်းရုံးသက်သာချောင်ချိရေးအဖွဲ့

(၂) ပညာရေးမိသားစု သက်သာချောင်ချိရေးအဖွဲ့တို့ဖြစ်ပါသည်။

စုပေါင်းရုံးသက်သာချောင်ချိရေးအဖွဲ့ တိုးတက်ရန်အတွက် အောက်ပါဆပ်ကော်မတီ (၄)ခုဖွဲ့စည်းပြီး၊ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့မှာ (၁)အသင်းဆိုင်လုပ်ငန်း (၂) ကျန်းမာရေးနှင့်အားကစား (၃) သာရေး နာရေး (၄) စာပေနှင့် ယဉ်ကျေးမှုတို့ဖြစ်ပါသည်။

လစဉ်ကြေးများကို

| | | |
|---|---|---|
| လစာ | ၂၀၀ိ/-ထိ | ၁ိ/-နှုန်း |
| ၂၀၁ိ/-မှ | ၄၀၀ထိ | ၂ိ/-နှုန်း |
| ၄၀၁ိ/-မှ | ၇၀၀ထိ | ၃ိ/-နှုန်း |
| ၇၀၁ိ/-မှ | ၁၀၀၀ိ/-ထိ | ၄ိ/-နှုန်း ထားဖြင့် ကောက်ခံခဲ့ရာ ယခုထိ ရန်ပုံငွေ |

၈၀၀၀ိ/-ခန့် ရရှိခဲ့ပါသည်။ အသင်းဆိုင်ရာလုပ်ငန်းတွင် လဘက်ရည်ဆိုင်တစ်ဆိုင်ကို ရုံးအနီးတွင် ၁၉၇၅ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး၊ အလုပ်သမားများ သောက်သုံးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

သာရေး၊ နာရေး ဆပ်ကော်မတီမှ အသင်းသား(၁)ဦး၊ အိမ်ထောင်ပြုလျှင် ၅၀ိ/-ကျပ်၊ အမျိုးသမီးပါ အသင်းဝင်ဖြစ်လျှင် ၁၀၀ိ/- အသင်းဝင်တစ်ဦး၏ သားကို ရှင်ပြုလျှင် ၅၀ိ/-ကျပ်၊ အသင်းသားတစ်ဦး၏ဇနီး ကွယ်လွန်လျှင် ၁၅၀ိ/-၊ မိဘသေဆုံးလျှင်-၁၀၀ိ/-၊ အသင်းသားတစ်ဦး၏ (၁)နှစ်အထက်ကလေး ဆုံးလျှင် ၇၅ိ/-ကျပ်၊ တစ်နှစ်အောက် ကလေးဆုံးလျှင် ၅၀ိ/-ကျပ်၊ အဖွဲ့ဝင်တစ်ဦး (၅)နှစ်ဆက်တိုက် အဖွဲ့ဝင်ဖြစ်ပြီး ပင်စင်ယူလျှင် ၁၀၀ိ/- ထောက်ပံ့ပါသည်။

စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ အသင်းသားများ ဖတ်ရှုနိုင်ရန် စာနယ်ဇင်းများကို လစဉ်မှာယူ၍ လဘက်ရည်ဆိုင်တွင် ထားရှိပါသည်။

ပညာရေးမိသားစု သက်သာချောင်ချိရေးအဖွဲ့သည် အလုပ်သမားအစည်းအရုံး၏ မူဝါဒအရ စုပေါင်းရုံးသက်သာချောင်ချိရေးအဖွဲ့ကဲ့သို့ပင် ဆောင်ရွက်ပါသည်။

## ကြက်ခြေနီလုပ်ငန်း

မြို့နယ်ကြက်ခြေနီအဖွဲ့ကို ၁၉၆၈ ခု ဒီဇင်ဘာလ(၂)ရက်နေ့ စတင်အလုပ်အမှုဆောင်အဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာကျော်လှ | မြို့နယ်ဆရာဝန် | ဥက္ကဋ္ဌ |
| ၂။ | ဦးစောမောင် | တရားမတရားသူကြီး | ဒုဥက္ကဋ္ဌ |
| ၃။ | ဦးကျော်လှအောင် | အောက်ရွာပိုင်း | ဒုဥက္ကဋ္ဌ |
| ၄။ | ဦးမောင်ဖြူ | မီးသတ်အရာရှိ | အတွင်းရေးမှူး |
| ၅။ | ဦးသိန်းအောင် | ပညာအုပ် | တွဲဘက်အတွင်းရေးမှူး |
| ၆။ | ဦးမောင်ရွှေကျော် | ငွေတိုက်စာရေး | ငွေထိန်း |
| ၇။ | ဦးမောင်လုံး | ဈေးဟောင်းပိုင်း | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈ | ဦးလွန်းသာအောင် | အောက်ရွာပိုင်း | အဖွဲ့ဝင် |
| ၉ | ဦးမောင်ကျော်သူ | ဂမ်းမရွာ | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်မစိန်လှ | အလယ်ပိုင်း | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်အေးသာချို | အလယ်ပိုင်း | အဖွဲ့ဝင် |

၁၉၆၈ ခုနှစ်တွင် အသင်းဝင်နှင့် သူနာပြုတပ်ဖွဲ့ဝင် စုစုပေါင်း (၁၂၀)ရှိခဲ့ပြီး တပ်ဖွဲ့မှူးမှာ အစိုးရအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးအောင်မင်းက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၎င်းနှစ်တွင်ပင် ပထမအကြိမ် သင်တန်းဆရာ(၈)ဦးနှင့် သင်တန်းသား (၁၂၀)ဦးဖြင့် သင်တန်းဖွင့်လှစ်ခဲ့ပါသည်။ ထိုပြင် ဒုတိယအကြိမ် ကြက်ခြေနီ သင်တန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကြက်ခြေနီတပ်ဖွဲ့မှူးအပါအဝင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဝတ်စုံပြည့် တပ်ဆင်နိုင်ခဲ့ပါသည်။ ကြက်ခြေနီ အတွက် ဆေးဝါးပစ္စည်းကို မြို့နယ်ပြည်သူ့ဆေးရုံမှ ကူညီခဲ့ပါသည်။ ကြက်ခြေနီတပ်ဖွဲ့မှာ မြို့နယ်ဘောလုံးပွဲများတွင် သူနာပြုအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ကြက်ခြေနီတပ်ဖွဲ့ကို ပါတီဦးဆောင်မှု၊ မြို့နယ်ပြည်သူ့ကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပါတီယူနစ်တွင် ၃-၁၀-၈၀ နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

မြို့နယ်သူနာပြုတပ်ဖွဲ့၊ တပ်စု(၂)စု၊ တပ်စိပ်(၄)စိပ်၊ ရဲဘော်အင်အား (၄၄)ဦးဖြင့် အရာရှိအဆင့်ကိုလည်း ကောင်း၊ တပ်ဖွဲ့ဖွဲ့စည်းပုံအတိုင်း ရန်ကုန်မြို့ ကြက်ခြေနီဗဟိုဌာနချုပ်သို့ အစီရင်ခံပြီး ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၁၉၈၁ခု နွေရာသီတွင် ကြက်ခြေနီအခြေခံအဆင့် သင်တန်းကို အစိုးရအထက်တန်းကျောင်းတွင် ဖွင့်လှစ်နိုင် ခဲ့ပါသည်။ ထိုသင်တန်းကို သင်တန်းသားများ အချိန်ပြည့်တက်ရောက်ခဲ့ပြီး အောင်မြင်ကြောင်း သင်တန်းလက်မှတ် များကို တရားဝင်ကြက်ခြေနီအသင်း ဥက္ကဋ္ဌမှ ချီးမြှင့်ခဲ့ပါသည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲတွင် ပါတီ၏ဦးဆောင်မှု၊ ကောင်စီ၏ကြီးကြပ်မှု လမ်းစဉ်လူငယ် စည်းရုံးရေးကော်မတီ ၏ စည်းရုံးလှုံ့ဆော်မှုဖြင့် မဲဆန္ဒရှင်လုပ်သားပြည်သူများအား အလုပ်အကျွေးပြုရန် (၁၄-၉-၈၁)နေ့က တာဝန်ပေးအပ် ပွဲ ကျင်းပနိုင်ခဲ့ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲတွင်လည်း မြို့နယ်အတွင်း မဲဆန္ဒပုံများအား သယ်ယူခြင်း၊ သက်ကြီးရွယ်အိုများအား ကူညီခြင်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါသည်။

## မြို့နယ်မီးသတ်တပ်ဖွဲ့

၁၉၅၂ ခုနှစ်တွင် မင်းပြားမြို့ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ တပ်ဖွဲ့အင်အား (၁၀)ဖြင့် ဖွဲ့စည်းခဲ့သည်။ အရန်မီးသတ်တပ်ဖွဲ့သည် ကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်မှုကို ခံယူသောအဖွဲ့ဖြစ်သည်။ ကြီးကြပ်ရေးကော်မတီကို မြို့ပေါ်မှလူကြီးများဖြင့် ဖွဲ့စည်းထားသည်။ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရသည့် ရည်ရွယ်ချက် များမှာ မြို့ပေါ်ရှိလူငယ်များအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးလောင်ကျွမ်းမှုဖြစ်ပွားလာပါက မီးငြိမ်းသတ်မှုလုပ်ငန်းများကို လုပ်ဆောင်ကြယင်း အခြားလူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လူငယ် များကို လေ့ကျင့်ပေးရန် ဖြစ်ပေသည်။ လှုပ်ရှားမှုလုပ်ငန်းများတွင် အမဲရောင်တူညီဝတ်စုံကို ဝတ်ဆင်ကြသည်။ လှုပ်ရှားမှုလုပ်ငန်းများတွင် စနစ်တကျဖြစ်စေရန် စစ်ရေးပြသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ မြို့ပေါ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြခြင်း မီးငြိမ်းသတ်ရေးလုပ်ငန်းများမှာ အစွမ်းကုန် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ၁၉၆၅ ခုနှစ်တွင် တိုင်းမင်းကြီးမှ ဆုတော်ငွေကျပ် (၂၀ဝိ/-)ချီးမြှင့်ခံခဲ့ရသည်။

၁၉၇၅ ခုနှစ် မတ်လ(၁)ရက်နေ့က တစ်မြို့လုံး မီးလောင်ကျွမ်းရာတွင် မီးသတ်ကား မီးသတ်အဆောက်အဦး၊ မီးသတ်ကားရုံနှင့် မီးသတ်ပစ္စည်းများ မီးလောင်ကျွမ်းခြင်းခံရ၍ ကျပ်(၅၇၀ဝိ/-)ဖိုး ဆုံးရှုံးခံခဲ့ရသည်။ အရန်မီးသတ် တပ်ဖွဲ့လည်း အကြောင်းအမျိုးမျိုးကြောင့် ပြိုကွဲခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် အရန်မီးသတ်တပ်ဖွဲ့ကို တပ်ဖွဲ့ဝင်(၂၄)ဦး၊ တပ်စုမှူး(၁)ဦး၊ တာဝန်ခံ(၁)ဦး၊ ပေါင်းအင်အား (၂၆)ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ မြို့နယ်ပါတီယူနစ်နှင့် မြို့နယ် ပြည်သူ့ကောင်စီတို့၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူခဲ့သည်။ တပ်ဖွဲ့ဝင်များကို မီးသတ်သင်တန်းဖွင့်လှစ်ပြီး လေ့ကျင့်ပေး ခဲ့သည်။ လက်ရှိတပ်ဖွဲ့ ဖွဲ့စည်းပုံမှာ မြို့မတွင် တပ်စု(၂)စု တပ်စုမှူး(၂)ဦး၊ တပ်ကြပ်ကြီး (၂)ဦး၊ တပ်စိတ်မှူး (၈)ဦး၊ ဒုတပ်စိတ်မှူး (၈)ဦး၊ တပ်ဖွဲ့ဝင် (၃၂)ဦးပေါင်း (၅၂)ဦးဖြင့် ဖွဲ့စည်းထားပြီး၊ ပန်းမြောင်းကျေးရွာအုပ်စုတွင် တပ်စုတစ်စု၊ တပ်စုမှူး(၁)ဦး၊ တပ်ကြပ်ကြီး(၁)ဦး တပ်စိတ်မှူး (၄)ဦး၊ ဒုတပ်စိတ်မှူး (၄)ဦး၊ တပ်ဖွဲ့ဝင် (၁၆)ဦး၊

ပေါင်း (၂၆)ဦးဖြင့် ဖွဲ့စည်းထားသည်။ မြို့မအရန်မီးသတ်တပ်ဖွဲ့တွင် အဆောက်အဦး(၁)ခု၊ မျှော်စင်(၁)ခု၊ အပေါ့စား မီးသတ်စက်(၁)လုံး၊ (မကြာခဏပျက်၍ မီးသတ်ရာတွင် အသုံးမဝင် မီးသတ်ရေစုတ်ပိုက်ပေ (၃၀၀) (စုတ်ပြနေ၍ အသုံးမဝင်) ရေပုံးငယ်(၂၀)ခု လက်ဆင့်ကမ်းမီးငြိမ်းသတ်ရန်) မီးသတ်ပေါက်ဆိန်(၁၅)ခု ရှိသည်။

၁၉၅၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း မီးသတ်တပ်ဖွဲ့မှူးတာဝန်ကို ဦးကျော်ဇံလှ(တရားဦးစီးဌာန) ဦးမောင်ဖြူ (ပညာရေး) နှင့် ဦးအောင်ဇံဝေ (အောက်ရွာပိုင်းရပ်ကွက်)တို့မှ အဆင့်ဆင့်လွှဲပြောင်း တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း တပ်ဖွဲ့မှူးတာဝန်ကို ဦးအောင်ကျော်သိန်း (မြို့နယ်ပြည်သူ့ကောင်စီရုံး)နှင့် ဦးရွှေကျော်အောင် (မြို့နယ်သ/မဦးစီးဌာန) တို့မှ တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး ၁၉၈၂ ခုနှစ်မှ ယနေ့ထိ ဦးလှမောင်သာ (မြို့နယ်ပြည်သူ့ကောင်စီရုံး)မှ တာဝန်ယူဆောင်ရွက်လျှက်ရှိသည်။

# အားကစားနှင့်ပြေးခုန်ပစ်

## စစ်ကြိုခေတ် အားကစားလှုပ်ရှားမှု။

ဘောလုံးကန်ခြင်း အားကစားသာရှိခဲ့ပြီး၊ အခြားဘော်လီဘော၊ ဘတ်စကတ်ဘော၊ ကြက်တောင်ရိုက်ခြင်းများ မရှိခဲ့ပါ။

## ကျောင်းတွင်း အားကစားနှင့် ကာယပညာ။

၁၉၃၄-၁၉၄၂ထိ။ ရပ်ကွက်ဘောလုံးပွဲများ၊ မြို့နယ်ပေါင်းစုံဘောလုံးပွဲများကို စစ်တွေမြို့သို့ သွားရောက်ကစား ခဲ့ကြပါသည်။ ရဲဌာနများနှင့် ကျောင်းတွင်းများတွင် ပြေးပွဲပြိုင်ပွဲများ ရှိခဲ့ပါသည်။

## မြို့နယ်အဆင့်။ ၁၉၄၈ စု နောက်ပိုင်း

၁၉၄၈ခုနှစ်မှစ၍ လွတ်လပ်ရေးနေ့ပြေးပွဲ၊ ပြိုင်ပွဲများကို မင်းပြားမြို့နယ်တွင် စဉ်ဆက်မပြတ် ကျင်းပလာခဲ့ပါ သည်၊ ၁၉၄၈ ခုမှ ၁၉၅၁ ခုနှစ်အထိ ရပ်ကွက်ဘော်လုံးပြိုင်ပွဲ၊ ဌာနဆိုင်ရာဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ကြသည်။ ကျောင်းတွင်းဘောလုံးပြိုင်ပွဲများနှင့် ကျောင်းတွင်းပြေးခုန်ပစ် ပြိုင်ပွဲများကိုလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ပါသည်။

၁၉၅၂ခုနှစ်တွင် စစ်တွေခရိုင်ရှိ မြို့နယ်အလိုက် ဘောလုံးပြိုင်ပွဲများကို စတင်ကျင်းပလာခဲ့ပါသည်။ ဤသို့ စစ်တွေမြို့တွင် မင်းပြားမြို့နယ် လက်ရွေးစင်အသင်း (၁၉၅၂)မှ စ၍ပင် ဝင်ရောက်ယှဉ်ပြိုင်လာခဲ့ရာ ၁၉၅၉ ခုနှစ်တွင် မင်းပြားလက်ရွေးစင်အသင်းသည် စတင်ဗိုလ်စွဲခဲ့ပါသည်။ ၁၉၆၁-၆၂ ခုနှစ်မှစ၍ ၁၉၆၅-၆၆ခုနှစ်အထိ (၅)နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ပါသည်။

မြို့နယ်အားကစားသမားများအနေဖြင့် တိုင်းနှင့်ပြည်နယ်ဘောလုံးပွဲများတွင် ဘောလုံးသမားများ ကိုယ်စား ပြု ရွေးချယ်ခံခဲ့ရပါသည်။

(၁) မောင်စောလှ (၁၉၅၃-၁၉၅၄)

(၂) သိန်းချေ (၁၉၆၃-၁၉၆၄-၁၉၆၆)
၁၉၆၆ ခုနှစ် အောက်မြန်မာပြည်လက်ရွေးစင်
၁၉၆၉ ခုနှစ် ရန်ကုန်စည်ပင်သာယာရေး ပထမတန်းဘောလုံးအသင်း

(၃) စိုင်းမြင့်အောင် (၁၉၇၅-၁၉၇၆)
၁၉၇၆ ခုနှစ် တိုင်းနှင့်ပြည်နယ် ဘောလုံးလူရည်ချွန်(၃၃)ဦးတွင် ပါဝင်သည်။

(၄) မောင်ရွှေသာ (၁၉၇၆ ခုနှစ်)

(၅) စောလှမောင် (၁၉၇၉-၁၉၈၀)

မြို့နယ်ဘောလုံးသင်တန်းသား နည်းပြအနေဖြင့် ၁၉၆၆ ခုနှစ် နိုင်ငံခြား ရုရှားနည်းပြဆရာ၊ ဗိုဂင်ကော့နှင့် မြန်မာလက်ရွေးစင်နည်းပြဆရာ ဦးစောလက်ရီဒွေးတို့ ဦးဆောင်ဖွင့်လှစ်သော သင်တန်းသို့ မင်းပြားမြို့နယ်မှ ဦးသိန်းချေ တက်ရောက်ခဲ့ပြီး၊ ၁၉၇၉ ခုနှစ် မြန်မာ့လက်ရွေးစင် ဦးမောင်မောင်တင်နှင့် ပြည်နယ်အား/ကာမှ ဦးစီးဖွင့်လှစ်သော ဘောလုံးနည်းပြသင်တန်းသို့ ဦးအောင်စံသာနှင့် ဦးလှသိန်းတို့ တက်ရောက်ခဲ့ကြပါသည်။

၁၉၆၆ ခုနှစ် ရန်ကုန်ဒိုင်လူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးဘသိန်းဖွင့်လှစ်ခဲ့သည့် ဒိုင်သင်တန်းသို့ မင်းပြားမြို့နယ်မှ

ဦးသိန်းချေတက်ရောက်ခဲ့ပြီး၊ ၁၉၇၈ ခုနှစ် ဦးတင်နု(သံတွဲ)။ ၁၉၈၁ ခု ဩဂုတ်လ(၂၆)ရက်နေ့မှ ရန်ကုန်မြို့ ဒိုင်လူကြီး၀ အဖွဲ့ဝင် ဦးတင်အောင်(အာရှလက်ရွေးစင်ဂိုးသမား)ဦးဆောင်ဖွင့်လှစ်သည့် သင်တန်းသို့ ဦးမောင်ညီပုနှင့် ဦးမောင်နုချေ တို့ တက်ရောက်ခဲ့ကြပါသည်။

အားကစားပြိုင်ပွဲများကို ယခင်ခရိုင်လိုက် ကျင်းပခဲ့ပြီး ၁၉၇၄ ခုနှစ်မှစတင်၍ ဇုံနယ်လိုက်သတ်မှတ်ယှဉ်ပြိုင် ခဲ့ပါသည်။ မင်းပြားမြို့နယ်သည် မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်စသည့်မြို့နယ်များ အပါအဝင် ဇုံ(၂)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရပါသည်။ ပုံ(၂)အားကစားပြိုင်ပွဲကို မြို့နယ်(၄)မြို့နယ်တွင် အလှည့်ကျယှဉ်ပြိုင်လာခဲ့ရာ (၁၉၇၇)ခုနှစ် တွင် မင်းပြားမြို့နယ်မှာ စည်ကားသိုက်မြိုက်စွာ လက်ခံကျင်းပနိုင်ခဲ့ပါသည်။ တဖန် ၁၉၈၁ ခုနှစ်မှစ၍ မင်းပြားမြို့နယ် ဇုံ(၂)အတွင်း၊ မင်းပြား၊ မြေပုံ၊ ပေါက်တောမြို့နယ်များပါဝင်သော ဇုံ(၅)၌ ပါဝင်ယှဉ်ပြိုင်ရန် အစီအစဉ်ရှိခဲ့ပါသည်။

ဇုံ (၅)ဘောလုံးပြိုင်ပွဲကို မင်းပြားမြို့နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လိုအပ်မည့် ဆပ်ကော်မတီ တစ်ရပ်ကို ဖွဲ့စည်း၍ တက်ကြွစွာ လှုပ်ရှားလျှက်ရှိကြပါသည်။

အခြားအားကစားအနေဖြင့် မင်းပြားမြို့နယ်မှ ဦးအောင်ကျော်သိန်းနှင့် ဦးမောင်ကျော်ထွန်း၊ ဦးကျော်မင်းတို့ သည်၊ ၁၉၇၃ ခုနှစ်၊ ၁၉၇၅ ခုနှစ်များတွင် မြို့နယ်အလိုက် "စစ်တုရင်"ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၇၅- ခုနှစ်တွင် အဖွဲ့လိုက်ဒိုင်းဆုနှင့် တစ်ဦးချင်း "ပထမဆု"ကို ဦးအောင်ကျော်သိန်းက ချီးမြှင့်ခြင်းခံခဲ့ရပြီး ရခိုင်ပြည်နယ် စစ်ဘုရင်အားကစားသမားအဖြစ် ရန်ကုန်မြို့သို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရပါသည်။

၁၉၇၉ ခုနှစ် မြို့နယ်ပေါင်းစုံ ပြေးခုံပစ်ပြိုင်ပွဲတွင် မင်းပြားမြို့နယ်မှ ပြေးခုံပစ်အားကစားသမား မရွှေခိုင်ညွန့် သည် မီတာ(၄၀၀)လက်ဆင့်ကမ်း အပြေးသမားအဖြစ် တိုင်းနှင့်ပြည်နယ်ပြေးခုန်ပစ် ပြိုင်ပွဲကို ကိုယ်စားပြု ရွေးချယ်ခြင်း ခံခဲ့ရပါသည်။ ၁၉၇၇ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ မြင့်သိန်းသည် လိုက်(ဖ)ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် "ပထမဆု" ရရှိခဲ့ပြီး တိုင်းနှင့်ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရပါသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ဦးဆောင်မှုဖြင့် ဒီဇင်ဘာလကို အားကစားလအဖြစ် သတ်မှတ်ခဲ့ပြီးနောက် နှစ်စဉ်နှစ်တိုင်း လုပ်သားပြည်သူတစ်ရပ်လုံး ပါဝင်သော လူထုလှုပ်ရှားမှုအသွင် ပြုလုပ်ခဲ့ကြပါသည်။

## လူထုပညာပေးလုပ်ငန်း

၁၉၆၀ ခု မေလတွင် ပြည်သူ့စာကြည့်တိုက်ကို စတင်ဖွင့်လှစ်ခဲ့သည်။ အချို့ရပ်ကွက်များ၌၊ ဝါသနာပါရာ၊ ကိုယ်ထူကိုယ်ထစာကြည့်တိုက်ငယ်များလည်း အနှံ့အပြားတည်ရှိခဲ့ပါသည်။

ဥပမာ "စောပြည်ညို" အမျိုးသမီးစာကြည့်တိုက်
အထက စာကြည့်တိုက်
မြို့မ စာကြည့်တိုက်များ ဖြစ်ကြပါသည်။ ယင်းကိုယ်ထူကိုယ်ထ စာကြည့်တိုက်တွင် ဝါသနာပါလုပ်ငန်းအရ စာဖတ်အထုံရှိသည့် လုပ်သားပြည်သူများ၊ မိမိတို့၏ရင်းနှီးရာ နီးစပ်ရာစာကြည့်တိုက်တွင် ကြည့်ရှုလေ့လာကြသည်။

ပြည်နယ်မှ ထုတ်ဝေသည့် သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များအနေဖြင့် ရခိုင်တန်ဆောင်"မဂ္ဂဇင်း"အပြင် ရခိုင်ပြည်နယ်စာစောင်များကို လူထုပညာပေးလုပ်ငန်းအနေဖြင့် ဖတ်ရှုလေ့လာကြပါသည်။

## ရေဒီယိုပညာပေးလုပ်ငန်း

### ရုပ်ရှင်၊ ဇာတ်သဘင်၊ တေးသံသာအဖွဲ့များ

### လူထုဖျော်ဖြေရေးလုပ်ငန်းများ

၁၉၆၆ ခုနှစ်ခန့်တွင် ရာမောင်တေးသံတီးဝိုင်း ရှိခဲ့ပါသည်။

# စီးပွားရေး

## လယ်ယာကဏ္ဍ

## မြေယာနှင့် တောင်သူလယ်သမားများ

## မြေယာစနစ်

### (က) ပဒေသရာဇ်ခေတ်အခြေအနေ

ရှင်ဘုရင်များခေတ်က လယ်မြေအခွန်တော်ကို ကျွန်းအုပ်များထံမှ တိုက်ရိုက်ကောက်ခံပါသည်။ ကျွန်းအုပ်များက တစ်ဖန် လယ်ယာလုပ်ကိုင်နေကြသူထံမှ ကောက်ခံပါသည်။ ကောက်ခံသည့် နှုန်းထားမှာ မြေအမျိုးအစားအလိုက် ကောက်ခံခြင်းမဟုတ်ဘဲ မြေအကျယ်အဝန်းပေါ်တွင်သာ ကောက်ခံပါသည်။ ရခိုင်ရှင်ဘုရင်ခေတ်ကုန်ပြီး အင်္ဂလိပ်အုပ်ချုပ်လာသောအခါ မြေအတန်းအစား မြေအမျိုးအစားပေါ်တွင် မူတည်ကာ ပြေစာများထုတ်ပြီး မြေအမျိုးအစားအလိုက် မြေအတန်းအစားအလိုက် နှုန်းထားများ သတ်မှတ်ကာ ကောက်ခံစေပါသည်။ ထိုအချိန်က ရပ်ရွာအလိုက် သူကြီးများခန့်ထားပြီး သူကြီးများကို ကောက်ခိုင်းပါသည်။ သူကြီးများက ကောက်ခံခအတွက် ၁၀%ဖြင့် ခိုင်ကြေးငွေကို ခံစားခွင့်ရှိပါသည်။ စစ်မဖြစ်မီ အချိန်ကာလအထိ ယင်းကဲ့သို့ အခွန်တော်ကောက်ခံသည့်စနစ်ကို ကျင့်သုံးခဲ့ပါသည်။

### (ခ) စစ်ပြီးခေတ် အခြေအနေ

၁၉၄၀-၄၁ ခုနှစ် အင်္ဂလိပ်တို့ ထွက်ခွာပြီးနောက်ပိုင်း ဖဆပလအစိုးရခေတ်တွင် လယ်ပိုင်ရှင်များကို လယ်ငှါးမစားရ လယ်ခမပေးဆောင်ရဟု အမိန့်ကြော်ငြာစာထုတ်ပြီး မြေတွင် လက်ရှိလုပ်ကိုင်သူတို့အား လယ်မြေများကောင်းမွန်လာစေရန်အတွက် မြှောက်စားလာပါသည်။ လယ်မြေများကို တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် လယ်တစ်ဧကကို ၇၅/-နှုန်းထုတ်ချေးခြင်း ရှိခဲ့သည့်အတွက် လယ်ယာမြေများ အသစ်ပေါ်ထွက်လာခဲ့ပါသည်။ တောမြေဖုံးမြေများကိုမူ ထုတ်ချေးခြင်းမပြုခဲ့သော်လည်း ခုတ်ထွင်ရှင်းလင်း၍ သုံးနှစ်တိုင်တိုင် အခွန်လွတ် လုပ်ကိုင်စားသောက်ခွင့် ပြုခဲ့ပါသည်။ ယင်းသို့ဖြင့် လယ်ယာမြေများ ပေါ်ထွက်လာခဲ့ပါသည်။ အခွန်တော်ကိုမူ အစိုးရက မြေအမျိုးအစား မြေအတန်းအစားအလိုက် နှုန်းသင့်ကာ ကောက်ခံခဲ့ပါသည်။ ကောက်ခံခြင်းကို သူကြီးများမှတဆင့် ကောက်ခံပေးသွင်းစေပြီး သူကြီးများအား ၁၀%ဖြင့် ခိုင်ကြေးငွေခံစားစေပါသည်။

### (ဂ) ဆိုရှယ်လစ်ခေတ်အခြေအနေ

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာပြီး ဆိုရှယ်လစ်ခေတ်ကို ထူထောင်သောအခါ မြေယာစနစ်ကို အသစ်တဖန်ပြုလုပ်ကာ ကျင့်သုံးလာခဲ့ပါသည်။ လယ်ယာမြေများ ပိုင်ဆိုင်ခွင့်ကို ရုတ်သိမ်းလာပါသည်။ သို့ဖြင့် လယ်ယာမြေပိုင်ဆိုင်သူဟူ၍ မရှိတော့ဘဲ လယ်ယာလုပ်ကိုင်ခွင့်သာလျှင် ရှိလာခဲ့ပါသည်။ လက်ရှိလုပ်ကိုင်နေသူ လုပ်ကိုင်နိုင်သူများကိုသာ လယ်လုပ်ကိုင်ခွင့်ပေးပြီး တောင်သူလယ်သမား လူတန်းစား အဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ မြေယာကော်မတီများ ဖွဲ့စည်းခြင်းဖြင့် တောင်သူလယ်သမားများ အခွင့်အရေး ရပိုင်ခွင့်များကို ရေးဆွဲကာစနစ်တကျ ပြုလုပ်လာခဲ့ပါသည်။ တောင်သူလယ်သမားများအား ထွန်ယက်စရိတ် စိုက်ပျိုးစရိတ် ရိတ်သိမ်းစရိတ် စသည်ဖြင့် အလီလီပိုင်းခြားကာ ချေးငွေများ ထုတ်ချေးမှု ပြုလုပ်လာခဲ့ပါသည်။ ဤသို့ဖြင့် တောင်သူလယ်သမားများ စိတ်ဓာတ်တက်ကြွနိုးကြွားလာကာ လယ်ယာမြေများကို အင်တိုက်အားတိုက် ဖော်ထုတ်လုပ်ကိုင်လာခဲ့ပါသည်။ လယ်ယာမြေမြောက်များစွာ ပေါ်ထွက်လာခဲ့ကြပါသည်။ စိုက်ပျိုးသီးနှံများကိုလည်း ရေမြေသဘာဝအလျောက် သုံးသပ်ကာ စီမံကိန်း စီမံချက်များ ပြုလုပ်၍ စိုက်ပျိုးလာစေခဲ့ပါသည်။ စပါးအတွက်မူ အထွက်တိုးစပါးများဖြစ်သော မျိုးကောင်းမျိုးသန့်စပါးများအား သိပ္ပံနည်းကျ စိုက်ပျိုးလာစေခဲ့ပါသည်။ တစ်သီးစိုက်မှ နှစ်သီးစိုက်၊ သီးထပ်သီးညှပ်စိုက် စသည်ဖြင့် တိုးချဲ့လုပ်ကိုင်လာစေခဲ့သဖြင့် လယ်သမားများ ငွေကြေးချောင်လည်လာကြပါသည်။ အစိုးရမှလည်း ယခုဆိုလျှင် စိုက်ပျိုးစရိတ်ထုတ်ချေးငွေကို ရိုးရိုးစပါးအတွက် ၇၀/-နှုန်းဖြင့်လည်းကောင်း အထွက်တိုးစပါးအတွက် ၁၄၀/-နှုန်းဖြင့် ထုတ်ချေးလာခဲ့သဖြင့် လယ်သမားများ ချောင်လည်စွာ ထွန်ယက်စိုက်ပျိုးလာနိုင်ကြပြီး စပါးအထွက်တိုးကာ စိတ်ချမ်းသာမှုများ ရရှိလာခဲ့ပါသည်။

မြေခွန်တော်ကိုမူ မြေအမျိုးအစား၊ အတန်းအစားအလိုက် တွက်ချက်ကာ ပြေစာထုတ်ပြီး ရပ်ကွက်ကျေးရွာ ကောင်စီများအား တာဝန်ယူကောက်ခံစေပါသည်။ ကောက်ခံခအတွက် ၁၀%အဖြစ် ခိုင်ကြေးငွေကို ခံစားခွင့်ပြုသည်။

## မြေအသုံးချမှုအခြေအနေ

မင်းပြားမြို့နယ်အတွင်းရှိ လယ်ယာမြေများကို ရခိုင်ရှင်ဘုရင်များ လက်ထက်က စပါးစိုက်ပျိုးခြင်း၊ စားသုံးသီးပင်များ စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း စာရင်းဇယား တိကျစွာ မှတ်တမ်းတင်ထားခြင်း မရှိခဲ့ပါ။ အင်္ဂလိပ်အစိုးရအုပ်ချုပ်လာသောအခါမှသာလျှင် အိန္ဒိယပြည်မှ မြေတိုင်းပညာရှင်များကို ခေါ်ယူလျှက် စနစ်တကျ တိုင်းတာခြင်း စာရင်းမြေပုံများ ပြုစုခြင်းတို့ကို ပြုလုပ်လာခဲ့ပါသည်။ ယင်းအချိန်မှစတင်၍ မြေယာအသုံးချမှုအခြေအနေကို တိကျစွာမှတ်တမ်းတင်ကာ စာရင်းပြုစုထားလာနိုင်ခဲ့ပါသည်။ မြေယာအသုံးချမှု အခြေအနေမှာ ခေတ်အလိုက် အမျိုးမျိုးအပြောင်းအလဲများ ရှိခဲ့ပါသည်။

## (က) အင်္ဂလိပ်စိုးပိုင်ချိန်

အင်္ဂလိပ်စိုးပိုင်ချိန်အခါတွင် မြို့နယ်အတွင်းရှိ တောင်သူလယ်သမားတို့မှာ သက်မွေးဝမ်းကျောင်းအတွက် လယ်ယာမြေကို အဓိကထားပြီး လုပ်ကိုင်စားသောက်ကြပါသည်။ ၎င်းအချိန်အတွင်း လုပ်ကိုင်မှု အခြေအနေမှာ လယ်ကို ကျွဲနွားတို့ဖြင့် ထွန်ယက်ပြီး စပါးကို ကြဲပက်ကြပါသည်။ ပျိုးထောင်ပြီး စိုက်ပျိုးခြင်း အလေ့အလာမရှိသည်မှာ ၁၉၇၇စခုနှစ်တိုင်ခဲ့ပါသည်။ စိုက်ပျိုးသည့် စပါးတို့မှာလည်း စာပစီစပါး/ငါးရာဘိုစပါး ငကြိမ်သီးစပါး/ပန်းနီလာစပါး တို့ကိုသာ ဝမ်းစာထားရန်နှင့် ရောင်းချစားရန် စိုက်ပျိုးကြပါသည်။ နောက်စပါးစိုက်ပျိုးပြီး နွေရာသီအချိန်အတွင်း မိမိစားသုံးရန်အတွက် သခွား/ ဖရုံ/ ရွှေဖရုံ/ ဘူး/ကင်းစွန်း/ချဉ်ပေါင်/ကင်းစွန်းမြောက်ဦး/ကြက်သွန်/ပြောင်းဖူး/ ခရမ်း/ငရုပ်/ မုံလာ/ ပဲသုံးမျိုး လေးမျိုး မုံညှင်းစိုက်လေ့စိုက်ထ ရှိကြပါသည်။ ရေငံပိုင်းတွင် စပါးမှတပါး အခြားသီးနှံများ စိုက်ပျိုးခင်းများ လုပ်ကိုင်သော်လည်း အောင်မြင်မှုမရှိ စိုက်ပျိုးခြင်းများ မရှိကြပါ။

## (ခ) ဖဆပလစိုးပိုင်ချိန်

ဖဆပလစိုးပိုင်ချိန်အခါတွင်လည်း လယ်ယာလုပ်ကိုင်ကြသော တောင်သူလယ်သမားတို့မှာ အင်္ဂလိပ်စိုးပိုင်ချိန် အခါတွင် စိုက်ပျိုးလုပ်ကိုင်သော စပါးများကိုသာ ထွန်ယက်စိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်များကိုလည်း မိမိတို့ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်ကိုသာ စိုက်ပျိုးကြပါသည်။

## (ဂ) ဆိုရှယ်လစ်ခေတ်အချိန်

ဆိုရှယ်လစ်ခေတ်အချိန်တွင် လယ်ယာလုပ်ကိုင်ကြသော တောင်သူလယ်သမားတို့မှာ သိပ္ပံနည်းကျကျ ပျိုးထောင်ပြီး ပျိုးစိုက်ကြပါသည်။ စပါးစိုက်ပျိုးသည့် စပါးအမျိုးအစားမှာ အထက်ချိန်အခါက စိုက်ပျိုးသော စပါးများကို ပယ်၍ ယခုရွှေဝါထွန်း/စီ ၄-၆၃/စိန်တလေး/ရာကျော်/ရွှေတဆုပ်/ဖိုးကော်ကြီး/ ဆင်သီရိ/ စပါးများကို ပျိုးထောင်ပြီး စိုက်ပျိုးကြပါသည်။ ဆောင်းသီးနှံများတို့မှာလည်း အမျိုးပေါင်းမြောက်များစွာ စိုက်ပျိုးလျှက်ရှိကြပါသည်။ သို့သော်လည်း အခြားနယ်များသို့ ရောင်းချနိုင်အောင် မရှိပါ င/ရုပ်သီးနှံတစ်ခုတည်းသာ ဤမြို့နယ်မှ တခြားနယ်မြေသို့ ရောင်းချနိုင်ကြောင်း တင်ပြပါသည်။

ယခုလက်ရှိအခြေအနေတွင် မင်းပြားမြို့နယ်၌ စပါးသီးနှံကို အဓိကထားပြီး မြို့နယ်လုံးကျွတ် စပါးအထူး အထွက်တိုးလုပ်ငန်းကို လုပ်ကိုင်လျှက်ရှိပါသည်။

**မြေယာအသုံးချမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

| စဉ် | | အကြောင်းအရာ | အသားတင်စိုက်ဧက | လုပ်မြေဧရိယာ |
|---|---|---|---|---|
| ၁ | | စိုက်ပျိုးဧရိယာ | | |
| | က | လယ်မြေဧရိယာ | ၆၆၇၄၂ | ၂၁၈၅၄ |
| | ခ | ယာမြေဧရိယာ | ၈၂၆ | ၁၁၇ |
| | ဂ | ဥယျာဉ် | ၇၈၆ | ၅၁၅ |
| | ဃ | ဓနိ | ၁၂၆၁ | ၄၂၆ |
| | | | ၆၉၆၁၅ | ၂၂၉၁၂ |
| ၂ | | သီးသန့်သစ်တောကြိုးဝိုင်း | ၈၄၃၉ | |
| ၃ | | သီးသန့်မဟုတ်သောသစ်တော | ၃၀၂၄၀၀ | |
| ၄ | | စိုက်ပျိုးနိုင်သောမြေရိုင်း | ၁၃၇၄၂ | |
| ၅ | | စားကျက်ဧရိယာ | ၁၃၇၁၅ | |
| ၆ | | လမ်းမြေ | ၂၄၀ | |
| ၇ | | ဆည်မြောင်း | ၇၃၉ | |
| ၈ | | မြစ်ချောင်းရေအောက် | ၁၇၂၅၅ | |
| ၉ | | စက်ရုံမြေ | ၁၀ | |
| ၁၀ | | ရွာမြေ | ၂၁၈၂ | |
| ၁၁ | | သာသနာသုသာန်အဆောက်အဦး | ၁၈၅ | |
| ၁၂ | | အမျိုးအစားခွဲခြားခြင်းမပြုနိုင်မြေ | ၄၀၅၁၈၂ | |
| | | စုစုပေါင်းဧက | ၈၅၆၆၁၆ | |

## အရေးကြီးသောသီးနှံများ၏ စိုက်ပျိုးမှုအခြေအနေ

ဒုတိယကမ္ဘာစစ်မတိုင်မီကစ၍ မင်းပြားမြို့နယ်အနေဖြင့် စပါးသည် အဓိက အရေးကြီးဆုံးသီးနှံဖြစ်သည့်အပြင် စိုက်ဧရိယာအနေဖြင့်လည်း အများဆုံးဖြစ်ပါသည်။ စပါးအပြင်၊ ငရုပ်၊ မုံညင်း၊ မြေပဲ၊ အာလူးနှင့် ပဲအမျိုးမျိုးလည်း အနည်းငယ်စီ စိုက်ပျိုးကြပါသည်။

### စပါး

စပါးသည် မြို့နယ်၏အရေးအကြီးဆုံးနှင့် စိုက်ဧရိယာဧက အများဆုံးစိုက်ပျိုးသီးနှံဖြစ်ပြီး မြို့နယ်စိုက် ဧရိယာဧကအားလုံး၏ (၉၃. ၅%)ခန့်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက မြို့နယ်၏စပါးစိုက်ဧရိယာဧကမှာ ရှစ်သောင်းနှစ်ထောင်ကျော်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် ခြောက်သောင်းခြောက်ထောင်ကျော် ရှိပါသည်။

မြို့နယ်အတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် စစ်ပြီးခေတ် ဤမှာဖက်အထိ မြို့နယ်အတွင်း စားသုံးရန် ပြည့်စုံလုံလောက်သည်သာမက အခြားသို့ပါ တင်ပို့ရောင်းချနိုင်သည့် အခြေအနေရှိပါသည်။ မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော လူဦးရေအားလုံး၏ အဓိကမှီခိုအားထားရသည့် သီးနှံဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကဆိုလျှင် စပါးသီးနှံတစ်ခုတည်းကို အဓိကထား စိုက်ပျိုးခဲ့ကြရာ မိုးလေဝသနှင့်

ရာသီဥတုကောင်းမွန်၍ စပါးအထွက်များသော နှစ်များတွင် တောင်သူလယ်သမားများအားလုံး စားဝတ်နေရေးနှင့် အခြားလူမှုရေးလိုအပ်ချက်များ ပြည့်စုံဖူလုံ၍ သာယာအေးချမ်းကြသလို မြို့နယ်ရှိ အခြားလူတန်းစားများအနေဖြင့်လည်း ဆန်စပါးကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်ရသဖြင့် စားသောက်နေထိုင်ရေး အဆင်ပြေကြပါသည်။ အကယ်၍မိုးလေဝသနှင့် ရာသီဥတု ပိုးမွှားရောဂါစသည်တို့ ဖောက်ပြန်ဖျက်ဆီးကျရောက်၍ စပါးအထွက်အကြီးအကျယ် ကျဆင်းခဲ့သည့်နှစ်များတွင်ကား တောင်သူလယ်သမားများနှင့် မြို့နယ်လူထုတစ်ရပ်လုံးမှာ ကြွေးတင်မြီကျဖြစ်ပြီး စားဝတ်နေရေးအခက်အခဲများနှင့် ထိပ်တိုက်တွေ့ခဲ့ကြရပေသည်။ ဤသည်မှာ မြို့နယ်လူထုတစ်ရပ်လုံးအတွက် ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည် မည်မျှအရေးပါအရာရောက်ကြောင်း သိသာထင်ရှားပေသည်။

မြို့နယ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို နှစ်အလိုက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| ခုနှစ် | စိုက်ဧက | အောင်ဧက | အထွက်နှုန်း | အထွက်တင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁၉၃၇-၃၈ | - | - | - | - | ၁၉၃၇-၃၈နှင့် ၁၉၄၅-၄၆ ခုနှစ် များအတွက် စာရင်းဇယားများမရှိပါ။ |
| ၁၉၆၂-၆၃ | ၆၅၆၃၇ | ၆၅၆၃၇ | - | - | |
| ၁၉၆၃-၆၄ | ၇၁၆၉၀ | ၇၁၆၉၀ | - | - | |
| ၁၉၆၄-၆၅ | ၆၆၂၀၈ | ၆၅၅၇၁ | ၃၅.၃၈ | ၂၃၁၉၇၂၇ | |
| ၁၉၆၅-၆၆ | ၆၅၂၀၈ | ၆၅၁၅၅ | ၃၆.၂၂ | ၂၃၅၉၆၁၈ | |
| ၁၉၆၆-၆၇ | ၆၅၅၁၀ | ၅၈၈၈၁ | ၃၆.၅၉ | ၁၈၀၁၂၄၀ | |
| ၁၉၆၇-၆၈ | ၆၁၆၄၅ | ၅၈၉၉၅ | ၃၃.၁၆ | ၁၉၅၆၁၀၉ | |
| ၁၉၆၈-၆၉ | ၆၁၄၄၂ | ၅၈၈၇၅ | ၃၄.၄၉ | ၂၀၃၀၇၁၅ | |
| ၁၉၆၉-၇၀ | ၆၃၅၈၇ | ၆၂၃၆၁ | ၃၄.၆၉ | ၂၀၆၃၆၁၉ | |
| ၁၉၇၀-၇၁ | ၆၃၂၅၂ | ၆၁၆၉၂ | ၃၄.၆၆ | ၂၁၃၀၂၄၆ | |
| ၁၉၇၁-၇၂ | ၆၃၅၇၃ | ၆၂၄၆၇ | ၃၄.၇၇ | ၂၁၇၂၀၀၁ | |
| ၁၉၇၂-၇၃ | ၆၃၅၆၁ | ၆၂၆၂၉ | ၃၃.၃၇ | ၂၀၈၉၂၅၉ | |
| ၁၉၇၃-၇၄ | ၆၃၆၇၄ | ၆၃၃၅၂ | ၃၅.၀၈ | ၂၂၂၂၃၃၅ | |
| ၁၉၇၄-၇၅ | ၆၄၁၈၉ | ၆၂၄၄၄ | ၃၅.၁၆ | ၂၁၉၅၁၇၈ | |
| ၁၉၇၅-၇၆ | ၆၄၂၈၄ | ၆၄၀၇၄ | ၃၅.၉ | ၂၃၀၀၂၄၇ | |
| ၁၉၇၆-၇၇ | ၆၄၂၈၆ | ၆၁၀၇၃ | ၃၅.၃၄ | ၂၁၅၈၃၂၀ | |
| ၁၉၇၇-၇၈ | ၆၄၀၃၅ | ၆၄၀၁၅ | ၃၅.၃၃ | ၂၂၆၁၅၄၉ | |
| ၁၉၇၈-၇၉ | ၆၅၆၄၂ | ၆၅၂၇၉ | ၃၇.၀၉ | ၂၄၂၂၇၅၈ | |
| ၁၉၇၉-၈၀ | ၆၆၁၈၈ | ၆၅၆၈၈ | ၄၂.၀၇ | ၂၇၆၃၂၃၁ | |
| ၁၉၈၀-၈၁ | ၆၆၂၄၀ | ၆၅၇၄၀ | ၅၆.၂၁ | ၃၆၉၅၂၅၉ | မြို့နယ်လုံးကျွတ် အထူးအထွက်တိုး |
| | | | | | |
| | | | | | |

အထက်ပါ ဇယားများကို လေ့လာကြည့်ခြင်းအားဖြင့် မင်းပြားမြို့နယ်၏နှစ်အလိုက် စပါးစိုက်ဧရိယာဧကမှာ တစ်နှစ်နှင့်တစ်နှစ် များစွာခြားနားမှု မရှိပါ။ ၁၉၆၈-၆၉ ခုနှစ်ရခိုင်ပြည်နယ်လေမုန်တိုင်းကြီးကြောင့် ကာရိတာတမံများ ကျိုးပေါက်ပျက်စီးခြင်း၊ လယ်မြေများ ဆားငံရည်လွှမ်းမိုးခြင်း၊ ကျွဲနွားနှင့် ပျိုးစပါးများ သေကျေပျက်စီးခြင်းများကြောင့် စိုက်ဧရိယာဧက အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ရပြီး တဖြည်းဖြည်းပြန်လည်ပြုပြင်၍ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပါသည်။

စပါးတစ်ဧကအထွက်နှုန်းများမှာလည်း (၃၃. ၃၅)တင်း ပတ်ဝန်းကျင်တွင် ရှိနေခဲ့ပြီး အထူးအထွက်တိုးဧကတထောင်ဆောင်ရွက်သည့် ၁၉၇၈-၇၉ခုနှစ်မှ စပြီး တစ်မြို့နယ်လုံး အထူးအထွက်တိုးကို လုပ်ကိုင်ဆောင်ရွက်သည့်နှစ်အထိ (၃၇. ၅၆)တင်းထိ တဖြည်းဖြည်းတိုးတက်ရရှိလာခဲ့ပါသည်။

## ငရုပ်

ငရုပ်သည် မြို့နယ်အတွင်း စပါးပြီးလျှင် အသင့်အတင့်ဝင်ငွေကောင်းသော စိုက်ပျိုးသီးနှံတစ်ခု ဖြစ်ပါသည်။ လွန်ခဲ့သော ၁၅-၂၀နှစ်လောက်မှစ၍ ငရုပ်ကို တစ်နှစ်တစ်နှစ် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ ငရုပ်ကို မင်းပြားမြို့နယ်အတွင်း ယခုကဲ့သို့ စီးပွားဖြစ် အများအပြားစိုက်ပျိုးကြခြင်း မရှိကြသေးပါ။ မိမိတို့အိမ်တွင်း စားသုံးရန်မျှ ၁၀%ခန့်သော တောင်သူများက အနည်းငယ်စီသာ စိုက်ပျိုးမှု ရှိကြပါသည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်နောက်ပိုင်းတွင် ငရုပ်ကို တဖြည်းဖြည်း အနည်းငယ်စီတိုးချဲ့စိုက်ပျိုးလာခဲ့ကြပါသည်။ ငရုပ်တစ်ဧကစိုက်ပျိုးကုန်ကျစရိတ် ကြီးမြင့်သော်လည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်မှု ဝင်ငွေကောင်းမှုတို့ကြောင့် တစ်နှစ်ထက်တစ်နှစ်ပိုမို တိုးချဲ့စိုက်ပျိုးလာခဲ့ကြရာ စိုက်ဧရိယာမှာလည်း ၁၉၈၀-၈၁ ခုနှစ်တွင် ဧကတစ်ထောင့်သုံးရာကျော်အထိ ရှိလာခဲ့ပါသည်။

၁၉၈၀-၈၁ခုနှစ် ငရုပ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ ထောင့်သုံးရာငါးဆယ်ဧက စိုက်ပျိုးခဲ့ပြီး ထောင့်သုံးရာလေးဆယ် ဧက အောင်မြင်ပြီး တဧကလျှင် (အခြောက်) တစ်ရာရှစ်ဆယ်ဧကနှုန်းဖြင့် အခြောက်အတွက် ပိဿာပေါင်း (၂၄၁၂၈၀)ထုတ်လုပ်ခဲ့ပါသည်။

ငရုပ်သီးနှံသည် မြို့နယ်အတွင်း စားသုံးရန် လုံလောက်သည်သာမက တစ်ခြားမြို့နယ်များသို့လည်း နှစ်စဉ်တင်ပို့ရောင်းချနိုင်သည့် အခြေအနေတွင် ရှိပါသည်။ ငရုပ်ကို မြို့နယ်အတွင်းရှိ ကိုင်းကျွန်းမြေများတွင် အများအပြား စိုက်ပျိုးကြပြီး စပါးရိတ်သိမ်းပြီးနောက် လယ်မြေများတွင် သီးထပ်အဖြစ်လည်း စိုက်ပျိုးကြပါသည်။ မြို့နယ်ဝင်ငွေ အသင့်အတင့်ရရှိသော သီးနှံတစ်ခုဖြစ်ပါသည်။

## မုံညင်း

မင်းပြားမြို့နယ်အတွက် စားသုံးရန်လိုအပ်သောဆီကို အသင့်အတင့် အထောက်အကူပြုသော သီးနှံတစ်ခု ဖြစ်ပါသည်။ မင်းပြားမြို့နယ်၏မြေပဲအပြင် တစ်ခုတည်းသော ဆီထွက်သီးနှံလည်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ မြို့နယ်အတွင်း မုံညင်းစိုက်ပျိုးမှုမှာ ပြောပလောက်အောင် မရှိခဲ့ပါ။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနောက်ပိုင်းတွင် တစ်စတစ်စ အနည်းငယ်စီ တိုးချဲ့စိုက်ပျိုးလာခဲ့ကြပါသည်။ မုံညင်းစိုက်ပျိုးရန်အတွက် ထယ်ရေးထွန်ရေး လွယ်ကူသက်သာခြင်း တစ်ဧကစိုက်ပျိုးကုန်ကျစရိတ်နည်းပါးခြင်း စားသုံးရန် ဆီမလောက်ငခြင်း၊ ဆီဈေးကြီးမြင့်လာခြင်း စသည်တို့ကြောင့် မုံညင်းကို တောင်သူများ ပိုမိုအလေးထား စိုက်ပျိုးလာခဲ့ကြပါသည်။

မြို့နယ်အတွင်း ယခုလက်ရှိ မုံညင်းစိုက်ဧရိယာဧကနှင့် ထွက်ရှိသည့်ဆီမှာ မြို့နယ်အတွင်း စားသုံးရန်မလုံလောက်သေးပါ။ မြို့နယ်မှထွက်ရှိသမျှ မုံညင်းစေ့များကို ဆီအဖြစ် အနည်းငယ်သာ ကြိတ်ခွဲရောင်းချ စားသုံးကြပါသည်။ မုံညင်းစေ့အဖြစ်နှင့်ပင် အခြားမြို့နယ်များသို့ ရောင်းချကြပါသည်။

ဆီထွက်သီးနှံဖြစ်သည့် မုံညင်းကို စားသုံးဆီ ဖူလုံရန်အလို့ငှာ သက်ဆိုင်ရာတို့မှ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။ ၁၉၈၀-၈၁ ခုနှစ် မင်းပြားမြို့နယ် မုံညင်းစိုက်ပျိုးမှု အခြေအနေမှာ (၁၃၈၈) ဧက စိုက်ပျိုးခဲ့ပြီး မုံညင်းစေ့တင်းပေါင်း (၉၅၄၃)ထွက်ရှိခဲ့ပါသည်။

## မြေပဲ

ဒုတိယကမ္ဘာစစ်မတိုင်မီက မြေပဲကို မင်းပြားမြို့နယ်အတွင်း စိုက်ပျိုးမှုမရှိသေးပါ။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ၁၉၅၄-၅၅ ခုနှစ်တွင်မှ မြေပဲကို စမ်းသပ်စိုက်ပျိုးရန် မြို့နယ်အတွင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ မျိုးမှာ စိုက်ပျိုးရေးဌာနခွဲမှ ထုတ်လုပ်သည့် မျိုးသန့်သိပ္ပံ ၁၂၁ ပင်ထောင်မြေပဲ ဖြစ်ပါသည်။ ယင်းနှစ်တွင်ပင် စိုက်ပျိုးရေးဌာနခွဲမှ တောင်သူလယ်သမားများသို့ မြေပဲစိုက်ပျိုးပညာပေး စည်းရုံးဆောင်ရွက်ပြီး ၅ဧကခန့် စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။

မြေပဲစိုက်ပျိုးမှုအခြေအနေကောင်းမွန်သော်လည်း တောင်သူများ စိတ်ပါဝင်စားမှု မရှိခဲ့သေးပါ။ ၁၉၅၄-၅၅ ခု နောက်ပိုင်းမှစ၍ သက်ဆိုင်ရာမှ မြေပဲကို တိုးချဲ့စိုက်ပျိုးရန် အစဉ်တစိုက် စည်းရုံးဆောင်ရွက်လာခဲ့ရာ

၁၉၆၅-၆၆ ခုနှစ်လောက်တွင် မြို့နယ်အတွင်း မြေပဲစိုက်ဧရိယာဧကမှာ (၃၀)ခန့် ရှိလာပါသည်။

မင်းပြားမြို့နယ်အတွင်း မြေပဲကို အထူးသဖြင့် မြေနုကျွန်းပေါ်များတွင် စိုက်ပျိုးလေ့ရှိကြပါသည်။ သက်ဆိုင်ရာမှ စည်းရုံးဆောင်ရွက်မှုကြောင့် လယ်မြေ/ကိုင်းမြေများတွင်လည်း တဖြည်းဖြည်းတိုးချဲ့စိုက်ပျိုးလာခဲ့ကြပါသည်။ ၁၉၈၀-၈၁ ခုနှစ် ဆောင်းရာသီတွင် မြေပဲစိုက်ပျိုးမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စိုက် | အောင် | နှုန်း | ထွက်(တင်း) |
|---|---|---|---|
| ၂၀၀ | ၁၉၅ | ၃၉.၂၀ | ၇၆၄၄ |

လက်ရှိမြေပဲစိုက် ဧရိယာဧကနှင့် ထုတ်လုပ်မှုအတိုင်းအတာအရ မြို့နယ်အတွင်း စားသုံးရန် မလုံလောက်သေးပါ။ စားသုံးဆီဖူလုံရေးအတွက် မြို့နယ်အတွင်း မြေပဲကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်သေးကြောင်း တွေ့ရှိရပါသည်။

## အာလူး

မီးဖိုချောင်းစားသုံးသီးနှံတစ်ခုဖြစ်သည့် အာလူးကို မင်းပြားမြို့နယ်အတွင်း ကြီးမားကျယ်ပြန့်စွာ စိုက်ပျိုးခြင်းမရှိပါ။ ဒုတိယကမ္ဘာစစ်မတိုင်မီက အာလူးကို မင်းပြားမြို့နယ်အတွင်း စိုက်ပျိုးကြခြင်းမရှိသေးပါ။ ကမ္ဘာစစ်နောက်ပိုင်း ၁၉၄၉-၅၀နှစ်လောက်တွင်မှ အာလူးကို မိမိတို့အိမ်တွင်း စားသုံးရန်မျှ အနည်းငယ်စီစိုက်ပျိုးခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ၁၉၆၀-ခုနှစ် နောက်ပိုင်းမှစ၍ အာလူးကို တဖြည်းဖြည်းတိုးချဲ့ စိုက်ပျိုးလာခဲ့ကြပါသည်။ သို့သော်လည်း အလွန်ကြီးကြီးမားမား စိုက်ပျိုးလာခဲ့ခြင်းကား မရှိသေးပါ။ မင်းပြားမြို့နယ်၏ လက်ရှိအာလူး စိုက်ဧကနှင့် ထုတ်လုပ်မှုမှာလည်း မင်းပြားမြို့နယ်အတွင်း ဖူလုံစွာ စားသုံးရန် မလုံလောက်သေးပါ။

၁၉၈၀-၈၁ ခုနှစ် ဆောင်းရာသီတါင် မင်းပြားမြို့၏ အာလူးစိုက်ပျိုးမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စိုက်ဧက | အောင်ဧက | အထွက်နှုန်း | အထွက်(ပိဿာ) |
|---|---|---|---|
| ၁၂၀ | ၁၁၈ | ၉၂၀ | ၁၀၈၅၆၀ |

## ကြံ

မင်းပြားမြို့နယ်အတွင်း ကြံစိုက်ပျိုးမှုဧရိယာမှာ အနည်းငယ်မျှသာ ရှိပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက မင်းပြားမြို့နယ်အတွင်း ကြံကို စီးပွားဖြစ် စိုက်ပျိုးကြမှု မရှိသေးပါ။ အိမ်တွင်းစားသုံးရုံ အနည်းငယ်မျှ စိုက်ပျိုးကြပါသည်။ ယခုအချိန်တိုင်အောင်ထိပင် ရာခိုင်နှုန်းအနည်းငယ်မျှသော တောင်သူများက ဧကဝက်/တဧက လောက်သာ စီးပွားသဘောအဖြစ် စိုက်ပျိုးထုတ်လုပ်ရောင်းချကြပါသည်။ သရေစာအဖြစ် စားသုံးရန်အဆင့်သာ စိုက်ပျိုးထုတ်လုပ်ကြခြင်း ဖြစ်ပါသည်။

## ပဲအမျိုးမျိုး

ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် စစ်ပြီးနောက်ပိုင်းတွင်လည်း အိမ်တွင်းစားသုံးရုံ အနည်းငယ်မျှ စိုက်ပျိုးကြပါသည်။ စီးပွားအဖြစ် အောင်မြင်စွာ တိုးချဲ့စိုက်ပျိုးကြခြင်းမရှိသေးပါ။ စိုက်ပျိုးသည့် ပဲများမှာ မတ်ပဲ/ဘိုကိတ်ပဲနှင့် ပဲကြီးတို့ ဖြစ်ကြပါသည်။ ၁၉၈၀-၈၁ ခုနှစ် မင်းပြားမြို့နယ် ပဲအမျိုးမျိုး(မတ်ပဲ/ဘိုကိတ်ပဲနှင့် ပဲကြီး)စိုက်ဧရိယာဧကမှာ (၃၀)ခန့်ဖြစ်ပါသည်။

၁၉၈၀-၈၁ ခုနှစ် ကုလားပဲ တိုးချဲ့စိုက်ပျိုးရေးအစီအစဉ်အရ မင်းပြားမြို့နယ်အတွင်း ဧက(၈၀)ခန့်ကို တိုးချဲ့စိုက်ပျိုးခဲ့ကြပါသည်။ ထုတ်လုပ်မှုနှင့် ဝင်ငွေအမျိုးအစားအခြေအနေအရ ယခုအချိန်တွင် တောင်သူများ စိတ်ပါဝင်စားမှုအားနည်းကြပါသေးသည်။

## တောင်သူလယ်သမားများ အခြေအနေ

ဒုတိယကမ္ဘာစစ်မတိုင်မှီက မင်းပြားမြို့နယ်တွင် တောင်သူဦးရေမှာ (၈၅၀၀)ခန့်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅ နှင့် ၁၉၅၀ ခုနှစ် ပတ်ဝန်းကျင်လောက်တွင် (၁၀၀၀၀)ခန့် ရှိပါသည်။ မြို့နယ်အတွင်း လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာသည်နှင့်အညီ တောင်သူလယ်သမားဦးရေမှာလည်း ယခုမျက်မှောက်အချိန်တွင် (၁၁၅၄၉)အထိ ရှိလာပါသည်။

မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ကိုင်နိုင်မှုရရှိမှု အခြေအနေမှာလည်း သင့်တင့်သောအနေအထားတွင် ရှိပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက မြို့နယ်အတွင်း သီးနှံစိုက်ဧရိယာဧကမှာ (၈၅၀၀၀)ခန့်ဖြစ်သောကြောင့် တောင်သူတစ်ဦးပျမ်းမျှလယ်ယာလုပ်ပိုင်ခွင့် ရရှိသောဧကမှာ (၁၀)ဧကဖြစ်ပြီး ယခုမျက်မှောက်တောင်သူတစ်ဦးပျမ်းမျှလယ်ယာလုပ်ကိုင်ခွင့် ရရှိသောဧကမှာ (၆. ၁၆)ဖြစ်ပါသည်။

မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများမှာ ယေဘူယျအားဖြင့် ရိုးဆန်ကြပါသည်။ အစဉ်အလာအားဖြင့်လည်း ရသမျှလောက်နှင့် ရောင့်ရဲတောင့်တယ်မှု ရှိကြပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ၁၉၅၈-၅၉နှစ်များတိုင်အောင်ထိ တောင်သူလယ်သမားများမှာ စပါးတစ်ခုတည်းကိုသာလျှင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြပြီး တောင်သူလယ်သမားထုတစ်ရပ်လုံး၏ တစ်ခုတည်းသော ဝင်ငွေရရှိမှုနှင့် အသက်မွေးမှုပင် ဖြစ်သည်။

၁၉၆၀-ခုနောက်ပိုင်းနှစ်များမှ အစပြု၍ တောင်သူလယ်သမားများမှာ လယ်ယာကဏ္ဍတွင် စပါးအပြင် အခြားဝင်ငွေရရှိသည့် ငရုပ်/မြေပဲ/မုံညင်းစသည့် သီးနှံများကို ထွန်ယက်စိုက်ပျိုးလာခဲ့ကြသည်။

သီးနှံထွန်းယက်စိုက်ပျိုးရာတွင် အစဉ်အလာအားဖြင့် တည်ရှိလာခဲ့သော ရှေးရိုးမိရိုးဖလာစိုက်စနစ်မှသည် ခေတ်မှီသော သိပ္ပံနည်းကျ ထွန်ယက်စနစ်များကို တဖြည်းဖြည်းယုံကြည်လက်ခံ ဆောင်ရွက်လာခဲ့ကြပါသည်။ တောင်သူလယ်သမားများအနေဖြင့်လည်း ယင်းသိပ္ပံနည်းကျ ထွန်ယက်စနစ်များကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်နှင့်အညီ လက်တွေ့တွင်လည်း သီးနှံတစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်ရရှိလာခဲ့ပါသည်။ ယေဘူယျအားဖြင့် ဆိုရလျှင် ယခုအချိန်၌ မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများမှာ သီးနှံတစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်ရရှိစေသော သိပ္ပံနည်းကျ စိုက်ပျိုးစနစ်များကို ပိုမိုအာရုံစူးစိုက်လျှက် စိတ်ပါဝင်စားမှု ရှိလာကြသည်ဟု ဆိုနိုင်ပါသည်။

မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ စီးပွားရေးအခြေအနေမှာ အဆင့်အတန်းမှီမဟုတ်သော်လည်း အလွန်နိမ့်ကျသောအနေအထားတွင် မရှိကြပါ။ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ၁၉၅၈-၅၉ ခုနှစ်အထိ တောင်သူလယ်သမားများအနေဖြင့် စပါးတစ်ခုတည်းကိုသာ ထွန်ယက်စိုက်ပျိုးလာခဲ့ကြ၍ ရရှိသည့်ဝင်ငွေမှာလည်း ယင်းသီးနှံတစ်ခုတည်းမှရရှိသည့် တစ်ခုတည်းသော ဝင်ငွေဖြစ်ပါသည်။ သို့ရာတွင် တောင်သူလယ်သမားများအနေဖြင့် ယင်းအချိန်အခါနှင့် အခြေအနေများအရ မြို့နယ်အတွင်းစားသုံးရန် လူဦးရေလည်း နည်းပါးသေးသည့်အလျှောက် စားဝတ်နေရေးတွင် သင့်တင့်ရုံအဆင်ပြေခဲ့ကြသည်သာ ဖြစ်ပါသည်။

ယခုအချိန်အခါ အခြေအနေမျိုး၌ မြို့နယ်အတွင်း လူဦးရေကလည်း တဖြည်းဖြည်းတိုးတက်များပြားလာသည်နှင့်အညီ တောင်သူလယ်သမားများမှာ အခြေအနေအရပင် စပါးတစ်ခုတည်းကိုသာ အဓိကမှီခိုအားထား၍ မရနိုင်တော့ကြောင်း သဘောပေါက် တွေ့ရှိလာခဲ့ကြပါသည်။ စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေး၊ တစ်ခြားဝင်ငွေရရှိစေမည့် သီးနှံများစိုက်ပျိုးရေး၊ တသီးမှနှစ်သီး/သုံးသီးစား သီးထပ်/သီးညပ်/စိုက်ပျိုးခြင်း စသည့်ဝင်ငွေပိုမိုရရှိစေမည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်လာခဲ့ကြပါသည်။ စီးပွားရေးစစ်တမ်း စာရင်းဇယားများ ကောက်ယူချက်အရ ယေဘူယျအားဖြင့် စပါး (၆. ၄၀ဧက) စိုက်ပျိုးသော တောင်သူတစ်ဦးအဖို့ တစ်နှစ်ပျမ်းမျှ အသားတင်အမြတ်ငွေမှာ အနည်းဆုံး (၃၀၀)ကျပ်ခန့် ရှိပေသည်။ တခြား ငရုပ်/မြေပဲ/မုံညင်းစသည့် သီးနှံများမှ ဝင်ငွေနှင့်ပါဆိုလျှင် ငွေ (၈၀၀)ကျပ်ခန့်ဖြစ်လာပေမည်။

အထက်ပါ ဝင်ငွေ (၈၀၀)ကျပ်သည် မိသားစုဦးရေ (၅)ဦးခန့်ရှိ တောင်သူမိသားစု တစ်စုအတွက် ဝမ်းစာစပါးအပြည့်အစုံရှိပါက တနှစ်စားသုံးရန်အတွက် အလျှင်မှီရုံအခြေအနေတွင် ရှိပါသည်။ ထို့ကြောင့် မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် သီးနှံတစ်ဧကအထွက်နှုန်း ပိုမိုလာသည်နှင့်အမျှ ဝင်ငွေသည် ပိုမိုရရှိစေနိုင်မည်ကို သဘောပေါက်ခံယူလာကြကာ အထွက်တိုးစိုက်ပျိုးစနစ်များကို စိတ်ပါဝင်စားစွာဖြင့် လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြသည့် အခြေအနေတွင်ရှိပါသည်။ မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် မိမိတို့လုပ်ကိုင်ရသည့် ဝင်ငွေအပေါ်တွင် မူတည်ပြီး ရိုးသားစွာနေထိုင်စားသောက်လေ့ ရှိကြပြီး မိမိတို့၏ ပတ်ဝန်းကျင် သာရေး နာရေးနှင့်

လူမှုရေးလိုအပ်ချက်များကို ဝိုင်းဝန်းကူညီကာ အစဉ်အလာအားဖြင့် အေးချမ်းစွာ နေထိုင်စားသောက် လာခဲ့ကြပါသည်။ လက်ရှိမင်းပြားမြို့နယ်အတွင်းရှိ လက်ရှိတောင်သူလယ်သမားဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| စုစုပေါင်းတောင်သူလယ်သမားဦးရေ | ၁၁၅၄၉ | - | ဦး |
| ၅ ဧကအောက် ၅၉၉၇ | | - | ဦး |
| ၅ ဧကနှင့် ၃၀ ဧကကြား | ၃၆၅၈ | - | ဦး |
| ၂၀ ဧကမှ ၅၀ ဧကအထိ | ၁၄၇ | - | ဦး |

## စားကျက်မြေများအခြေအနေ

မင်းပြားမြို့နယ်အတွင်း စားကျက်မြေ(၁၃၇၁၅)ဧကရှိပါသည်။ ကျေးရွာအလိုက် အသီးသီးသတ်မှတ်ရှိပါသည်။ ၎င်းစားကျက်မြေများကို အထက်အချိန်အခါတွင် စားကျက်ပိုင်ရှင် ရွာသားများတို့က မိမိတို့စားကျက်မည်ရွေ့ မည်မျှရှိသည်ကိုသိလိုသည့်အတွက် ပိုင်ရှင်များက စုစည်းပြီး မြေစာရင်းဌာနမှ သက်ဆိုင်ရာမြေတိုင်းစာရေးကို ခေါ်ယူကာ စားကျက်မြေကို ပြသခိုင်းပါသည်။ မြေတိုင်းစာရေးက သေချာစွာ စားကျက်မြေအမှန်ကို တစ်ကွင်းလုံးသွားလာပြီး ပြသပါသည်။ နောက်ပိုင်းတွင် ပြသသည့်နေရာများတို့ကို သံတိုင်သော်လည်းကောင်း၊ သပ်တိုင်သော်လည်းကောင်း၊ စိုက်ထူထားကြပါသည်။ နောက် သက်ဆိုင်ရာမှတဆင့် စားကျက်မြေပုံရေးကူးပြီး သူကြီးရှိသည်တွင် သူကြီးသို့လည်းကောင်း၊ မြေပုံကို အပ်ထားရှိကြပါသည်။ တစ်စုံတစ်ယောက်သူက ကျူးကျော်ဝင်ရောက်ပြီး စားကျက်မြေအတွင်း လယ်ယာလုပ်ကိုင်ခဲ့သော် ချက်ချင်းဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပြီး သက်ဆိုင်ရာမှအရေးယူဖမ်းဆီးပြီး ပြစ်ဒါဏ်ပေးလေ့ရှိသောကြောင့် ၎င်းစားကျက်မြေသည် ပကတိရှိမြဲအတိုင်း ရှိကြပါသည်။ ယခုတလအတွင်းမှ တစ်စုံတစ်ယောက်က ဝင်ရောက်လုပ်ကိုင်ခဲ့သော်လည်း တိုင်ကြားမှုမရှိဘဲ နောက်ထပ်လူများ စပါးစိုက်ထားသည့်အတွက် စားကျက်မြေပကတိအတိုင်း မရှိဘဲ ဧရိယာလျော့နည်းလာပါသည်။ တချို့လယ်သမားတို့မှာ ကျွဲနွားများကို ထိန်းကျောင်းရန် သွားသည့် စားကျက်အတွင်း စပါးပင်များရှိခြင်းကြောင့် မသွားဝန့်ဘဲ ရှိကြပါသည်။ စားကျက်တွင် ကျွဲနွားထိန်းကျောင်းရန် အခက်အခဲရှိကြသော အချို့လယ်သမားတို့မှာ မိမိတို့လယ်မြေမှ ကျွဲနွားစားရန် လယ်များကို ချန်လှပ်ထားပြီး ကျောင်းရပါသည်။ စားကျက်သည် ကျွဲနွားများ အသက်ရှင်ရန်အတွက် အလွန်တရာအရေးကြီးပါ၍ စားကျက်မြေဧရိယာလျော့နည်းဆုံးရှုံးမှု မရှိရအောင် ဆောင်ရွက်သင့်ပေသည်။

## ပန့်ပိုးမှုများ
## စိုက်ပျိုးစရိတ်ချေးငွေ

### (က) စစ်မဖြစ်မီ။

စစ်မဖြစ်မီအတွင်း စိုက်ပျိုးစရိတ်ချေးငွေကို လယ်မြေတစ်ခုတည်းအတွက်သာ ထုတ်ချေးပါ သည်။ ထုတ်ချေးပုံမှာ ကိုယ်ပိုင်လယ်လုပ်စားသူများကို ၎င်းမြေပိုင်ရှင်များက မိမိတို့လုပ်မစားဘဲ တစ်ခြားလူများ အတွက် တနှစ်လျှင် (၆. ၄၀ဧက)ကို စပါး(၂၀၀)တောင်းဖြင့် ငှါးစားရှိသူတို့အား မိမိလယ်ကို လုပ်ကိုင်ရှိသူတို့ကို မေးမြန်းပြီး ယခုနှစ်တွင် လယ်အတွက် သုံးစွဲရန်မည်မျှ ကုန်ကျမည်ကို မေးမြန်းပြီး စကားရရှိမှ လယ်ပိုင်ရှင်များက စစ်တွေမြို့တစ်ခရိုင်လုံး တာဝန်ခံသမဝါယမ မြို့အုပ်ရောက်ရှိလာသောအခါ မိမိတို့ကို အခွန်ငွေများနှင့် လိုအပ်မည့်ငွေကို လျှောက်လွှာတွင်ရေးသားပြီး လျှောက်ထားကြပါသည်။ လျှောက်ထားငွေ ရရှိသည့်အခါတွင် မိမိတို့လယ်ကို လုပ်ကိုင်သူတို့အား ခေါ်ပြီးလိုငွေကို ထုတ်ပေးလေ့ရှိကြပါသည်။ တစ်နှစ်စေ့ရောက်၍ စပါးပေါ်ပြီး ရောင်းချသည့်အချိန်တွင် လယ်ပိုင်ရှင်များအား ထုတ်ပေးငွေများကို ဖြတ်တောက်ယူပြီး အစိုးရထံတွင် အတိုးအရင်းပါ ငွေပေးအပ်ကြပါသည်။ နှစ်စဉ်နှစ်တိုင်း ငွေချေးအလေ့အလာရှိခဲ့ပါသည်။ အချို့ကိုယ်ပိုင်လယ်လုပ်သမားတို့မှာ တစ်နှစ်အတွင်း ချေးငွေအလုံးအရင်းကို မပေးဆပ်နိုင်ခဲ့သော် အတိုးပေး၍ အစိုးရကလက်ခံခဲ့ပါသည်။ နောက်အတိုးအရင်းပါ မပေးဆောင်နိုင်သောလယ်သမားတို့မှာ လယ်မြေများကို အစိုးရက သိမ်းပိုက်ထားပြီး ကျေးရွာရှိလူကြီးများအား အပ်ထားပါသည်။ ၎င်းလူကြီးသဘောနှင့် ငှါးစားနိုင်ပါသည်။ တချို့ အတိုးနှင့်အရင်းပါ ပေးဆပ်နိုင်ပါက ပြန်၍ မိမိလယ်ကို မိမိပိုင်ပါသည်။ အဆုံးခံသော လယ်မြေစာရင်းတွင် အစိုးရဟု အမည်ဖြင့် သိမ်းဆည်းထားကြောင်း တင်ပြပါသည်။

## (ခ) **စစ်ပြီးခေတ် စိုက်ပျိုးစရိတ်ထုတ်ချေးခြင်း**

စစ်ပြီးခေတ် အချိန်ကာလတွင် မင်းပြားမြို့နယ်၌ မိုးရာသီစပါးစိုက်ပျိုးစရိတ် ချေးငွေနှင့် ဆောင်းရာသီ သီးနှံစိုက်ပျိုးစရိတ်များ ထုတ်ချေးလျှက်ရှိသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးစရိတ် အမျိုးအစားအနေဖြင့် (၁) စပါးစိုက်ပျိုးစရိတ် (၂) ရိတ်သိမ်းစရိတ် (၃) စပါးဝယ်ယူရန် ကြိုတင်ပေးငွေနှင့် (၄) ကျွဲနွားဝယ်ယူနိုင်ရေးအတွက် ချေးငွေများလည်း ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

မင်းပြားမြို့နယ်အတွင်း စစ်ပြီးခေတ်၊ တော်လှန်ရေးအစိုးရတက်လာပြီးခေတ်နှင့် ယခုမျက်မှောက်ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရကာလ လက်ထက်၌ နှစ်အလိုက် စိုက်ပျိုးစရိတ် အမျိုးအစားအလိုက် ထုတ်ချေးငွေ အသီးသီးမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

| စဉ် | ချေးငွေ အမျိုးအစား | | | ချေးငွေ | ဆပ်ငွေ | | ကျန်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကြွေးဟောင်း | | | ၂၉၀၅၀၉ | ၈၁၉၉၀ | ၀၅ | ၂၀၈၅၁၈ | ၉၅ | |
| ၂ | ၆၄ | - | ဆောင်း | ၃၄၀၀ | ၂၉၉၀ | - | ၄၁၀ | | |
| ၃ | ၆၅ | - | မိုး | ၁၅၈၀၂၅ | ၇၃၄၉၃ | - | ၈၆၅၃၂ | | |
| ၄ | ၆၆ | - | မိုး | ၃၃၉၂၅ | ၉၈၁၅ | - | ၂၄၁၁၀ | | |
| ၅ | ၆၇ | - | မိုး | ၁၉၄၃၇၅ | ၄၅၂၉၁ | - | ၁၄၉၀၈၄ | | |
| ၆ | ၆၈ | - | မိုး | ၁၉၇၅၀ | ၁၉၇၅၀ | - | - | | |
| ၇ | ၆၉ | - | မိုး | ၁၉၉၀၀ | ၁၉၉၀၀ | - | - | | |
| ၈ | ၇၀ | - | မိုး | ၁၉၀၅၀ | ၁၉၀၅၀ | - | - | | |
| ၉ | ၇၁ | - | မိုး | ၂၁၉၅၀ | ၂၁၆၂၅ | - | ၃၂၅ | | |
| ၁၀ | ၇၂ | - | မိုး | ၂၁၅၂၅ | ၁၉၀၃၀ | - | ၂၄၉၅ | | |
| ၁၁ | ၇၂ | - | ရိတ်သိမ်း | ၁၁၅၀ | ၁၁၅၀ | - | - | | |
| ၁၂ | ၆၈ | - | နှစ်တို(ကျွဲ/နွား | ၂၀၁၃၅ | - | - | ၂၀၁၃၅ | | |
| | | | စုစုပေါင်း | ၈၀၃၆၉၄ | ၃၁၂၀၈၄ | ၀၅ | ၄၉၁၆၀၉ | ၉၅ | |

စိုက်ပျိုးစရိတ် ချေးငွေများကို ၁၉၆၆-၆၇ဘဏ္ဍာရေးနှစ်များအထိ စနစ်ဟောင်းအုပ်ချုပ်ရေး(မြို့ပိုင်နယ်ပိုင် ဝန်ထောက်)မှတဆင့် ထုတ်ချေးခဲ့ပြီး ၁၉၆၇-ခု ဇန်နဝါရီလ(၁)ရက်နေ့တွင် မင်းပြားမြို့၌ စိုက်ပျိုးရေးဘဏ်ဖွင့်လှစ် လာသည့်အခါ ယင်းဘဏ်မှတဆင့် ထုတ်ချေးခဲ့ပါသည်။

၁၉၇၄-၇၅ ခုနှစ်မှ ၁၉၇၇-၇၈ခု ဘဏ္ဍာရေးနှစ်အထိ မင်းပြားမြို့နယ် ကုန်သွယ်လယ်ယာမှ စပါးဝယ်ယူရန် ကြိုတင်ငွေများကို ထုတ်ချေးခဲ့သည်ဖြစ်၍ စိုက်ပျိုးရေးဘဏ်မှာ ယာယီရုတ်သိမ်းခဲ့ပါသည်။ မင်းပြားမြို့နယ် ကုန်သွယ် လယ်ယာမှ တဧက ၇ဝ/-နှုန်းဖြင့် ထုတ်ချေးခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်း ၇ဝ/-ကျပ်မှာ စိုက်ပျိုးစရိတ်အဖြစ် ၃၅/-ဖြစ်၍ ရိတ်သိမ်းစရိတ်အဖြစ် ၃၅/-ဖြစ်ကြောင်း သိရှိရပါသည်။

မင်းပြားမြို့နယ် ကုန်သွယ်လယ်ယာမှ နှစ်အလိုက် ကြိုတင်ထုတ်ချေးငွေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ခုနှစ် | | | ချေးငွေပေါင်း | | | ကျန်ငွေပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၉၇၄ | - | ၇၅ | ၁၀၉၁၇၀၁ | - | ၇၀ | ၁၀၇၂၈၄ | - | ၅၇ | |
| ၂ | ၁၉၇၅ | - | ၇၆ | ၂၃၀၀၉၄၃ | - | ၀၀ | ၂၇၃၅၆၃ | - | ၅၆ | |
| ၃ | ၁၉၇၆ | - | ၇၇ | ၃၄၂၄၁၅၇ | - | ၄၅ | ၂၄၅၂၁၆ | - | ၉၅ | |
| ၄ | ၁၉၇၇ | - | ၇၈ | ၃၂၄၇၀၅၀ | - | ၀၀ | ၅၂၆၆၁၀ | - | ၇၀ | |

၁၉၇၈-၇၉ ခုနှစ်မှစ၍ စိုက်ပျိုးစရိတ် ချေးငွေများကို မင်းပြားမြို့နယ် စီးပွားရေးဘဏ်၌ စိုက်ပျိုးရေးဘဏ် ကိုယ်စားလှယ်ဌာနတစ်ခု ဖွင့်လှစ်ကာ ချေးငွေများကို ငွေချေးအဖွဲ့များဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ဘဏ်ကော်မတီ များမှတဆင့် တောင်သူလယ်သမားများသို့ ထုတ်ချေးခဲ့သည်ဖြစ်၍ ကုန်သွယ်လယ်ယာမှ စပါးကြိုတင်ဝယ်ယူရန် ထုတ်ချေးငွေစနစ်ကို ရပ်တန့်ခဲ့ပါကြောင်း တွေ့ရှိရပါသည်။

ကုန်သွယ်လယ်ယာမှ ကြွေးကျန်များကိုလည်း စိုက်ပျိုးရေးဘဏ်ခွဲဌာနသို့ လွှဲပြောင်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။

မင်းပြားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်(စိုက်ပျိုးရေးဘဏ်ခွဲဌာန)မှ နှစ်အလိုက်ထုတ်ချေးငွေများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| စဉ် | ချေးငွေအမျိုးအစား | | | | ချေးငွေ | ဆပ်ငွေ | ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၁၉၇၈ | - | မိုး | (စပါး) | ၃၆၂၃၁၃၀ | ၃၇၂၈၆၇၈ | ၁၉၄၄၄၃ | |
| ၂ | ၁၉၇၉ | - | မိုး | (စပါး) | ၃၉၅၉၇၀၀ | ၃၈၄၆၆၀၃ | ၁၁၃၀၉၇ | |
| ၃ | ၁၉၈၀ | - | မိုး | (စပါး) | ၃၇၀၁၃၀၀ | ၃၆၈၁၂၁၈ | ၂၀၀၈၂ | |
| ၄ | ၁၉၈၁ | - | မိုး | (စပါး) | ၆၃၃၃၆၅၀ | - | - | |

၁၉၈၀-၈၁ခုနှစ်အထိ စိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ၇၀ိ/-နှုန်းဖြင့် ထုတ်ချေးခဲ့ပြီး ၁၉၈၁-၈၂ ခုနှစ်မှစ၍ အထူးအထွက်တိုး စိုက်ဧကများအတွက် တစ်ဧက ၁၄၀ိ/-ကျပ်နှုန်းဖြင့်သော်လည်းကောင်း၊ ရိုးရိုးစပါးစိုက်ခ များအတွက် တစ်ဧကလျှင် ၇၀ိ/-နှုန်းဖြင့်သော်လည်းကောင်း၊ တစ်ချိန်တည်း တစ်ကြိမ်တည်း ထုတ်ချေးသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးစရိတ် ထုတ်ချေးချိန်မှာ မေလဆန်း(၁)ရက်နေ့မှ ဩဂုတ်လ (၃၁)ရက်နေ့ထိ ဖြစ်ပြီး ပြန်လည်ကောက်ခံ ရမည့်အချိန်မှာ စပါးရောင်းချိန်ကာလဖြစ်သော နိုဝင်ဘာလ(၁)ရက်နေ့မှ ဧပြီလ(၁၅)ရက်နေ့ထိ ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။

## (ဂ) ခိုင်းကျွဲ၊ နွားများနှင့် လယ်လုပ်ကရိယာများ

လယ်ယာကဏ္ဍတွင် သီးနှံစိုက်ပျိုးရေးကို ဆောင်ရွက်လုပ်ကိုင်ရာ၌ စက်မှုမထွန်းကားသေးသည့် အခြေအနေ တွင် ခိုင်ကျွဲနွားသည် အဓိကအရေးကြီးသည် ကဏ္ဍမှ ပါဝင်နေပေသည်။

မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများပိုင် ခိုင်းကျွဲနွားများမှာ ဒုတိယကမ္ဘာစစ်မတိုင်မှီက ခိုင်းကျွဲ ကောင်ရေ(၂၅၀၀၀)ခန့်ရှိခဲ့ပါသည်။ စစ်ပြီးနောက်ပိုင်း ခိုင်းကျွဲနွားများကို သီးနှံစိုက်ပျိုးရေးတွင် ပုံမှန်အတိုင်း အသုံးပြု လာခဲ့ကြရာ ၁၉၈၀-၈၁ ခုနှစ် မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများပိုင် ခိုင်းကျွဲနွား(၂၉၀၅၃)ကောင်ရှိပါ သည်။

ယေဘူယျအားဖြင့် မင်းပြားမြို့နယ်အတွင်း တောင်သူများမှာ လယ်တရှိန်း (၆. ၄၀)ဧကကို ကျွဲတရှိန်းဖြင့် လည်းကောင်း နွားဆိုလျှင် ၂ရှိန်း (၄)ကောင်ဖြင့်လည်းကောင်း တပ်ဆင်ထွန်ယက်ကြပါသည်။ လယ်ယာလုပ်ကိရိယာ အနေဖြင့် တိုးတက်ခေတ်မီသော ထွန်ယက်ကိရိယာများကို အသုံးပြုမှု အားနည်းချက် ရှိနေပါသေးသည်။

မင်းပြားမြို့နယ်အနေဖြင့် ရှေးရိုးစဉ်လာအတိုင်း အသုံးပြုတည်ရှိလာခဲ့သော (အပ်) ရင်ကိုယ်ထယ်/ ကိုပင် လျှင် အဓိကထားပြီး သုံးစွဲလာခဲ့ကြပါသည်။ ထွန်ယက်လုပ်ကိုင်ရာတွင် အပ်ဖြင့်ထိုးပြီး သစ်သားဘောင်သုံးခုဖြင့် ခပ်ဝိုက်ဝိုက်တပ်ဆင်ထားသော(ကျမ်း)ဖြင့်လည်းကောင်း လိုအပ်သလို ပြန်အုပ်ပါသည်။ လယ်တွင်အဓိကအပ်နှင့် ကျမ်းပေါင်ကို အသုံးပြုကြပြီး ဆောင်းသီးနှံ ကိုင်း/ကျွန်းထွန်ယက်ရာတွင် အပ်/ကမ်းပေါင်နှင့် ကျမ်းထုံးများလောက် ကိုသာ အသုံးပြုလုပ်ကိုင်ကြပါသည်။

သက်ဆိုင်ရာမှ စည်းရုံးဆောင်ရွက် ပညာပေးမှုတို့ကြောင့် ယခုအချိန်တွင် သိပ္ပံနည်းကျ ပြုလုပ်ထားသော သိပ္ပံထည်/ထွန်နှင့် ကွင်းဆက်များကိုပါ အသုံးပြုလာကြပြီးနောက်တွင် တိုးချဲ့တပ်ဆင်အသုံးပြုကြရန် လုပ်ငန်းအစဉ် များဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

### (ဃ) ထွန်စက်နှင့် ရေစုပ်စက်များ

မင်းပြားမြို့နယ်တွင် တောင်သူလယ်သမားများအနေဖြင့် ထွန်စက်နှင့် ရေစုတ်စက်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြခြင်း မရှိသေးပါ၊ မင်းပြားမြို့နယ်အတွင်း ၁၉၈၀-၈၁ ခု ဆောင်းရာသီနှင့် ၁၉၈၁-၈၂ (မိုး) စပါးစိုက်ရာသီတို့ တွင် စက်မှုလယ်ယာမှ ထွန်စက်လေးစီးဖြင့် ထွန်ယက်အသုံးပြုခဲ့ကြပါသည်။ ၁၉၈၁-၈၂ ဆောင်းသီးနှံစိုက်ပျိုးရာသီ တွင် လယ်ထွန်းစက်ဖြင့် ထွန်းယက်ကြရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။

ရေစုတ်စက်များကို လယ်ယာကိုင်းကျွန်းတို့တွင် တောင်သူများအနေဖြင့် လိုအပ်သလို ငှားရမ်းသုံးစွဲကြပါသည်။

## မြေသြဇာအသုံးပြုမှု

### (က) ဓာတ်မြေသြဇာ

မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် သီးနှံစိုက်ပျိုးမှုတွင် မြေသြဇာကို စနစ်တကျ စိုက်ပျိုးခြင်းဖြင့် သီးနှံတစ်ဧကအထွက်နှုန်း ပိုမိုရရှိကြောင်း နားလည်သဘောပေါက်လာကြသည်နှင့်အမျှ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်သုံးစွဲလာခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ မင်းပြားမြို့နယ်အတွင်း ဓာတ်မြေသြဇာသုံးစွဲခဲ့မှု မရှိသေးပါ။ စစ်ပြီးနောက်ပိုင်း ၁၉၅၇-၅၈ ခုနှစ်လောက်တွင် ဓာတ်မြေသြဇာကို အနည်းငယ် စတင်သုံးစွဲလာခဲ့ကြပါသည်။ သုံးစွဲကြသော မြေသြဇာ အမျိုးအစားများမှာ အမိုးနီးယားဖော့စဖိတ်(Amonium Phosphate) ခေါ်သော သာကူစေ့မြေသြဇာနှင့် အမိုးနီးယား ဆာလဖိတ်(Amonium Sulphate)ခေါ် ဓာတ်မြေသြဇာများ ဖြစ်ကြပါသည်။ ၁၉၆၅-၆၆ ခုနှစ်နောက်ပိုင်းမှ အစပြု ၍ တဖြည်းဖြည်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာခဲ့ကြပါသည်။ သုံးစွဲကြသော ဓာတ်မြေသြဇာအမျိုးအစားများမှာလည်း ယူရီးယား တီဆူပါ၊ ပိုတက်ချ်နှင့် ကျောက်မှုံ့ဓာတ်မြေသြဇာများဖြစ်ပါသည်။ ကျောက်မှုံ့ဓာတ်မြေသြဇာမှာ ၁၉၈၁-၈၂ စိုက်ပျိုးရာသီတွင်မှ မင်းပြားမြို့နယ်သို့ ရောက်ရှိလာခဲပါသည်။

မင်းပြားမြို့နယ်အတွင်း ဓာတ်မြေသြဇာအသုံးပြုမှုမှာ စာရင်းရရှိသောနှစ်များအလိုက် အောက်ပါအတိုင်း ဖြစ်ပါသည်။

| ခုနှစ် | အသုံးပြုသော ဓာတ်မြေသြဇာ | | | | မှတ်ချက် |
|---|---|---|---|---|---|
| | ယူရီးယား | တီဆူပါ | ပိုတက် | ကျောက်မှုံ့ | |
| ၁၉၇၁-၇၂ | ၁၉၆၆ | ၄၅၈ | ၁၆ | - | တနှစ်လုံး |
| ၁၉၇၂-၇၃ | ၂၈၈၀ | ၇၉ ၁/၂ | ၃ | - | - |
| ၁၉၇၃-၇၄ | ၄၀၆ | ၄၁ ၁/၂ | ၁ | - | - |
| ၁၉၇၄-၇၅ | ၃၅၄၉ | ၁၉ | - | - | - |
| ၁၉၇၅-၇၆ | ၂၁၉၅ | ၁၈၄ ၁/၂ | - | - | - |
| ၁၉၇၆-၇၇ | ၃၈၈၉ | ၂၉၂ ၁/၄ | - | - | - |
| ၁၉၇၇-၇၈ | ၃၅၀၈ | ၃၄၀ | - | - | - |
| ၁၉၇၈-၇၉ | ၆၁၉၈ | ၃၄၈ | - | - | - |
| ၁၉၇၉-၈၀ | ၁၆၇၈၁ | ၁၇၀၀ | - | - | - |
| ၁၉၈၀-၈၁ | ၂၁၄၃၀ | ၃၇၁၉ ၁/၂ | ၃ | - | - |
| ၁၉၈၁-၈၂ | ၂၁၃၃၄ | ၂၆၄၅ | ၂၀၀ | ၉၈၇ | ၃၁/၈/၈၁နေ့ထိ |

ဓာတ်မြေသြဇာကို စပါးတွင် ထည့်သွင်းသုံးစွဲခဲ့ကြပြီး အခြား ငရုပ်၊ မုံညင်း၊ မြေပဲ စသည့်သီးနှံများတွင်လည်း အသုံးပြုကြပါသည်။

## (စ) သဘာဝမြေဩဇာ

မင်းပြားမြို့နယ်အတွင်း အသုံးပြုကြသော သဘာဝမြေဩဇာမှာ နွားချေးကို အဓိကထား သုံးစွဲကြပါသည်။ နွားချေးအပြင် ဖွဲနု၊ နှမ်းဖတ်၊ မုံညင်းဖတ်စသည်တို့ကိုလည်း အနည်းငယ် အသုံးပြုကြပါသည်။ သဘာဝမြေဩဇာ အသုံးပြုမှုအတိုင်းအတာမှာ နည်းပါးပါသေးသည်။ သဘာဝမြေဩဇာများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ သုံးစွဲလာကြရန် သက်ဆိုင်ရာမှ ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

## (ဂ) ပိုးသတ်ဆေးမှုန့်

စပါးနှင့် ဆောင်းသီးနှံများတွင် ကျရောက်ဖျက်ဆီးတတ်သော ပိုးမွှားရောဂါများကို နှိမ်နင်းကာကွယ်ရန်အတွက် မင်းပြားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ ဝယ်ယူသုံးစွဲခဲ့ကြသော ပိုးသတ်ဆေးအရေအတွက်များကို နှစ်အလိုက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | ပိုးသတ်ဆေးအမည် | ရေတွက်ပုံ | နှစ်အလိုက်သုံးစွဲသော ဆေးအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၁၉၇၆-၇၇ | ၁၉၇၇-၇၈ | ၁၉၇၈-၇၉ | ၁၉၇၉-၈၀ | ၁၉၈၀-၈၁ | ၁၉၈၁-၈၂ |
| ၁ | ဒီဒီတီ ၇၅% | ပေါင် | ၁၀၀၀ | ၁၁၁၅ | ၅၂၃ | ၂၈၀ | ၉၉ | - |
| ၂ | အင်ဒရင်း ၁၉.၅ % | ဂါလံ | ၅၆ | ၅ | ၆ | ၂၂ ၁/၂ | ၁၇ | ၁ |
| ၃ | ဖင်ဖော့စ်ဖိုဒ် | ကီလို | ၁၈ | ၉ | ၁၄ | ၁၇ ၁/၂ | ၂၀ | ၅ |
| ၄ | ဒိုင်မီခရွန် ၅၀% | လီတာ | - | ၁၀ | ၉ ၃/၅ | ၅ ၁/၂ | - | - |
| ၅ | ဒိုင်ယာဇီနွန် ၄၀% | ဂါလံ | - | ၉ ၁/၂ | ၁ ၃/၄ | - | - | - |
| ၆ | ဒိုင်ယာဇီနွန် ၁၀% | ပေါင် | - | ၁၁၂ | - | - | - | - |
| ၇ | အဃ်လ်ဆန် ၅၀% | ဂါလံ | - | - | - | - | - | - |
| ၈ | အီဓီအင် ၄၅% | ဂါလံ | - | - | - | - | - | - |
| ၉ | အော်ဒရင်း ၅% | ပေါင် | ၁၂၃၂ | ၄၄၈ | ၁၁၂ | - | - | - |
| ၁၀ | အော်ဒရင်း ၅% | ပေါင် | ၂၂၄ | ၅၆၀ | ၁၁၂ | ၁၁၂ | - | - |
| ၁၁ | လင်ဒိန်းပီ ၁၃၀ | ပေါင် | ၂၂၄ | - | - | - | - | - |
| ၁၂ | လင်ဒိန်းပီ ၆၅ | ပေါင် | ၆၇၂ | - | - | - | - | - |

အထက်ပါနှစ်အလိုက် ပိုးသတ်ဆေးအသုံးပြုမှု အခြေအနေအရ ပိုးသတ်ဆေး အရေအတွက်များများ သုံးစွဲသောနှစ်များတွင် ပိုးမွှားရောဂါကျရောက်မှု အခြေအနေများခဲ့ပြီး ပိုးမွှားရောဂါကျရောက်မှု အခြေအနေများခဲ့ပြီး ပိုးမွှားရောဂါကျရောက်မှု အခြေအနေများခဲ့ပြီး ပိုးမွှားရောဂါကျရောက်မှု နည်းပါးသောနှစ်များတွင် ပိုးသတ်ဆေး ဝယ်ယူသုံးစွဲမှုအရေအတွက်မှာလည်း နည်းပါးပါသည်။

# ထွန်ယက်စိုက်ပျိုးမှုစနစ်

## (က) လက်မှုစနစ် (စစ်မဖြစ်မီနှင့် စစ်ပြီးခေတ်အခြေအနေ)

မင်းပြားမြို့နယ်အတွင်း အသုံးပြုခဲ့သော ထွန်ယက်စိုက်ပျိုးမှုစနစ်မှာ အစဉ်အလာအရ အသုံးပြုခဲ့ကြသော ရှေးရိုးမိရိုးဖလာ ထွန်ယက်စိုက်ပျိုးစနစ်ပင် ဖြစ်ပါသည်။ ဤထွန်ယက်စိုက်ပျိုးစနစ်ကိုပင် မင်းပြားမြို့နယ်အတွင်း စစ်မဖြစ်မီ အချိန်ထိ အစဉ်တစိုက် လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြပေသည်။

လယ်ယာထွန်ယက်ရာတွင် ရှေးရိုးအပ်(ရင်တိုက်ထယ်)ဖြင့် ၄-၅ စပ်ထိုးပြီး ကျမ်းဘောင်ကို လိုအပ်သလို အကြိမ်ကြိမ်ခွဲဝင်ပြီး မြေညက်တမန်းရသည်အထိ ဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရာတွင် ပျိုးထောင်ပြီး ကောက်စိုက်ခြင်း အလေ့မရှိဘဲ ကဲခင်းစနစ်ကိုသာ အသုံးပြုကြပါသည်။ ဤထွန်ယက်စိုက်ပျိုးစနစ်ကို တစ်ဆက်တည်းအသုံးပြုလာကြသည်မှာ စစ်မဖြစ်မီအချိန်နှင့် စစ်ပြီးခေတ် ဤမှာဘက် ၁၉၇၇-၇၈ ခုနှစ်မတိုင်မီအထိ တည်ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းနှင့် ၁၉၇၆-၇၇ ခုနှစ်ထိ ကာလများအတွင်း သီးနှံထွန်ယက်စိုက်ပျိုးနည်းစနစ်ကို တောင်သူများ သိပ္ပံနည်းကျစနစ်တကျ ထွန်ယက်စိုက်ပျိုးလာကြရန် နိုင်ငံတော်မှ စီမံကိန်းအမျိုးမျိုး ချမှတ်ပြီး အစဉ်တစိုက် ဆောင်ရွက်လာခဲ့ကြပါသည်။ ယင်းသိပ္ပံနည်းကျ ထွန်ယက်စိုက်ပျိုးစနစ်များသည် တောင်သူလယ်သမားထုထဲသို့ တဖြည်းဖြည်း စိမ့်ဝင်တန်သလောက် စိမ့်ဝင်ခဲ့ပြီး လက်တွေ့လိုက်နာဆောင်ရွက်ခြင်းဖြင့် သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရရှိခဲ့ကြသည်များ ရှိခဲ့ကြပါသည်။ သို့သော်လည်း လယ်သမားထုတစ်ရပ်လုံးအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်ခဲ့ကြခြင်းမျိုးကား မရှိသေးပေ။

မင်းပြားမြို့နယ်အနေဖြင့် စပါးကို အထူးအထွက်တိုး စီမံကိန်းအရ ၁၉၇၆-၇၇ ခုနှစ်မှ စတင်ပြီး ဆောင်ရွက်လာခဲ့ပါသည်။

ထွန်ယက်ရာတွင် ရိုးရိုး(ရင်တိုက်ထယ်)အစား သိပ္ပံထယ်နှင့် ထွန်ဂွင်းစက်စသည်များကို ပြောင်းလဲတပ်ဆင်သုံးစွဲကြရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ မြေညက်တမန်းကောင်းရပြီး ပေါင်းမြက်ကင်းရှင်းသည်အထိ သိပ္ပံထယ်နှင့် ထွန်တို့ကို အသုံးပြုထွန်ယက်ရေးသို့ ပြောင်းလဲခဲ့ပါသည်။

တစ်ဧကအထွက်နှုန်းကောင်းမွန်လာစေရန်အတွက် ယင်းကဲ့သို့မြေကို ကောင်းမွန်ကြေညက်အောင် ထွန်ယက်ခြင်း တစ်ဧကအထွက်နှုန်းကောင်းသော အထွက်ကောင်းမျိုးများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစိုက်ပျိုးလာကြခြင်း၊ ပျိုးသက်မှန်မှန်ဖြင့် စိပ်စိပ်စိုက်ပျိုးလာစေခြင်း၊ ဓာတ်မြေဩဇာ သဘာဝဓာတ်မြေဩဇာများကို အချိုးကျကျမှန်မှန်ကန်ကန် အသုံးပြုလာကြစေခြင်း၊ ပေါင်းမြက်နှိမ်နင်းပြီး တမန်းနိုးကာ ရေကိုလိုအပ်သလို ထိမ်းသိမ်းပြုပြင်စေခြင်း ပိုးမွှားရောဂါကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းနှင့် အလေအလွင့်မရှိရအောင် မောင်းညီချိန်တွင် ရိတ်သိမ်းစေခြင်း စသည့် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိလာစေရန် လိုအပ်သည့် အခြေခံအချက်အလက်များကို ပညာပေးခြင်း၊ စည်းရုံးဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာတို့မှ ကြီးကြပ်ပြီး ဆောင်ရွက်လာခဲ့စေခြင်းများကြောင့် မင်းပြားမြို့နယ်အတွင်း (စပါး)တစ်ဧကအထွက်နှုန်းမှာ ၁၉၇၇-၇၈ ခုနှစ်မှစတင်ပြီး တဖြည်းဖြည်း တိုးတက်ရရှိခဲ့ပါသည်။

စပါးအထူးအထွက်တိုး စီမံကိန်းအရ၊ မင်းပြားမြို့နယ်အတွင်း နှစ်အလိုက် ဆောင်ရွက်ခဲ့ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ၁၉၇၆-၇၇ ခုနှစ် မင်းပြားမြို့နယ် ပန်းမြောင်းအုပ်စုတွင် ဧက(၁၀၀)ပထမဆုံးစမ်းသပ်စိုက် ပျိုးခဲ့သည်။
- ၁၉၇၇-၇၈ ခုနှစ် နရမ်းအုပ်စုတွင် ဧက(၂၀၀)ကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ပါသည်။
- ၁၉၇၈-၇၉ ခုနှစ်၊ နရမ်း၊ စမ္ဘလေ၊ ဆပ်ကျာအုပ်စုများတွင် ဧက(၁၀၀၀)ကို စီမံကိန်းချမှတ်လျှက် လုပ်ကိုင်ဆောင်ရွက်ကြရာ တစ်နှစ်ထက်တစ်နှစ် လုပ်ငန်းအောင်မြင်မှုကို ရရှိလာခဲ့ပါသည်။
- ၁၉၇၉-၈၀ ခုနှစ် ကျေးရွာအုပ်စု (၁၆)အုပ်စု၌ အထူးအထွက်တိုး စီမံကိန်း (၁၅၀၀၀)ကို စီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်၏စပါး တစ်ဧကအထွက်နှုန်းမှာလည်း (၄၂. ၀၇)တင်းထိ ရရှိလာခဲ့ပြီး၊
- ၁၉၈၀-၈၁ ခုနှစ်တွင်ကား တစ်မြို့နယ်လုံး စပါးအထူးအထွက်တိုးကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနှစ်တွင် (၆၆၂၄၀)ဧက စိုက်ပျိုးခဲ့ပြီး (၆၅၇၄၀)ဧက အောင်မြင်ကာ၊ တစ်ဧက (၅၆. ၂၁)တင်းနှုန်းထွက်ရှိခဲ့ပြီး

အထွက် တင်းပေါင်း (၃၆၉၅၂၅၉)ထိ ထွက်ရှိခဲ့ပါသည်။ ၁၉၈၁-၈၂ ခုနှစ်တွင်လည်း တစ်မြို့နယ်လုံး အထူးအထွက်တိုး စီမံကိန်းကို ဒုတိယနှစ်မြောက် ဆောင်ရွက်ဆဲရှိပါသည်။ စီမံကိန်းလျာထားချက်မှာ (၆၆၂၄၀)စိုက်ပြီး (၆၅၇၄၀)ဧက အောင်မြင်ရန်နှင့် အထွက်နှုန်းရည်မှန်းချက်မှာ (၆၅)တင်းနှုန်းနှင့် တစ်မြို့နယ်လုံးအတွက် တင်းပေါင်း (၄၂၇၃၁၀၀) ရှိမည်ဖြစ်ပါသည်။

ဤသို့အားဖြင့် အစဉ်အလာအရ တည်ရှိခဲ့သော မင်းပြားမြို့နယ်၏ ရှေးရိုးစဉ်လာ စိုက်စနစ်ဟောင်းမှသည် တစ်ဧကအထွက်နှုန်း တိုးတက်စေသည့် သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးထွန်ယက်နည်းစနစ်သို့ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပါသည်။

## (စ) လယ်ယာ၌ စက်မှုတပ်ဆင်သုံးစွဲလာမှု

မင်းပြားမြို့နယ်အတွင်း လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးရေး၌ စက်မှုတပ်ဆင်သုံးစွဲမှုများ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါ။

ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် စစ်ပြီးခေတ်မှ ယခုတိုင်အောင် ထိရောက်သော စက်မှုလက်မှု တပ်ဆင်မှုမျိုးမရှိသေးပါ။ ၁၉၈၁-၈၂ စိုက်ပျိုးရာသီအတွင်း စက်မှုလယ်ယာမှ လယ်ထွန်စက်(၅)စီးဖြင့် မြို့နယ်အတွင်း စပါးစိုက်ဧရိယာဧက (            )ကို ထွန်ယက်ပေးခဲ့ပါသည်။

မင်းပြားမြို့နယ်အတွင်း ရေစုပ်စက် ပုဂ္ဂလိကပိုင် အလုံးပေါင်း (        )လုံး ရှိပါသည်။ ၎င်းတို့ကို သီးနှံနှင့်ဆောင်းရာသီ သီးနှံစိုက်ခင်းတို့တွင် လိုအပ်သလို ငှါးရမ်းသုံးစွဲခဲ့ကြပါသည်။

# သဘာဝဘေးအန္တရာယ်များ

## ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များနှင့် ကာကွယ်မှုများ

လယ်ယာကဏ္ဍ၌ သီးနှံစိုက်ပျိုးတွင် အဟန့်အတား အထိအခိုက်ရှိအောင်ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များမှာ ရေကြီးခြင်း/မိုးခေါင်ခြင်း/လေမုန်းတိုင်းကျရောက်ခြင်း စသည်များ ဖြစ်ပါသည်။

# ကြုံတွေ့ခဲ့ရသည့် ဘေးအန္တရာယ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

## (က) ရေကြီးခြင်း

၁၉၇၀-၇၁ မတိုင်မီက မြို့နယ်အတွင်း စပါးစိုက်ပျိုး ရာသီအချိန်၌ ရေကြီးခဲ့သည့်နှစ်များ ရှိခဲ့ပြီး စပါးအပျက်အစီးများ ရှိခဲ့သော်လည်း စာရင်းဇယားများ မရရှိ၍ အသေးစိတ်မဖော်ပြနိုင်ပါ။

၁၉၇၀-၇၁ ခုနှစ် စပါးစိုက်ရာသီအတွင်း အညာရေ(၂)ကြိမ် ကြီးခဲ့၍ စိုက်ပျိုးထားခဲ့သော စပါးပင်ငယ်များ ရေနစ်မြုပ်ပျက်စီးရာ မြို့နယ်မှ အစီအစဉ်ဖြင့် လယ်စိုက်ရှင်းမှ စပါးမျိုးတန်ဘိုး (၃၄၃၀ိ/၀၅း)ကို အကြွေးစနစ်ဖြင့် ထုတ်ပေးဖြန့်ဖြူးခဲ့ပါသည်။

ယင်းမျိုးစပါးများဖြင့်ပင် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော နေရာများတွင် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ခဲ့ပါသည်။

## (ခ) မိုးခေါင်ခြင်း

၁၉၇၇-၇၈ ခုနှစ်မတိုင်မီက ဖြစ်ပျက်ခဲ့သော မိုးခေါင်မှုဘေးများကို စာရင်းဇယားများ မရရှိ၍ မဖော်ပြနိုင်ပါ။ ၁၉၇၇-၇၈ ခုနှစ် မင်းပြားမြို့နယ်အတွင်း မိုးခေါင်မှုဒါဏ်ကို ခံခဲ့ရ၍ စပါးအထွက်တွင် ထိခိုက်မှုရှိခဲ့ပါသည်။ ဩဂုတ်လ ဒုတိယပတ်တွင် စတင်ပြီး မိုးပြတ်စဲသွားခဲ့ပါသည်။ မြို့နယ်အတွင်းရှိသမျှ ရေစုတ်စက်များဖြင့် ရေတင်သွင်းခဲ့ရပါသည်။ မြို့နယ်အတွင်း ပါတီ၊ ကောင်စီတို့မှ စည်းရုံးဆောင်ရွက်ကြီးကြပ်ပြီး လူထုလှုပ်ရှားမှုများဖြင့် ရေရရှိရေးကို ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ သို့ပါသော်လည်း စပါးပင်များ လိုအပ်သည့်အတိုင်းအတာအထိ ရေကိုမရရှိခဲ့၍ အထွက်တွင် ထိခိုက်ခဲ့ပါသည်။

## (ဂ) လေမုန်တိုင်း ကျရောက်ခြင်း

လေပြင်းမုန်တိုင်းကျရောက်ခြင်းကြောင့် သီးနှံစိုက်ပျိုးရာတွင် ထိခိုက်တတ်ပါသည်။ ၁၉၆၈-ခုနှစ် လေမုန်းတိုင်းကြောင့် မြို့နယ်အတွင်း သီးနှံစိုက်ပျိုးရေးတွင် အတော်ကလေးထိခိုက်ခဲ့ပါသည်။ အထူးသဖြင့် မြို့နယ်တောင်ပိုင်းဒေသများတွင် ကာရီတာတမံ ကျိုးပေါက်ခြင်း/ဆားငံရေဝင်ခြင်းများကြောင့် ၎င်းနှစ်စပါးစိုက်ပျိုးရာသီတွင် စိုက်ဧရိယာဧကနှင့် အထွက်နှုန်းပါ ကျဆင်းခဲ့ရပါသည်။

မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ အုပ်ချုပ်ပြီး လေဘေးကယ်ဆယ်ရေကော်မတီများနှင့် လေဘေးဒုက္ခသည်များအား အထည်အလိပ်၊ သွပ်အိုးသွပ်ခွက်များနှင့် အသုံးဆောင်ပစ္စည်းများ ပေးကမ်းထောက်ပံ့ခဲ့ကြပါသည်။ (စာရင်းဇယားများ မရရှိပါ) ၁၉၆၈ ခု မေလ လေမုန်းတိုင်းကြီးကြောင့် ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းပိုင် ကလိန်တောင်(နှစ်ထပ်)သင်္ဘောသည် မင်းပြားမြစ်တွင် ၁၉၆၈-ခု၊ မေလ ( )ရက်နေ့ နံနက်( )နာရီအချိန်တွင် နစ်မြုပ်ခဲ့ရပါသည်။

၎င်းနှစ်မြို့နယ်လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းမှ လေဘေးဒုက္ခသည် တောင်သူများသို့ မျိုးစပါးနှင့် ထွန်ယက်ကရိယာများ တန်ဘိုး (၁၉၉၅၀/၅၀ါး)ကို အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ပါသည်။

# လယ်ယာကဏ္ဍလုပ်သားများနှင့် ရင်းနှီးမြုပ်နှံမှု

## (က) လယ်ယာလုပ်သားများ (စစ်မဖြစ်မှီနှင့် စစ်ပြီးခေတ် အခြေအနေ)

လယ်ယာကဏ္ဍတွင် ပါဝင်လုပ်ကိုင်ကြသော လယ်ယာလုပ်သားများမှာ မင်းပြားမြို့နယ်အနေဖြင့် စစ်မဖြစ်မှီနှင့် စစ်ပြီးခေတ် ဤမှာဘက် ၁၉၇၈-၇၉ ခုနှစ်မတိုင်မီအထိ လုံလောက်သောအင်အား ရှိခဲ့ပါသည်။

၁၉၇၈-၇၉ ခုနှစ် စပါးအထူးအထွက်တိုးလုပ်ငန်းကို စတင်ဆောင်ရွက်လာသည်မှစ၍ ကောက်စိုက်မှုလုပ်ငန်းကြောင့် လယ်ယာကဏ္ဍ စပါးစိုက်ပျိုးရာသီတွင် လယ်ယာလုပ်သား မလုံလောက်မှု အခက်အခဲများတွေ့ရပါသည်။

မြို့နယ်ပါတီ၊ ကောင်စီနှင့် ဌာနဆိုင်ရာတို့မှ စည်းရုံးဆောင်ရွက်ကြီးကြပ်မှုဖြင့် အစီအစဉ်များချမှတ်ကာ ကောက်စိုက်မှုလုပ်ငန်းတွင် လိုအပ်သော လုပ်သားအင်အားကို မိန်းမကောက်စိုက်သမများအား ပါဝင်ဆောင်ရွက်ကောက်စိုက်စေခြင်းဖြင့် ဖြည့်တင်းဆောင်ရွက်ခဲ့ကြပါသည်။

## (ခ) ကျွမ်းကျင်သူဝန်ထမ်း

လယ်ယာကဏ္ဍတွင် တောင်သူများအား စိုက်ပျိုးပညာပံ့ပိုးရန်အတွက် မင်းပြားမြို့နယ် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းအတွင်းရှိ ဝန်ထမ်းအင်အားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) | မြို့နယ်မန်နေဂျာ | ၁-ဦး |
| (၂) | ကျေးရွာအုပ်စုမန်နေဂျာ | ၃-ဦး |
| (၃) | ကျေးရွာမန်နေဂျာ | ၁၀-ဦး |
| (၄) | ပုတ်ပြတ်ငှါးရမ်းဝန်ထမ်း | ၇-ဦး |
| (၅) | အကြီးတန်းစာရင်းကိုင်/စစ် | ၁-ဦး |
| (၆) | အငယ်တန်း | ၁-ဦး |
| (၇) | ဂိုဒေါင်စောင့် | ၃-ဦး |

အထက်ပါဝန်ထမ်းအင်အားဖြင့် မြို့နယ်အတွင်း ဆောင်ရွက်လျှက်ရှိပါသည်။ အထူးအထွက်တိုးလုပ်ငန်းအတွက် ဖွင့်လှစ်ထားသည့် စခန်း(၁၀)ခုတွင် အောက်ပါအတိုင်း တာဝန်ပေးချထားလျှက် ရှိပါသည်။

| စဉ် | စခန်းအမည် | ဝန်ထမ်းအင်အား | | မှတ်ချက် |
|---|---|---|---|---|
| | | စခန်းတာဝန်ခံ | အုပ်စုဝန်ထမ်း | |
| ၁ | ပင်မစခန်း | ၁-ဦး | ၇-ဦး | စခန်းတာဝန်ခံကို |
| ၂ | မြို့မစခန်း | ၁-ဦး | ၇-ဦး | အုပ်/ဂျာ |
| ၃ | ပန်းမြောင်းစခန်း | ၁-ဦး | ၄-ဦး | အားလည်းကောင်း |
| ၄ | မင်းဖူးစခန်း | ၁-ဦး | ၂-ဦး | တာဝန်ပေးပြီး |
| ၅ | ဒုံကြီးစခန်း | ၁-ဦး | ၂-ဦး | အုပ်စုဝန်ထမ်းကို |
| ၆ | အဝရွာစခန်း | ၁-ဦး | ၆-ဦး | ကျေး/ဂျာအား |
| ၇ | ကြိမ်ချောင်းစခန် | ၁-ဦး | ၄-ဦး | လည်းကောင်း |
| ၈ | သင်္ဂနက်စခန်း | ၁-ဦး | ၃-ဦး | ပုတ်ပြတ်ဝန်အား |
| ၉ | ချောင်းရှည်စခန်း | ၁-ဦး | ၃-ဦး | လည်းကောင်း |
| ၁၀ | အိုင်ဝန်းစခန်း | ၁-ဦး | ၂-ဦး | တာဝန်ပေးချထားပါသ |

## သမဝါယမပိုင်လယ်ယာများ

မင်းပြားမြို့နယ်တွင် ရာမောင်ရွှေ့ပြေးသမဝါယမလယ်ယာ(အဆင့်နိမ့်)အသင်းကို အသင်းသား (၈၇)ဦးကို စုစည်း၍ ၁၉၇၇-ခု၊ နိုဝင်ဘာလ(၂၉)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ လယ်မြေဧကမှာ (၂၉၀)နီးပါးရှိပါသည်။ င/ပလိုင်း ရွှေ့ပြေးသမဝါယမလယ်ယာ(အဆင့်မြင့်)အသင်းကို ၁၉၇၇-ခု၊ ဒီဇင်ဘာလ(၂၇)ရက်နေ့တွင် အသင်းသား (၁၀၀)ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ အသင်းနယ်နမိတ်အတွင်း လယ်မြေဧရိယာဧက တစ်ထောင်ကျော်ရှိ၍ အသင့်စိုက်ပျိုးနိုင်သည့် လယ်မြေဧက (၄၀၀)ကျော်ရှိပါသည်။ ရာမောင်ရွှေ့ပြေးသမဝါယမ လယ်ယာအသင်းမှ နှစ်စဉ် လယ်မြေဧက (၂၉၀)နီးပါးစိုက်ပျိုးနိုင်ခဲ့သော်လည်း င/ပလိုင်းအသင်းက လူအင်အားအခြေအနေ၊ လယ်ယာလုပ်ကိရိယာအခြေအနေနှင့် အသင်း၏ဘဏ္ဍာရေးအခြေအနေများအရ နှစ်စဉ်ဧက(၂၀၀)ပတ်ဝန်းကျင်သာ စိုက်ပျိုးနိုင်ခဲ့ပါသည်။

## စိုက်ပျိုးရေးဥယျာဉ်ခြံများ ကျောင်းနှင့် သင်တန်းများ

မင်းပြားမြို့နယ်အတွင်း မျိုးပွားစိုက်ပျိုးရေးခြံတစ်ခု ရှိပါသည်။ သင်တန်းကျောင်းမရှိပါ။ မင်းပြားမြို့နယ်အတွင်းရှိ မျိုးပွားစိုက်ပျိုးရေး ဥယျာဉ်ခြံကို အင်္ဂလိပ်လက်ထက်ကစ၍ ဖွင့်လှစ်ထားရှိခဲ့ပါသည်။ စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထား၍ စိုက်ပျိုးလာခဲ့ပါသည်။ ဗဟိုဥယျာဉ်ခြံတို့မှ ထွက်ရှိလာသည့် စပါးမျိုးကောင်း မျိုးသန့်များကို တောင်သူများထံ မဝေငှဘဲ ၎င်းဥယျာဉ်ခြံမြေတွင် မျိုးပွားပြီးမှ တဆင့် တောင်သူများလက်ထဲသို့ ဝေငှရန် ရည်ရွယ်ပါသည်။

စပါးမျိုးကောင်းမျိုးသန့်များကို စီမံကိန်းအရ ချမှတ်သော (စပါး)စမ်းသပ်ကွက်များအတွက် ပြိုင်စမ်းသပ်ကွက်၊ ဓာတ်မြေသြဇာစမ်းသပ်ကွက်၊ စိုက်စနစ်စမ်းသပ်ကွက် စသည့်စမ်းသပ်ကွက်အမျိုးမျိုး ပြုလုပ်စမ်းသပ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မျိုးပွားဥယျာဉ်ခြံမြေ ဧရိယာဧကစုစုပေါင်းမှာ (၉၈. ၅၀)ရှိပါသည်။ (၈၀. ၈၀)ဧကကို သီးစားအဖြစ် တောင်သူ

များအား လုပ်ကိုင်စေပြီး ကျန်(၁၇. ၇၀)ဧကကို ဌာနမှ ဦးစီးလုပ်ကိုင်ခဲ့ပါသည်။ ခွင့်ပြုရန်ပုံငွေ မရရှိခဲ့၍ ဧင်း(၁၇. ၇၀)ဧကကိုလည်း လွန်ခဲ့သော (၁၀)နှစ်မှစ၍ ဌာနမှဦးစီးလုပ်ကိုင်ခြင်း မပြုတော့ဘဲ တောင်သူများအား သီးစားချလုပ်ကိုင်စေခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။

# သားငါးကဏ္ဍ

## သားငါးကဏ္ဍ

ရှေးပဝေသဏီခေတ်က လူတို့သည် တောတိရစ္ဆာန်များကို စားသုံးရန်အတွက် တောတောင်များကို စုပေါင်း၍ အမဲလိုက်ကြသည်။ တောကောင်များကို ဝေငှ၍စားသောက်ကြသည်။ အရှင်ဖမ်း၍ရသော တိရစ္ဆာန်များကို အိမ်မှာ မွေးမြူကြ၍ နောက်တဖြေးဖြေး ယဉ်ပါးလာကြသည်။ ကြက်မွေးမြူရေးသည် တရုပ်ပြည်မှ ပေါ်ပေါက်လာသည်ဟု ဆိုကြသည်။ တရုပ်ပြည် တောတောင်ရှိ ပေါကြွယ်သော တောကြက်များကို ဖမ်းယူပြီး အိမ်တွင်မွေးမြူထား၍ ယဉ်ပါး လာသည်။ လူတို့ယဉ်ကျေးသိမ်မွေ့ လုပ်ကိုင်စားသောက်တတ်သောအခါ လယ်ယာကဏ္ဍအတွက် နွားများကို မွေးမြူပြီး စားသောက်ရန်အတွက် တိရစ္ဆာန်များကို တနိုင်မွေးမြူကြပါသည်။ ပဒေသရာဇ်ခေတ်က စစ်တိုက်ရန်အတွက် ဆင်မြင်း များကို တသီးတသန့် မွေးမြူကြပါသည်။

စစ်မဖြစ်မီ (ဒုတိယကမ္ဘာစစ်) မြန်မာနိုင်ငံတွင် ပြည်သူပိုင်နှင့် သမဝါယမပိုင် မွေးမြူရေးခြံများ မရှိခဲ့ချေ။ ပုဂ္ဂလိကပိုင် မွေးမြူရေးအနည်းငယ်သာ ရှိခဲ့ပါသည်။ သို့သော် အိမ်တွင်းစားသောက်ရန်အတွက်သာ ဖြစ်ပါသည်။ အစိုးရကလည်း မွေးမြူရေးကို ဆောင်ရွက်မပေးခဲ့ချေ။ ထိုအခါ စစ်တွင် အသုံးပြုရန်အတွက် မြင်း၊ လား၊ မြည်းများကို တသီးတသန့်မွေးမြူကြပါသည်။ စစ်အတွင်း ၁၉၄၂-၁၉၄၅ အထိ မွေးမြူရေးကို အနည်းအပါး ပြုလုပ်ကြပါသည်။ (OKURAC SANJO R-R)ဟုခေါ်သော ဂျပန်မွေးမြူရေးကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့သည်။ သို့သော် အချို့တိုတောင်းသဖြင့် မအောင်မြင်ခဲ့ချေ၊ ဂျပန်စစ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း မွေးမြူရေးကို ဆောင်ရွက် ကြပါသည်။ တိရစ္ဆာန်များ ကျန်းမာရေးအတွက် ဗမာပြည် တိ/ကုဌာနနှင့်တွဲဖက်၍ စစ်ဖက်တိ/ကုမွေးဌာနမှ ဆောင်ရွက်ခဲ့လေသည်။

၁၉၄၈ ခု လွတ်လပ်ရေးရပြီး ဖ-ဆ-ပ-လ လက်ထက်တွင် (A.R.D.C) မြေကျေးရှင်းအဖွဲ့ကို ဖွဲ့စည်း၍ နို့စားနှင့် အသားစား မွေးမြူရေးခြံများကို တည်ထောင်ခဲ့လေသည်။ အိန္ဒိယပြည်မှ မျိုးကောင်းမျိုးသန့်များကို ဝယ်ယူ ခဲ့၍ မျိုးပွားစေခဲ့သည်။ နိုင်ငံခြားသို့လည်း လေ့လာရေးအဖွဲ့များ စေလွှတ်ခဲ့သည်။ ပုဂ္ဂလိကမွေးမြူရေးခြံများ ပေါ်ပေါက် လာလေသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်တွင် မွေးမြူရေးကိစ္စများကို အထူးဆောင်ရွက်ခဲ့ကြသည်။ သမဝါယခြံနှင့် စုပေါင်းမွေးမြူရေးခြံများ ပေါ်ပေါက်လာသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း တိုးချဲ့ ခန့်အပ်လာပါသည်။ စီးပွားရေးစီမံကိန်းများကို ကဏ္ဍအလိုက် ရေးဆွဲလာပါသည်။

၁၉၇၄-ခု ကောင်စီအဆင့်ဆင့် ပေါ်ပေါက်လာသောအခါ သမဝါယမမွေးမြူရေးခြံများ ပေါ်ပေါက်လာပါ သည်။ စီးပွားရေး (၄)နှစ်စီမံကိန်းများကို ချမှတ်ခဲ့ပါသည်။ တနိုင်မွေးမြူရေးကိစ္စကို အင်တိုက်အားတိုက် ဆောင်ရွက် စေပါသည်။ သက်ဆိုင်ရာဌာနများတွင်လည်း ဝန်ထမ်းများကို တိုးချဲ့ခန့်အပ်ပါသည်။ တိရစ္ဆာန်မွေးမြူရေးကော်ပိုရေးရှင်း ကို ဖွဲ့စည်း၍ မွေးမြူရေးခြံများကို ဖွင့်လှစ်ပါသည်၊ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးပါသည်။ နိုင်ငံခြားသို့ လေ့လာရေးအဖွဲ့နှင့် ပညာသင်များ ပို့ပေးပါသည်။ မေထုံမဲ့သားစပ်လုပ်ငန်း စခမ်း(၄၀)ဖွင့်လှစ်လာပါသည်။ တိရစ္ဆာန် ရောဂါကာကွယ်မှုနှင့် ကုသမှုများကို အထူးဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းချမှတ်၍ ဆောင်ရွက်ပါသည်။ တိရစ္ဆာန် ပစ္စည်းထုတ်လုပ်မှု အောင်မြင်လာပါသည်။ နိုင်ငံတော်မှ ရင်းနှီးမြုပ်နှံမှု ကြီးမားလာပါသည်။ ကမ္ဘာဘဏ်ချေးငွေဖြင့် ဆောင်ရွက်ကြပါသည်။ လူထုသို့ မွေးမြူရေးသင်တန်းများ ပို့ချခဲ့ပါသည်။ တပ်မတော်အနေဖြင့်လည်း မွေးမြူရေးကိစ္စများ ကို အထူးဆောင်ရွက်ကြပါသည်။ ဤကဲ့သို့ ဆောင်ရွက်လာကြခြင်းကြောင့် နောင်အနာဂတ်ကာလတွင် လယ်ယာကဏ္ဍ နှင့် သားငါးကဏ္ဍတို့တွင် ဖူလုံနိုင်မည်ဟု မျှော်လင့်ကြပါသည်။ သို့မှသာ နိုင်ငံတော်သားများသာ အစားအစာများကို ဖူလုံစွာ စားသောက်နိုင်ကြမည် ဖြစ်ပေသည်။

# သစ်တောကဏ္ဍ

## ပေါက်ရောက်နေသော သစ်ဝါးများ အခြေအနေ

မင်းပြားမြို့ သစ်တောနယ်အတွင်း သစ်တောအခြေအနေမှာ ပျဉ်ကတိုး၊ ကုလားမီးသွေး၊ ခမောင်း၊ ဖက်သန့်၊ ဘန်ဘွေ၊ ကြက်ရိုး၊ မြောက်ငို၊ နှစ်ဘဲ၊ လိန်၊ ငွေး၊ ဒီနူးလက်၊ စသောအပင်များ ပေါက်ရောက်လျှက် ရှိသည်။

ဝါးတောအခြေအနေမှာ လေးမြို့ချောင်းဖျားနှင့် ဖုံသာချောင်းဖျားအထက်ပိုင်းတွင် ခရင်ဝါးအမြောက်အများ ပေါက်ရောက်လျှက်ရှိပါသည်။ ဝါးများကို တောင်သူလယ်သမားများသည် တစ်နှစ်လုံးလိုလို ဝင်ရောက်ခုတ်ယူပြီး ပေါက်တော၊ မြောက်ဦး၊ စစ်တွေမြို့များသို့ သွားရောက်၍ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်ကြပါသည်။ ၎င်းဝါးသည် လူသုံးကုန်ဖြစ်သည့်အလျှောက် ရခိုင်ပြည်နယ်တွင် အများအားဖြင့် အရောင်းအဝယ် ပြုလုပ်နေကြပါသည်။

## သစ်တောနှင့်ကြိုးဝိုင်းများအခြေအနေ

မင်းပြားမြို့နယ်အတွင်း ဗန္ဓုလကြိုးဝိုင်းကြီးဟု အမည်ရှိသော အကွက်အမှတ်

-၁ ၃၆၆၈-ဧက
-၂ ၁၇၈၂-ဧက
-၃ ၅၆၈-ဧက
-၄ ၁၉၆-ဧက
-၅ ၁၆၂၅-ဧက

အကွက် ဧရိယာဧကပေါင်း (၈၄၃၉)ဧက ရှိပါသည်။

ကြိုးဝိုင်းအခြေအနေမှာ ယခုအချိန်တွင် ကြိုးဝိုင်းအတွင်း သစ်ပင်ကြီးမားသည့် အပင်များ မရှိသလောက် ဖြစ်နေပါသည်။ လုံးပါတ်အတန်းအစားအားဖြင့် ၃-ပေမှ ၄-ပေအတွင်းသာ တည်ရှိပါသည်။ အပင်ကြီးများမှာ လွန်ခဲ့သော (၁၀)နှစ်ခန့်လောက်က မသမာသူများ ဝင်ရောက်ခုတ်ယူမှုကြောင့် အပင်ကြီးများ မရှိတော့ပါ။ သေးငယ်သော အပင်များသာ ရှိပါသည်။

ယခုအဖြူရောင်နယ်မြေဖြစ်ပြီးမှ မကြာခဏဆိုသလို သစ်တောအမှုထမ်းများသည် မြို့နယ်ပါတီကောင်စီများနှင့် သစ်တောဦးစီးဌာနမှ အခွင့်အမိန့်မရှိဘဲ သစ်တောကြိုးဝိုင်းအတွင်း မတရားဝင်ရောက်မခုတ်ယူရန် ကျေးရွာများသို့ ပညာပေးဆွေးနွေးခြင်း သစ်တောဥပဒေကို ကျူးလွန်သူတို့အား သစ်တောဥပဒေလုပ်ထုံးလုပ်နည်းအရ အရေးယူဆောင်ရွက်ရပါသည်။ သစ်တောကြိုးဝိုင်းနှင့် သစ်တောကြိုးပြင်တောတို့ကို ဥပဒေအရထိန်းသိမ်းပြီး ကြိုးပြင်တောမှ တားမြစ်ရာမပါသော သစ်ကို နည်းဥပဒေ-၂၅အရ လုပ်ထုံးလုပ်နည်းအရ ခွင့်ပြု၍ သစ်တောထိန်းသိမ်းမှုများ ပြုလုပ်ထားပါသည်။

## ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာပင်များ စိုက်ပျိုးမှုအခြေအနေ

ဗန္ဓုလကြိုးဝိုင်းအကွက်-၁တွင် ၁၉၀၉-၂၀ ခုနှစ်နှင့် ၁၉၂၁ ခုနှစ် ကျွန်းဧက (၁၀၀) စိုက်ပျိုးခဲ့ပါသည်။ ၎င်းကျွန်းခင်းမှာ လွန်ခဲ့သော (၁၀)နှစ်ခန့်က မသမာသူများ ဝင်ရောက်ခုတ်ယူမှုကြောင့် ကျွန်းတောမှာ လုံးဝပျက်စီးသွားသည်အထိ တွေ့ရှိရပါသည်။ ၁၉၆၉-၇၀ ခုနှစ် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ် စိုက်ခင်းများကို မင်းပြားပေါက်တော ကြိုးပြင်ခုတ်ကွက် ၁၄ ပေါ်တွင် ဧက ၅၄ ဧကရောနှောစိုက်ပျိုးထားပါသည်။ ၎င်းအခင်းမှာ ကောင်းမွန်စွာ တည်ရှိပါသည်။ အပင်အနေအထားမှာ အမြင့်ပေ ၃၈၊ လုံးပတ်ပေ ၂၂ လက်မရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

## သစ်ထုတ်လုပ်မှု၊ ခွဲစိပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ

မင်းပြားမြို့နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါ။ သို့သော်လည်း ကြိုးပြင်ခုတ်ကွက် မြို့ဟောင်းအကွက် ၁၃၊ ပေါက်တော ၁၄၊ ပန်းမြောင်း ၁၅၊ ကျောက်ခုတ် ၁၆၊ တယွေခုတ်ကွက် ၁၇၊ ဂက်ချောင်း ၁၀၊ သံချောင်း ၁၉၊ မိချောင်း ၂၀၊ အကွက်များကို မြို့နယ်ပြည်သူ့ကောင်စီ ခွင့်ပြုချက်အရ သစ်တန် ၂၀ကို တားမြစ်ရာမပါမစ်ဖြူသစ်များကို စုပေါင်း၍ နာရေးပျဉ်အဖြစ် တစ်ဦးတန်ချိန် ၂၀တန်မျှသာ ခွင့်ပြုရပါသည်။ တစ်နှစ်ပတ်လုံးအတွက်ဆိုပါက

သစ်တန်ချိန် ၄၀ခန့်ကိုသာ ထုတ်လုပ်မှုရှိပါသည်။ သို့သော်လည်း မင်းပြားမြို့နယ်အတွင်း သစ်ခွဲသားရရှိရေးကို သစ်ထုတ်လုပ်ရောင်းဝယ်ရေး ကော်ပိုရေးရှင်းမှ ဖြန့်ဖြူးရောင်းချလျှက် ရှိပါသည်။

## ဝါးထုတ်လုပ်မှုအခြေအနေ

ဝါးထုတ်လုပ်မှုအခြေအနေမှာ မင်းပြားမြို့နယ်အတွင်း တစ်နှစ်ပတ်လုံး ဝါးလုံးရေပေါင်း (၇၀၀၀၀၀)မှ (၁၀၀၀၀၀၀)ခန့် ထုတ်လုပ်မှုရှိပါသည်။

## သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေ

ထင်း၊ မီးသွေး၊ ကြိမ်(လျှော်)၊ ဓနိများကို အသင့်အတင့် လူသုံးအဖြစ် ထုတ်လုပ်မှု ရရှိပါသည်။

## သစ်တောအခွန်တော်

တနှစ်ဝင်ငွေမှာ (ဇယားကွက်တွင် ပါရှိပါသည်။)

## သစ်တောလုပ်သားအင်အား

မင်းပြားမြို့နယ်အတွင်း ၄-ဦးနှင့် စိုက်ခင်းတာဝန်ကျ အမှုထမ်း (၄) ဦးပေါင်း (၈)ဦးသာရှိပါသည်။

## စက်မှုလက်မှုကဏ္ဍ

### စစ်မဖြစ်မီနှင့် စစ်ပြီးခေတ်စက်မှုလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများ အခြေအနေ

(က) စစ်မဖြစ်မီ အချိန်ကာလတွင် မင်းပြားမြို့နယ် စက်မှုလက်မှုလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံ မည်သည့် မည်မျှရှိသည်ကို အတိအကျ မသိရသေးပါ။

(ခ) စစ်ပြီးခေတ်မှ ယနေ့ထိ မင်းပြားမြို့နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ရှိသည်ကို စာရင်းအရ သိရှိရပါသည်။

| | | |
|---|---|---|
| (၁) | ဆန်စက်လုပ်ငန်း(အိမ်တွင်းစက်အပါအဝင်) | ၂၆-ခု |
| (၂) | ဆီကြိတ်စက်လုပ်ငန်း | ၁-ခု |
| (၃) | အမှုန့်ကြိတ်စက်လုပ်ငန်း | ၂-ခု |
| (၄) | မုံ့လုပ်ငန်း | ၂-ခု |
| (၅) | ခေါက်ဆွဲလုပ်ငန်း | ၂-ခု |
| (၆) | ဆေးလိပ်ခုံလုပ်ငန်း | ၇-ခု |
| (၇) | ပန်းထိမ်လုပ်ငန်း | ၁၅-ခု |
| (၈) | သံဖြူလုပ်ငန်း | ၁၀-ခု |
| (၉) | အပ်ချုပ်လုပ်ငန်း | ၈-ခု |

(၁၀) နှီးဖျာလုပ်ငန်းများလည်း ရှိသည်ကို တွေ့ရှိရပါသည်။

မင်းပြားမြို့နယ်အတွင်း စက်ရုံအလုပ်ရုံများ မရှိပါ။

## စက်ရုံများနှင့် ကုန်ထုတ်ပစ္စည်းများအခြေအနေ

မင်းပြားမြို့နယ်၌ စက်ရုံဟုခေါ်နိုင်လောက်သည့် စက်ရုံအလုပ်ရုံများ မရှိပါသဖြင့် ယင်းလုပ်ငန်းများမှ ထုတ်လုပ်မှုလည်း မရှိသည်ကို တွေ့ရှိရပါသည်။

## ဆားလုပ်ငန်း

မင်းပြားမြို့နယ်၌ ခေတ်အဆက်ဆက်မှ ဆားချက်လုပ်ငန်းများ လုပ်ကိုင်လာခဲ့သည်ကို မတွေ့ရှိရပါ။ မြို့နယ်အတွင်း သုံးစွဲနေသော ဆားများသည် များသောအားဖြင့် မြေပုံမြို့နယ်မှ လာရောက်သည့် ဆားများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ရခိုင်ရိုးရာလုံချည်လုပ်ငန်း

မင်းပြားမြို့နယ်၌ ရခိုင်ရိုးရာလုံချည်များကို စစ်မဖြစ်မီခေတ်မှ တော်လှန်ရေးကောင်စီ တက်လာသည်အထိ ပုဂ္ဂလိက ရက်ကန်းလုပ်ငန်းရှင်များက အိမ်တွင်းမှုလက်မှုပညာရပ်အနေဖြင့် ထုတ်လုပ်လျှက်ရှိသည်ကို တွေ့ရှိရပါသည်။ တော်လှန်ရေးကောင်စီတက်လာပြီးနောက်ပိုင်းမှစ၍ မြို့နယ်ကုန်သွယ်ရေးဖြစ်လာသည့်အခါ မြို့နယ်ကုန်သွယ်ရေးသည် ရက်ကန်းကုန်ထုတ်သမဝါယမအသင်းနှင့် စာချုပ်ချုပ်လျှက် ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ထုတ်လုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြို့နယ်ကုန်သွယ်ရေးပျက်သည့်နောက်ပိုင်း၊ မြို့နယ်သမဝါယမအသင်းမှ ရက်ကန်းကုန်ထုတ်သမဝါယမအသင်းများနှင့် စာချုပ်ချုပ်ဆိုလျှက် အထက်ပါ မြို့နယ်ကုန်သွယ်ရေးစနစ်အတိုင်း ဆက်လက်ရက်လုပ်လျှက် ရှိသည်ကို တွေ့ရှိရပါသည်။

မင်းပြားမြို့နယ်၌ ရက်ကန်းကုန်ထုတ်သမဝါယမအသင်း(၂)သင်းရှိပါသည်။

(၁) မင်းပြားမြို့မ ရက်ကန်းကုန်ထုတ်သမဝါယမအသင်း

(၂) ပန်းမြောင်းကျေးရွာအုပ်စု ရက်ကန်းကုန်ထုတ်သမဝါယမအသင်းတို့ ဖြစ်ပါသည်။

မင်းပြားမြို့မ ရက်ကန်းကုန်ထုတ်သမဝါယမအသင်းတွင် အသင်းဝင်ရက်ကန်းလုပ်သားအင်အား (၄၄၆)ဦး ရှိပြီး ၎င်းကို ၁၉၇၅-ခု စက်တင်ဘာလ (၁၅)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ပန်းမြောင်းကျေးရွာအုပ်စု ရက်ကန်းကုန်ထုတ်သမဝါယမအသင်းကို ၁၉၇၇-ခု စက်တင်ဘာလ (၂၂)ရက်နေ့တွင် အသင်းဝင်ရက်ကန်းလုပ်သားအင်အား (၃၇)ဦးဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

မင်းပြားမြို့နယ် သမဝါယမအသင်း ချည်ထည်လုပ်ငန်းစီမံကိန်း၏ နှစ်အလိုက် ထုတ်လုပ်မှုကို မသိရသေးပါ။

၁၉၈၀-၈၁ ခုကာလအတွင်း ၂/၆၄ အမျိုးသားဝတ် လုံချည်ချော(၁၄၂၅၀)ထိ ရက်လုပ်ရန် ရည်မှန်းခဲ့သော်လည်း (၇၆၂၆)ထိသာ ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ စီမံကိန်းရည်မှန်းချက်အတိုင်း အပြည့်အဝမထုတ်လုပ်နိုင်ခြင်းမှာ ကုန်ကြမ်းဖြစ်သော ချည်များမရှိခြင်းကြောင့် ဖြစ်သည်ဟု သိရပါသည်။

၁၉၈၁-၈၂ ခု စီမံကိန်းကာလအတွင်း အောက်ပါအတိုင်း ထုတ်လုပ်သွားရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါသည်။

| | | | |
|---|---|---|---|
| (က) | ၁/၂၀ | အမျိုးသားဝတ်လုံချည် | ၁၅၀၀၀-ထည် |
| (ခ) | ၂/၄၂ | အမျိုးသားဝတ်လုံချည် | ၁၅၀၀၀-ထည် |
| (ဂ) | ၂/၆၄ | အမျိုးသားဝတ်လုံချည် (ပုံကြီးဆင်) | ၁၂၀၀၀-ထည် |
| (ဃ) | ၂/၆၄ | အမျိုးသမီးဝတ်လုံချည်(လက်ထိုးပန်း) | ၃၆၀၀-ထည် |
| (င) | ၂/၆၄ | အမျိုးသားဝတ်လုံချည်(ရိုးရာ) | ၁၅၀၀-ထည် |

## လောင်စာဆီ/ဓာတ်ဆီ/ချောဆီ/မီးထိုးဆီရရှိရေးနှင့် ဖွံ့ဖြိုးမှုအခြေအနေ

စစ်မဖြစ်မီကာလအတွင်း မင်းပြားမြို့နယ်၌ လောင်စာဆီ/ဓာတ်ဆီ/ချောဆီသုံးစွဲမှုကို အတိအကျ စာရင်းမရှိသေးပါသဖြင့် မဖော်ပြခြင်းဖြစ်ပါသည်။

စစ်ပြီးခေတ်မှ ယနေ့ထိ လောင်စာဆီ၊ ချောဆီ၊ မီးထိုးဆီ စသည်များကို အဓိကသုံးစွဲသည့် ဌာနများမှာ

(က) လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

(ခ) စက်မှုလယ်ယာဦးစီးဌာန

(ဂ) ကြေးနန်းဌာန

(ဃ) ပုဂ္ဂလိကရေယာဉ်နှင့် မော်တော်ယာဉ်များ ဖြစ်ပါသည်။

## (က) လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

မင်းပြားမြို့နယ်၊ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၁၉၇၁-၇၂ ခုနှစ်မှ ၁၉၈၁-၈၂ ခုနှစ်အထိ (၃၁-၇-၈၁)နေ့ထိ လောင်စာဆီသုံးစွဲမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| ခုနှစ် | ဒီဇယ်ဂါလံ | ချောဆီဂါလံ |
|---|---|---|
| ၁၉၇၁-၇၂ | ၁၀၀၄၆ | ၃၂၆ |
| ၁၉၇၂-၇၃ | ၁၀၃၂၃ | ၅၃၇ |
| ၁၉၇၃-၇၄ | ၅၃၆၁ | ၁၇၀ |
| ၁၉၇၄-၇၅ | ၁၀၁၂၀ | ၄၀၀ |
| ၁၉၇၅-၇၆ | ၉၀၄၆ | ၃၉၉ |
| ၁၉၇၆-၇၇ | ၁၂၂၆၂ | ၄၀၅ |
| ၁၉၇၇-၇၈ | ၁၀၀၉၁ | ၉၅၆ |
| ၁၉၇၈-၇၉ | ၁၂၆၂၂ | ၄၆၄ |
| ၁၀၇၉-၈၀ | ၁၀၉၉၉ | ၃၉၉ |
| ၁၉၈၀-၈၁ | ၁၀၃၉၆ | ၃၆၂ |
| ၁၉၈၁-၈၂ (၇/၈၁) | ၂၆၀၃ | ၁၇ |

## (ခ) စက်မှုလယ်ယာဦးစီးဌာန

မင်းပြားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၏ ဆီရရှိမှု သုံးစွဲမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ခုနှစ် | ဒီဇယ်ဂါလံ | အင်ဂျင်ဝိုင် (ဂါလံ) | အမဲဆီ (ပေါင်) | ဘရိတ်ဆီ (ပုလင်း) |
|---|---|---|---|---|
| **၁၉၇၉-၈၀** | **၁၀၇၄** | **၈** | **၂၀** | **မရှိ** |
| **၁၉၈၀-၈၁** | **၂၄၈၄** | **၁၇** | **၄၀** | **၅** |
| **၁၉၈၁-၈၂ (၈/၈၁ ထိ)** | **၁၉၃၂** | **၁၀** | **၂၀** | **၂** |

မင်းပြားမြို့နယ် သမဝါယမအသင်း၌ ယခုဘဏ္ဍာရေးနှစ်အတွင်း တစ်လလျှင် ဒီဇယ်ဆီ (၁၀)ပီပါနှင့် ရေနံဆီ (၆)ပီပါ ရရှိပါသည်။ ၎င်းကို မြို့နယ်ပြည်သူ့ကောင်စီ(အလုပ်အမှုဆောင်အဖွဲ့)၏ အစီအစဉ်ဖြင့် သင့်တော်သလို ဖြန့်ဖြူးရောင်းချခဲ့ပါသည်။

## နိုင်ငံတော်အတွက် အကျိုးရှိမည့် စက်ရုံအလုပ်ရုံများအလားအလာ

မင်းပြားမြို့နယ်သည် စုစုပေါင်းဧရိယာ (၈၅၆၆၁၆)ဧကရှိသည့်အနက် သီးသန့်သစ်တောကြိုးဝိုင်းဧရိယာမှာ (၈၄၃၉)ဧကနှင့် အခြားသစ်တောမြေဧရိယာမှာ (၃၀၂၄၀၀)ဧကရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်းမြေဧရိယာ၏ (၄၀%)သည် သစ်တောမြေဧရိယာဖြစ်ပါသဖြင့် သစ်တောထွက်ပစ္စည်းများ ကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ နှစ်စဉ်ဝါးလုံးရေတစ်သန်းကျော်ထွက်သည့် မြို့နယ်တစ်မြို့နယ်ဖြစ်သည့်အားလျော်စွာ အသေးစားစက္ကူစက်တစ်လုံး တည်ဆောက်ရန် အလားအလာရှိသည်ကို တွေ့ရှိရပါသည်။

အလားတူ လေးမြို့ချောင်း ရေတံခွန်သည်လည်း ရေကျ/ရေစီးအားကောင်းပြီး မကြာခဏ လေ့လာရေးအဖွဲ့များ ရောက်ရှိလျှက် လေ့လာတိုင်းတာနေသည်ကို တွေ့ရှိရပါသဖြင့် ရေအားလျှပ်စစ်ဓာတ်အားစက် တည်ဆောက်နိုင်မည့်အလားအလာရှိသည်ကို တွေ့ရှိရပါသည်။

## စက်မှုလက်မှုကဏ္ဍမှ လုပ်သားများအင်အား

စက်မှုလက်မှုကဏ္ဍ၌ ပြည်သူပိုင်အခန်းမှ လုပ်သားအင်အား မရှိသည်ကို တွေ့ရှိရပါသည်။ သမဝါယမပိုင်အခန်းမှ ဆီကြိတ်စက်လုပ်သား (၃)ဦးနှင့် ရက်ကန်းလုပ်သား(၄၈၃)ဦးရှိသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကပိုင်အခန်း

**ရခိုင်သားကြီးစာပေ**

**မင်းပြားမြို့နယ် ဖြစ်စဉ်သမိုင်း** 

မှ လုပ်သားအင်အားစာရင်းကို မရရှိသေးကြောင်း တင်ပြလိုပါသည်။

## ပိုင်ဆိုင်မှုအစနစ်းကဏ္ဍအလိုက် စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု

မင်းပြားမြို့နယ်၏ သမဝါယမပိုင်အခန်းမှ စက်မှုလက်မှုကဏ္ဍ၏ နှစ်စဉ်အသားတင်ထုတ်လုပ်မှုတန်ဘိုးမှာ ကျပ် (၂၄၆၀၀၀)ခန့်ရှိကြောင်း တွေ့ရှိရပါသည်။

## စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများ

စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုမရှိသည်ကို တွေ့ရှိရပါသည်။

# လျှပ်စစ်ကဏ္ဍ

## တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားနှင့် စက်အင်အားအခြေအနေ

မင်းပြားမြို့နယ်၌ စစ်မဖြစ်မီ အချိန်ကာလတွင် လျှပ်စစ်ဓာတ်အား ရှိ/မရှိကို မသိရသေးသော်လည်း ၁၉၄၆ ခုနှစ်မှစ၍ ဘုရားမီးသာ ထွန်းခဲ့သည်ကို တွေ့ရှိရပါသည်။ မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ၁၉၅၅-ခု ဖေဖော်ဝါရီလ(၇)ရက်နေ့က ဗိုလ်မှူးသန်းစိန် ဦးဆောင်သော နေ့ရှင်းဘုတ်မီးလင်းရေးအဖွဲ့မှ (၆-ကီလိုဝပ်)ရှိ မီးစက်ဖြင့် မီးလင်းပေးခဲ့ပါသည်။

၁၉၅၆-ခုနှစ်တွင် ၂၅-ကီလိုဝပ်ရှိ မက္ကလာရီစက်ဖြင့်လည်းကောင်း၊ ၁၉၆၂-ခုနှစ်တွင် ၅၄-ကီလိုဝပ်မ၍ လာရီစက်ဖြင့်လည်းကောင်း၊ ၁၉၆၇-ခုနှစ်တွင် ၂၅ ကီလိုဝပ်ရှိ တကိုဒါစက်ဖြင့်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ၅၈ ကီလိုဝပ်ရှိ အစ္စကိုတာစက်ဖြင့်လည်းကောင်း အသီးသီး ဓာတ်အားပေးလျက် ရှိပါသည်။

မင်းပြားမြို့နယ်၏လက်ရှိတပ်ဆင်ထားသော လျှပက်စစ်စက်အင်အားမှာ (၁၃၇)ကီလိုဝပ်ရှိပြီး တပ်ဆင်ထားသော စက်အင်အားမှာ (၃)လုံးရှိကြောင်း တွေ့ရှိရပါသည်။

## အသုံးပြုမှုအမျိုးမျိုးအခြေအနေ

မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၏ ၁၉၇၁-၇၂ ခုနှစ်မှ လျှပ်စစ်ဓာတ်အား အသုံးပြုမှု အမျိုးမျိုးအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ခုနှစ် | မီတာသုံးစွဲမှု | မီးသုံးစွဲမှု | လမ်းမီး | ယာယီ |
|---|---|---|---|---|
| ၁၉၇၁-၇၂ | ၆၀၄၄ | ၁၂ | ၁၄၈၄ | ၅ |
| ၁၉၇၂-၇၃ | ၄၉၈၇ | ၁၂ | ၁၃၈၉ | ၅ |
| ၁၉၇၃-၇၄ | ၂၇၈၅ | ၆ | ၆၉၈ | ၄ |
| ၁၉၇၄-၇၅ | ၅၁၄၈ | ၁၆ | ၁၃၅၇ | ၅ |
| ၁၉၇၅-၇၆ | ၃၅၀၇ | ၁၂ | ၁၃၂၆ | ၃ |
| ၁၉၇၆-၇၇ | ၅၇၁၉ | ၁၂ | ၂၁၅၄ | မရှိ |
| ၁၉၇၇-၇၈ | ၆၀၂၀ | ၁၂ | ၂၃၀၀ | ၁၀ |
| ၁၉၇၈-၇၉ | ၆၀၅၄ | ၁၂ | ၂၁၀၉ | ၁၀ |
| ၁၉၇၉-၈၀ | ၆၂၉၀ | ၁၂ | ၂၀၂၈ | ၅ |
| ၁၉၈၀-၈၁ | ၆၃၃၈ | ၁၂ | ၁၇၅၉ | ၃ |
| ၁၉၈၁-၈၂ | ၂၁၆၂ | ၇ | ၅၀၀ | မရှိ |

## လျှပ်စစ်ဓာတ်အား တိုးချဲ့မှုလုပ်ငန်းများ

မင်းပြားမြို့သည် ရပ်ကွက်ပေါင်း (၃)ခု၊ အိမ်ထောင်စုပေါင်း (၁၅၁၁)ခု ရှိသည့် မြို့တစ်မြို့ဖြစ်ပါသည်။ မြို့ပေါ်ရှိ အိမ်ထောင်စု (၅၀%)သည် လျှပ်စစ်မီးအသုံးပြုလိုပါသော်လည်း စက်အင်အား မီတာအခက်အခဲနှင့် လောင်စာဆီအခက်အခဲတို့ကြောင့် မီးမရရှိနိုင်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ မင်းပြားမြို့နယ် ပြည်သူ့ကောင်စီ(အလုပ်အမှုဆောင်အဖွဲ့)၏ ၁၃-၇-၈၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ် ၈/၈၁ဆုံးဖြတ်ချက်အပိုဒ် ၈/၉အရ မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၌ (၁၅၀)ကီလိုဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်တစ်လုံး ရရှိရေးအတွက် ၂၂-၇-၈၁ နေ့စွဲပါစာအမှတ် ၂၄/မနက-စီးပွား(၁)/၈၁(၁၁၄၀)ဖြင့် အထူးအစီရင်ခံစာတစ်စောင်ကို ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြထားသည်ကို တွေ့ရှိရပါသည်။

## ရေအားလျှပ်စစ်ထုတ်လုပ်ရန်အလားအလာ

မင်းပြားမြို့နယ် လေးမြို့ချောင်း ရေတခွန်မှာ ရေကျအားနှင့် ရေစီးအားမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် စွမ်းအားရှိကြောင်း သိရှိရပါသည်။ ၎င်းရေတံခွန်ကို နိုင်ငံတော်မှစီမံကိန်းဖြင့် တည်ဆောက်ပေးပါက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် အလားအလာအများဆုံး ရှိပါကြောင်း သိရှိရပါသည်။

## ဒီဇယ်ဆီအသုံးပြုမှုအခြေအနေ

မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သုံးစွဲလျှက်ရှိသော ဒီဇယ်ဆီမှာ ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ခွဲတမ်းအရ ရရှိသည့် ဆီများဖြစ်ပါသည်။ တလလျှင်ပျမ်းမျှ ဒီဇယ်ဆီ (၁၆)ပီပါမှ (၂၀)ပီပါအတွင်း ရရှိပြီး ၎င်းကိုမူတည်၍ မီးထွန်းပေးရခြင်းဖြစ်ပေသည်။ ၁၉၇၁-၇၂ ခုနှစ်မှ ၁၉၈၁-၈၂(၇/၈၁)နေ့ထိ ဒီဇယ်ဆီရရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ခုနှစ် | ဒီဇယ်ဆီဂါလံ |
|---|---|
| ၁၉၇၁-၇၂ | ၁၀၀၄၆ |
| ၁၉၇၂-၇၃ | ၁၀၃၂၃ |
| ၁၉၇၃-၇၄ | ၅၃၆၀ |
| ၁၉၇၄-၇၅ | ၅၁၄၈ |
| ၁၉၇၅-၇၆ | ၃၅၀၇ |
| ၁၉၇၆-၇၇ | ၅၇၁၉ |
| ၁၉၇၇-၇၈ | ၆၀၂၀ |
| ၁၉၇၈-၇၉ | ၉၀၅၄ |

| ခုနှစ် | ဒီဇယ်ဆီဂါလံ |
|---|---|
| ၁၉၇၉-၈၀ | ၆၂၉၀ |
| ၁၉၈၀-၈၁ | ၆၃၃၈ |
| ၁၉၈၁-၈၂ | ၂၁၆၂ |
| (၇/၈၀)ထိ | |

## လျှပ်စစ်ကဏ္ဍ လုပ်သားအင်အား

မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၁၉၇၁-၇၂ ခုနှစ်မှ ယနေ့ထိ လုပ်သားအင်အား အခြေအနေကို အောက်ပါအတိုင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ခုနှစ် | လုပ်သားအင်အား |
|---|---|
| ၁၉၇၁-၇၂ | ၈-ယောက် |
| ၁၉၇၂-၇၃ | ၄-ယောက် |
| ၁၉၇၃-၇၄ | ၈-ယောက် |
| ၁၉၇၄-၇၅ | ၉-ယောက် |
| ၁၉၇၅-၇၆ | ၉-ယောက် |
| ၁၉၇၆-၇၇ | ၁၀-ယောက် |
| ၁၉၇၇-၇၈ | ၁၀-ယောက် |
| ၁၉၇၈-၇၉ | ၉-ယောက် |
| ၁၉၇၉-၈၀ | ၈-ယောက် |
| ၁၉၈၀-၈၁ | ၉-ယောက် |
| ၁၉၈၁-၈၂ | ၉-ယောက် |

## ဆောက်လုပ်ရေးကဏ္ဍ

### လမ်းတံတားများ ဆောင်ရွက်မည့်အလားအလာ

ယာဉ်သွားလာမှုနည်းပါးသဖြင့် တိုးချဲ့ဆောင်ရွက်ရန် မရည်ရွယ်ပါ။

### ဆောက်လုပ်ရေးလုပ်သားအင်အား

နှစ်စဉ်ခွဲဝေပေးသည့် ရံပုံငွေအပေါ် မူတည်ပြီး လုပ်သားများ တိုးချဲ့ခြင်း လျှော့ခြင်းများ ပြုလုပ်ရပါသဖြင့် ၁၉၈၁-၈၂ ခုနှစ်အတွင်း ရံပုံငွေနည်းပါးသဖြင့် အင်အားတိုးရန် မဖြစ်နိုင်ပါ။

### ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု

ဤကော်ပိုရေးရှင်းတွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုငွေမရှိပါ လိုအပ်သည့်ငွေအင်အားကို နိုင်ငံတော်စီးပွားရေးဘဏ်မှ ချေးယူခြင်း၊ လုပ်ငန်းရှင်များမှ လုပ်ငန်းအလိုက် ဘီလ်တောင်းခံပြီး ရငွေဖြင့် ဆောင်ရွက်ပါသည်။

# ကုန်သွယ်ရေးကဏ္ဍ

## မြို့နယ်အတွင်းကုန်သွယ်မှုလုပ်ငန်း

### (က) ပြည်သူပိုင်အခန်း

မင်းပြားမြို့နယ် လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်းသည် ရှေးဦးစွာ (Agriculturcal Project Board အမည်မှ S,A, MB, U, B, A, M, B ကုန်သွယ်ရေး(၁)နှင့် ယခုကုန်သွယ်လယ်ယာအမည်သို့ အဆင့်ဆင့် ပြောင်းလဲလာခဲ့ပါသည်။ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အနေဖြင့် စပါးဝယ်ယူရေးကိစ္စကို ဆောင်ရွက်စဉ်က တောင်သူလယ်သမားများထံ အဖွဲ့အနေဖြင့် တိုက်ရိုက်ဝယ်ယူခြင်း မရှိဘဲ ပုဂ္ဂလိကကုန်သည်ပွဲစားများထံမှ တဆင့် ဝယ်ယူခဲ့ပါသည်။ ၎င်းပြင် သမဝါယမအသင်းများမှတဆင့် ဝယ်ယူခဲ့သည်များလည်း ရှိခဲ့သည်များလည်း ရှိပါသည်။

လက်ရှိကျင့်သုံးနေသောစနစ်မှာ ကုန်သွယ်လယ်ယာသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူလျှက် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲစီမံချက်ဖြင့် တောင်သူလယ်သမားများနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုလျှက် စပါးဝယ်ယူသည့် လုပ်ငန်းကို ဆောင်ရွက်နေပါသည်။

ဆန်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို (၁၉၆၅)ခုနှစ်အထိ တိုက်ရိုက်ရောင်းချခြင်းမပြုဘဲ မြို့နယ်ကုန်သွယ်ရေးမှတဆင့် စားသုံးသူလုပ်သားပြည်သူများသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ၁၉၇၂-ခုနှစ်မှစတင်၍ ဆန်၊ သကြား၊ ဂျုံစီးကရက်စသော ဥယျဉ်ခြံမြေထွက် ကုန်ပစ္စည်းများကို စားသုံးသူလုပ်သားပြည်သူများသို့ တိုက်ရိုက်ရောင်းချခြင်း ပြုခဲ့ပါသည်။ ၁၉၇၇-ခုနှစ်မှစတင်၍ ဆန်နှင့်ဆန်ထွက်ပစ္စည်းတစ်ခုတည်းကိုသာ ဌာနမှတိုက်ရိုက်ရောင်းချလာသည်မှာ ယနေ့ထိပင် ဖြစ်ပါသည်။

### (ခ) သမဝါယမပိုင်အခန်း

မင်းပြားမြို့နယ် သမဝါယမအသင်းသည် ရခိုင်ပြည်နယ်အသင်းစုနှင့် ကုန်သွယ်ရေးကော်ပိုရေးရှင်းများမှ ကုန်ပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးခဲ့ရာ နှစ်စဉ်တန်ဘိုးကျပ် (၅-သိန်း) ခန့်မျှရှိသည်ဟု တွေ့ရှိရပါသည်။

## ပြည်သူ့ဘဏ္ဍာရေး

မင်းပြားမြို့နယ်အတွင်းရှိ ဘုန်/ကော်ပိုရေးရှင်း/ဦးစီးဌာနနှင့် ကောင်စီအဆင့်ဆင့်၏ ပြည်သူ့ဘဏ္ဍာ ရ/သုံးစာရင်းမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

၁။ အခွန်ရငွေ

၂။ သာမန်ရငွေ

၃။ သာမန်အသုံးစရိတ်

၄။ ငွေလုံးငွေရင်းအသုံးစရိတ်

၅။ ဘဏ်စုဆောင်းငွေများ

(က) စုငွေစာအုပ်ဖြင့်

(ခ) ငွေစုလက်မှတ်ဖြင့်၆။ သမဝါယမငွေစုငွေချေးများ

## ၁။ အခွန်ရငွေ

| စဉ် | ခုနှစ် | ခွဲဝေချထားငွေ | အမှန်ဝင်ငွေများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၉၇၆-၇၇ | ၄၇၆၃၅၀ | ၃၆၄၁၉၄ | |
| ၂ | ၁၉၇၇-၇၈ | ၄၅၇၁၅၀ | ၃၆၉၁၀၄ | |
| ၃ | ၁၉၇၈-၇၉ | ၅၉၀၇၆၅ | ၃၄၄၁၄၇ | |
| ၄ | ၁၉၇၉-၈၀ | ၃၀၇၂၅၅ | ၃၀၈၇၁၇ | |
| ၅ | ၁၉၈၀-၈၁ | ၂၉၄၅၅၀ | ၃၆၃၁၅၅ | |
| ၆ | ၁၉၈၁-၈၂ | ၃၂၅၀၀ | ၁၈၁၀၇၉ | ၇/၈၁အထိသာ |

## ၂။ သာမန်ရငွေ

| စဉ် | | ခုနှစ်ငွေစာရင်းခေါင်းစဉ် | ခွဲဝေချထားငွေ | အမှန်ရငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | - | ၁၉၇၆-၇၇ | ကျပ် | ကျပ် | |
| | ၁ | မ-န-က | ၁၀၀ | - | |
| | ၂ | ဦးစီးဌာနများ | ၁၄၃၅၃ | ၈၀၉၄ | |
| | ၃ | ကော်ပိုရေးရှင်း | - | ၁၀၁၄၈၇၃ | |
| | ၄ | စည်ပင်သာယာ | - | - | |
| | | စုစုပေါင်း | ၁၄၄၅၃ | ၁၀၂၂၉၆၇ | |
| ၂ | | ၁၉၇၇-၇၈ | | | |
| | ၁ | မ-န-က | ၁၀၀ | ၁၂၉၉၇ | |
| | ၂ | ဦးစီးဌာနများ | ၈၁၉၇၀ | ၇၃၂၉၁ | |
| | ၃ | ကော်ပိုရေးရှင်း | - | ၉၇၂၇၂၈ | |
| | ၄ | စည်ပင်သာယာ | ၁၀၆၂၂၀ | ၁၃၂၇၅၀ | |
| | | စုစုပေါင်း | ၁၈၈၂၉၀ | ၁၀၅၉၀၃၆ | |
| ၃ | | ၁၉၇၈-၇၉ | | | |
| | ၁ | မ-န-က | ၁၀၀ | ၂၈၇၁ | |
| | ၂ | ဦးစီးဌာနများ | ၇၁၉၇၀ | ၆၉၂၂၁ | |
| | ၃ | ကော်ပိုရေးရှင်း | - | ၉၃၇၉၅၀ | |
| | ၄ | စည်ပင်သာယာ | ၁၄၂၃၇၀ | ၁၄၄၂၄၃ | |
| | | စုစုပေါင်း | ၂၁၄၄၄၀ | ၁၀၅၀၄၀၅ | |

| စဉ် | | ခုနှစ်<br>ငွေစာရင်းခေါင်းစဉ် | ခွဲဝေချထားငွေ | အမှန်ရငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၄ | | ၁၉၇၉-၈၀ | ကျပ် | ကျပ် | |
| | ၁ | မ-န-က | ၁၀၀ | - | |
| | ၂ | ဦးစီးဌာနများ | ၂၆၅၄၀ | ၃၇၇၁၁ | |
| | ၃ | ကော်ပိုရေးရှင်း | - | ၁၃၆၅၉၅၆ | |
| | ၄ | စည်ပင်သာယာ | ၁၄၂၉၂၀ | ၁၇၀၃၄၅ | |
| | | စုစုပေါင်း | ၁၆၉၅၆၀ | ၁၅၇၅၀၁၂ | |
| ၅ | | ၁၉၈၀-၈၁ | | | |
| | ၁ | မ-န-က | ၁၀၀ | ၁၀၀ | |
| | ၂ | ဦးစီးဌာနများ | ၄၅၅၁၀ | ၃၄၀၉၉ | |
| | ၃ | ကော်ပိုရေးရှင်း | - | ၂၀၄၈၂၀၅ | |
| | ၄ | စည်ပင်သာယာ | ၁၅၇၈၂၀ | ၂၁၀၁၇၄ | |
| | | စုစုပေါင်း | ၂၀၃၄၃၀ | ၂၂၉၂၅၇၉ | |
| ၆ | | ၁၉၈၁-၈၂ | | - | |
| | ၁ | မ-န-က | ၁၀၀ | ၁၃၅ * | * ၇/၈၁ထိ |
| | ၂ | ဦးစီးဌာနများ | ၆၁၄၂၀ | ၅၂၇၆၇၅ * | |
| | ၃ | ကော်ပိုရေးရှင်း | - | ၆၉၂၅၃ * | |
| | ၄ | စည်ပင်သာယာ | ၁၆၇၂၇၀ | ၅၉၇၀၆၃ | |
| | | စုစုပေါင်း | ၂၂၈၇၉၅ | | |

## ၃။ သာမန်အသုံးစရိတ်

| စဉ် | | ခုနှစ်ငွေစာရင်း ခေါင်းစဉ် | ခွဲဝေ ရာထားငွေ | အမှန်ကုန်ကျငွေ | ပိုလျှံပြန်အပ်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | | ၁၉၇၆-၇၇ | ကျပ် | ကျပ် | | ကျပ် | |
| | ၁ | မနက | ၅၃၅၂၈၀ | ၂၂၂၄၃၉ | (-) | ၃၁၂၈၄၁ | ပြန်အပ် |
| | ၂ | ဦးစီးဌာနများ | ၁၄၉၇၂၄၀ | ၁၄၈၅၇၆၀ | (-) | ၁၁၄၇၉ | ပြန်အပ် |
| | ၃ | ကော်ပိုရေးရှင်း | ၇၆၀၅၇၇၀ | ၇၆၄၀၉၇၁ | (+) | ၃၅၂၀၁ | ပိုသုံး |
| | ၄ | စည်ပင်သာယာ | - | - | (-) | - | |
| | | စုစုပေါင်း | ၉၆၃၈၂၉၀ | ၉၂၆၉၁၇၁ | (-) | ၂၈၉၁၁၈ | ပြန်အပ် |
| ၂ | | ၁၉၇၇-၇၈ | - | | | | |
| | ၁ | မနက | ၇၀၅၉၈၀ | ၅၁၁၈၆၁ | (-) | ၁၉၄၁၁၉ | ပြန်အပ် |
| | ၂ | ဦးစီးဌာနများ | ၁၆၈၂၅၂၀ | ၁၇၃၄၀၈၄ | (+) | ၅၁၅၆၄ | ပိုသုံး |
| | ၃ | ကော်ပိုရေးရှင်း | ၅၁၇၂၉၇၅ | ၅၁၀၈၂၂၈ | (-) | ၆၄၇၄၇ | ပြန်အပ် |
| | ၄ | စည်ပင်သာယာ | ၉၁၅၃၅ | ၈၉၇၄၈ | (-) | ၁၇၈၇ | ပြန်အပ် |
| | | စုစုပေါင်း | ၇၆၅၃၀၁၀ | ၇၄၄၃၉၂၁ | (-) | ၂၈၉၀၈၉ | ပြန်အပ် |
| ၃ | | ၁၉၇၈-၇၉ | | | | | |
| | ၁ | မနက | ၈၀၉၄၁၆ | ၆၇၁၄၉၅ | (-) | ၁၃၇၉၂၁ | ပြန်အပ် |
| | ၂ | ဦးစီးဌာနများ | ၁၈၂၇၉၉၀ | ၁၈၀၅၆၀၇ | (-) | ၂၂၃၈၃ | ပြန်အပ် |
| | ၃ | ကော်ပိုရေးရှင်း | ၁၁၄၁၅၇၃၇ | ၁၁၆၁၁၅၆၇ | (+) | ၁၉၅၈၁၀ | ပိုသုံး |
| | ၄ | စည်ပင်သာယာ | ၁၂၇၂၅၀ | ၁၁၉၆၇၄ | (-) | ၇၅၇၆ | ပြန်အပ် |
| | | စုစုပေါင်း | ၁၄၁၈၀၃၉၃ | ၁၄၂၀၈၃၄၃ | (-) | ၂၄၉၅၀ | ပြန်အပ် |
| ၄ | | ၁၉၇၇၉-၈၀ | | | | | |
| | ၁ | မနက | ၄၄၉၉၀၀ | ၄၁၄၃၂၅ | (-) | ၃၅၅၇၅ | ပြန်အပ် |
| | ၂ | ဦးစီးဌာနများ | ၁၉၈၂၃၀၀ | ၁၈၉၂၆၅၇ | (-) | ၈၉၆၄၃ | ပြန်အပ် |
| | ၃ | ကော်ပိုရေးရှင်း | ၁၃၀၆၂၇၄၀ | ၁၃၁၆၂၁၄၃ | (+) | ၉၉၄၀၃ | ပိုသုံး |
| | ၄ | စည်ပင်သာယာ | ၁၁၉၀၀၀ | ၁၁၄၀၂၆ | (-) | ၄၉၇၄ | ပြန်အပ် |
| | | စုစုပေါင်း | ၁၅၆၁၃၉၄၀ | ၁၅၅၈၃၅၁ | (-) | ၃၀၇၈၉ | ပြန်အပ် |
| ၅ | | ၁၉၈၀-၈၁ | | | | | |
| | ၁ | မနက | ၈၄၂၉၆၀ | ၆၈၁၁၂၇ | (-) | ၁၆၁၈၃၃ | ပြန်အပ် |
| | ၂ | ဦးစီးဌာနများ | ၂၁၈၅၄၀၀ | ၂၁၇၇၀၅၂ | (-) | ၁၀၈၃၄၈ | ပြန်အပ် |
| | ၃ | ကော်ပိုရေးရှင်း | ၁၂၃၅၂၁၂၈ | ၁၂၅၁၈၇၈၈ | (+) | ၁၆၆၆၄၆၀ | ပိုသုံး |
| | ၄ | စည်ပင်သာယာ | ၁၂၄၅၀၀ | ၁၁၉၆၀၀ | (-) | ၄၉၀၀ | ပြန်အပ် |
| | | စုစုပေါင်း | ၁၅၅၀၅၁၈၈ | ၁၅၃၉၆၅၆၇ | (-) | ၁၀၈၆၂၁ | ပြန်အပ် |
| ၆ | | ၁၉၈၁-၈၂ | | | | | |
| | ၁ | မနက | ၈၉၂၂၈၀ | ၁၇၂၀၅၇ | * | | *၇/၈၁ အထိသာ |
| | ၂ | ဦးစီးဌာနများ | ၂၁၇၈၀၈၀ | ၆၆၃၂၂၉ | * | | |
| | ၃ | ကော်ပိုရေးရှင်း | ၂၄၁၅၇၃၃ | ၁၆၉၂၄၃၆ | * | | |
| | ၄ | စည်ပင်သာယာ | ၁၄၈၈၀၀ | ၁၁၆၄၇ | * | | |
| | | စုစုပေါင်း | ၅၆၃၄၈၉၃ | ၂၅၃၉၃၆၉ | | | |

## ၄။ ငွေလုံးငွေရင်း အသုံးစရိတ်

| စဉ် | | ခုနှစ်ခေါင်းစဉ် | ခွဲဝေချထားငွေ | အမှန်သုံးငွေ | ပိုလျှံပြန်အပ်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | | ၁၉၇၆-၇၇ | ကျပ် | ကျပ် | | ကျပ် | |
| | ၁ | မနက | - | - | | - | |
| | ၂ | ဦးစီးဌာနများ | ၁၂၅၀၀ | ၁၂၅၀၀ | | - | |
| | ၃ | ကော်ပိုရေးရှင်း | ၃၅၀၀၀ | ၃၄၃၄၆ | (-) | ၆၅၄ | ပြန်အပ် |
| | ၄ | စည်ပင်သာယာ | - | - | | - | |
| | | စုစုပေါင်း | ၄၇၅၀၀ | ၄၆၈၄၆ | (-) | ၆၅၄ | |
| ၂ | | ၁၉၇၇-၇၈ | | | | | |
| | ၁ | မနက | - | - | | - | |
| | ၂ | ဦးစီးဌာနများ | ၁၄၂၀ | ၁၄၂၀ | | | |
| | ၃ | ကော်ပိုရေးရှင်း | - | - | | - | |
| | ၄ | စည်ပင်သာယာ | ၂၀၀၀၀ | ၂၀၀၀၀ | | | |
| | | စုစုပေါင်း | ၂၁၄၂၀ | ၂၁၄၂၀ | | | |
| ၃ | | ၁၉၇၈-၇၉ | | | | | |
| | ၁ | မနက | - | - | | - | |
| | ၂ | ဦးစီးဌာနများ | ၁၄၅၀ | ၁၄၅၀ | | | |
| | ၃ | ကော်ပိုရေးရှင်း | ၁၃၀၀၀ | ၁၂၉၆၇ | (-) | ၃၃ | ပြန်အပ် |
| | ၄ | စည်ပင်သာယာ | ၂၃၁၈၀ | ၂၀၁၆၆ | (-) | ၃၀၁၄ | ပြန်အပ် |
| | | စုစုပေါင်း | ၃၇၆၃၀ | ၃၄၅၈၃ | (-) | ၃၀၄၇ | |
| ၄ | | ၁၉၇၉-၈၀ | | | | | |
| | ၁ | မနက | - | - | | | |
| | ၂ | ဦးစီးဌာနများ | ၁၄၃၀ | ၁၄၃၀ | | | |
| | ၃ | ကော်ပိုရေးရှင်း | - | - | | | |
| | ၄ | စည်ပင်သာယာ | ၂၂၁၃၀ | ၂၁၄၂၇ | (-) | ၇၀၃ | ပြန်အပ် |
| | | စုစုပေါင်း | ၂၃၅၀၀ | ၂၂၈၅၇ | (-) | ၇၀၃ | |
| ၅ | | ၁၉၈၀-၈၁ | | | | | |
| | ၁ | မနက | - | - | | | |
| | ၂ | ဦးစီးဌာနများ | - | - | | | |
| | ၃ | ကော်ပိုရေးရှင်း | ၄၉၅၀၀၀ | ၄၉၄၆၈၀ | (-) | ၃၂၀ | ပြန်အပ် |
| | ၄ | စည်ပင်သာယာ | ၂၃၀၀၀ | ၂၃၀၀၀ | | | |
| | | စုစုပေါင်း | ၅၁၈၀၀၀ | ၅၁၇၆၈၀ | (-) | ၃၂၀ | |
| ၆ | | ၁၉၈၁-၈၂ | | | | | |
| | ၁ | မနက | | | | | |
| | ၂ | ဦးစီးဌာနများ | | | | | |
| | ၃ | ကော်ပိုရေးရှင်း | | | | | |
| | ၄ | စည်ပင်သာယာ | ၂၃၀၀၀ | | | | |
| | | စုစုပေါင်း | ၂၃၀၀၀ | | | | |

## ၅(က) ငွေစုစာအုပ်ဖြင့် နှစ်အလိုက် စုဆောင်းသည့်ငွေများ

| စဉ် | နှစ်အလိုက် | စာရင်းဦးရေ | စုဆောင်းငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၉၇၆-၇၇ | - | - | ငွေစုဘဏ်ကို စစ်တွေမှ ၁၉၇၉ ခု ဇွန်လမှစတင် လွှဲပြောင်းပေးသည်။ |
| ၂ | ၁၉၇၇-၇၈ | - | - | |
| ၃ | ၁၉၇၈-၇၉ | - | - | |
| ၄ | ၁၉၇၉-၈၀ | ၄၈၂ | ၄၈၂၂၉၁/၆၄ | |
| ၅ | ၁၉၈၀-၈၁ | ၄၂၉ | ၅၄၉၇၅၇/၆၈ | |
| ၆ | ၁၉၈၁-၈၂ | ၄၀၆ | ၇၈၁၂၇၀/၉၅ | ၁၉၈၁-ခု ဇူလိုင်လ (၃၁)ရက်နေ့ထိ |
| | | ၁၃၁၇ | ၁၈၁၃၃၂၀/၂၇ | |

## (ခ) ငွေစုလက်မှတ်ဖြင့် နှစ်အလိုက် စုဆောင်းသည့်ငွေများ

| စဉ် | နှစ်အလိုက် | စာရင်းဦးရေ | စုဆောင်းငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၉၇၆-၇၇ | ၄၁၈ | ၂၆၂၃၅/- | |
| ၂ | ၁၉၇၇-၇၈ | ၁၂၀ | ၅၇၉၅/- | |
| ၃ | ၁၉၇၈-၇၉ | ၁၃၅ | ၅၁၀၅/- | |
| ၄ | ၁၉၇၉-၈၀ | ၂၁၁ | ၂၆၂၆၀/- | |
| ၅ | ၁၉၈၀-၈၁ | ၃၉၃ | ၄၄၇၁၀/- | |
| ၆ | ၁၉၈၁-၈၂ | ၄၆၇ | ၇၀၉၁၀/- | ၁၉၇၀ ခုဇူလိုင်လ (၃၁)ရက်နေ့ထိ |
| | | ၁၇၄၄ | ၁၇၉၀၁၅/- | |

## ၆။ ငွေစုငွေချေးများ သမဝါယမအသင်းများ အခြေပြစာရင်း

| စဉ် | | ဘဏ္ဍာရေးနှစ် အသင်းအမည် | အသင်း | အသင်းသားဦးရေ | အစုငွေ ပမာဏ | သာမန်ချေးငွေ ပမာဏ | အသားတင် အမြတ် အသားတင် အရှုံး | |
|---|---|---|---|---|---|---|---|---|
| ၁ | | ၁၉၇၆-၇၇ | | | | | | |
| | ၁ | ပညာရေးဌာန | ၁ | ၁၁၉ | ၁၉၀၀ | ၁၂၆၆၅၅ | + | ၁၇၀၁ |
| | ၂ | အမှုထမ်းပေါင်းစုံ | ၁ | ၁၀၆ | ၂၁၇၄ | ၆၇၀၇၇ | + | ၇၁၇ |
| | ၃ | ပြည်သူ့ရဲ | ၁ | ၅၈ | ၁၁၈၀ | ၄၀၂၂၆ | + | ၂၈၂ |
| | | | ၃ | ၂၈၃ | ၅၂၅၄ | ၂၃၃၉၅၈ | + | ၂၇၀၀ |
| ၂ | | ၁၉၇၇-၇၈ | | | | | | |
| | ၁ | ပညာရေးဌာန | ၁ | ၂၄၇ | ၇၃၇၀ | ၁၈၉၄၆၅ | + | ၈၉၂ |
| | ၂ | အမှုထမ်းပေါင်းစုံ | ၁ | ၂၆၂ | ၆၁၀၉ | ၆၇၄၃၀ | + | ၉၅၉ |
| | ၃ | ပြည်သူ့ရဲ | ၁ | ၆၃ | ၁၂၀၀ | ၅၇၂၆၅ | + | ၄၄၄ |
| | | | ၃ | ၅၇၂ | ၁၄၆၇၉ | ၃၁၄၁၆၀ | + | |
| ၃ | | ၁၉၇၈-၇၉ | | | | | | |
| | ၁ | ပညာရေးဌာန | ၁ | ၂၆၁ | ၈၁၉၀ | ၂၃၃၈၃၅ | + | ၅၈၅၄ |
| | ၂ | အမှုထမ်းပေါင်းစုံ | ၁ | ၂၆၂ | ၉၇၂၉ | ၈၃၁၇၁ | + | ၂၉၃၆ |
| | ၃ | ပြည်သူ့ရဲ | ၁ | ၆၃ | ၁၇၃၀ | ၇၄၄၅၆ | + | ၁၁၉၂ |
| | | | ၃ | ၅၈၆ | ၁၉၆၄၉ | ၃၉၁၄၆၂ | + | ၉၉၈၂ |
| ၄ | | ၁၉၇၉-၈၀ | | | | | | |
| | ၁ | ပညာရေးဌာန | ၁ | ၂၈၃ | ၈၅၅၀ | ၂၄၁၄၅၅ | + | ၄၇၉၈ |
| | ၂ | အမှုထမ်းပေါင်းစုံ | ၁ | ၄၀၁ | ၁၁၀၁၉ | ၈၃၆၅၀ | | ၃၈၃ |
| | ၃ | ပြည်သူ့ရဲ | ၁ | ၇၅ | ၂၀၃၀ | ၇၈၅၃၄ | | ၁၄၅၃ |
| | | | ၃ | ၇၅၉ | ၂၁၅၉၉ | ၄၀၃၆၃၉ | | ၆၆၃၄ |
| ၅ | | ၁၉၈၀-၈၁ | | | | | | |
| | ၁ | ပညာရေးဌာန | ၁ | ၂၇၆ | ၈၂၂၀ | | | |
| | ၂ | အမှုထမ်းပေါင်းစုံ | ၁ | ၃၃၆ | ၉၄၅၉ | | | |
| | ၃ | ပြည်သူ့ရဲ | ၁ | ၈၇ | ၂၆၁၀ | | | |
| | | | ၃ | ၆၉၉ | ၂၀၂၈၉ | ၂၈၃၃၄၅ | | |
| ၆ | | ၁၉၈၁-၈၂ | | | | | | |
| | ၁ | ပညာရေးဌာန | ၁ | ၂၇၃ | ၈၁၃၀ | | | |
| | ၂ | အမှုထမ်းပေါင်းစုံ | ၁ | ၃၆၃ | ၁၀၅၆၉ | | | |
| | ၃ | ပြည်သူ့ရဲ | ၁ | ၈၈ | ၂၆၄၀ | | | |
| | ၄ | သ/မဦးစီးဌာန | ၁ | ၄၄ | ၁၃၂၀ | | | |
| | ၅ | သ/မအသင်း | ၁ | ၃၅ | ၁၀၈၀ | | | |
| | ၆ | ကျန်းမာရေး | ၁ | ၅၈ | ၁၇၀၀ | | | |
| | ၇ | ကုန်သွယ်လယ်ယာ | ၁ | ၄၁ | ၁၂၃၀ | | | |
| | | | ၇ | ၉၀၂ | ၂၆၆၆၉ | | | |

# ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ

## ရေကြောင်းလုပ်ငန်းများ

### (က) ပြည်တွင်းနှင့်ပင်လယ်ကမ်းရိုးတန်းရေကြောင်းစရီးလမ်းများ

ပြည်သူပိုင်အခန်းမှ ပြည်တွင်းရေကြောင်းခရီးလမ်းများမှာ စစ်တွေ-ပေါက်တော-ပန်းမြောင်းအထိရှိပြီး သမဝါယမပိုင်အခန်းမှ မင်းပြား-ပေါက်တော-စစ်တွေထိ ရှိသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ မင်းပြား-စစ်တွေ/မင်းပြား-မြေပုံ/မင်းပြား-မြောက်ဦး/မင်းပြား-ပန်းမြောင်း စသည်မြို့နယ်အတွင်း သွားလာနိုင်ကြောင်းတွေ့ရှိရပါသည်။

### (ခ) သင်္ဘောဆိပ်များ

မင်းပြားမြို့နယ်တွင် သင်္ဘောဆိပ်မရှိကြောင်း တွေ့ရှိရပါသည်။

### (ဂ) ရေယာဉ်များ (ပိုင်ဆိုင်မှုကဏ္ဍအလိုက်)

#### (၁) ပြည်သူပိုင်အခန်း

မင်းပြားမြို့နယ် ပြည်သူပိုင်အခန်း သယ်ယူပို့ဆောင်ရေးယာဉ်မရှိသည်ကို တွေ့ရှိရပါသည်။

#### (၂) သမဝါယမပိုင်အခန်း

မင်းပြားမြို့နယ်သမဝါယမအသင်းတွင် ၁၉၇၈-၇၉ ခုနှစ်မှစ၍ ရေယာဉ်ကြီးတစ်စီး၊ ရေယာဉ်ငယ် ၂-စီးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပါသည်။ လုပ်ငန်းတွက်ခြေမကိုက်ပါသဖြင့် ရေယာဉ်ငယ် ၂-စီးကို ရပ်တန့်ထားပြီး ရေယာဉ်ကြီးတစ်စီးဖြင့်သာ မင်းပြား-ပေါက်တော-စစ်တွေ ခရီးစဉ်ကို တစ်ပတ်လျှင် ၂-ကြိမ်ကျ ပြေးဆွဲပေးလျှက်ရှိပါသည်။

ပန်းမြောင်းကျေးရွာ သမဝါယမအသင်းနှင့် ရွှေတမာကျေးရွာသမဝါယမအသင်းတွင်လည်း ကူဘိုတာ စက်တတ်ရေယာဉ်-၂စီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သော်လည်း တွက်ခြေမကိုက်ပါသဖြင့် ရပ်ဆိုင်းထားပါကြောင်း သိရှိရပါသည်။

#### (၃) ပုဂ္ဂလိကပိုင်အခန်း

မင်းပြားမြို့နယ် ပုဂ္ဂလိကပိုင် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်တတ်ရေယာဉ်ကြီးငယ် ၁၀-စီးခန့်ရှိကြောင်း သိရှိရပါသည်။ ၎င်းတို့သည် စစ်တွေ-မြေပုံ-မြောက်ဦးနှင့် တခြားမြို့နယ်များသို့ သွားလာနေပါကြောင်း သိရှိရပါသည်။

### (ဃ) ရေလမ်းခရီးတိုးချဲ့ရေးအလားအလာ

#### (၁) ပြည်သူပိုင်အခန်း

မင်းပြားမြို့နယ်သည် ရခိုင်ပြည်၏တောင်ဘက်ပိုင်း မြို့နယ်များနှင့် အဆက်အသွယ်မရှိပါသဖြင့် လုပ်သားပြည်သူများ သွားလာရေးနှင့် ကုန်ပစ္စည်းများတင်ပို့ရေးအတွက် များစွာအခက်အခဲရှိကြောင်း သိရှိရပါသည်။ စစ်မဖြစ်မီ အချိန်ကာလတွင် စစ်တွေ/ပေါက်တော/မင်းပြား/မြေပုံ/ကျောက်ဖြူ/တောင်ကုန်ခရီးစဉ်ရှိခဲ့ပါကြောင်း သိရှိရပါ၍ ၎င်းခရီးစဉ်ကို ပြန်လည်ဖွင့်လှစ်ပေးပါရန်မင်းပြားမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ၁၁-၇-၈၁ နေ့စွဲပါစာအမှတ် ၂၄/မနက-စီးပွား(၁)/၈၁(၁၉၄)ဖြင့် ပြည်နယ်/မြို့နယ် ပထမသုံးလပတ် စီးပွားရေးစီမံကိန်း ညှိနှိုင်းအစည်းအဝေးတွင် တင်ပြထားကြောင်း သိရှိရပါသည်။

#### (၂) သမဝါယမပိုင်အခန်း

မင်းပြားမြို့နယ် သမဝါယမအသင်း၏ ရေယာဉ်ကြီး လုပ်ငန်းမှ စစ်တွေ/ဘူးသီးတောင်လှိုင်းတွင် တပတ်တစ်ကြိမ်ကျ တိုးချဲ့ပြေးဆွဲပေးရန် စီစဉ်ခဲ့သော်လည်း ပုဂ္ဂလိက ရေယာဉ်များနှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိပါသဖြင့်

ခရီးစဉ်ကို မတိုးချဲ့နိုင်ခဲ့ပါ။ သို့သော် မင်းပြား/မြောင်းဘွယ်/ပန်းမြောင်း ခရီးစဉ်တိုးချဲ့ပြေးဆွဲရန် အစီအစဉ်ရှိပါကြောင်း သိရှိပါသည်။

**(၃) ပုဂ္ဂလိကပိုင်အခန်း**

ပုဂ္ဂလိကပိုင်အခန်းမှ ခရီးလမ်းတိုးချဲ့ရေးအလားအလာ ရှိမရှိမသိသေးကြောင်း တင်ပြလိုပါသည်။

## (င) သင်္ဘောကျင်းလုပ်ငန်းများ

မင်းပြားမြို့နယ်တွင် သင်္ဘောကျင်းလုပ်ငန်းမရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပိုင်ဆိုင်မှုကဏ္ဍအလိုက် ကုန်သွယ်ပို့ဆောင်မှုလုပ်ငန်း

**(၁) ပြည်သူပိုင်အခန်း**

မင်းပြားမြို့နယ် ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်းမှ နှစ်အလိုက် ကုန်သွယ်ပို့ဆောင်ရေးလုပ်ငန်းများ မည်သည့်မည်မျှ ရှိသည်ကို မတွေ့ရှိရသေးပါ။

**(၂) သမဝါယမပိုင်အခန်း**

မင်းပြားမြို့နယ် သမဝါယမပိုင်ရေယာဉ်များဖြင့် သမဝါယမနှင့် ပုဂ္ဂလိကပိုင် ကုန်ပစ္စည်းများကို နှစ်စဉ် ကုန်တန်ချိန် (၁၂၀၀)ခန့် ပို့ဆောင်ပေးနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။

# လေကြောင်းခရီးများ

မင်းပြားမြို့နယ်၌ လေကြောင်းခရီး မရှိသည်ကို တွေ့ရှိရပါသည်။

# ကုန်းလမ်းများ

## (က) ကုန်းလမ်းခရီးများ

မင်းပြားမြို့နယ်မှ ကန်ဖေကျေးရွာအထိ မော်တော်ကား သွားလာပါသည်။ ကုန်းလမ်းခရီးတစ်ခုတည်း ရှိကြောင်း သိရှိရပါသည်။

## (ခ) ကုန်းလမ်းယာဉ်များ (ပိုင်ဆိုင်မှုကဏ္ဍအလိုက်)

မင်းပြားမြို့နယ်၌ ပြည်သူပိုင်အခန်းနှင့် သမဝါယမပိုင် မော်တော်ယာဉ်များမရှိသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကပိုင်မော်တော်ကား (၅)စီးသာရှိပြီး ၎င်းဖြင့် ကုန်းလမ်းခရီးသွားလာသူများ ခရီးသွားလာကြောင်း တွေ့ရှိရပါသည်။

## (ဂ) ကုန်လမ်းတိုးချဲ့ရန် အလားအလာ

မင်းပြားမြို့နယ်၌ မော်တော်ကားများ သွားလာနိုင်အောင် တိုးချဲ့လမ်းခရီးများအဖြစ် ကျိန်းတစ်ပတ်လမ်း/ မင်းပြား-ခြီတ္တောင်လမ်း/မင်းပြား-စမ္ဘလေလမ်းဖောက်လုပ် အကောင်အထည်ဖော်ဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (ဃ) ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း (ပိုင်ဆိုင်မှုကဏ္ဍအလိုက်)

ပုဂ္ဂလိကပိုင်ပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ပါသဖြင့် မသိရရှိပါကြောင်း တင်ပြလိုပါသည်။

## မီးပြတိုက်နှင့် ရေကြောင်းတိုင်းတာရေး အချက်ပြကရိယာများ

မင်းပြားမြို့နယ်တွင် မီးပြတိုက်နှင့် ရေကြောင်းတိုင်းတာရေး မရှိကြောင်း သိရှိရပါသည်။

# စာတိုက်များ

## (က) လက်ရှိအခြေအနေ

မင်းပြမြို့နယ် စာတိုက်ဌာနကို မည်သည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်ကို အတိအကျ မသိရခဲ့သော်လည်း နှစ်ပေါင်း(၄)နှစ်ကျော်ခန့်မှစ၍ ဖွင့်လှစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ စတင်ဖွင့်လှစ်ချိန်တွင် အလယ်ပိုင်းရက်ကွက်၌ ဖွင့်လှစ်ခဲ့ပြီး ၁၉၅၀-ခုနှစ်မှ ၅၃ ခုနှစ်အထိ အလယ်ပိုင်းရပ်ကွက်ရှိ မခင်ထွေးနေအိမ်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။ ၁၉၅၃-ခုနှစ်မှ ၁၉၅၉-ခုနှစ်အထိ အလယ်ပိုင်းရပ်ကွက်၌ ဦးကြာပွင့်ကြီးနေအိမ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။ ၁၉၅၉-ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ဈေးဟောင်းပိုင်းရပ်ကွက်ရှိ ဦးကျော်ထွန်းဦးနေအိမ်၌ ဖွင့်လှစ်ခဲ့ပြီး ၁၉၆၇-ခု အောက်တိုဘာလမှစ၍ ယခုအဆောက်အဦးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ စာတိုက်ကြေးနန်းနှင့် တယ်လီဖုန်းအားလုံးကို စုစည်း၍ ၁၉၇၅-ခု မတ်လမှစ၍ ဆက်သွယ်ရေးကော်ပိုရေးရှင်းဟု အမည်ပြောင်းလဲခဲ့ပါသည်။ မင်းပြားမြို့နယ်တွင် မြို့မစာတိုက်နှင့် ပန်းမြောင်းစာမဝေစာတိုက် ၂-ခုသာရှိပါသည်။

## (ခ) တိုးချဲ့ရန်အလားအလာ

မင်းပြားမြို့နယ် ပန်းမြောင်းစာမဝေစာတိုက်ကို စာဝေစာတိုက်အဆင့်သို့ တိုးချဲ့ဖွင့်လှစ်ပေးရန် မင်းပြားမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ သက်ဆိုင်ရာသို့ တင်ပြတောင်းခံထားပါသဖြင့် လာမည့် ၁၉၈၂-၈၃ ခု စတုတ္ထလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်တွင် တိုးချဲ့ဖွင့်လှစ်ပေးမည်ဟု သိရှိရပါသည်။

# ကြေးနန်းဆက်သွယ်ရေး

## (က) ကြေးနန်းလုပ်ငန်းအခြေအနေ

မင်းပြားမြို့နယ်၌ ကြေးနန်းရုံးတစ်ရုံးသာရှိပြီး ၎င်းကို တိုက်အဆောက်အဦး၌ပင် ဖွင့်လှစ်ထားပါသည်။

## (ခ) စကားပြောဖုန်းများအခြေအနေ

မင်းပြားမြို့နယ်တွင် လက်ရှိအခြေအနေ၌ စကားပြောဖုန်းမရှိသော်လည်း ၁၉၈၁-၈၂ခုနှစ် စီမံကိန်းကာလအတွင်း တယ်လီဖုန်းအပြီး တပ်ဆင်ရန် လိုအပ်သောတိုင်းတာမှုများ ပြုလုပ်ခဲ့ပါကြောင်း သိရှိရပါသည်။

# မိုးလေဝသနှင့် ဇလဗေဒ

## (က) မိုးလေဝသစခန်းများ

မင်းပြားမြို့နယ် ပြည်သူ့ဆေးရုံတွင် မိုးလေဝသစခန်းတစ်ခုနှင့် ပန်းမြောင်းကျေးရွာအုပ်စု မိုးရေချိန်စခန်း ၂-ခုအပြင် မင်းပြားမြို့နယ် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းတွင်လည်း မြို့မ မိုးလေဝသစခမ်းတစ်ခုနှင့် နရမ်းပင်မ အထူးအထွက်တိုး စခမ်းတွင် မိုးလေဝသစခန်းတစ်ခုစီရှိကြောင်း သိရှိရပါသည်။

**(ခ) သာမန်စခမ်းနှင့် ခေတ်မှီရေဒါစခန်း** **မရှိပါ**

**(ဂ) ဇလဗေဒလုပ်ငန်းများ** **မရှိပါ**

## အပိုင်း (၅)

# ယဉ်ကျေးမှု

## ယဉ်ကျေးမှုနှင့် အနုပညာ

မင်းပြားမြို့နယ်တွင် ယဉ်ကျေးမှုအနုပညာလက်ရာများအဖြစ် ကျိန်းတောင်ပေါ်ရှိ ကျိန်းတောင်ဘုရား (သာသနာသက္ကရာဇ် ၂၂-ခုနှစ်)၊ အိမ်ရှေ့မင်း နန်းရာ(သက္ကရာဇ် ၇၇၆- လောင်းကြက်ခေတ်)၊ စစ်ကဲသိမ်၊ ဝန်သိုသိမ်၊ ကျိန်းတောင်တက်လမ်းလှေကားတို့ ရှိခဲ့သည်။ မြို့နယ်အတွင်း အခြားရုပ်တုတော်များလည်း ရှိသည်။

## ထင်ရှားသောစေတီပုထိုးများ

### ကျိန်းတောင်ဘုရား

မင်းပြားမြို့နယ်ရှိ ကျိန်းတောင်ဘုရားသည် ရခိုင်ပြည်နယ်အတွင်း ထင်ရှားသည့် ဘုရားများအနက် တစ်ပါးအပါအဝင် ဖြစ်ပေသည်။ ဤကျိန်းတောင်ဘုရားမှာ မြို့၏အနောက်ဘက်(၄၁၄)ပေအမြင့်ရှိသည့် ကျိန်းတောင်ထိပ်၌ တည်ရှိသည်။ ကျိန်းတောင်ဘုရားမှာ ဥဏှိတော်အမြင့် (၂၆)တောင်၊ လုံးပတ်တော် (၅၃)တောင်ရှိပါသည်။ ကျိန်းတောင်ဘုရားကို ဘုရား၏ဗျာဒိတ်တော်အရ 'လျှာရင်းတော်ဓာတ်'အဖြစ် သာသနာသက္ကရာဇ် ၂၂၂-ခုနှစ်၊ အသောကမင်းသည် ဓညဝတီခေတ် သူရိယစန္ဒလမင်းထံသို့ ဓာတ်တော်ပို့ဆောင်ပြီး တည်ထားကိုးကွယ်တော်မူခဲ့သည်။ ထို့နောက် ဝေသာလီခေတ် သာသနာသက္ကရာဇ် ၈၀၄ ခုနှစ် မဟာသီရိယာတိုင်းစန္ဒရားမင်းကလည်းကောင်း၊ ရခိုင်သက္ကရာဇ် ၅၁၇-ခုနှစ် သီရိစန္ဒရားမင်းကလည်းကောင်း၊ ပုရိန်မြို့တော် ကောလိယမင်းကလည်းကောင်း၊ ရခိုင်သက္ကရာဇ် ၄၈၅ ခုနှစ် သီရိစန္ဒရားမင်း ဖြိုကွင်း၊ အေဒီ ၁၁-ရာစု ဒသရာဇာမင်းကလည်းကောင်း၊ လောင်းကြက်ခေတ် သက္ကရာဇ် ၇၅၉-ခုနှစ် မင်းစောမွန်ကလည်းကောင်း၊ မြောက်ဦးခေတ် စန္ဒဝိဇယဘွဲ့ခံ၊ ကျိန်းဒိုးညိုကလည်းကောင်း၊ ထပ်မံမွမ်းမံပြုပြင်ကိုးကွယ်တော်မူခဲ့ကြသည်။

### ကျောက်စာများ

မင်းပြားမြို့နယ်အတွင်းမှ တွေ့ရှိရသောကျောက်စာများအနက် ကျိန်းတောင်ခြေရင်းမှ ရရှိသော ကျောက်စာ၊ ပြင်ယားသုံးကန်စုမှ ရရှိသောကျောက်စာနှင့် မေလွန်းဘုရား ဓမ္မခဏ်ကျောက်စာတို့မှာ ထင်ရှားသောကျောက်စာများ ဖြစ်သည်။


### ကျိန်းတောင် တောင်ခြေရင်းမှ ရရှိသောကျောက်စာ (အေဒီ ၅-ရာစု)

ဤကျောက်စာကို ကွယ်လွန်သူ အထက်တန်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစံသာအောင်က အေဒီ ၅ရာစု ရေးထိုးသည့် ကျောက်စာဖြစ်နိုင်သည်ဟု လက်ရေးလက်သားခန့်မှန်းချက်အရ ဖော်ပြပါသည်။ ရေးထိုးထားသည့် အက္ခရာမှာ ဗြဟ္မီအက္ခရာဖြစ်ပြီး၊ ဘာသာစကားမှာ သက္ကဋ (ဝါ) ပါဠိဟူ၍ ခွဲခြားမရသေးကြောင်း ဖော်ပြခဲ့ပါသည်။ ကျောက်စာအထက်ပိုင်းမှာ ယေဓမ္မဂါထာဖြစ်ပြီး အောက်ပိုင်းတွင် ဆုတောင်းနှင့် တည်ခဲ့သည့် မင်းအမည်ပါမည်ဟု ခန့်မှန်းခဲ့သည်။ ဤကျောက်စာကို ဖတ်နေဆဲမှာပင် ဦးစံသာအောင် ကွယ်လွန်ခဲ့သဖြင့် ကျောက်စာအဆုံးတိုင် ဖတ်မရသေးပါ။ ဤကျောက်စာကို ထောက်ထား၍ မင်းပြားမြို့နယ်သည် အေဒီ ငါးရာစုမတိုင်မီကပင် ကြီးကျယ်စည်ကား၍ လူမှုရေး၊ ပညာရေး၊ ဘာသာရေး အဆင့်မြင့်နေပြီဖြစ်ကြောင်း ထင်ရှားပေသည်။

(ဤကျောက်စာမှာ ယခုအခါ စစ်တွေမြို့၊ စစ်တွေကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်မြင့်ထံ ရှိနေသည်။


ယင်းကျောင်းအုပ်ကြီးထံ ရောက်နေရခြင်းမှာ ဤကျောက်စာကို ဆရာဦးအောင်မင်းထံမှ ဦးစံသာအောင်က ပြည်နယ် ပြည်သူ့ကောင်စီအတွင်းရေးမှူး ဦးရွှေဇံမှ တဆင့် မှာယူသဖြင့် ပေးပို့ရာမှ ဦးစံသာအောင် ကွယ်လွန်သွားသဖြင့် ကျောင်းအုပ်ကြီး ဦးအောင်မြင့် ပြန်လည်ယူဆောင်လာကာ ထိမ်းသိမ်းထားရှိခြင်း ဖြစ်သည်။)

## ကျိန်းတောင်စေတီအောက် တောင်ခြေရင်းမှရရှိသောကျောက်စာ




## ပြင်ယားကျောက်စာ (ပြင်ယားသုံးကန်စု ကျောက်စာ– သက္ကရာဇ် ၉၁၈)

ဤကျောက်စာမှာ အနံတစ်တောင်၊ အလျားသုံးတောင်၊ ထုတထွာရှိ၍ စာကြောင်းရေ နှစ်ဆယ်ပါသည်။ (---------)ပြထားသောအစက်များမှာ ဓားသွေးသဖြင့် ပျက်နေသည်။ ယခု ယင်းကျောက်စာမှာ ပြင်ယားဘုန်းတော်ကြီးကျောင်းအောက်တွင် ရှိသည်။ ဤကျောက်စာမှာ သက္ကရာဇ် ၉၁၈ ခုနှစ် နန်းတက်သော မြောက်ဦးဘုရင် မင်းစောလှ၊ ဘုရားတည်၊ သိမ်ဆောက်ပြီး လယ်မြေလှူခဲ့သောအကြောင်းကို ရေးထိုးထားခြင်း ဖြစ်ပေသည်။



### မေလွန်းဘုရားဓမ္မခဏ်ကျောက်စာ

ဤကျောက်စာမှာ မေလွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရှိသောကြေးဆင်းရုပ်ပွားတော် ဓမ္မခဏ်၌ ရေးထိုးထားခြင်းဖြစ်သည်။ သက္ကရာဇ် (၈၉၃-၉၁၅)မင်းဗာဘုရင်လက်ထက် ဖြစ်သည်။



ဤကျောက်စာနံပါတ် (၁)(၂)(၃)အထောက်အထားများအရ မင်းပြားမြို့နယ် ခေတ်ဦးသမိုင်းသည် ဝေသာလီခေတ်မှ မြောက်ဦးခေတ် ကုန်ဆုံးသည်အထိ လူနေမှုအဆင့်မြင့်မြင့်ဖြင့်၊ လူမှုရေး၊ ဘာသာရေး ယဉ်ကျေးမှု စာပေတို့ ပေါ်ထွန်းကာ ကြီးကျယ်ခဲ့သော နယ်မြေတစ်ခုဖြစ်သည်။ ထို့ပြင် လေးမြို့ခေတ် နေရဥ္စရာ၊ တောင်ငူမြို့တော်သည်လည်းကောင်း၊ လောင်းကြက်ခေတ် အိမ်ရှေ့ဥပရာဇာ စောမွန်ကဲ့သို့သော အိမ်ရှေ့မင်းတို့သည်လည်းကောင်း၊ လေးမြို့မြစ် (အဥ္စနနဒီ) အဝင်ဝခံတပ်ကြီး (ဝါ) ကျိန်းခံတပ်ကြီး (ဝါ) ရာမောင်ခံတပ်ကြီးကို စောင့်ထိမ်းအုပ်ချုပ်ရာဌာန (ယခု မင်းပြားမြို့အနောက်ဘက် မဝေးလှသောနေရာတွင်ရှိသည့် အိမ်ရှေ့မင်းနန်းရာ)တို့က သက်သေခံလျက်ရှိသည်။ (ရာမောင်နတ်ကြီး၊ ပြင်ကဆီးသည်၊ ရန်မီးတစ်ခါ၊ မပြုလာ)ဟူသော ရှေးစကားစဉ်လာများလည်း ရှိပေသည်။

မြောက်ဦးဒုတိယခေတ်၊ ရခိုင်ပဒေသရာဇ် အင်ပါယာကို တည်ထောင်နိုင်ခဲ့သော ဝဇရရာဇာခေါ် (စန္ဒဝိဇယမင်း)မင်းဖုံးညိုသည်၊ ဤမင်းပြားမြို့နယ် ကျိန်းကျွန်း ၎/ဝေရွာ၌မွေးဖွားပြီး ကျိန်းတိုင်းမြို့ကို တည်ထောင်ကာ ရခိုင်ပြည် မငြိမ်မသက်သည်ကို ငြိမ်ဝပ်ပိပြားစေပြီး မြောက်ဦးရွှေနန်းကို သိမ်းမြန်းစိုးစံ၍ ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်သော ဘင်္ဂါ(၁၂)မြို့ကို ပြန်လည်သိမ်းယူပြီး ရခိုင်မြို့၏နောက်ဆုံး ပဒေသရာဇ်အင်ပါယာကို ထူထောင်နိုင်ခဲ့သည်ကလည်းကောင်း၊ ရခိုင်မင်းသမီးဧချင်း(ဝါ) မှောက်တော်ချင်းရေးဆရာ မြို့သူကြီး အောင်ကျော်ဇံ ဇနီး မိသန္တာဝေ၊ ဝကာဇဲ (ဥက္ကာဇဲ)ကို ရေးသားခဲ့သူ မင်းစောမွန် မိဖုရားရှင်ထွီးဖြူ အစရှိသော ပညာရှိစာဆိုတို့သည်လည်းကောင်း၊ ဤမင်းပြားမြို့နယ်တွင်ပင် တည်ရှိခြင်း၊ မွေးဖွားပေါ်ထွန်းခဲ့ခြင်းတို့ကို ရခိုင်ရာဇဝင်က အထင်အရှားဖော်ပြထားခဲ့သည်။ ၂

## ထင်ရှားသောအဆောက်အဦးများ

### ကျိန်းတောင်တက်လှေကား

ကျိန်းတောင်တက်လှေကားမှာ ဂမ္ဘီရစေတီမြောက်ဖက် ကျိန်းတောင်ခြေရင်းမှစသည်။ ယခု သချိုင်းဝနေရာမှစသည်။ ယင်းနေရာမှ ကျိန်းတောင်ထိပ်ရှိ လှေကားထစ်ပေါင်း (၆၅၀)ရှိပြီး၊ အရှည်(၉၃၀)ပေ၊ အကျယ် (၅)ပေရှိသည်။ လှေကားတစ်ဘက်တစ်ချက်တွင် ထု(၁ပေခွဲ)၊ အမြင့် (၂ပေ)၊ ရှိ လှေကားအုတ်ဘောင်ရှိသည်။ တောင်ခြေရင်းရှိ လှေကားအဝ အုတ်ခုံဘေးတစ်ဘက်တစ်ချက်စီတွင် ဂဠုန်ခေါင်းနှင့် ခြင်္သေ့ကိုယ်ရှိပြီး အတောင်ပါသော အရုပ်နှစ်ရုပ်ရှိသည်။ ဖော်ရှမာမှတ်တမ်းတွင် ၎င်းကို ( )ဟူ၍ ရေးသားထားသည်။ ရခိုင်တို့က မနုသီဟဟု ခေါ်ဆိုကြသည်။ ဤလှေကားမှာ ထိုအချိန် မြန်မာပြည်တွင် တောင်တက်လှေကားများအနက် အရှည်ဆုံးလှေကားဖြစ်ကြောင်း ဖော်ရှမာမှတ်တမ်းတွင် ဖော်ပြထားသည်။ ဤလှေကားကို မင်းပြားမြို့၊ မြို့အုပ် ဦးပန်းလှမှ ပြုလုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

## အိမ်ရှေ့မင်းနန်းရာ

အိမ်ရှေ့မင်းနန်းရာသည် ကျိန်းတောင်၊ တောင်ဘက်ယွန်းယွန်း အိမ်ရှေ့မင်းရွာအနီးတွင် ရှိသည်။ သက္ကရာဇ် ၇၇၆(လောင်းကြက်ခေတ်)ခုနှစ် ရာဇသူ၏သားတော် အိမ်ရှေ့မင်းသား မင်းစောမွန် နေထိုင်ခဲ့ပြီး၊ ဝိဇယဘွဲ့ခံကိန်း ဒွံးညိုမင်း၏သားတော် ရဲဘော်သေအိမ်ရှေ့မင်းသားဘဝဖြင့် နေထိုင်ခဲ့သည်။ ယခုနန်းတော်ရာအထက်တွင် စေတီတစ်ဆူ ဘုရားရုပ်ထုတော်တစ်ဆူ ရှိပါသည်။ တောင်တန်းတစ်ဝိုက်ကို ညှိ၍အုတ်တံတိုင်းဖြင့် ကာရံထားသည်ကို တွေ့ရသည်။ နန်းတော်ရာမှာ အလျား ၇၇၀ ပေ၊ အနံ ၄၀ပေ၊ ရှိသည်။ တံတိုင်း၏အမြင့်မှာ ၅ပေခန့် ရှိပါသည်။ ဝင်လမ်း ၂ ခုရှိသည်။

## စစ်ကဲသိမ်နှင့် စစ်ကဲကန်

ဂ/စည်တောင်မှ တောင်ဘက်သို့ ကျိန်းတောင်ခြေရင်းအတိုင်း လာလျှင် တောင်ပို့ကြီးကျေးရွာသို့ ရောက်မည်။ ယင်းရွာသို့ မရောက်မီ ရွာဦးမှ အရှေ့ဘက် ခြိတ်တောင်ရွာသို့ လမ်းရှိသည်။ ယင်းလမ်းကို လိုက်လျှင် ရွာနှင့်မဝေးသော တောင်ကမူပေါ်တွင် စစ်ကဲသိမ်ရှိသည်။ ယင်းကို အချို့က စစ်ကဲမသိမ်ဟု ခေါ်သည်။ သိမ်ကို ကျောက်အုတ်ဖြင့် ပြုလုပ်ထားသည်။ ကျောက်အုတ်နံရံများတွင် လက်ရာမြောက်လှသော ပန်းပု ပန်းချီများ ထုလုပ်ရေးဆွဲထားသည်။ တည်ဆောက်ပုံသဏ္ဌာန်မှာ သိမ်တစ်ခုလုံးကို ကျောက်အုတ်ဖြင့် ဝန်းရံမိုးကာလျက် ကျောက်အုပ်နံရံတို့တွင် ပန်းပြောက် ပန်းနွယ်များဖော်ကာ၊ ထောင့်ချိုးနေရာများတွင် လှပသော ပန်းခက်များတင်၍ အထက်နေရာများတွင် ကနုတ်ပန်း၊ ခြူးပန်းများဖြင့် ထွင်းထုထားသည်။

ကျိန်းတောင်တစ်ဝိုက်ရှိ ရှေးဟောင်းလက်ရာများအနက် လက်ရာအမြောက်မြားဆုံးသော အဆောက်အဦးပင် ဖြစ်သည်။ ရခိုင်တို့၏ ရှေးဟောင်းအနုပညာ၊ ပန်းချီ၊ ပန်းပုလက်ရာများကို တွေ့ရှိနိုင်သည့် သိမ်တော်ကြီးလည်း ဖြစ်သည်။ ယင်းတောင်ကမူအောက်တွင် ကန်ကြီးနှစ်ကန်ရှိသည်။ စစ်ကဲမကန်ဟု ခေါ်ကြသည်။ ဤသိမ်ကို ဆောက်လုပ်လှူဒါန်းခဲ့သော စစ်ကဲကြီးမှာ မည်သည့်မင်း၏ စစ်ကဲဖြစ်သည်ကို မတွေ့ရသေးပေ။ စန္ဒဝက်မြို့မှ စစ်ကဲကြီးတစ်ဦး ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။ သိမ်ရှိဘုရားနှင့် ကျောက်ဆစ်လက်ရာများမှာ မြောက်ဦးခေတ်ထက် နောက်ကျမည် မဟုတ်ဟု ခန့်မှန်းကြသည်။

## ဝန်သိုကန်၊ ဝန်သိုသိမ်၊ ဝန်သိုဂူ

ဝန်သိုဟူသည်မှာ ဝန်သိုအမတ်ကို ခေါ်ခြင်းဖြစ်သည်။ ဝန်သိုအမတ်သည် ရှင်ဘုရင်၏ဝန်(ဝါ) ပစ္စည်းပစ္စယ တို့ကို သိုလှောင်ထားသောတိုက်ကို စောင့်ရသည့်အမတ်ဖြစ်သည်။ မြန်မာဝေါဟာရဖြင့် ပြောရပါမူ ရွှေတိုက်စိုးမင်း ဖြစ်ပေလိမ့်မည်။ ဤဝန်သိုအမတ်ကန်မှာ ထူးဆန်းသည်။ အလျား အနံစတုရန်းပုံဖြစ်သည်။ အနားတစ်ဘက် အတောင် (၁၂၀)ခန့်စီရှိသည်။ ကန်ကို မြေအုတ်နီများဖြင့် လေးဘက်လေးတန်နံရံများနှင့် အောက်ခြေကြမ်းပြင်ပါမကျန် စီထားသည်ကို တွေ့ရသည်။ ကန်ဘောင်ရိုးကိုလည်း အုတ်ဖြင့်ပင် စီဖို့ထားသည်ကို တွေ့ရသည်။ ကန်ဆင်းလမ်း၊ တက်လမ်းကိုလည်း အုတ်ဖြင့်ပင် ပြုလုပ်ထားသည်ကို တွေ့ရသည်။

ဝန်သိုကန်နှင့် အရှေ့တောင်ထောင့်ကန်နှင့် မဝေးသောကုန်းမြေပေါ်တွင် ယင်းအမတ် တည်ထားခဲ့သော သိမ်တော်တစ်ခုရှိသည်။ သိမ်တော်ကို ကျောက်အုတ်ဖြင့် တံတိုင်းနှစ်ထပ် ကာရံပြုလုပ်ထားသည်။ ပထမတံတိုင်းမှာ အမြင့် ၅ပေရှိ၍၊ ဒုတိယတံတိုင်းမှာ အမြင့် ၄ပေရှိသည်။ ဒုတိယတံတိုင်းတွင် သိမ်သမုတ်၍ ယင်းအတွင်းတွင် သိမ်ဆောက်ကာ သိမ်အတွင်း၌ ကျောက်ဆင်းထု တည်ထားကိုးကွယ်ခဲ့သည်။ ဆင်းတုတော်အောက်ခြေပလ္လင်မှာ ကျောက်ဆစ်လက်ရာမြောက်လှသော ပလ္လင်တော်တစ်ခုဖြစ်သည်။ သိမ်တော်အတွင်း တံတိုင်းကြမ်းပြင်နှင့် အပြင်တံတိုင်းကြမ်းပြင်နှစ်ခုလုံးကို ကျောက်အုတ်ဖြင့် ခင်းကျင်းထားသည်။

ဝန်သိုသိမ်၏တောင်ဘက်တွင် ဂူကြီးတစ်ဂူရှိသည်။ ကျောက်အုတ်ဖြင့် ပြုလုပ်၍ တံတိုင်းကိုပါ ကျောက်အုတ်တို့ဖြင့် ကာရံထားသည်။ အတွင်းတွင် ကျောက်ဆင်းထုဘုရားကြီး တစ်ဆူရှိသည်။ လက်ျာရန် လက်ဝဲရန် ဘုရားလေးပါးနှင့် ဂူကြီးပတ်လည်တွင် ဉာဏ်တော်အကြီးအငယ် ကျောက်ဆင်းထုဘုရားများ နံရံတစ်လျှောက်တွင် နေရာတကျ ပြုလုပ်ထားခဲ့သည်။ သို့ရာတွင် ယခုအခါ ယင်းဂူကြီးမှာ ပြိုကျပျက်စီးလျက်ရှိသည်။ ဤဂူကြီးကိုလည်း ဝန်သိုအမတ်ပင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

# တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုနှင့် အနုပညာများ

## ဝတ်စားဆင်ယင်ပုံ

မင်းပြားမြို့နယ်အတွင်း ရှေးခေတ်အခါကပင် ရခိုင်ပဒေသရာဇ်၏ ဝတ်စားထုံးဖွဲ့မှုနှင့်မခြား ဝတ်စားဆင်ယင်ခဲ့ကြောင်းကို စစ်ကဲသိမ်၊ မျက်မှောင်တော်သိမ် စသည်၌တွေ့ရှိသော ရုပ်ထု၊ ရုပ်လုံး၊ ရုပ်ကြွ၊ ပန်းပု၊ ပန်းချီလက်ရာများက ခေတ်ကြေးမုံသဘွယ် ရှိနေသည်။ ရခိုင်မိန်းမကြီးများမှာ အထက်လွှာပါသော နောက်စထပိန်ကို ရင်ဖုံးအထိတင်လျှက် အမြဲတမ်း ခါးကြိုးစည်းထားလေ့ရှိသည်။ အင်္ကျီဆိုလျှင်လည်း အနို့(ခေါ်)တက်မတက်နှင့် ရင်မိတ်ကို အသုံးပြုသည်။ ထပိန်အဆင်အယင်မှာလည်း အရင့်ရောင်များကို ပိုပြီးနှစ်သက်ကြပြီး တရောင်ချင်းပိန်းမှ နွယ်ရစ်မန်ကျည်းပွင့် အဆင့်ကန့်လန့်ဖြတ်များကို အသုံးပြုတတ်ကြသည်။ နားငှောင်းမှာ စိန်ပြတ်၊ ပတ်လိပ်၊ ဘူးဖင်သဏ္ဍာန်စသည်ဖြင့် အရွယ်ကိုလိုက်ပြီး အကြီးအငယ် ပန်ဆင်ကြသည်။ အပျိုရွယ်များမှာ၊ နားကပ်၊ နားပန်၊ နားဗီ၊ နားဆွဲများကို ဝတ်ဆင်တတ်ကြသည်။ ရှေးမိန်းကလေးငယ်များမှာ ဘာဇုခေါ် (ယခု

ယောက်ကျားကြီးများမှာ ညာဖက်မှ တဖက်ထွက်ခေါင်းပေါင်းရှာကြီးများကို ရစ်ပတ်ဆင်ယင်လေ့ရှိကြသည်။ အရောင်မှာ ပန်းရောင်နှင့် အနီရောင်ကို အသုံးများသည်။ တောင်ရှည်ပုဆိုးခေါ် ကိုးတောင်ဒယောနှင့် အပေါ်အင်္ကျီဘေးတတ်လက်ရှည်ဖွားဖွားများကို ဆင်ယင်ကြပြီး ယောင်ထုံးလေ့ ရှိကြသည်။

## ဘာသာစကားနှင့် ဒေသန္တရအလိုက် ပြောသောစကားများ

မင်းပြားမြို့နယ်တွင် အများဆုံးပြောသောစကားမှာ ရခိုင်စကားပင် ဖြစ်ပါသည်။ ဒေသအလိုက် အချို့နေရာများတွင် ဒိုင်းနက်စကား၊ ခမီးနှင့် မြိုစကား စသည်တို့ကို ပြောဆိုသူ အနည်းငယ်ကို တွေ့ရှိရပါသည်။

## ထူးခြားသောဓလေ့ထုံးတမ်းများ

မင်းပြားမြို့နယ်အတွင်း ထူးခြားသော ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ နှစ်သစ်ကူးမင်္ဂလာ၊ သမက်တက်မင်္ဂလာ၊ ရှင်ပြုမင်္ဂလာ၊ အသုဘအခမ်းအနားများကို ရခိုင်ပြည်နယ်အတွင်း အခြားဒေသများ၌ ပြုလုပ်ကျင်းပသည်နှင့်မခြား အတူတူပင်ပြုလုပ်လေ့ရှိကြသည်။ သို့ရာတွင် တကျောင်း တစ်ဂါထာ တရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ရေမြေဒေသကို လိုက်၍ အနည်းငယ်သာ ကွဲပြားမှုရှိကြောင်း တွေ့ရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များထက် ထူးခြားသော ဘာသာရေး ထုံးတမ်းဓလေ့တစ်ခုမှာ 'ကျိန်းတော်ဇီဝိုဓာတ်တော် ပူဇော်ပွဲကြီး'ပင်ဖြစ်သည်။ ကျိန်းကျွန်းသားတို့သည် ကျိန်းတောင်ဇီဝိုဓာတ်တော်ကို ပူဇော်လာခဲ့သည်မှာ ကျိန်းတောင်ဇီဝိုတည်စ၊ သာသနာသက္ကရာဇ် (၂၂၂)ခုနှစ်မှပင် ဖြစ်ပေမည်။ ကောဇာသက္ကရာဇ် (၇၇၀)ခုနှစ်တွင် လောင်းကြက်ထီးနန်းစိုးစံသော မင်းစောမွန် မဖြစ်မီ ငယ်စဉ်အခါ ဤကျိန်းတောင် ဇီဝိုဓာတ်တော်ကို ကျိန်းကျွန်းသားတို့ ပူဇော်ပွဲကြီးသို့ ကိုရင်ဝတ်နှင့် ရောက်ဘူးကြောင်း အထောက်အထားရှိသည်။

ကျိန်းကျွန်းသားတို့သည် သင်္ကြန်မတိုင်မီ တစ်ပတ်ခန့်ကပင် စည်ကိုတီးရန် လေ့ကျင့်ခြင်းမှာ ဓာတ်တော်ကို စည်သံနှင့် ပူဇော်ရန်ဖြစ်ပြီး ဓာတ်တော်ရင်ပြင်၌ တံခွန်နှင့် ဒက်စွန်လွှင့်ရာတွင် တီးရန်အတွက် လေ့ကျင့်ခြင်းပင်ဖြစ်သည်။ တံခွန်နှင့် စည်ပူဇော်ပွဲကို နှစ်ဆန်းတစ်ရက်နေ့နံနက်တွင် ကျင်းပသည်။ ကျိန်းကျွန်းရှိ ငပယင့်(ငပြီအင်း)၊ အသည်ရာ၊ ဂွမ္ဗရွာဒေါင့်(ထောင့်)ချောင်းကြီး၊ ဗူးပင်စသည့် ကျေးရွာများတွင် သင်္ကြန်မကျမီတစ်ပတ်ခန့်ကပင် စည်သံတည်ည်ဖြင့် ရွာသူရွာသားများ စုဝေးကာ တံခွန်နှင့် ဒက်စွန်တို့တွင် စေတီပုံ၊ ဘုရားပုံ၊ ပြဿဒ်ပုံများကို ဖော်ရက်လုပ်ခြင်း၊ အလှုုရှင်၊ ရွာအမည်များကို စာလုံးဖော် ရက်လုပ်ခြင်း ပြုလုပ်ကြသည်။ တံခွန်၊ ဒက်စွန်တို့ကို သင်္ကြန်အကြတ်နေ့တွင် ဆရာတော်ကျောင်းသို့ ယူဆောင်ကာ ဆရာတော်အား ဆက်ကပ်သည်။ ဆရာတော်ကျောင်း၌ အခြားလိုအပ်သော ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ကြသည်။ ရခိုင်နှစ်ဆန်းတစ်ရက်နေ့တွင် ကျောင်းထိုင်ဆရာတော်ကြီးက ဦးဆောင်ကာ တံခွန်၊ ဒက်စွန်တို့ကို (ယခင်အခေါ် ခေါင်းတလားငယ်)ထမ်းစင်ငယ်နှင့် တင်၍ သယ်ဆောင်ကာ နောက်မှ တရားပွဲလမ်း လုံမပျို၊ နောက်ပန်းမာ လုံမပျိုများ ကြီးစဉ်ငယ်လိုက် တန်း၍နောက်ဆုံးမှ စည်သမားများ တီးခတ်၍လိုက်ပါလာကာ ကျိန်းတောင်ပေါ်သို့ တက်လာကြသည်။ ဘုရားပေါ်သို့ရောက်သောအခါ ကျိန်းတောင်ဓာတ်ကို လက်ျာရစ်သုံးပတ်လှည့်ကာ စည်သံဖြင့် ဓာတ်တော်ကို ပူဇော်သက္ကာယပြုကြသည်။ တန်ဆောင်းဇရပ်၌ စုဝေးကာ ငါးပါးသီလ၊ ရှစ်ပါးသီလ

ယူကြပြီး၊ တံခွန်၊ ဒက်စွန်များကို လှူဒါန်းကာ ရေစက်ချအမျှပေးဝေ၍ အတောင် ၄၀ မြင့်သော တိုင်တွင် အတောင် ၂၀ ရှည်သော တံခွန်၊ ဒက်စွန်တို့ကို လွှင့်ထူပြီး သာဓုသုံးကြိမ်ခေါ်ကြသည်။

တံခွန်၊ ဒက်စွန်လွှင့်ထူခြင်းမှာ ရှေးရခိုင်စကားအရ တိုင်းပြည်နိုင်ငံအေးချမ်းစည်ပင်စေကြောင်း ဖြစ်သည့်အပြင်၊ အေးချမ်းစည်ပင်သာယာနေကြောင်းကိုလည်း ရပ်ဝေးရပ်နီးမှ သိရှိအောင် လွှင့်ထူကြခြင်း ရည်ရွယ်ချက်ပင်ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် မင်းပြားမြို့နယ်အတွင်းရှိ ကျိန်းကျွန်းသားများမှာ ဘိုးစဉ်ဘောင်ဆက်ကပင် ပြုကျင့်လာကြသော ထူးခြားသည့် ဓလေ့တစ်ခုကို ယနေ့ထက်တိုင် ကျင်းပလျက်ရှိသည်။

## တေးဂီတနှင့် ဒုရိယာ

မင်းပြားမြို့နယ်သည် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသည့် ရခိုင်တို့ ကြီးကျယ်ထင်ရှားခဲ့သော ခေတ်လေးခေတ်စလုံး၏ အခြေပြုရာအရပ်ဒေသဖြစ်သည့်အပြင် လေးမြို့ခေတ်တွင်ကား အဓိကအချက်အချာဒေသတစ်ခုဖြစ်သည်။ ယင်းကြောင့် ရခိုင်တေးဂီတနှင့် ရခိုင်ဒုရိယာများထွန်းကားရာ မြို့နယ်တစ်ခုဖြစ်သည်။ သျှင်ထွီးဆိုစကားအဲ(သက္ကာအဲ)အရဆိုလျှင်၊ ရခိုင်ခေတ်လေးခေတ်စလုံး၊ စည်အတတ်ပညာရှင်များသည် မင်းပြားမြို့နယ်ပေါ်ထွန်းခဲ့သည်။ စည်အမှုထမ်းများမှာလည်း မင်းပြားမြို့နယ်သားများပင် ဖြစ်ကြောင်းသိရသည်။

ရခိုင်တူရိယာများတွင် ခွက်ခွင်၊ စည်းခတ်၊ မောင်း၊ ကြေး၊ စည်၊ ပတ္တလား စသည့်ကြေးဖြင့် ပြုလုပ်သောအရာများ၊ စောင်းကောက်၊ မီးကျောင်းစသည့် ကြိုးဖြင့် တတ်ဆင့်ထားသည့် ကိရိယာများ၊ တစ်ဖက်ပိတ်၊ နှစ်ဖက်ပိတ်စသည့် မြောက်စည်၊ သံလွင်စည်၊ မုရိုးစည်၊ စည်ပုတ်၊ စည်ကြီး၊ စည်ပန်းတောင်း၊ စည်ဝန်းတစ်ဖက်၊ ခတ်စည်၊ စည်ရှည်၊ စည်အိုး(အိုးစည်)၊ ဒုပွဲ၊ ဒုံမင်း၊ ပတ်သာ၊ ပတ်မ၊ ပန်းတျား စသောသားရေကြိတ် ကိရိယာများ၊ ခရာကောက်၊ ခရာမွှာ၊ လက်တံတို၊ လက်တံရှည်၊ ကော၊ ငြင်း၊ ချည်ခေါင်း၊ ဖက်လိပ်၊ နှဲ၊ ခရုသင်း၊ ပုလွေအမျိုးမျိုး စသည့်လေမှုတ်ကိရိယာများ၊ ဝါးလက်ခုပ်၊ လက်မြှောက်၊ လက်ခုပ်၊ လက်ကြားလက်ခုပ်၊ ကျောက်လက်ခုပ် စသောကိရိယာများစသည့်ဒုရိယာအမျိုးမျိုးတို့ကို ရှေးယခင်ကပင် မင်းပြားမြို့နယ်တစ်ဝိုက်တွင် ရှိနေခဲ့ကြောင်း အထောက်အထားများရှိသည်။ မင်းပြားမြို့နယ်တွင် ရိုးရာတေးသီချင်းများဖြစ်သော သာချော့တေး၊ ကျေးလက်တေး၊ ဇယင်၊ ယိမ်းအချို့ကိုလည်း တွေ့ရှိရသည်။

သားချော့တေးတွင် ရှေးရခိုင်မိခင်များသည် ကလေးကိုချီလျက် လဝန်းပချိန်တွင် 'လဇနီ၊ လဇနီအယင်ပြေးလတ်၊ နပျိုးသီးယူခ၊ သကာယူခ၊ အပုသျှေပစမှာ၊ အာလောက်လောက်ဂျောက်'ဟူ၍လည်းကောင်း၊ 'အပုသျှေမိုရေပုခွက်က၊ ကြောင်သျှေမြည်ရေ ပုပ်ထောင့်က'ဟူ၍လည်းကောင်း၊ ဇန်ပလောင်(ဇွန်ပလွန်)သီး၊ မိုးမဇာလို့မကြီးသိ၊ မိုးဇာလတ်တေ အဖြူမေသျှောင်ဆိုခ်မေ'ဟူ၍လည်းကောင်း၊ ကန်ဘောင်အောက်က တီကျစ်သျှေ၊ တရွှင်းယူခတူးကတ်မေ၊ မောင်လာလို့ပင် ကွမ်းမတေ၊ နမမိုက်တေဆိုလတ်ပေ'ဟူ၍လည်းကောင်း၊ 'လက်စွပ်သျှေက ခြေပျောက်ခရေ၊ ရှာလို့မရ အသားညို လူပျိုလက်မာ၊ ဘယ်ဘက်ကလေ၊ ဘယ်ဖက်က ဟူ၍လည်းကောင်း၊ သားချော့တေးအမျိုးမျိုးတို့ကို တွေ့ရှိရပြီး မင်းပြားမြို့နယ် တောရွာဒေသ ရခိုင်အမျိုးသမီးမိခင်များ၏ ပါးစပ်များတွင် သားချော့တေးများစွာကို ယနေ့တိုင်သီဆို သိပ်နေကြဆဲပင်ဖြစ်သည်။

ဇယင်အဲချင်းများတွင် ထင်ရှားသောအဲချင်းများမှာ စာဆိုသျှင်ထွီး ရေးသားသော ဝကာအဲ(ဥက္ကာအဲ) စာဆိုအဒူမင်းညိုရေးသော ရခိုင်မင်းသမီးအဲချင်း၊ မှောက်တော်အဲချင်းနှင့် အမည်မသိစာဆိုရေး စန္ဒဝိဇယစစ်အောင်အဲချင်းတို့ပင်ဖြစ်သည်။ (ဤအဲချင်း စာပေကဏ္ဍတွင် ဖော်ပြထားသည်။)

## ရိုးရာအကနှင့် ဆန်းသစ်လာသောအကများ

မင်းပြားမြို့နယ်သည် ရခိုင်ယဉ်ကျေးမှု အခြေပြုရာအရပ်ဒေသဖြစ်ရကား၊ ရခိုင်တို့၏ ရှေးအနုပညာ ရိုးရာအကများဖြစ်သော ပင့်ကူအက၊ ငစည်အက၊ ဟန်အက၊ ဒုံးအက၊ သိုင်းအက၊ ယိုးဒယားအက၊ နတ်အက စသည့်နည်းအမျိုးမျိုးတို့သည် ရှိခဲ့သည်။ ယခုတိုင်လည်း ရှိနေသေးသည်။ ရိုးရာအကများအနက် အထူးမှတ်သားဖွယ်ကောင်းသည့်အကမှာ ငစည်အကပင်ဖြစ်သည်။ ငစည်ရာဇဝင်ပေမူ (ကန္နီဆရာတော်)တွင် ပါရှိသော အချက်အလက်များအရ 'ကျိန်းတောင်လေ၊ ကျိန်းတောင်၊ ရွှေကျိန်းတောင်၊ ကျိန်းတောင်ရာလေ လက်ျာ၊ ဗူးပင်ရွာကဘာရဲဖ'ဆိုသော စာပိုဒ်အရ ငစည်အရှာထွက်မည့် ဘာရဲဖမှာ မင်းပြားမြို့နယ် ဗူးပင်ရွာဇာတိဖြစ်ကြောင်း ထင်ရှားပါရှိသည်။ ထို့ကြောင့် ငစည်အက

သည် မင်းပြားမြို့နယ်၏ ရိုးရာအကတစ်ခုဖြစ်ကြောင်း သိရှိနိုင်သည်။

ဗူးပင်ရွာသား ဘာရဲဖနှင့် ကျောက်ဖြူသားတို့ စေည်အရာယစည်သီဆိုခဲ့သော စာပိုဒ်ကို (ကန္နီဆရာတော်)၏ စေည်ရာဇဝင်ပေမူအတိုင်း ဖော်ပြရလျှင်-

## (နမောသုတေသီနော)

"တလုံးရာလည်း ပန်းကန်၊ ကပေါက်စည်ကာ၊ သူတရင်းမှာ ဂြိုဟ်ညှင်းရိတ်လို့၊ ကြိုင်သင်းရံကေ၊ ဝင်းစံရာလေပျော်ပါး၊ တတောင်ရာလေ့နစ်ထောင်၊ ကျောင်းပါးတောင်ရာမြောင်ဝကို၊ ရေချိုထွက်ကေ၊ ပန်ဇင်းမောင်လည်း၊ ပေါက်စစောက်နှင့်၊ ရှောက်လို့ရာလည်းပါရေ၊ ဝင်းစံရှိလည်း၊ စုံမိရာလည်း စုံပင်၊ ရီပလုံးကို လက်ဆွဲငင်ဗျာ၊ ရွှင်မူရာလည်း စာဆုပ်၊ နောက်ဆုပ်ရာလည်းအသာ၊ ပန်ဇင်းနီကေ- ထိုခြုံနားကို၊ ဟပ်လို့ပါကေ၊ ဝါးမှာထပိန်၊ ပိုးထက်နီကို၊ ဝင်းရီဖျင်ပါး၊ အသာဖြီဗျာ၊ ခုလိုလားလေ၊ ခြုံကရာလည်း ပန်ဇင်း၊ သဲကင်းရာလည်း ပူလောင်၊ မျက်တောင်မခတ်သက်ပြတ်မရှူ၊ အရာပြိန်းန၊ သစ်တငုတ်ကို၊ နှစ်ဖက်ကာနှင့်၊ ကဗျာဆွဲကေ၊ သစ်ငုတ်တိုကေ၊ တုံးမှိုဆွီးလည်း၊ ရှားရှားလန်ကေ၊ ထိတ်မှာလည်းသက်၊ ပန်ဇင်းမောင်မှာ၊ သတင်းကျွတ်ကေ၊ ကပ်ကရောလည်းကျွေး၊ အော်-မင်းစံရှီလေ၊ လူယောင်မထင်၊ ကျားယောင်ထင်လို့၊ တုံးတုံးရှိုရှို၊ ထပိန်ကိုမှူ မဝတ်ခခင်၊ လက်တွင်ကျိုက်ထွီး၊ ဝင်းစံညိုကေ၊ ကြောင်းတဆုံးကို၊ ထွက်ဗျာပြီးရေ၊ ကြောက်ချီးလည်းယို၊ ဝင်းစံညိုမှာ၊ လမ်းကိုမရ၊ ကျောင်းခါးခြုံမှာ၊ အုပ်စုံရာလေကကေ၊ ကျောင်းနီရာလေပုဂ္ဂိုလ်၊ ဆိုခြုံအောက်မှာ၊ ပင်စုကပ်လို့၊ သစ်မြစ်ပေါ်၌၊ ဘုန်းကြီးလို့မြင်၊ ခုပင်ပက်ချက်၊ အတွင်းခံကိုပြင်ကို ပြင်လို့ရာလည်း ဟပ်တေ၊ ဘုန်းကြီးရာလည်း လူပျိုသူတော်မမှတ်၊ ဝင်းစံညိုကို စကားစပ်လို့၊ ဝင်းစံညိုမေဆိုလတ်တေကာ၊ ဂနီရက်မှာ ရှက်မျိုးစုံနှင့်၊ ကြောက်မျိုးစုံကို၊ အကုန်ရာလည်း ခုလို့၊ နဖူးရာလည်း ပူလောင်၊ ထိပ်ပြောင်ပြောင်ငယ်၊ ဖစောင်ညိုညိုန်း၊ တေဘုန်းကြီးကား၊ ငါးကြီးရာမှာ၊ ရှီကထီးရောင်၊ ဟိုက်ပိုရာဆိုပြီး၊ ဝင်းစံညိုမှာ၊ လိပ်ပြာကတ်ကေ၊ ကတ်ကတ်တာလည်းကျီရေ-ဟူ၍ပင်ဖြစ်သည်။

## ရိုးရာပွဲလမ်းသဘင်များ

ကောက်ဦးချပွဲ(လယ်စကြ) ထွန်ပိတ်ပွဲ(လယ်ကျပွဲ) ၁၂-လရာသီပွဲ (ဥက္ကာပျံ၏ ၁၂-လရာသီ ရတုဘွဲ့များတွင် ပါရှိသည်)စသည့် ရိုးရာကပွဲများကို ရှေးရခိုင်ပဒေသရာဇ် လက်ထက်ကပင် တခမ်းတနား ဆင်ယင်ကျင်းပခဲ့ကြသည်။

## ရခိုင်ရှေးဟောင်းဒင်္ဂါးများ

မင်းပြားမြို့နယ်အတွင်းမှ ရရှိသည့် ရခိုင်ဒင်္ဂါးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| (က) | ဝီရစန္ဒြဒင်္ဂါး | အေဒီ ၅၇၅ | (ဝီရ) |
| (ခ) | ဆော်လိမ်သျှာ | ရခိုင်-၁၀၀၇ | (နရာဓိပတိဆောလ်သျှာ) |
| (ဂ) | သတိုးမင်းတရား | ရခိုင်-၁၀၁၄ | (ဆင်နီသခင် ဆင်ဖြူသခင် သတိုးမင်းတရား) |
| (ဃ) | စန္ဒသုဓမ္မ | ရခိုင်-၁၀၁၄ | ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာ |
| (င) | ကာလမာန်ဓာတ် | ရခိုင်-၁၀၅၉ | ရွှေနန်းသခင်ကာလမာန်ဓာတ်မင်းတရား |
| (စ) | စန္ဒဝိဇယ | ရခိုင် ၁၀၇၂ | ရွှေနန်းသခင် စန္ဒဝိဇယရာဇာ |
| (ဆ) | စန္ဒသူရိယ | ရခိုင် ၁၀၉၃ | ရွှေနန်းသခင် စန္ဒသူရိယရာဇာ |
| (ဇ) | နရပရဝ | ရခိုင် ၁၀၉၇ | ရွှေနန်းသခင် နရပရဝရာဇာ |
| (ဈ) | နရအဘယ | ရခိုင် ၁၁၀၄ | ရွှေနန်းသခင် နရအဘယရာဇာ |
| (ည) | စန္ဒသုမန | ရခိုင် ၁၁၃၅ | ရွှေနန်းသခင် စန္ဒသုမနရာဇာ |
| (ဋ) | ရာမာယန | သက္ကရာဇ်မပါ | တဘက်မှ ရာမလက္ခဏာလေးထမ်းပုံ တဘက်မှ သီဒါဒေဝီနှင့် မင်္ဂလာဆောင်ပုံ(စာရေးထိုးမပါ) |
| (ဌ) | ပါရှန်စာထိုးဒင်္ဂါး | | နှစ်ဘက်စလုံး ပါရှန်အက္ခရာစာတန်းများ ရေးထိုးထားသည်။ |
| (ဍ) | ဘိုးတော်မင်းတရား | ရခိုင် ၁၁၄၆ | အမရပူရဆင်ဖြူရှင်နိုင်ငံ |
| (ဎ) | မင်းတုံးမင်းဒင်္ဂါး | ၁၂၂၄ | ရတနာပုံနေပြည်တော် |

## ရိုးရာအားကစားများ

ကျင်ပွဲနှင့်လှေပြိုင်ပွဲများကို ယခင်ရခိုင်ပဒေသရာဇ်ခေတ်ကတည်းကပင် နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ရခိုင်ပြည်နယ်အဝှမ်း အခြားဒေသနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ အလွန်အားရပျော်စရာကောင်းသော ရိုးရာအားကစား ပြိုင်ပွဲများပင် ဖြစ်ပါသည်။

ဒေသအလိုက် ကစားခုံစားနည်းများကို ယခင်ရခိုင်ပဒေသရာဇ်ခေတ်ကတည်းကပင် ရှိနေခဲ့ပါသည်။ ၎င်းတို့မှာ အောင်လူထိုးတန်း၊ တီထိုးတန်း၊ ဒိုးပိုက်တန်း၊ အထုတ်မြှောက်တန်း၊ ကွမ်းသီးဝှက်တမ်း၊ ခတ်ကျောက်သီးခတ်တန်း၊ လုံ့ပစ်တန်း၊ ဒေါင်းပြောက်ခုံတန်း၊ သူငါစီးနပင်းကြီးပြေါတန်း၊ တိုင်ကူးတမ်း၊ ဆိတ်ချေခိုးတန်း၊ မြိုင်ချေယိုးတန်း စသည်တို့ ဖြစ်ပါသည်။

## ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာထွန်းကားလာပုံ

မင်းပြားမြို့နယ်သို့ ဗုဒ္ဓဘာသာသည် သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်၊ အသောကမင်းမှ၊ ဓညဝတီခေတ် (သူရိယစန္ဒလ)မင်းထံသို့ ဓာတ်တော်ပို့ဆောင်ပြီး ကျိန်းတောင်ဓာတ်တော်ဘုရားကို တည်ထားကိုးကွယ်သည့် အချိန်မှစပြီး သာသနာထွန်းလင်းလျက်ရှိကြောင်း သိရှိရပါသည်။ ဝေသာလီခေတ် သွန်းလုပ်သော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များကိုလည်း ဤမြို့နယ် စေတီပုထိုးပျက်များမှ တူးဖော်ရရှိသည်။ ဗုဒ္ဓဘာသာ အရောင်ထွန်းပြောင်ခဲ့ကြောင်းကို ဘုရားဓာတ်တော် စေတီပုထိုးတို့က ထင်ရှားဖော်ပြလျှက် ရှိနေပေသည်။ ပုရိန်လောင်းကြက်ခေတ်ကပင် ကျိန်းတိုင်သည် နေပြည်တော် ပရိစ္ဆေဒဖြစ်ခဲ့ရာ၊ ထိုခေတ်ထိုကာလကပင် ဗုဒ္ဓဘာသာဆိုင်ရာတို့လည်း အထင်ကရ တည်ချလာခဲ့ရခြင်းဖြစ်သည်။ သို့သော် ဤခေတ်မတိုင်မီ ဘုရားဓာတ်တော်စေတီပုထိုးများ မတွေ့ရ၍ သာသနာဆိုင်ရာဖြစ်ထွန်းမှု မရှိလေခြင်းဟုကား မမှတ်သင့်ပေ။ သာသနာရောက်လာခြင်းကိုကား သမိုင်းကြောင်းအရ ရှေး၌ထင်ရှားပြီးဖြစ်သည်။ မြောက်ဦးခေတ်ဦးခေတ် အင်အားကြီးသော မင်းတို့လက်ထက်ကပင် ပို၍ထွန်းပြောင်လာခဲ့ကြသည်။

စမ္ပဝက်ခေတ်နှင့် ပထမပူရိန်ခေတ်တွင် ကောလိယာ(၄၈၀-၄၈၅)မင်းနှင့် ဒုတိယလောင်းကြက်မြို့တည် အလောမာဖြူမင်း (၆၁၂-၆၁၈)လက်ထက် ဆင်းထုသွန်းလုပ်ကိုးကွယ်မှုများ ရှိခဲ့သည့်အလျောက် ထိုမင်းခေတ်ကြေးဆင်းထုလက်ရာဘုရားများလည်း ဤကျိန်းတိုက်သို့ ကိုးကွယ်ရန် ပြန့်နှံ့လာလေသည်။

ထိုဘုရာများမှာ မဟာဂျိ၊ မဟာဇိန်ဘုရားဆင်းထု ကြေးသွန်းဘုရာများလည်း ဖြစ်ခဲ့သည်။ ထိုခေတ်ကြေးဆင်းထုတော်များကို ဤကျိန်းတိုက်မှ မြေထဲမှ မြုပ်နှံ၍လည်းကောင်း၊ ချောင်း၊ မြောင်း၊ အင်းအိုင်မှလည်းကောင်း၊ စေတီပုထိုးတို့မှလည်းကောင်း၊ ပေါ်ပေါက်ရရှိခဲ့သည်။ ယခုစစ်တွေမြို့၊ ခေါင်းလောင်းကျောင်းရှိ ကြေးသွန်းဆင်းထုတော်များလည်း ပုံ့နှံ့ရာမှရခြင်း၊ ဌာပနာမှပေါ်ခြင်းတို့မှ ရရှိထားလေသည်။ ရခိုင်မင်းခေတ်သွန်း ကျိန်းတိုက်မှ ဘုရားကြေးဆင်းထုတော်များလည်း တိုင်းပြည်မငြိမ်သက်ခြင်း၊ စစ်ဘေးစစ်ဒဏ်ခံရခြင်း၊ လုံခြုံမှုမရှိခြင်း၊ တို့ကြောင့် အရပ်ရပ်သို့ ပြန့်ကြဲရောက်ရှိသွားကြလေသည်။ တချို့လည်း ကိုးကွယ်ရန်လို၍ ပင့်ယူသွားခဲ့ကြသည်လည်း ရှိသည်။ ထိုဘုရားတို့သာ ကျိန်းတိုက်၌ မူလအတိုင်း ဖူးမြော်ကြရမည်ဆိုပါက ဗုဒ္ဓဘာသာနှင့် ရခိုင်မင်းခေတ် ကိုးကွယ်မှု၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာကို ပို၍လက်တွေ့ပြသရာ ရောက်မည်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ခေတ် တည်ထားကိုးကွယ်ခဲ့သည့် ဗုဒ္ဓဆင်းထုတော်လက်ရာများကို ကိုးကွယ်ခဲ့သည့် ကျိန်းတိုက်ကား ဝေသာလီခေတ်၊ စမ္ပဝက်ခေတ်၊ ပူရိန်ခေတ်၊ လောင်းကြက်ခေတ်ကပင် ဘာသာရေးစည်ကားခဲ့ခြင်း၊ အဓိကရ ဖြစ်လာခဲ့ခြင်း၊ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ မင်းပြားမြို့နယ်တွင် ကျိန်းတောင်ဘုရားအပြင် အခြားသမိုင်းဝင် ထင်ရှားသောဘုရား အများအပြားရှိပါသည်။ ရတနာပုံစေတီ၊ ဝဇယဓာတ်ပေါင်းစေတီ၊ ဝန်သိုသိမ်၊ စစ်ကဲသိမ်၊ အဟောင်းတောင်စေတီ၊ ငစွယ်တောင်စေတီ၊ လေးဝဂူစေတီ၊ ကျောက်ဂူဓာတ်စေတီ၊ ဥတ္တမတောင်စေတီခေါ် လွမ်းစေတီ၊ ဘုရားပေါင်းဘုရား၊ မဟာကျန်ဘုရား၊ လက်ညှိုးတော်စေတီ၊ တွေ့မဆုတ်စေတီ၊ နှစ်ဆူရှင်ပင်နှင့် ငါးဆူရှင်ပင်ဘုရား၊ နေထွက်ဘုရား၊ နေဝင်ဘုရား၊ ဆိတ်ဆုံဘုရား၊ အတွင်းရဲတဲဘုရားနှင့်၊ ကန်ဦးစေတီဘုရားများသည် ကျိန်းတောင်တန်းတစ်ဝိုက် ပတ်လည်တွင် တည်ရှိပြီး၊ ကျိန်းဒုံးညိုမင်းလက်ထက်နှင့်၊ ၎င်းထက်စော၍ တည်ထားပြုလုပ်ခဲ့ကြကြောင်း၊ ခန့်မှန်းကြပေသည်။

မင်းပြားမြို့နယ်၊ တောတန်း တောင်တိုက်နှင့် တောတန်းမြောက်တိုက်နယ်မြေအတွင်းမှာလည်း ထင်ရှားသော

သမိုင်းဝင်ဘုရားများ ရှိပါသည်။ ပန်းသုံးခိုင်ဘုရား(ပန်းမြောင်း) ပါးပျဉ်းတော်ဓာတ်(ပန်းမြောင်း)၊ လက်မဇီဝါဓာတ်တော်၊ မြဝါဓာတ်တော်(ရွှေတမာအုပ်စု)၊ နဂရာသာစည်နန်းဦးဘုရား(နဂရာသာစည်ရွာ) မင်းဖူးရွာဘုရားကြီးသုံးဆူ၊ သင်းပုန်းတော်ဓာတ်တော်(အသေကာလ) ကြက်စာသိမ်ဘုရား (အသေကာလ) ရွာဟောင်းပြင်ဘုရား၊ ငှက်တော်ရဘုရား(ငှက်တော်ရရွာ) ဇိုင်ချောင်းပေါက်တော်ကျောင်းတောင်ဘုရား မြောက်ကြိမ်နန်းဦးဘုရား(မြင်းကမ်းဆိပ်)၊ ဆင်တွင်းဘုရား(သတိုးအုပ်စု) သရက်နှစ်ထပ်ဘုရား၊ ဘုရားသုံးဆူဘုရား၊ ခုနစ်ဌာနဘုရားတောင်ဘုရား၊ ပီပင်ရင်းဘုရား၊ ချင်းပုံဘုရား၊ သိမ်တောင်ဘုရား၊ ဘိတ်တောင်ဘုရား၊ သောင်းခုံမော်ဓာတ်တော်၊ တက်မကိုင်ဓာတ်တော်၊ သလုံးတော်ဓာတ်၊ မျက်မှောင်တော်ဓာတ်၊ မျက်ရစ်တော်စေတီ၊ ကေသလာကျေးတောဘုရား၊ ကျောရိုးတော်ဓာတ်၊ စိုးမဲကျီစေတီ(ဖလောင်းပြင်) ချဲဓာတ်(ကမ်းနီရွာ)တို့သည် ထင်ရှားသောသမိုင်းဝင်ဘုရားများ ဖြစ်ပေသည်။ ဤသမိုင်းဝင်ဘုရားများမှာ မြောက်ဦးခေတ်နှင့် လေးမြို့ခေတ်များအတွင်း တည်ထားကိုးကွယ်ခဲ့ကြသော ရှေးဟောင်းဘုရားများဖြစ်သော ဤမြို့နယ်အတွင်းမှ ရရှိသည့် ကျောက်စာအထောက်အထားများအရ လေ့လာသိရှိနိုင်သည်။

## ဗုဒ္ဓဘာသာအဓိကဂိုဏ်းများနှင့် ထင်ရှားကျော်ကြားသည့် ဂိုဏ်းချုပ်ဆရာတော်များ

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာအဓိကဂိုဏ်းများမှာ -တေန်ပျင်းဂိုဏ်းများမှာ- တေန်ပျင်းဂိုဏ်း၊ နရမ်းဂိုဏ်း၊ လှန်ပျောက်ဂိုဏ်း၊ ကန်းနီဂိုဏ်းနှင့် မူလဒွါရဂိုဏ်းတို့ဖြစ်သည်။ ဂိုဏ်းချုပ်ဆရာတော်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တေန်ပျင်းဂိုဏ်းချုပ်ဆရာတော် ဦးသောမသည် တေန်းပျင်းကျောင်းထိုင်ဆရာတော်ကြီး ဖြစ်သည်။ မင်းပြားမြို့နယ် တေန်ပျင်းကျောင်းတွင် ကျောင်းထိုင်သည်။ ဇာတိမြေမှာ၊ ဗမာပြည်၊ စလင်းမြို့ဖြစ်သည်။ ကျောင်းပေါင်း (၉၀)ကျော်ကို အုပ်ချုပ်ခဲ့သည်။

(ခ) နရမ်းဂိုဏ်းချုပ်ဆရာတော် ဦးတေဇိန္ဒသည် နရမ်းကျောင်းထိုင်ဆရာတော်ကြီး ဖြစ်သည်။ ဇာတိမြေမှာ တောင်တွင်းကြီးမြို့ဖြစ်သည်။ ကျောင်းပေါင်း(၆၀)ကျော်ကို အုပ်ချုပ်ခဲ့သည်။

(ဂ) လှန်ပျောက်ဂိုဏ်းချုပ်ဆရာတော် ဦးဝိမလဗုဒ္ဓိသည် လှန်ပျောက်ဂိုဏ်းချုပ်ဆရာတော်ဖြစ်သည်။ ဇာတိမြေမှာ ဆောမြို့ဖြစ်သည်။ ကျောင်းပေါင်း(၆၀)ကျော်ခန့်ကို အုပ်ချုပ်ခဲ့သည်။

(ဃ) ကန်းနီဂိုဏ်းချုပ်ဆရာတော် ဦးကုသလမှ ကန်းနီဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်သည်။ ဇာတိမြေမှာ မင်းပြားမြို့နယ်၊ တေန်ပျင်းကျေးရွာဇာတိဖြစ်သည်။ ကျောင်းပေါင်း(၆၀)ကျော်ကို အုပ်ချုပ်ခဲ့သည်။

(င) မူလဒွါရဂိုဏ်းချုပ်ဆရာတော်ကြီး ဦးညာဏသည် မူလဒွါရဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်သည်။

**စာများဆက်လက်မပါရှိပါ။**

# အပိုင်း(၆)

# စာပေ

## ရခိုင်စာပေ ဆင်းသက်လာပုံ ဖြစ်စဉ်သမိုင်း

ရခိုင်ရိုးရာယဉ်ကျေးမှုသမိုင်းအရ၊ ရခိုင်စာပေယဉ်ကျေးမှုသည် ဝေသာလီ၊ ပဒေသရာဇ်ခေတ်တွင် အဆင့်မြင့်လျှက်ရှိကြောင်း တွေ့ရပါသည်။ ဝေသာလီခေတ်ထက်စောသော ဓညဝတီ၊ ရခိုင်စာပေအကြောင်းကိုကား မှတ်တမ်းမှတ်ရာ အတိအကျ မတွေ့ရသေးသဖြင့် ဖော်ပြနိုင်ရန် ခဲယဉ်းပေသည်။

ရခိုင်ပဒေသရာဇ်စိုးစံသော ဝေသာလီခေတ်သည် အနန္ဒစန္ဒြားကျောက်စာနှင့် အခြားကျောက်စာများ၏ အထောက်အထားအရ အေဒီ ၃၂၇ မှ အေဒီ ၈၁၈ ခုနှစ်ထိ နှစ်ပေါင်း (၄၉၁)နှစ်ခန့် ကြာမြင့်ခဲ့လေသည်။ ထိုကာလတစ်လျှောက် ရခိုင်တို့၏ စာပေအရေးအသားမှာ အိန္ဒိယမှ ရောက်ရှိလာသော ဂြမဟီအက္ခရာနှင့် ဂြမဟီပွားအက္ခရာတို့မှတဆင့် ရခိုင်ဝဏ္ဏအက္ခရာများကို တည်ထွင်ကာ ဂြမဟီဝဏ္ဏအက္ခရာနှင့် ရခိုင်ဝဏ္ဏ အက္ခရာတို့ကို ရော၍သုံးစွဲရေးသားခဲ့ကြောင်း ကျောက်စာ၊ ပေစာ၊ ပရပိုက်စာများအရ သိရှိရပါသည်။ ဝေသာလီခေတ် ပဒေသရာဇ်တို့သည် ယခုရခုင်ပြည်နယ်အပြင် ဘင်္ဂလားဒေ့ချ်တစ်နိုင်ငံလုံး ပါဝင်သော ရခိုင်ပဒေသရာဇ်အင်ပါယာကို တည်ထောင်၍ ဒေသအသီးသီးတို့တွင် တပြေးညီသုံးစွဲရေးသားနိုင်ရန်အတွက် ဂြမဟီအက္ခရာဝဏ္ဏကို အခြေခံ၍၊ ရခိုင်ဝဏ္ဏအက္ခရာများကို ပညာရှင်များအား တည်ထွင်စေကာ၊ တိုင်းသူပြည်သားများကို သင်ကြားတတ်မြောက်စေခဲ့လေသည်။ ထိုစာပေများမှာ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ ဗိသုကာကျမ်း၊ ဓမ္မသတ်ကျမ်း၊ ကဗျာလင်္ကာကျမ်း၊ အင်္ဂရစ်ကျမ်းများစသည်တို့ကို ပြည့်ပြည့်စုံစုံ ရေးသားသင်ကြားပို့ချတတ်မြောက်စေခဲ့ကြောင်း သိရှိရသည်။

ယင်းအက္ခရာများဖြင့် ရေးထိုးထားသော ကျောက်စာ၊ ပီစာ၊ ပုရပိုက်စာများကို ဖော်ထုတ်ပေးခဲ့ကြသော ပညာရှင်များအနက် အထင်ရှားဆုံးပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်သည့် မကြာသေးမီက ကွယ်လွန်ခဲ့သော အထက်တန်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသာအောင်သည် မြို့ဟောင်းသျှစ်သောင်းတစ်ဝိုက်မှ ရရှိသော ဗြဟ္မီပွားအက္ခရာရေးကျောက်စာများ၊ ကြေးပရပိုက်များ၊ သံတွဲလွန်းမော်ကျောက်စာ၊ ကျောက်ဖြူမှရရှိသော ကျောက်စာတို့ကိုပါ၊ အေဒီ-၆၀၀နှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာဟူသောစာအုပ်၊ အနန္ဒစန္ဒြရားကျောက်စာ၊ စာအုပ်စသည်တို့ကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှစ်မျိုးလုံးဖြင့် ထုတ်ဝေခဲ့သည်။ မင်းပြားမြို့၊ ကျိန်းတောင်ပေါ်မှ ရရှိသည့် ဗြဟ္မီပွားကျောက်စာတစ်ချပ်ကို ဘတ်ရှုလေ့လာဆည်းအချိန် ၁၉၈၁-ခုတွင် ကွယ်လွန်သွားခဲ့သည်။

မင်းပြားမြို့နယ်သည် ရခိုင်ပဒေသရာဇ်ခေတ်များဖြစ်သော ဓညဝတီ၊ ဝေသာလီ၊ လေးမြို့မြောက်ဦး စသည့် ရခိုင်တို့ ကြီးကျယ်ထင်ရှားခဲ့သောခေတ်ကြီး (၄)ခေတ်စလုံး၏ အခြေပြုရာအရပ်ဒေသဖြစ်သဖြင့် ယင်းအချိန်အခါများကပင် ရခိုင်ယဉ်ကျေးမှု၊ ရခိုင်စာပေအရေးအသားများ၊ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်းကို ကျိန်းတောင်မှတွေ့ရသော ဗြဟ္မီပွားအက္ခရာရေး၊ ကျောက်စာအရ လေ့လာသိရှိရပါသည်။ ၎င်းကျောက်စာအပြင် ‘ပြင်ယားသုံးကန်စုကျောက်စာ’ ‘မေလွှမ်းဘုရားဓမ္မခဏ်ကျောက်စာများသည်လည်း မင်းပြားမြို့နယ်မှ တွေ့ရှိရသော ကျောက်စာများဖြစ်ပြီး၊ ၎င်းတို့မှာလည်း ဗြဟ္မီပွားအက္ခရာများဖြင့် ရေးထိုးထားသောကျောက်စာများဖြစ်ကြောင်း တွေ့ရပါသည်။ (**<u>မှတ်ချက်</u>**။ ဗြဟ္မီအက္ခရာသရနှင့် ဗျည်းပုံစံချင့် ဗြဟ္မီရေးကျောက်စာဖြစ်သော ဝေသာလီနီတိစန္ဒြားမင်းမိဖုရားကျောက်စာတို့ကို (　　　)သို့ ရှုပါ။)

## ရှေးဟောင်းထင်ရှားသော စာဆိုတော်များနှင့် စာပေအထောက်အထား

မင်းပြားမြို့နယ်တွင် ရှေးဟောင်းထင်ရှားသော စာဆိုတော်များရှိသည်။ ၎င်းတို့ထဲတွင် အထင်ရှားဆုံးပုဂ္ဂိုလ်(၂)ဦးမှာ စာဆိုသျှင်ထွီနှင့် စာဆိုတော်ကြီး အဒူမင်းညိုတို့ပင် ဖြစ်ပါသည်။ ၎င်းပြင် စန္ဒဝိဇယဧချင်းကို ရေးစပ်ခဲ့သည့်ပုဂ္ဂိုလ်တစ်ဦးရှိခဲ့ပါသည်။ အမည်ကို အတိအကျ မသိရသေးပါ။ စာဆိုသျှင်ထွီးသည် မင်းပြားမြို့နယ် ရွာပြင်ကျေးရွာအုပ်စု ဇာတိဖြစ်သည်။ ၎င်းရေးသားစပ်ဆိုခဲ့သော ရတု၊ ကဗျာ၊ လင်္ကာများအနက် ကဗျာရတုနှင့် စကားအဲးတို့မှာထင်ရှားသောစာပေများ ဖြစ်ကြသည်။ စာဆိုသျှင်ထွီး စကားအဲ(ဥက္ကာအဲး)ကို အောက်ပါအတိုင်း ခန့်ညားစွာရေးသားခဲ့သည်။

## ဥက္ကာအဲး

ဤအဲးမှာ ဧချင်းဟုဆိုရသော်လည်း၊ ဧးအစအဆုံး မသတ်ပဲ၊ လေးအစ အဆုံးသတ်သော ကဗျာဖြစ်ပေသည်။ သက္ကရာဇ် ၇၆၆ ခုနှစ်တွင် လောင်းကြက်မြို့တော်၌ နန်းစံတော်မူသော ဘုရင်မင်းစောမွန်သည် အိမ်ရှေ့မင်းသားဘဝက ကျိန်းကျွန်းကျိန်းတောင်ရှကင်ဘုရား ခြေရင်းအနီးတွင် လေးမြို့မြစ်ဝင်ဝ ခံတပ်ကြီးဖြစ်သော ခံတပ်ကို အုပ်ချုပ်၍ နေစဉ်က လက်ထပ်ခဲ့သော အိမ်ရှေ့မိဖုရားသျှင်ထွီးဖြူစပ်ဆိုခဲ့သော ကာခေါ် ဥက္ကာအဲးမှ ကောက်နှုတ်၍ သုံးပုဒ်ဖော်ပြလိုက်ပါသည်။

၁။ ဇေယန္တု။ ။လေး--လွမ်းသောသူသည်၊ လွမ်းသူခဆွဲ၊ ရင်နွဲကြင်တံ၊ မင်းစောကား၊ ကျိန်းတောင်လက်ျာ၊ မြစ်တောင်လက်ဝဲ၊ နွယ်ရိုးသန့်စင်၊ အိမ်ရှိသျှင်ကို၊ လွမ်းတေပူဆာ၊ မောင်မဟိခါ၊ ပျော်ပါနှမ၊ သုံးဆောင်ပြောင်သည်၊ ထောင်ယောင်ပြတင်း၊ မြဆွဲလင်းနန်း၊ ငါးဆောင်ပြောင်သည်၊ တဒဒလည်း၊ ဂူတမပြီး၊ မြဆွဲလမှာ၊ ပိတ်လို့နီရေ၊ သျှင်ထွီးပြာသွား၊ လှငြားကြင်တံ၊ မင်းစောမွန်ကို၊ တဒဒလေ၊ ဂူတမပြီး၊ ဝင်းဆယ်ထပ်မှာ၊ ပတ်လို့နီရေ၊ ခွာဖြူယောင်တန်း၊ ကျီးယောင်ဝန်းရေ၊ ကျီးယောင်လဲအား၊ နန်းလေးထောင့်မှာ၊ မျက်စိရှာလို့၊ စိမ်းမြခဲ့ချမ်း၊ တိုက်လေထဲမှာ၊ လွမ်းလဲ့လွမ်းလို့၊ တဘက်ကယ်ပုဝါ၊ ပိုးသာခါကို၊ မျက်ရည်မှတ်၊ သုံးထောင့်သည်၊ မပြတ်ကြင်နာ၊ ဝါသနာကြောင့်၊ ပူဆာနှလုံး၊ မိုးဆွေအုံးရို့ (သို့) အိမ်ကြီးသုံး၍ သုံးပါးပြောင်လို့၊ အိမ်ဖြင့်ခေါင်ဆိုက်၊ ဇမ္ဗူရစ်ဟု၊ နဂါးရစ်ဝမ်း၊ ငါးဆောင်မြင်ခွာဖြူဝင်လှော်ဘက်၊ တက်ပြူတင်းမှာ၊ ဆွဲလင်းပေါက်နန့်၊ ငြိုးဖြူဝင်လောက်၊ မြပြုတင်းမှာ၊ ဆွဲလင်းပေါက်ကို၊ ပြီပေါက်ပြီပြီ၊ သျှစ်ဆယ်စီလို့၊ မျှော်ရှုတင်ကေ၊ ခုတင်သာမှာ၊ နီလတ်တေလေ---နီလတ်တေ----ဧး။

၂။ လွမ်းလေသူကေ-လွမ်းလေခဆွဲ (ခဆွေး)၊ ရင်နွဲပန်းပင်၊ မွှီးသျှင်လာမည်၊ ပလ္လင်ညောင်စောင်း၊ မှီရာကောင်းမှာ၊ ကျောင်းနှင့်သည်လေ၊ ခင်းသင်းတောင်မွဲ၊ ငါးရာတန်တွင်၊ သင်ဘုံသုံးထောင်၊ အုမ်းရွှီရောင်တွင်၊ လဲလျောင်းဝါတင်၊ လွမ်းတဲ့သူသျှင်၊ ကြွီပွဲဝင်လို့၊ ပြုံးရွှင်စဖွယ်၊ ရွှီတောင်နန်းမှာ၊ နီလတ်တေကား၊ အခင်းသတ်၊ မြောဝါးကောင်းကို၊ ရွှီးလို့ ခွတ်ယောင်၊ သက်ဖြက်ရွှီသီး၊ မျောက်သားထွီးဟု၊ လှဝါးကြင်တန်၊ ပြည်ကိုပိုင်သည်၊ မင်းစောမွန်ကား၊ ရွှီသားပန်းကုံး၊ မြဦးလုံးတီ၊ အတူမှီလျက်၊ နီလတ်တေလေး-နီလတ်တေ---ဧး။

၃၊ လှငြားကြင်တံ၊ ပြည်ကိုပိုင်သည်၊ ထီးစောမွန်လေ၊ နန်းရံလုလင်၊ အရှင်ရောက်မည်၊ သုံးဆောင်ပြောင်သည့်ထောင်ရောင်ပြတင်း၊ မဆွဲလားမှာ၊ ဥဩိုးသားနှယ်၊ ရွှီဥယျာဉ်မှာ၊ ဆွတ်မျှကြူသည်၊ ယင်းပုံနည်းသျှည်း၊ စိတ်ကိုပြင်လည်း၊ ညိုးလှသဂီ၊ တောင်ဆောင်နန်းမှာ၊ လွမ်းမပြီတည့်၊ စုံလီရန်းပေါက်၊ မြောက်လီလျှောက်က၊ ဆံထုံးကြာပွတ်၊ မရို့ချကာ၊ မွတ်စွာလေယောင်၊ ဆင်ရွှီမောင်လည်း၊ ပြောင်ပြောင်ထွန်းပ၊ မပါဒေသူ၊ ရခိုင်သူသည်၊ ငယ်မျောက်သားလေး-ငယ်မျောက်သား---ဧ။

ဥက္ကာအဲးဟုခေါ်သောအဲးကို၊ စောမွန်ကိုလွမ်းတသောအဲး၊ ဟု ခေါ်ဆိုကြသည်။ အကြောင်းမူ၊ သျှင်ထွီးဖြူသည် စောမွန်အနောက်ဘင်္ဂါသို့ပြေးရသည့်အခါ သျှင်ထွီးနှင့် စောမွန်တို့မှမြင်သော သားတော်မောင်ဥက္ကာကိုလည်း အင်းဝတပ်မှ ဖမ်းဆီးယူဆောင်သွားသဖြင့် သျှင်ထီးသည် လင်ကိုလည်းလွမ်း၊ သားကိုလည်းလွမ်းဖြစ်ကာ စပ်ဆိုသောအဲးဖြစ်သည်။ ယင်းအဲး၏အစပိုင်းတွင် စောမွန်အကြောင်းကိုဆို၍ အလယ်ပိုင်းတွင် သားတော်ဥက္ကာအကြောင်းကိုဆိုသည်။ ယင်းနောက်တွင်ကား မောင်ဥက္ကာသားသျှင်ထွီး၏မြေး၊ 'ထမရာအကြောင်းကို ဆက်လက်ဖွဲ့ဆိုပြန်သည်၊ ထို့ပြင် သျှင်ထွီဖြူက စောမွန်မင်းသို့ပေးပို့သေဝ ကဗျာရတုမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) သျှင်ထီးမူးမှိုင်၊ ယပ်တောင်ကိုင်လေး--ပျောင်းယိုင်ကာ၊ မယ်မွှီးချင် ကြံတက်လေ ရွှီကြုတ်ထဲတွင် စာကိုမ်ငြကေ--အခင်သည် မကတ်လေ---သူမြတ်သားလောင်းတော်မွန်--ပတ္တမြားကိုမုံကာအသာပျံ၍--စံပျော်ပါစီရမည်ဖြစ်--သျှင်ထွီးဖြူကို ဆွဲယူပြောပါလားလေ-အစ်မများညိုးပူလောင်-ကတ္တစူးကို လမ်းဦးကရာစေတင်--ဆာပူလောင်ခြီတွင် စူး သုံးလလုံးစင် မမြင်ကာလကျ၍--တထူးထူးစီးသူရပ်မှီ-မိဘကိုယ်ချစ်၊ ကျွန်ကိုပင်ကေ၊ လောင်းစစ်ယင်ရပ်မြိုး-လေး--နီးနီပါလေစီ၊ ညိုးစိန္နမ၊ မင်းသားနန်းရပ်ဖြူကြွင်းသူနှမ-အလှညိုးစီ၊ ဆိုစီညိုးသူ မောင်တည်လေ---။

(၂) ညနီစီ၊ နီချစ်ဝ၊ ရီးအိုးခွက်ပြောစင်၊ ခါးထက်တွင်၊ မယ်လျင်ရီခပ်ကွ၊ ရှိနောက်ကဝီ ခွီးများဖြင့်၊ ကြီးငယ်နိမ့်မြင့်၊ ဆင့်ဂရင့်ကေ၊ လှတောင့်လှတေမြင်၍ လိုက်ချင်စီကိုယ်မချီ၊ လှရုပ်သွင်ကိုမြင်ချင်နှလုံးဟီး--မယ်နီစီတောင်ခါစောင်း၊ မောင်နီစီဆယ်ပြန်ရှင်ပင်ကျောင်း၊ ဆင်နှာမောင်းလမ်းကြောင်းစီ၊ သရက်ပင်ကြီး ရိပ်မြိုင်စောင်ထိစီး၍၊ ကျီးရွှီစေလျက်ပါစီ၊ လှဖြာသူကို မဆန်းပါစီချင်၏လေ--

(၃) အောင်ဖြစ်တန်ဆောင်၊ နွဲ့နွဲ့ပြောင်ဇေ၊ တန်ဆောင်လမိုးချင်၍၊ လျှပ်ရောင်စီကြက်သရီ၊ ထိုခြောက်ထပ်ကို၊ မပြတ်အုပ်စိုးနီ၍၊ သီရိစေကြက်သဗွေ၊ အလှမေလေ၊ စားတော်ကောက်ချက်၊ ရွက်၍--ရွှီယိုင်စီတောင်ပန်းမှာ၊ အခိုင်ခိုင်ဇေ၊ လှီယိုင်တက်ခြင်းပြု၍-နီရက်ထက်ပင်လိုင်ကိုမြင်၊ လက်နန့်စီတဖျင်းဖျင်း ရွာပြင်ရပ်သူတည်းလေ---။

(၄) လျှပ်လိပ်လက်ဇော၊ ပြိုးပြက်ပြောင်း၊ ရယ်ဗြီရယ်ပြု၊ နောက်ဆံထုံးမှာ ရွှီကုံးရွှီပန်းဆင်၍၊ မြစိန်လျှံ၊ စိန်စီလက်စွပ်၊ ပရင်းနူဘိ၊ မျက်မျိုးစီဇော၊ အင်္ကျီတစူဝတ်၊ ရုံစုံစွာမှန်ကျစ်ကျစ်၊ စနပ်ရွှီဖျင်၊ စံပွါယ်တင်၊ နောက်ပြင်ရွှီးကျမ်းတပ်၍၊ လူစင်စစ်ကပမှန်၊ နတ်နွယ်ဖျောကေ၊ သဘောမျိုးကြင်တန်လေ---။

သက္ကရာဇ် ၈၄၀ ခုနှစ်တွင် ရခိုင်ပြည်ကြီးကို စည်တီးနှင့်တကွ အုပ်ချုပ်တော်မူသော ဘစောဖြူ (ကလမာသျှား) မင်းလက်ထက်တွင် မင်း၏သမီးတော်ပုခက်တင် မင်္ဂလာအခမ်းအနား၌ ရေးသားဆက်သွင်းသော ရခိုင်မင်းသမီးဧချင်း ခေါ် မှောက်တော်ဧချင်းကို ရေးသားသူ အဒူမင်းညိုဘွဲ့ခံ 'မောင်ညို'မှာ မင်းပြားမြို့နယ်ရှိ ကျိန်းတောင်တန်း မြောက်ဘက်ဆုံးအနီး အနောက်ဘက် တောင်ခြေရင်း၌ ယခု ကြက်သရေပြင်ဟု အထင်အရှားခေါ်ဝေါ်သော နေရာအထက် တောင်ရှည်ပြင် တည်ရှိသော သရေရွာဇာတိပင်ဖြစ်သည်။ ယင်းရွာပျက်အရှေ့ဘက်ကမူပေါ်တွင် အဒူမင်းညိုကိုးကွယ်ခဲ့သော လေးဝဂူစေတီတဆူမှာ ယခုတိုင်အထင်အရှား ရှိနေပေသည်။ ရွာသည် အဒူမင်းညိုနှင့် အခြားရခိုင်ပညာရှိများ မွေးဖွားရာနေရာအဖြစ်အလာ ပြောဆိုကြသည်။ အဒူမင်းညိုရေးသားသော ရခိုင်မင်းသမီးဧချင်းမှ ကောက်နှုတ်ချက်ကို ရေးသားတင်ပြပါသည်။

'စေ---လျက်ပျံ့ပျူး၊ ရိုက်ကာကျူးပိမ့်စွပေါ်ဦး ကမ္ဘာ၊ ကြာငါးပွင့်လိုက်၊ ဖြစ်ဥာဏ်ဖြူ ငါးဆူသျှင်နည်း၊ ပွင့်မည်ချည်းတွင်၊ မိတ္တည်းမရောက်၊ လေးပါးနောက်ဝယ်၊ ဝါးထောက်တောင်သာ၊ သာသနာတွင်၊ ငါးစင်းအမြတ်၊ နဝဝတ်ရေကျ၊ သား၊ ကစ္ဆပနဒီ မည်သာညာမွန်၊ ယဉ်တန်တဖက်၊ ပင်လယ်ထွက်၍၊ နှစ်ဖက်တမ်းဖြားရီမှိုဝယ်၊ ရှေ့ညီဖြုဗ္ဗာ၊ အာကာမှီခိုင်း၊ တောင်ပြိုင်းပြိုင်းနှင့်၊ ဆိုင်းဆိုင်းရခိုင်ညွှန့်ဖူး၊ မွန်ကြည်မြူးသို့ မြောက်ဦးရွှီနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူလေ-။

ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ကျော်သဲတဆူ၊ ကျော်သဲတဆူ၊ ဇမ္ဗူဒီပ၊ ကျွန်းလုံးစသည်၊ မင်းကြားတည့်ရင်သွေး၊ မှောက်တော်ထွေး၊ ဧလဲ့ယင့်ယင့်ဧ--။

ထို့ပြင် နောက်ထင်ရှားသော ဧချင်းတစ်ပုဒ်မှာ စန္ဒဝိဇယ(ဒုံးညို)ခေတ်၊ သက္ကရာဇ် ၁၀၇၂ စစ်အောင်မြင်ရာ၌ အောင်မြင်ကြောင်း အထိမ်းအမှတ်အဖြစ်၊ စစ်အောင်ဧချင်းတစ်ပုဒ်ကို စပ်ဆိုခဲ့ကြောင်း တွေ့ရှိရပေသည်။ ဤဧချင်းကို စန္ဒဝိဇယစစ်အောင်ဧချင်းဟု ခေါ်တွင်ပြီး၍၊ ဧချင်းကို ရေးသားသူမှာ မင်းပြားမြို့နယ်၊ ကြက်သရေရွာသားဇာတိဖြစ်သည်။ အမည်ကိုကား မသိရပေ။ ဤစစ်အောင်ချင်းမှ တစ်ပိုဒ်ကို ရေးသားဖော်ပြပါမည်။

"ဆန္ဒကမ္ဘာ၊ တည်လာအစ၊ နရာသာမိ၊ ဘူပတိကျင်၊ မုနိလောင်းလျာ၊ မဟာသမတ၊ ထိုကနွယ်လာ၊ ဆက်စိုးဘိ၊ အိန္ဒိယ၊ ဒေသတို့တိုင်း၊ ယှဉ်နိုင်းအစ၊ အယုဇ္ဈနှင့်၊ ရက္ခမဏ္ဍိုင်၊ စိုးပိုင်ကြဌန်း၊ နုနန်းနှင့်တီးစည်၊ ပြည်နှင့်မင်းဆက်၊ မပျက်မကွဲ၊ နန်းပွဲမြင့်ကြား၊ ယင်းသို့ရာတွင်၊ နတ်သျှင်ဘုန်းရှိ၊ သီရိသုဓမ္မရာဇာ၊ ညာပျော်စံမြဲ၊ နန်းပွဲမနှော၊ အမစ္စာသွေး၊ ဆင်ငြိမ်လေးကို၊ ချစ်ကြွေးရှေးဝတ်၊ ရွှေစင်ရတနာ၊ သည်းချာလည်းတုံး၊ ကိုယ်လည်းရှုံး၍၊ ရှေးထုံးတိမ်းပါး၊ လောင်းကြက်စားလျှင်၊ ထွက်ဖျားရောက်လေ၊ ကြယ်များကြွေသို့၊ အမြူတေဆီ၊ သာကီမြတ်မျိုး၊ မူရိုးမြတ်မွန်၊ သေလွန်ပျက်ပြုန်း၊ ညိုးသုန်းမြို့ရွာ၊ နောက်မျက်နှာ၍၊ ဘင်္ဂါကုလား၊ သက်များလည်း ရိုင်း။ လူတိုင်းထွက်ဝင်၊ သဘင်အလွဲ၊ နန်းပွဲမကျော်၊ တောင်ပေါ်နှစ်ခု၊ ဂြိုဟ်စုကိန်းရောက်၊ မင်းစိုးပျောက်၍၊ စည်ပေါက်ထီးကျိုး၊ မတ်မျိုးဖွင့်လှစ်၊ တဆယ့်နှစ်တွင်၊ တက်သစ်နေလ၊ ဝိဇယလျှင်၊ ထောင်မှစွန်းတယ်၊ ခုနစ်ဆယ်နှစ်၊ သက္ကရာဇ်တွင်၊ ရာခိုက်စိုးအုပ်၊ နိုင်ငံချုပ်သည့် မရှုပ်တည့်ပြည်ရေး၊ ရေနှယ်အေး။ ။ ဧလည်းယင်းယင် ဧ---။

ကိုလိုနီခေတ်၊ မင်းပြားမြို့နယ်တွင်လည်း ထင်ရှားသောစာဆိုတော်များရှိခဲ့ပါသည်။ အချို့ထင်ရှားသော စာဆိုတော်များ၏မွေးရာဇာတိနှင့် စာပေအထောက်အထားများကို တွေ့ရသော်လည်း၊ အချို့မှာ ရွက်ပုန်းသီးစာဆိုရှင်များအဖြစ် ရောက်သွားကြရရှာသည်။ အထောက်အထားတွေ့ရှိပြီး ထင်ရှားသော စာဆိုရှင်အချို့ကို ဖော်ပြပါမည်။

## စာဆိုရှင် မိသန္တာဝေ (၁၁၉၇)

ရခိုင်စာဆိုရှင် မိသန္တာဝေမှာ ဗြိတိသျှကိုလိုနီတို့အား တော်လှန်ပုန်ကန်ခဲ့သော မြို့သူကြီးအောင်ကျော်ဖ်၏

ဇနီးပင်ဖြစ်ပါသည်။ မိသန္တာဝေ၏ ဇာတိမြေမှာ မင်းပြားမြို့နယ်၊ ကြက်သရေရွာပင်ဖြစ်သည်။ မိသန္တာဝေသည် ကျိန်းကျွန်းသူပီပီ မိမိဒေသပတ်ဝန်းကျင်၏အခြေအနေများကို ကဗျာ၊ လင်္ကာများ စပ်ဆိုခဲ့ကြောင်း တွေ့ရသည်။ ၎င်းစပ်ဆိုခဲ့သော ကဗျာပိုဒ်အချို့ကို တင်ပြပါမည်။ 'ကျိန်းတောင်၊ ကျိန်းတောင်၊ ရွှေကျိန်းတောင်၊ ကျိန်းတောင်တက်လမ်း၊ ကြက်ရိုးပင်မှာ သဇင်ပန်း၊ နှမနန်းတုံ၊ မောင်နန်းတုံလည်း ရှိလီယင့်အဲ။

## စာဆိုရှင် ဥက္ကာစံ

စာဆိုရှင်ဥက္ကာစံမှာ မင်းပြားမြို့နယ်၊ တွေ့မအုတ်(တို့မဆိတ်)ရွာသားဇာတိဖြစ်ပြီး သက္ကရာဇ် ၁၂၀၀ကျော်ခန့်တွင် ထင်ရှားခဲ့ပါသည်။ ဥက္ကာဇံကို (ဝကာစံ)ဟုလည်း ခေါ်တွင်သေးသည်။ ယခုတင်ပြမည့် ငှက်သမက်တက်လင်္ကာ (ဇာမရီ-၁)သည် စာဆိုဥက္ကာစံ၏ကျော်ကြားသော လင်္ကာတစ်ပုဒ် ဖြစ်သည်။

## 'ငှက်သမက်တက်လင်္ကာ'

ရွှေပြည်မတည်၊ ယေလေတောင်ထိပ်၊ ကရဝိတ်ထွန်ညောင်း၊ ငှက်အပေါင်းနှင့် ဇီဝစိုးတွန်ညီ၊ မဟေသီလေ၊ မြုန်တခတန်လက်၊ ခေါက်ရှာငှက်နှင့်၊ လင်းကွတ်တဲဒုတ်၊ ခေါင်ဘုတ်ကျီးကန်း၊ ငှက်သွန်းဇင်ယော်၊ ခုရှောင်ပြာကေ၊ ရေးလေတချို့၊ အမှင်ငယ်ကေ၊ စာချေမျိုးနှင့် (ခပင်းရေးချုံ) ငှက်မျိုးစုံကို၊ အကုန်ခေါ်ပြီး၊ ဂေါင်းဇရက်ဝဲမှာ၊ တွက်ချစေ့ဗျာ၊ ငှက်ပေတင်ကျိတ်၊ သဘောက်လိပ်ကို၊ နောက်ကရွက်ပေ၊ တောကြက်ချေမှာ၊ ဒါးရှည်ကိုထမ်း၊ ဖျာချပ်ချေကို၊ ဒဲတုတ်ထမ်းလို့၊ ကျီးကန်းမှာမူ၊ ရွှေပန်းတူကို ကိုင်ယူလပ်စွဲ၊ ဟင်းဇားကွဲချေ၊ ရေစင်အိုးကို၊ ထမ်းပိုးရွက်ဆောင်၊ ငှက်တို့မောင်လေ၊ လှခေါင်စံသီး၊ ရှုမညီးကေ၊ နှမလိမ္မာ၊ မကျွေခါထောင်သာ၊ သာလိကာနှင့်၊ နောက်မှာတသီး၊ လင်းပြာဂြိုးညို၊ ပေါင်းအပျိုတို့၊ ဥက္ကိုကိုစီ၊ ခေါင်းထက်ချီ၍၊ ဇမရီလုလင်၊ သမက်ရှင်မှာ၊ ယက်ပြောက်ကိုင်ကာ၊ ငှက်တန်ဆာကို၊ ကိုယ်မှာတင်လျှောင်၊ စံပါယ်မှော်၍၊ နောက်မှာတသီး၊ ဒူရိယာလေ၊ ဗုံလင်းခွက်ကို၊ နောက်ကတီးလို့၊ အကြီးအငယ်သွယ်ကြလေကေ၊ ရှုဘွယ်မဆုံး၊ ထက်အာကာမှာ၊ ရင်ဘောင်တန်းလို့၊ မြန်မြန်မနေ၊ (မြန်မြန်မနေန)၊ ပျိုင်ကြလေကေ၊ တိမ်ဆီပျန်မြောက်၊ နှမစံကေ၊ ဝေယံနန်းကို၊ ယိုင်တန်းဂှောက်လို့၊ မိမ္ဗဖက်သား၊ သူတို့မှားက၊ မညီမညောင်း၊ ရွာဝင်ခကို၊ ငါးဆယ်တောင်းလို့၊ ယောကျ်ားဖတ်သား၊ ဝန်လယ်သူကြီး၊ ရွာဝင်ခကို၊ ငါးကျပ်ပီးလို့၊ မပီးချင်လူ၊ တချို့လူလေ၊ မနာလိုငြား၊ လမ်းကဆီးဗျာ၊ ပိတ်လို့ထျားရေ။ ယောကျ်ားဘက်သား၊ ငှက်စောက၊ အောက်သားတင်ကောက်၊ စိတ်မာန်ပေါက်ကေ၊ ငေါက်ထလျက်၊ ငှက်တို့မောင်လေ၊ လူပျိုရို့ကိုကွာလို့နှက်ကေ။ ။

အပျိုတော်လေး အဖော်လဲကွဲ၊ တောသုံးထောင်မှာ၊ တကောင်တည်းလေ၊ ငှက်များတဲဒုတ်၊ ပျိုင်းဟန်လုပ်လေ၊ ခေါင်းပုတ်ကိုပင်၊ ဆွဲငင်ဖမ်းသတ်၊ ကဲလိတ်တွဒ်က၊ ပညာရှိဟန်၊ ယောကျ်ားဘက်ကို အရေးလွန်ဟု၊ ဆိုပြန်သောအခါ၊ သာလီကာလေ၊ ဟသ်ာရို့မှာ၊ မာန်ကြီးပါရေ၊ ဇောင်ရာပြန်ကေ၊ ယင်း၎ှာနကေလေ့၊ စိုးရသခင်၊ ရွာမြို့တွင်မှတ်၊ ရုံးတော်မမြတ်ကို၊ လားကတ်ပါမေ၊ ဆိုလတ်တယ်ဟု၊ စာချေကြက်ပြောက်၊ ယော်လက်မေကို ကျောကျောကြောက်တေ၊ ပျိုးဟောက်ကလျှင်၊ ဆိုတိုင်ပင်ကေ၊ အခင်ရိုက်ကြီး၊ စာချေရို့မှာ၊ ငြိမ်းနေဟု၊ ဇာလူကိုမျှ မကြောက်ကြနှင့်၊ မိန်းမဘက်သား၊ သူတို့များကို၊ လားလားမသိ၊ စစ်ချင်ရာမှာ၊ စစ်ပတ်စီလေ၊ ထိုသို့ဆိုကေ၊ စိတ်နာခါကျေ၊ ဗျိုင်းဟောက်ချေမှာ၊ တောင်ဝေဖြန့်ကာ၊ ရန်ရှာစကား၊ မောင်တို့ပြောကေ၊ တရားလိမ်မာ၊ နတ်သူတော်ဟု၊ ကြိုးကြာမောင်လှ၊ ပဏ္ဍိတမှာ၊ ရန်များကိုဆီး၊ ဒေါသမီးကို ချင်းကျိအောင်၊ ပြောလေပြီးမှ၊ စဲဆီးခက်သော်၊ အသွင်မှာကား၊ စိုင်လာမ်ငှက်ဘဝမှာ၊ ရွှေငွေများကို၊ မရှားပါဟု၊ ပန်းသစ်သီးကို၊ နှင်းပြီးဒုန်လျက်၊ သမက်တက်၍၊ လက်ထပ်မင်္ဂလာ၊ ပြုပြီးခါမှ နှစ်ဖော်တူညီ၊ ဇာမရီကို၊ မြောက်ဆီဟေဝန်၊ ယင်းသို့ပျံကေ၊ ဗိမာန်သာယာ၊ မောင်တို့ပျော်ကေ၊ ဟေမဝ္ဓထူးဆန်း၊ ရိပ်မျိုးကွယ်ကေ၊ နေသစ်နန်းသို့၊ နေလှမ်းပျိုတော်၊ ငါးရာကျော်နှင့်၊ တောင်ညာထားပြီး၊ မောင်သို့သဘော၊ ဟေဝန်တောမှာ၊ ချလို့ပြောလို့၊ စိုးစံရကေ၊ ရာဇာမို့မို့၊ ဟေဝန်တောမှာ သာယာစို့လေ၊ သာယာစို့။ ။

## စာဆိုဦးစံမြအောင် (၁၂၃၃–၁၃၀၀)

စာဆိုဦးစံမြအောင်မှာ မင်းပြားမြို့ ကျိန်းတောင်အနောက်မြောက်ထောင့်ရပ်၊ စာတိုင်ကုတိုးဆိပ်ရွာဇာတိဖြစ်

သည်။ ဦးစံမြအောင်သည် စာတိုင်ကုတိုးဆိပ်သမိုင်း နမိတ်ချောင်းသမိုင်းစသော မိမိဒေသနယ်ပါယ်သမိုင်းတို့ကို လည်းကောင်း၊ သံချပ်ကြီး၊ သံချပ်ငယ်များစွာတို့ကိုလည်းကောင်း၊ ရေးခဲ့သည်ဟုဆို၏။ အာဝဇ္ဇန်းရှင်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။ ဦးစံမြအောင်၏အဖွဲ့အနွဲ့မှာ ရခိုင်ဝေါဟာရရောနှော၍ ဖြတ်လတ်မှုလည်း ရှိလှပေသည်။

ဆရာသည် ကဗျာလင်္ကာများကို နှုတ်တိုက်လက်တန်း စပ်ဆိုနိုင်စွမ်းရှိသည်ဟုလည်း ကျော်ကြားသည်။ ဗုဒ္ဓဘာသာဝင်ပီပီ သာသနာတော်နှင့် ဆန့်ကျင်မှုများအတွက် သတိမှတ်ပေးချက်များ သာသနာတော်ဆိုင်ရာ တရားတောင်း၊ သာသနာတော်လျှောက်ထုံး စာတမ်းများလည်း ရေးစပ်ခဲ့လေသည်။ ကျမ်းကမ်စာပေများတွင်သာမက ရခိုင်ရာဇဝင်သမိုင်း၌လည်း လေ့လာတတ်ကျွမ်းသည့်အလျောက် သီရိစန္ဒြရမင်းကို သံဃာယနာဒါယကာဟူ၍ ရေစပ်ခဲ့လေသည်။ မင်းပြားမြို့ မြို့ပိုင် ဦးသာဇန်းလက်ထက် ကျိန်းတောင် တောင်ခြေရင်း၌ အုတ်ကနိတည်၍ ကုသိုလ်ကျိုးပုံ၊ ကောဇာ ၁၂၆၀ တွင် ကပ်ဆိုက်လာမည်ဟု ဟောကိန်းထုတ်ခဲ့သည်။

မင်းပြားမြို့တွင် လူမျိုးခြားကုလားချမ်းသာ (ငွေချေးစားသူများ) နားပေါက်ကျယ်ခံ ဒဝါလီမြီကျခံရမည့် အကြောင်းပါစုံလှပေသည်။ ဆရာတွင် သားနှစ်ယောက် သမီးတစ်ယောက်ရှိခဲ့သည်။ သားဖြစ်သူ ဖြူသီးမှာ ယခုအခါ အသက်(၆၀)ကျော်ပြီဖြစ်သည်။

ဆရာရေးသားခဲ့သည့်လက်ရာများအနက် ရပ်ကွဲရွာကွဲ၊ ကျောင်းကွဲမဖြစ်ကြစေရန်အတွက် ကျောင်းတကာများကို သတိပေးရာတွင်-

"ယခုအခါ။ ကျောင်းတကာတို့၊ သမာယွင်းချွတ်၊ တရားလွတ်၍၊ ဝင့်နှင့်မကင်း၊ ရွာနှစ်သင်း၊ အရင်းအစ၊ ဘုန်းကြီးက၊ အရပ်ကိုမွှေ၊ လူဗလဗွေ၊ ကြယ်ဖယ်အကောင်၊ ပစောင်အမျိုး၊ ဉာဏ်အဆိုးနှင့်၊ တန်ခိုးကြီးလှ၊ ထေရ်မြတ်သံဃာ၊ အရိယာကို၊ သဒ္ဒါကြိုင်ရွှန်း၊ သဒ္ဒါဆွမ်းကို၊ မစားရအောင်၊ ကြံဆောင်စမြဲ၊ ကျမ်းဝိနည်းခို၊ မကြည့်ပဲပင်၊ လူငဖင်မှာ ဉာဏ်မြင်စက်ဆုပ်၊ ကွမ်တိမ်မြုပ်၍၊ လူယုတ်ဉာဏ်ဆန်း၊ တက္ကထွန်းတို့ ဗရမ်းဗတာ၊ ထိုရပ်ရွာမှာ"ဟူ၍ ရေးသားခဲ့သည်။

စာဆိုဦးစံမြအောင်၏ သာသနာလျှောက်ထုံး စာတမ်းကို နောက်ဆုံးကောက်နှုတ်တင်ပြရလျှင်-

ရာဇတိရာဇာ၊ ဒေဝါတိဒေဝါ၊ ပြဟ္မာတပြဟ္မာ၊ မုနိအစစ်၊ ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော၊ သမ္မာသမ္မာ၊ သမ္ဗုဒ္ဓအတုလ၊ အစိန္တကရမေမြတ်ဘုရားသည်၊ ကုသီနာရုံ၊ မွှေးပေါင်းစုံသော၊ ရဂုံအင်ကြင်း၊ ဉယျာဉ်တွင်းဝယ်၊ ဇလ္လာမင်းတို့နှင့်တကွ နတ်ပြဟ္မာအရပ်ရပ် ပူဇော်မှုကို ခံတော်မူပြီးနောက်၊ နောင်သားနောင်လာတို့၏အကျိုးငှာ ထားတော်မူခဲ့သော သာသနာမြတ်ငါးထောင်တွင်၊ ဤရခိုင်ပြည်မြတ်ဝယ်၊ စကြာရံမင်းမြတ်ဆယ်ဆက်တွင် တစ်ပါးအပါအဝင် ဖြစ်တော်မူသော၊ သင်္ဂါရတနာဒါယကာအပေါင်းတော် သီရိစန္ဒြာမင်းကြားကြီးသည်၊ ဆေပဥ္စကိန်းကိုပြုပြီးနောက် လွန်လေပြီးသောအတိတ် သာသနာမြတ်သက္ကရာဇ်သည်ကား ၂၅၁၉ ခုနှစ် လွန်လေပြီး၊ ဘုရားနောင်လာလတ္တံ့သော အနာဂတ်သာသနာမြတ်သည်ကား ၂၄၁၈ ကျန်ပါသေးသည်ဘုရား---စသည်ဖြင့် ရေးသားခဲ့ပါသည်။

## ကေသလာကျွန်းသားစာဆို မောင်ထွန်းဦး (၁၂၆၀–စန့်)

မင်းပြားမြို့နယ် ကေသလာကျွန်းမှ စာဆိုမောင်ထွန်းဦးသည်လည်း ရတုများ ရေးသားခဲ့ကြောင်း တွေ့ရပါသည်။ ၎င်းရတုများအထဲမှ ကောက်နှုတ်ချက်တစ်ခုကို တင်ပြပါမည်။

"မင်္ဂလာဗဟို၊ လေးရောင်စိုသား၊ မြင်းမိုရ်လက်သာ၊ ဒက္ခိဏာတွင်၊ ဒီပါပေါ်ထွန်း၊ ကြတ်စင်ကျွန်း၌၊ တည်ထွန်းပေါ်လာ၊ ကေသလာဟူ။ မဟာဂါမံ၊ နေဘွဲ့ခံသည်။ လှပြုဆန်စွာ၊ အစုံထားလျက်။ ချမ်းသာစည်းစိမ်၊ အိမ်နီအိမ်ဖြူ၊ ကျောက်ဂဝင်းဝင်း၊ ရွာလုံးလင်းလျက်၊ ဆန္ဒင်းစိုစို၊ ပင်ရိပ်ခိုသား၊ နဂိုသာသာ၊ ကေသလာတွင်၊ နဝါသဘော်၊ လားလားမစဲ၊ သဲသဲသံသံ၊ ရောင်းဝယ်သံဖြင့်၊ ခေါ်ခံမစဲ၊ တသဲသဲဟု၊ မျှော်ဘွယ်အထူး၊ တို့ကျွန်းဦး"

## စာဆိုဒိုင်အာစီသာစိုင် (၁၉၂၃)

ဤစာဆိုရှင်သည်၊ မင်းပြားမြို့နယ်၊ ခေါင်းလောင်းရွာဟောင်းဇာတိဖြစ်ပြီး ကံရွာတွင် နေထိုင်ခဲ့သူဖြစ်သည်။ ထိုခေတ်တိုက်စာရေးကြီး ဦးလှထွန်းပေါ်၏ သောင်းခေါင်မော်ဘုရား(ကိုင်းရိုးဓာတ်) အလှူတွင် အောက်ပါအတိုင်း ရေးသားထားခဲ့သည်။

'ထိုအခါတွင်၊ ကံတိုက်ခေါ်၊ နဒင်ရွာမှ၊ အလျှုဒါန၊ ကုသလတို့၊ နေ့ညအမှန်၊ စိတ်ရည်သန်လျက်၊ ကြံဖန်အားကို၊ ဦးဆောင်ပိုး၍၊ ကောင်းကျိုးပြုရန်၊ စိတ်အကြံနှင့်၊ စီမံနှီးဆော်၊ သောင်းခေါင်မော်ဝယ်၊ နေကျော်မှီဝဲ၊ တိုက်စာရေးဟု၊ ထူးကဲစေတနာ၊ လှထွန်းပေါ်က၊ ပေါင်းဖော်ဖက်စပ်၊ နရမ်းရပ်က၊ မပြတ်လျှုဒါ၊ ကန်တကာဟု ပညာမွေးကြူ ကျော်ထွန်းဖြူနှင့်၊ အောက်၌ပါသည်။ ဒါယကာပေါင်း၊ သူတော်ကောင်းတို့၊ စုပေါင်းညီညာ၊ ဤဓာတ်တော်၏။ ဝေယျာဝစ္စ၊ ဟူသမျှကို၊ ကူမရွက်ဆောင်၊ ပြီးမြောက်အောင်ဟု စပ်ဆိုရေးသားခဲ့သည်။ စာဆိုရှင်အနေဖြင့် သောင်းခေါင်မော်ဘုရားသမိုင်းကိုလည်း ၎င်းနှစ်တွင်ပင် ပြုစုရေးသားခဲ့လေသည်။

## စာဆိုရှင် ဦးကိတ္တိ

ဤစာဆိုအနေဖြင့် အိန္ဒိယကြေးမုံကျမ်းကြီးကို ရေးသားခဲ့လေသည်။ ဦးကိတ္တိမှာ ရခိုင်ပြည်နယ်တွင် ထင်ရှားသော သာသနာပြုပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက၊ ကမ္ဘာ့သာသနာပြုအဖွဲ့ဝင် ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်ကြောင်း သိရပါသည်။ ဤအိန္ဒိယကြေးမုံကျမ်းကို ယနေ့တိုင်အထင်အရှား ရှိနေသေးသည်။ ၎င်းပြင် အခြားသောသမိုင်းကျမ်းစောင်တို့ကိုလည်း ပြုစုရေးသားခဲ့ကြောင်း သိရပါသည်။ ဦးကိတ္တိ၏မွေးဖွားရာဇာတိမှာ မင်းပြားမြို့နယ် ခြိတ်တောင်ရွာဖြစ်သည်။

## စာဆိုဒေါ်နန်းပုံ

ဒေါ်နန်းပုံမှာ မင်းပြားမြို့နယ် ဟင်းမရွာ ဇာတိဖြစ်သည်။ ဝါသနာအလျောက် ကျေးလက်ကဗျာများကို စပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ ၎င်းရေးစပ်ခဲ့သော ကဗျာတစ်ပိုဒ်ကို ဖော်ပြပါမည်-

'တောင်ပေါ်တောင်ပေါ်၊ ပြိန်းတောင်ပေါ်၊ တောင်ပေါ်ဝန်းဥ၊ ပြိန်းသုံးဥ၊ သုံးဥပင်ပေါက်၊ သျှင်သုံးယောက်၊ တစ်ယောက်ကေမောင်သျှင်၊ နွဲ့လီနွဲ့နှောင်း၊ ဘုရားလောင်း၊ မင်းကောင်းကြက်ဆူ၊ အတန်ဆူ၊ စိန်ဆွဲလက်ဖွဲ့၊ ငါ့မောင်ယေမှာ လက်ကဆွဲလို့၊ ရုံးခွဲစိတ်ကေ၊ အစိတ်ကေနန့်၊ ငလောင်လင့်နန့်၊ ကျင်တိုက်ကတ်မေ၊ လက်မနာကေ၊ ကျပါခမေ၊ မောင်သျှင်ချေ။ ကင်းပွန်းသီးတဆယ်၊ အိုးပျဉ်သပ်နန့်၊ သခွားဖြူသီး၊ ယာမှာသီး၊ အသီးတထွာ၊ အနံမှာတမိုက်၊ အမေကြီးမိ၊ အိမ်ကြီးက၊ ဒေါနလမ်းထွက်၊ လန်းလန်းနန့်၊ အပြိုဝန်ဝန်း၊ ကွဲရပန်း၊ ဆွမ်းပန်းကျွေးမယ်၊ အေတလင်းကို၊ ညက်အောင်လည်းလေ၊ ညက်အောင်လေ--'

## ရိုးရာပုံပြင်များနှင့် ရိုးရာစကားပုံများ

### (က) ရိုးရာပုံပြင်များ

ရခိုင်တို့တွင် ရိုးရာပုံပြင် အများအပြား ရှိပါသည်။ ထိုပုံပြင်များအနက် ကျီးဖြူရွာပုံပြင်သည် ရခိုင်စာပေလောကတွင် ထင်ရှားသော ပုံပြင်၊ လူကြိုက်များသော ပုံပြင်တစ်ခုဖြစ်သည်။ ဤကျီးဖြူရွာပုံပြင်၏ တည်ရာဌာနမှာ မင်းပြားမြို့နယ်ဖြစ်ကြောင်း သမိုင်းအထောက်အထားရှိပါသည်။ မင်းပြားမြို့၏မြောက်ဘက်တွင် ကျီးဖြူရွာသည် ယနေ့တိုင်တည်ရှိနေဆဲဖြစ်သည်။ ကျီးဖြူရွာဝတ္ထုဖြစ်ပေါ်ပုံမှာ ဘုရားလောင်းကျီးမင်းသည် ကျိန်းတောင်ပေါ်တွင် ကျေးသားငါးရာနှင့် ပျော်ပါးနေစဉ်ကာလ ဖြစ်ပါသည်။

ရခိုင်သူမ 'မေထွေးယေ'ဆိုသူမှာ ကျေးသားများနှင့် နှမ်းတောင်းစားခဲ့သောကြောင့်၊ မထွေးယေကို မိခင်မှ ရိုက်နှက်သည်။ မေထွေးယေသည် ကျေးသားတို့ရွာ၊ ကျေးမြို့သို့သွားရောက်စဉ် ကျေးသားတို့က နှမရင်းသဖွယ် ပြုစုစောင့်ရှောက်ပြီး မေထွေးယေ မိမိရပ်ရွာသို့ပြန်မည့်အခါတွင်လည်း ရွှေငွေ ကျောက်သံပတ္တမြားကို လက်ဆောင်အဖြစ် ထည့်ပေးလိုက်ကြောင်းတို့ကို ပုံပြင်ဆင်ယင်ပြီး ပြောဆိုကြခြင်းဖြစ်သည်။

ဤကျီးဖြူရွာ ဝတ္ထုတွင် ကျီးဖြူတို့ထံပြေးလာရောက်ခဲ့သူမှာ ရခိုင်ဝေသာလီမှ ဖြစ်သည်ဟုဆိုကြသည်။ အချို့လည်း ကျိန်းတောင်အနောက်တောင်ဘက်၊ ထောင့်ချောင်းကြီးအရပ်ဟုလည်း ပြောကြသည်။ သူမမေးမြန်းခဲ့ရသော ကွဲ၊ နွားကျောင်းသားတို့၊ ကွဲနွားကျောင်းရာဌာနတို့လည်း ကွဲကျောင်းကုန်ပို့၊ နွားကျောင်းကုန်ပို့ဟူ၍ ယနေ့ထိ နေရာအမှတ်အသား ကျန်ရှိနေသေးသည်။ ကျီးဖြူတို့ ရွှေလှေကားထောင်၍ ခေါ်တင်ဆောင်သွားသည့်ဌာနလည်း ယခု မင်းပြား ကျိန်းတောင်ရှိ "တန်းတင်မြောင်း"ကပင်ဖြစ်သည်ဟုဆိုကြ၏။ ယခုပင်လှေကားမဲ့တောင်ပေါ်သို့တက်၍

မရောက်ဖြစ်နေပါသည်။ ကျီးဖြူရွာ ယခုကား မည်သို့ဆိုစေ ရခိုင်တွင် ရှေးကျေးလက်လူတိုင်းပြောခဲ့ကြသော ပုံပြင်ဝတ္ထုတစ်ခုအဖြစ် ထင်ရှားရှိနေပါသေးသည်။

## (ဓ) ရိုးရာစကားပုံများ

ရိုးရာစကားပုံများအဖြစ် ရခိုင်ပြည်နယ် အနှံ့အပြားတွင် ရခိုင်တို့ သုံးနှုန်းပြောဆိုမှု အများအပြားပင် ရှိပါသည်။ မင်းပြားမြို့နယ်တွင်လည်း ကိုယ့်ဒေသအလျောက် ရိုးရာစကားပုံများ ရှိပါသည်။

(၁) လူနန့်ပေါင်းကေ၊ ကောက်ညှင်းပေါင်းလည်းမကောင်း။
(၂) ဂေါင်း(ခေါင်း)ချဖို့ နီရာ ခြီရာသိရေ။
(၃) နှုတ်ဆက်ကေ ခမက်ဖြစ်တေ။
(၄) ယောက္ခမလက်ခြင်းကို မှိုဟင်းခူးခါကပင် သိရေ။
(၅) နပင်းအခြင်းပြောကြားရေ။
(၆) ဝက်ဖြစ်ပြီးမှ ချီးရှောင်ဖို့လား။
(၇) တောင်အောက်ကတင်းခွန် တောင်ထက်မရှွင့်ကေ့။
(၈) အပြိုမနိုင် နရွက်ကိုင်။
(၉) သီရာသီဖို့ ဝမ်းကျမတန့်။
(၁၀) ငယ်ရာငယ်ရေ စာချေမျိုး။
(၁၁) ကျွဲမှာပြိုသိန် လူမှာနံပိန်။